www.burmeseclassic.com

ဂ န္ဓီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

အောင်မြင်စာပေ

# တြိစက္က

## မိစ္ဆာအမြူတေနှင့် သေသူ့ဝိညာဉ်




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ဖွဲ့လုံ့လကြောင့်
အသဲနှလုံးမှာ
ကျွဲပုခုံးထလောက်တဲ့ ဒဏ်ရာမျိုး ရနိုင်ပါတယ်။
ပွဲအဆုံးမှာတော့
အမြဲပြုံးနိုင်တဲ့သူတစ်ယောက် ဖြစ်လာနိုင်ပါတယ်။

❖ မိတ်ဆွေကို မိတ်ဆွေအဖြစ်နှင့်
တစ်သက်လုံး ဆက်ဆံသွားပါ၊
မိတ်ဆွေမှ ရန်သူအဖြစ် ပြောင်းသွားလျှင်
ရန်သူထက်ပိုပြီး ကြောက်စရာကောင်းပါသည်။

❖ မိမိစွမ်းရည်များ အပါအဝင်
မည်သည့်အရာမဆို
မသုံးပဲ ပျက်စီးသွားခြင်းထက်
အသုံးပြုခြင်းကြောင့် ပျက်စီးရခြင်းက
ပိုကောင်းပါတယ်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

❖ မိမိကိုယ်ကို ချစ်သောကြောင့်
အခြားသူများကို မုန်းတတ်ပါတယ်။
မုန်းစရာအကောင်းဆုံးမှာ
မုန်းတတ်သော မိမိစိတ်ပင် ဖြစ်ပါတယ်။

❖ အချစ်ဆိုတာ အသည်းနှလုံးရဲ့
ပြင်းပြတဲ့ဆန္ဒနဲ့ လိုချင်တပ်မက်မှု ဖြစ်ပါတယ်၊
ထိုတပ်မက်မှုကြောင့်
မလိုချင်တဲ့ အမုန်းတရားတွေပါ ရတတ်ပါတယ်။

❖ အချစ်ကြောင့် စိတ်အားထက်သန်မှုကို
ဖြစ်စေသော်လည်း
မှားယွင်းမှုအချို့နှင့် ခလုတ်တိုက်မိတတ်ပါတယ်၊
အချစ်ကို အပြစ်မတင်သင့်ပါပေ။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- အချစ်ကို မျက်စိနဲ့ကြည့်လို့ မမြင်ရပါဘူး၊
နှလုံးသားနဲ့ကြည့်မှ မြင်ရတာပါ။
လှပခြင်းနှင့် ချစ်ခြင်းမေတ္တာဟာ
ရောထွေးနေတတ်ပါတယ်။

- သစ္စာတရားရဲ့ အလင်းရောင်
ဖြောင့်မှန်ခြင်းဆိုတဲ့ ရေစင်
ပြင်းပြခြင်းဆန္ဒဆိုတဲ့ လေတို့နဲ့ ထိတွေ့ပြီး
မေတ္တာဓါတ်ဆိုတဲ့ မြေသြဇာကောင်းရင်
အချစ်ဆိုတဲ့ ပန်းတစ်ပွင့်
ဖူးပွင့်လာနိုင်ပါတယ်။

- လုပ်နိုင်သည်ထက်
ပိုပြီး ကတိပေးလိုက်မိခြင်းသည်
မလုပ်ဖြစ်သော
အကြောင်းရင်းတစ်ခု ဖြစ်ပေသည်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

- ပညာရှိသောသူသည်
အခွင့်ကောင်းများ တွေ့သောအခါ
အသုံးချနိုင်ကြသည်။
လူမိုက်များကတော့
အခွင့်အရေးကောင်း တွေ့သော်လည်း
ဖျက်ဆီးပို့သာ စိတ်ကူးရှိကြသည်။

- မကောင်းမှုမှန်းသိပါလျက်
ပြုလုပ်လျှင် မိုက်မဲသူဖြစ်သည်။
မကောင်းမှုကို မကောင်းမှုမှန်း မသိသူသည်
ပို၍မိုက်မဲသူ ဖြစ်ပေသည်။

- မကောင်းသော စကားတို့သည်
မျက်လုံးများစွာ ရှိဟန်ဆောင်သော်လည်း
လင်းနို့မျက်လုံးကဲ့သို့ ဖြစ်၏။
အလင်းရောင်ရှိသော အချိန်၌ မမြင်နိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) တောနက်ထဲမှ ဘီလူးစည်း လူ့စည်း

အခန်း(၂) ပွဲတင်ထပ်နေသော သေမင်းငင်သံ

အခန်း(၃) တောနက်ထဲမှ ပေတလူ

အခန်း(၄) အသည်းနှလုံးစားသော မိစ္ဆာ

အခန်း(၅) မဟူရာဆိုသော မိန်းကလေး

အခန်း(၆) မိစ္ဆာပူးကပ်နေသည့် ဒဏ္ဍာရီထဲမှ သတ္တဝါများ

အခန်း(၇) မိစ္ဆာကောင်နှင့် တိုက်ခိုက်ရခြင်း

အခန်း(၈) မဟူရာနှင့် အသည်းနှလုံး လာပေးသူ

အခန်း(၉) မချစ်ဉ သို့မဟုတ် မသေဆေးပင်

အခန်း(၁၀) နှင်းတောင်ဝံပုလွေများနှင့် ကယ်တင်ရှင်

အခန်း(၁၁) မိစ္ဆာမုဆိုးများနှင့် မိစ္ဆာနိုင်သောဓား

အခန်း(၁၂) မာယာကျော့ကွင်းသို့ တိုးဝင်မိခြင်း

အခန်း(၁၃) ရန်ငြိုးကြီးသော မိစ္ဆာများ

အခန်း(၁၄) နှင်းမေနှင့် ကြမ္မာဆိုး

အခန်း(၁၅) ပဋ္ဌလက်ဆန်သော ချစ်ခြင်းမေတ္တာ

အခန်း(၁၆) အချစ်ကြောင့် အသက်ပေးခဲ့ရသူ

အခန်း(၁၇) သာတူညီမျှ ချစ်သူဘဝများ






(အခန်း - ၁)

# တောနက်ထဲမှ ဘီလူးစည်း လူ့စည်း

**နှင်း**ဖုံးနေသော တောင်တန်းကြီးများက ကြည့်လေရာ မြင်လေရာတွင် နေရာယူထားကြလေသည်။ အစဉ်သဖြင့် ရေခဲများက ဖုံးလွှမ်းထားကြလေသည်။ အဝေးမှကြည့်သောအခါ ဆွတ်ဆွတ်ဖြူနေသည့် ရေခဲပုံကြီးများ သို့မဟုတ် ရေခဲတုံးကြီးများ ချထားသကဲ့သို့ ရှိပေသည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ၊ အထူးသဖြင့် မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျားဒေသများတွင် ပေ-၁၀၀၀၀ကျော်အထက်မြင့်သော တောင်တန်းကြီးများက ကာဆီးထားကြလေသည်။

မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ကြီးများထဲတွင် ဂန်လန်ရာဇီနှင့် ခါကာဘိုရာဇီ တောင်နှစ်လုံးက ရှေ့ဆုံးမှပါဝင်ပေသည် ။ ဂန်လန်ရာဇီက ပေပေါင်း၁၉၁၄၂-ပေ မြင့်ပြီး၊ အမြင့်ဆုံးဖြစ်သည့် ခါကာဘိုရာဇီတောင်မှာ ၁၉၃၀၅-ပေ မြင့်လေသည်။

ထိုကဲ့သို့သော မြင့်မားလှသည့် တောင်မြင့်ကြီးများပေါ်တွင် စိမ်းလန်းသော သစ်တောကြီးများ၊ ထင်းရှူးပြာတောများ၊ တောင်ဇလပ်ပန်းမျိုးစုံတို့ ရှိကြသည်။ အချို့နေရာများမှာတော့ အခြားသစ်ပင်၊ သစ်တောကြီးများမရှိပဲ ဝါးရုံတောကြီးများချည်း ရှိသော တောများလည်းရှိသည်။ အချို့ဝါးရုံတောများမှာ မမြင့်လှပေ။

ရေခဲတောင်များပေါ်တွင်ရှိသော ဝါးရုံတောများမှာ ဓါးပိုးဝါးတောများကဲ့သို့မမြင့်ပဲ ဝါးပုဝါးတောများဖြစ်သောကြောင့် အဝေးမှကြည့်လျှင် လှပလေသည်။ အဝေးမှကြည့်သောအခါ ရေခဲပြင်ပေါ်မှာ အစိမ်းရောင် ကမ္ဗလာခင်းကြီး ဖြန့်ခင်းထားသကဲ့သို့ ထင်ရပေသည်။

သို့သော် လူသူအရောက်အပေါက်နည်းသော နေရာများဖြစ်သောကြောင့် လူသွားလမ်းမရှိပေ။ အကယ်၍ ထိုဝါးတောများအတွင်းမှ ဖြတ်သွားလိုပါက ခက်ခဲစွာပင် လမ်းဖောက်ပြီး သွားလာကြရပေသည်။ ထိုမျှခက်ခဲသောနေရာများကိုတော့ သစ်ခွပန်း ရှာဖွေသူများနှင့် တောလိုက်မုဆိုးများသာ လာရောက်





လေ့ရှိသည်။

ဝါးရုံတောများဆုံးသော အောက်ဖက်နေရာမှာတော့ မလောဝမ်မြစ်လက်တက် ရှိသည်။ ထိုချောင်းဖျားတစ်ဝိုက်မှာ ခေါင်သည်။ လူသူအရောက်အပေါက် မရှိသလောက် နည်းသည်။ သို့သော် လူတို့အတွက် တန်ဖိုးရှိသော သတ္တဝါအချို့တော့ ရောက်လာလေ့ရှိသည်။

အခြားမဟုတ်ပေ။ 'ရှုဖိုက်'ဟု ဒေသခံများခေါ်သည့် 'တာကင်' သတ္တဝါများပင်ဖြစ်သည်။ တာကင်သည် ကမ္ဘာပေါ်၌ အရှားပါးဆုံးသော သတ္တဝါတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသားကောင်တို့သည် ပေတစ်သောင်းကျော်မျှသော ရေခဲဖုံးတောင်များပေါ်၌သာ နေထိုက်ကျက်စားလေ့ရှိသော မြေပြန့်ဘက်မှာ နေထိုင်ကြသူတို့တွေ့မြင်ရန် မလွယ်လှသော ရှားပါးသတ္တဝါတစ်မျိုး ဖြစ်ပေသည်။ ရေခဲဖုံးနေသော တောင်မြင့်ကြီးများပေါ်သို့ ဒေသခံမုဆိုးများမှလွဲပြီး အခြားသူများ တက်ရောက်ရန် မလွယ်သောကြောင့် ဖြစ်သည်။

တာကင် သတ္တဝါကဲ့သို့ ရေခဲတောင်ပေါ်၌သာ နေထိုင်ကျက်စားသော အခြားသတ္တဝါတစ်မျိုး ရှိပေသေးသည်။ တန်ဖိုးကြီးလှသော ကတိုးကောင်ပင် ဖြစ်သည်။ တာကင်နှင့် ကတိုးကောင်တို့မှာ ဆေးဖက်ဝင်လှသဖြင့် ဈေးကောင်းပေးကာ ဝယ်ယူခြင်းဖြစ်သည်။

ဒေသခံ အမဲလိုက်မုဆိုးများကတော့ တာကင်သတ္တဝါနှင့် ကတိုးကောင်များကို ပစ်ခတ်ဖမ်းဆီးပြီး တစ်ဖက်နိုင်ငံသို့



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ရောင်းချကြသည်။ ထိုသို့ရောင်းချလျှင် ဈေးကောင်းရသည်။ သို့မဟုတ်ပါက တစ်ဖက်နိုင်ငံမှ လာရောက်ဝယ်ယူသူတို့ကိုရောင်းပါက ၎င်းတို့ဖြတ်ပေးသောဈေးသာ ရရှိကြသည်။

တာကင် ဟူသော အမည်မှာ အင်္ဂလိပ်ဘာသာဖြင့်ခေါ်သည့် အမည်တစ်မျိုးဖြစ်ပြီး ဒေသခံရဝမ် တိုင်းရင်းသားများက 'ရှုဖိုက်' ဟုသာ ခေါ်ကြသည်။ တိဗက်များက 'ရှင်နာ' (Sing na) ဟုလည်းကောင်း၊ အချို့တိဗက်ပြည်မကြီးတွင် 'ကျင်ယက်' (Kyingyak) သို့မဟုတ် 'ဆီမြောက်'(Tsymyak)ဟူ၍ ခေါ်ကြသည်။ မြန်မာများက 'သားမင်း' ဟုခေါ်ကာ အင်္ဂလိပ်ဘာသာမှာတော့ 'တာကင်'(Takin) ဟုခေါ်ဝေါ်ကြသည်။



တာကင်ကောင် (Takin)





'တာကင်'ဟုခေါ်သော သားမင်းတိရစ္ဆာန်များမှာ ကမ္ဘာပေါ်တွင် အရှားပါးဆုံး အမဲလိုက်သတ္တဝါတစ်မျိုး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသတ္တဝါတို့ နေထိုင်ကျက်စားရာနေရာများမှာ ရေခဲနှင့် ဆီးနှင်းများ အစဉ်သဖြင့် ဖုံးလွှမ်းလျက်ရှိသော ရေခဲတောင်များပေါ်၌သာ ရှိကြသဖြင့် သာမန်မုဆိုးများ သွားရောက်ရန် မလွယ်ကူသောကြောင့် ဖြစ်ပေသည်။

ဒေသခံတိုင်းရင်းသားမုဆိုးတို့သာ တကူးတကရောက်အောင် သွားနိုင်ကြလေသည်။ ထိုနေရာများသို့ လာရောက်နိုင်သော မုဆိုးများမှာ မြေပြန့်ဘက်မှမုဆိုးများ မလာရောက်နိုင်ကြပေ။ ဒေသခံမုဆိုးများ၊ တစ်ဖက်နိုင်ငံများမှ မကြာခဏ ဝင်ရောက်လာသော တိဗက်မုဆိုးများ၊ မွန်ဂိုများနှင့်၊ တရုတ်ကုန်သည်တို့သာ ရှိပေသည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသမှာ တိဗက်၊ မွန်ဂိုနှင့် တရုတ်နယ်တို့နှင့် ထိစပ်လျက်ရှိသောကြောင့် အလွယ်တကူ ဝင်ရောက်လာကြခြင်းပင် ဖြစ်ပေသည်။ ၎င်းတို့ ကျူးကျော်ဝင်ရောက်လာသော ရည်ရွယ်ချက် အမျိုးမျိုးရှိကြသည်။ တိဗက်တို့ကတော့ ၎င်းတို့နေထိုင်သော တိဗက်နယ်ဘက်တွင် လုပ်ကိုင်စားသောက်ရတာ အဆင်မပြေသဖြင့် နယ်မြေသစ်ရှာဖွေရန်၊ အခြေချရန် ဝင်ရောက်လာကြခြင်းပင် ဖြစ်သည်။

၎င်းတို့သည် ပေ-၅၀၀၀ အောက်နိမ့်သော မြေပြန့်များတွင် နေထိုင်ရန် အဆင်မပြေသူများဖြစ်သောကြောင့် ပေတစ်သောင်းကျော်မြင့်သည့် ရေခဲဖုံးတောင်တန်းကြီးများရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ မြောက်ဖျားဒေသသည် ၎င်းတို့နေထိုင်ရန်အတွက် များစွာအဆင်ပြေသော နေရာမျိုးဖြစ်သဖြင့် ဝင်ရောက်လာကြခြင်းဖြစ်သည်။

မွန်ဂိုများကတော့ ကုန်သည်များ ဒေသခံတို့ထံမှ ပစ္စည်းများ၊ မိန်းမများကို လုယက်ရန်အတွက် ကျူးကျော်ဝင်ရောက်လာကြခြင်းဖြစ်သည်။ တရုတ်ကုန်သည်များကတော့ ဒေသခံများ ရှာဖွေထားသော ကတိုး၊ တာကင်၊ မချစ်ဥ၊ ခန်းထောက်မြစ် စသည်တို့ကို ဈေးချိုချိုဖြင့် ဝယ်ယူရန်အတွက်သော်လည်းကောင်း ၎င်းတို့မှာပါလာသော ပစ္စည်းများဖြင့် လဲလှယ်ယူရန်သော်လည်းကောင်း လာရောက်ကြခြင်း ဖြစ်ကြလေသည်။

ထိုနေရာ ထိုဒေသတွင် နေထိုင်ပြီး နယ်မြေကျွမ်းကျင်လှသော ဒေသခံမုဆိုးများကတော့ တရုတ်ကုန်သည်များ ရောက်လာလျှင် ဈေးကောင်းရနိုင်သော တာကင်၊ ကတိုး၊ မချစ်ဥ၊ ခန်းတောက်မြစ် စသည်တို့ကို ဦးစားပေးပြီး ရှာဖွေစုဆောင်းထားကြလေသည်။

သားမင်းဟုခေါ်သည့် တာကင်ကောင်၏ ပုံပန်းသဏ္ဌာန်မှာ ဆိတ်နှင့်နွားစပ်ထားသော ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ဦးချိုများမှာ တိဗက်နွားထီး (Musk)၏ ချိုနှင့်တူသည်၊ ၎င်းတို့ပျော်မွေ့သော ဒေသတို့မှာ ဟိမဝန္တာတောင်တန်းများ၏ အရှေ့ပိုင်းဒေသ၊ တရုတ်ပြည်၏ အနောက်ဘက်တောင်တန်း တောင်စွယ်များနှင့် ကချင်ပြည်နယ် မြောက်ဖျားပိုင်းနယ်ခြားရေခဲတောင်တန်းများ၌ တွေ့ရှိနိုင်ကြပေသည်။





ကတိုးကောင် (Musk Deer) များမှာလည်း ထိုအတိုင်းပင် ဖြစ်ကြလေသည်။ ရေခဲပြီး မြင့်မားသောတောင်တန်းကြီးများပေါ်တွင် အနေများကြပြီး ဂျ(ဂီ)ကောင်နှင့် ပုံသဏ္ဌာန်တူလေသည်။ ဦးခေါင်းပိုင်းနှင့် ပါးစပ်မှာ ကြောင်လိုလို ခွေးလိုလိုတူပြီး မေးစေ့တွင် အတက်နှစ်ချောင်းပါသည်။



ကတိုးကောင် (Musk Deer)

ဂျီးဒရယ်တို့ကဲ့သို့ ခြေထောက်တွင် ခွာရှိပြီးနောက်ဘက်ခြေထောက်က ပိုမြင့်လေသည်။ သစ်ရွက်နုများနှင့် ဝါးမျှစ်နုတို့ကို ကြိုက်နှစ်သက်ကြသည်။ ကတိုးကောင်သည် အကောင်ထက် ၎င်း၌ပါသော ကတိုးမွှေးအိတ်က တန်ဖိုးရှိလေသည်။ သို့သော် အမများတွင် ကတိုးမွှေးအိတ်မပါဘဲ အထီးကောင်များ၌ သာပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကတိုးအထီးကောင်များ၏ ချက်အိတ်တွင် အလွန်မွှေးသော အမည်းရောင်အစေ့ကလေးများ (စမုံနက်စေ့နှင့်တူသည်) အမှုန့်ကလေးများဖြင့် ပြည့်နေသည့် အထုပ်ကလေးတစ်ထုပ်မှာ အိတ်ကလေးနှင့်တူသည်။ ထိုအထုပ်ကလေးမှာ အရေနှင့် အသားကြားတွင် တွေ့နိုင်လေသည်။

ရေခဲတောင်များပေါ်တွင် ကျက်စားသောသတ္တဝါများထဲတွင် ကတိုးဆိုသောသတ္တဝါမှာ တန်ဖိုးကြီးသလို လူသိများသော သတ္တဝါတစ်မျိုးလည်းဖြစ်သည်။ အရွယ်မှာ အလျားသုံးပေခန့်ရှိပြီး၊ ပခုံးအမြင့် လက်မ-၂၀ ခန့်သာရှိသည်။ ချေခွာနှင့်တူသော ခွာချွန်ထက်သဖြင့် ရန်သူကို တိုက်ခိုက်သောအခါမှာသော်လည်းကောင်း၊ ရေခဲပြင်ပေါ် သွားလာသောအခါ၌သော်လည်းကောင်း များစွာအသုံးဝင်လေသည်။

တောင်တက်သမားများက သံစူးချွန်များ အသုံးပြုလျက် ရေခဲပြင်ပေါ်တက်သကဲ့သို့ ကတိုးကောင်၏ ခွာချွန်များကလည်း ထိုကဲ့သို့ အသုံးပြုနိုင်ကြသည်။ အများအားဖြင့် ကိုယ်အပေါ်ပိုင်းမှာ ချေကဲ့သို့ပင် အညိုရောင်ဖြစ်ပြီး ဝမ်းဗိုက်ပိုင်းမှာ အဖြူရောင်ဖြစ်သည်။ အမြီးတိုကလေးသာရှိပြီး တာကင်ကောင်ကဲ့သို့ပင် အညိုရောင်ဖြစ်ပြီး ဝမ်းဗိုက်ပိုင်းမှာ အဖြူရောင်ဖြစ်သည်။

အမြီးတိုကလေးသာရှိပြီး တာကင်ကောင်ကဲ့သို့ ဦးချိုမရှိပေ။ အမတွင် မေးအောက်၌ အစွယ်မပါသော်လည်း အထီးကောင်များ၌မူ မေးအောက်၌ အစွယ်နှင့်တူသော အတက်နှစ်ချောင်း ပါလေသည်။ ကတိုးတစ်ကောင်၏ အလေးချိန်မှာ ငါး





ပိဿာမှ ကိုးပိဿာခန့် ရှိသည်။ ထို့ထက်တော့ အလေးချိန်သိပ်မများလှပေ။

ကတိုးကောင်နှင့်ပတ်သက်ပြီး ဒေသအလိုက်၊ လူမျိုးအလိုက် အခေါ်အဝေါ်မတူကြပေ။ မြန်မာစကားဖြင့် ကတိုးဟုခေါ်ပြီး ရဝမ်တိုင်းရင်းသားဘာသာစကားဖြင့် ထလား(ခေလား) ဟုခေါ်သည်။ ကတိုးဆိီကို ရာဆွမ်းဟုခေါ်ဝေါ်ကြသည်။ လီဆူးဘာသာစကားဖြင့် ကတိုးကို ‘လား’ဟုခေါ်ပြီး ရှမ်းနှင့် ဂျိန်ဖော့တို့က ‘ဟွမ်း’ဟုခေါ်ကြပြီး၊ လာချိတ်နှင့် လော်ဝေါ်လူမျိုးတို့က ‘လရှမ်း’ဟု အသီးသီးခေါ်ကြသည်။

ကတိုး အထီး အမ မိတ်လိုက်ပုံမှာ ထူးဆန်းသည်။ ကတိုးအမကောင်များတွင် ကတိုးမွှေးအိတ်မပါဘဲ အထီးကောင်များ၌သာပါသဖြင့် မိတ်လိုက်ချိန်ရောက်သောအခါ အထီးနောက်သို့ အမက တကောက်ကောက်လိုက်ကြရသည်။

ကတိုးအထီးကောင်၏ အမြီးတိုကလေးထိပ်တွင် နို့သီးခေါင်းကဲ့သို့ ချွန်ထွက်နေပြီး အပေါက်ကလေးများပါသည်။ ထိုအပေါက်ကလေးများမှ နို့ရည်ထွက်သကဲ့သို့ ကတိုးအထီးကောင်၏ သန္ဓေရည်ထွက်သည်။

လပြည့်လကွယ်ရက်မျိုး မိတ်လိုက်ချိန်ရောက်လျှင် ကတိုးအထီးအကောင်နောက်သို့ အမက တကောက်ကောက်လိုက်ကာ အမြီးများမှထွက်သည့် သန္ဓေရည်ကို စုပ်ယူရလေသည်။ လဆန်းရက်၊ လပြည့်ရက်နှင့် လကွယ်ရက်များ၌သာ မိတ်လိုက်လေ့ရှိပြီး အခြားရက်များတွင် မလိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လျှင် နှစ်ကြိမ်သားပေါက်ပြီး တစ်ကြိမ်ပေါက်လျှင် တစ်ကောင်သာပေါက်သော နို့တိုက်သတ္တဝါအမျိုးအစား ဖြစ်ပေသည်။ ကတိုးကောင်သည် ရှားပါးသလောက် တစ်ကောင်လုံး ဆေးဖက်ဝင်သော သတ္တဝါမျိုးလည်း ဖြစ်သည်။ တိုင်းရင်းဆေးဖက်တွင် ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွေး၊ နံ့သာခဲတို့သည် ဆေးဖက်ဝင်သည်။

ကတိုးမွေးအိတ်သည် ကတိုးအထီးကောင်၏ ချက်နေရာတစ်ဝိုက် အရေပြားကြား၌ ရှိလေသည်။ ထိုအိတ်ထဲတွင် စမှုန်နယ်စေ့နှင့်တူသော နီညိုရောင် အနက်ရောင်များ ရောနေသည့် ကတိုးမွေးများရှိသည်။ တောထဲမှာ ကျက်စားနေသော ကျားတို့က ကတိုးကောင်ကို ဖမ်းမိသောအခါ ကတိုးတစ်ကောင်လုံး စားသော်လည်း အနံ့ပြင်းသော ကတိုးမွေးအိတ်ရှိသောနေရာကိုတော့ မစားပဲချန်ထားတတ်ကြရာ ကံကောင်းသော မုဆိုးများ၊ တောင်တက်သူတို့မှာ ကတိုးကောင်ကို မရသော်လည်း တန်ဖိုးရှိသော ကတိုးမွေးအိတ်ကို မမျှော်လင့်ပဲ ရတတ်ပေသည်။

ကတိုးချက်အိတ်ကို အခြောက်လှမ်းလျှင် အကောင်အရွယ်အစားအလိုက် ငါးကျပ်သား၊ ငါးမူးသား အထိရရှိနိုင်ကြသည်။ ကတိုးဆီကိုလည်း သုံးမျိုးခွဲခြားထားသည်။ ရဝမ်ဘာသာဖြင့် မန်ညမ်၊ လဆိုင်း၊ လခရောင်းဟူ၍ သုံးမျိုးခွဲထားပြီး 'လခရောင်း' အမျိုးအစားမှာ အကောင်းဆုံးအမျိုးအစားပင် ဖြစ်၏။

ကတိုးမွေးသည် ရှားပါးပြီး ဆေးဖက်ဝင်လှသည့် ပစ္စည်းဖြစ်သောကြောင့် ရှေးအခါကပင် တန်ဖိုးကြီးသောပစ္စည်းတစ်





မျိုးဖြစ်သည်။ တောင်ပေါ်တွင် နေထိုင်ကြသူတို့မှာ ရွှေမရှိလျှင် ဖြစ်သည်။ စားသောက်စရာနှင့် ဆေးဖက်ဝင်ပစ္စည်း မရှိလျှင် မဖြစ်ပေ။ ကတိုးမွေးသည် ရောဂါအတော်များများ ပျောက်ကင်းစေသောကြောင့် ရွှေထက်ပင် တန်ဖိုးကြီးလှသည်ဟု ဆိုရပေမည်။

ရှေးအခါက ရွှေတစ်ကျပ်သားလျှင် တစ်ရာ၊ တစ်ရာ့ငါးဆယ်ထက် ပိုမပေးရသော အချိန်မှာပင် ကတိုးမွေး တစ်ကျပ်သားလျှင် ငါးရာမှ တစ်ထောင်အထိ ဈေးကောင်းပေးဝယ်ကြလေသည်။ တောင်ပေါ်မှာ နေထိုင်ကြသူတို့သည် ကတိုးမွေးကို အိတ်ငယ်ကလေးထဲမှာထည့်ပြီး လည်ပင်းဆွဲပေးထားပါက မကောင်းဆိုးဝါးမိစ္ဆာများ အနားမကပ်နိုင်ဟု ယုံကြည်ကြသည်။ ထိုကဲ့သို့ ကတိုးမွေးကို ဆောင်ထားပါက မျက်နှာပွင့်လန်းပြီး လူချစ်လူခင်ပေါများသည်ဟုလည်း ယုံကြည်မှု ရှိကြလေသည်။

ထို့ကြောင့် လူကြီးလူငယ်များက အဆောင်အဖြစ်လည်း ထားကြလေသည်။ ကတိုးမွေးကို ခေါင်းအုံးအောက်၌ ထားပါက ထိုရနံ့ကိုရသည်နှင့်ပင် မည်သည့်ဆေးဝါးမှ သုံးစွဲစရာမလိုပဲ ပဋိသန္ဓေ မရနိုင်ပေ။ ပဋိသန္ဓေရစဉ်မှာ ကတိုးပါသော ဆေးကိုသောက်မိပါကပဋိသန္ဓေ ပျက်ကျစေသည်။

နားကိုက်သည့်အခါ ကတိုးဆီကို ရေအေးနှင့်ဖျော်ပြီး နားအတွင်းသို့ထည့်ပါက ပျောက်ကင်းစေသည်။ ထို့ပြင် ကိုယ်တစ်ခြမ်းသေခြင်း၊ လေဖြတ်ခြင်း၊ ငန်းတက်ခြင်းစသော ရောဂါများကိုလည်း သက်သာပျောက်ကင်းစေသည်။ ကလေးမွေးအ



www.burmeseclassic.com

www.burmeseclassic.com



တွက် သူငယ်နာဆေးအဖြစ် အသုံးပြုနိုင်သည့်အပြင် အခြားဆေးဖက်ဝင်သော အသုံးများစွာတို့လည်း ရှိပေသည်။

ကတိုးသားရေချပ်ကို ဦးထုပ်ပြုလုပ်ပြီးဆောင်းပါက ဦးခေါင်းကိုက်ခဲခြင်းအပါအဝင် အခြားဦးခေါင်းနှင့်သက်ဆိုင်သောရောဂါများ ပျောက်ကင်းစေနိုင်သည်။ ကတိုးကောင်၏ အမွေးသည် အချောင်းကြီးမားပြီး ပေါ့ပါးသောကြောင့် ထိုအမွေးကို ခေါင်းအုံးအဖြစ်ပြုလုပ်ကာ အိပ်ပါက ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ ဦးခေါင်းကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေနိုင်သည်။

တောင်ပေါ်ဒေသမှာနေသူတို့သည် ခရီးဝေးသွားလာရန်အတွက် မြင်းနှင့်လားများ မွေးမြူထားကြသည်။

မြင်းကလူစီးရန်အတွက်ဖြစ်ပြီး လားများက ကုန်ပစ္စည်းများတင်ဆောင်ရန်အတွက် ဖြစ်သည်။ မြင်းနှင့်လားများ ခွာနာလျှာနာအပါအဝင် ရောဂါများဖြစ်ပါက ကတိုးဆေးဖြင့် ကုသပါက သက်သာပျောက်ကင်းလေသည်။ လူတို့ သာမန်နှာစေး၊ ချောင်းဆိုးဖြစ်ရုံလောက်ဆိုလျှင်တော့ ကတိုးဆေးကို ရေဖြင့်ဖျော်သောက်ရုံ၊ ရှူပေးရုံဖြင့် ပျောက်ကင်းစေနိုင်သည်။

တောင်ပေါ်သားများကတော့ ကတိုးကောင်ကို ဖမ်းဆီးရသောအခါ အသားကို စားသောက်ကြသည်။ တောင်ပေါ်မှာနေထိုင်ကြသူတို့သည် တာကင်ဟုခေါ်သော သားမင်းဖမ်းဆီးခြင်းနှင့် ကတိုးကောင်ဖမ်းဆီးခြင်းတို့ကို စီးပွားဖြစ် လုပ်ကိုင်ကြလေသည်။ ၎င်းသတ္တဝါများမှာ ရှားပါးသောသတ္တဝါများ ဖြစ်ကြ





သဖြင့် ခက်ခက်ခဲခဲရှာဖွေ ဖမ်းဆီးနိုင်မှသာ ရနိုင်ကြလေသည်။

ကျော့ကွင်း၊ ထုတ်ကိုင်းထောင်ခြင်း၊ အဆိပ်လူးမြားဖြင့် ပစ်ခတ်ဖမ်းဆီးခြင်းမျိုး ပြုလုပ်ကြလေသည်။ တော်ရုံခွဲကောင်းရုံနှင့် မလုပ်နိုင်ကြပေ။ ကတိုးဖြစ်စေ တာကင်ကိုဖြစ်စေ တွေ့ဖို့ရှာသည်ပင် မလွယ်ပေ။ အနံ့ခံကောင်းသော သတ္တဝါများ ဖြစ်ကြသဖြင့် လူနံ့ရသည်နှင့် တစ်မိုင်နှစ်မိုင်လောက်ကပင် ထွက်ပြေးလေ့ရှိကြသည်။

၎င်းတို့ရှိနိုင်မည့်နေရာသိလျှင် လေတင်ဘက်မှသွား၍ မရပေ၊ လူနံ့မရနိုင်အောင် လေအောက်မှသွားကြရသည်။ တွေ့ပြန်တော့လည်း အနားကပ်ခွင့်မရပေ။ သို့ကြောင့် အဝေးမှပင် မြားဖြင့်ပစ်ကြရသည်။ (နောက်ပိုင်းတော့ တူမီးသေနတ် စသည်တို့ အသုံးပြုကာ ပစ်ခတ်ကြသည်။)

ထိုသို့ပစ်ရာမှာ လေးမြားအသုံးပြုမှု ကျွမ်းကျင်ခြင်း၊ အချိန်အဆကောင်းခြင်းတို့လည်း များစွာအရေးကြီးလှပေသည်။ ဒူးလေးဖြင့်သော်လည်းကောင်း၊ လင်းလေးဖြင့်သော်လည်းကောင်း အသုံးပြုပစ်ခတ်ရာတွင် ကျွမ်းကျင်ဖို့ အရေးကြီးသည်။ အထူးသဖြင့် အနံ့ခံကောင်းသော တာကင်ကောင်များ ပစ်ခတ်သောအခါ ပို၍အရေးကြီးလှပေသည်။

တာကင်ကောင်များမှာ လသာသောည၊ လပြည့်ညကဲ့သို့ လရောင်ရှိသောအချိန်တွင် သစ်ရွက်နုများရှိသောနေရာ၊ ဝါးမျှစ်နုများရှိသောနေရာနှင့် ဆားတွင်းများရှိသောနေရာသို့ ဆင်းလာပြီး စားသောက်ကြသည်။ ဆားကိုစားသောက်ပြီးသည်

www.burmeseclassic.com



နှင့် မြူးတူးပျော်ပါးကြသည်။ ထိုအချိန်မျိုးကို စောင့်ဆိုင်းပြီး ပစ်ခတ်ကြရသည်။

ကြိုတင်စောင့်နေတိုင်းလည်း မရပြန်ပေ။ စောင့်နေသောမုဆိုးက လေတင်ဘက်မှာ ရောက်နေပါက အနံ့ခံကောင်းသော တာကင်က ထိုနေရာသို့ မလာတော့ပေ။ မုဆိုးက လေအောက်ဘက်၌ ရောက်နေတော့မှ အနံ့မရသဖြင့် ဆင်းလာပြီး စားသောက်ကြသည်။ ထိုအခါမျိုးတွင် အဆိပ်မြားဖြင့် ပစ်ခတ်ရသည်။ တာကင်သည် မြားထိမှန်သော်လည်း ချက်ချင်းမသေပဲ ကြောက်လန့်တကြားနှင့် ထွက်ပြေးတတ်လေသည်။

မုဆိုးက သွေးကျသောနေရာ၊ သွေးစက်များကို ခြေရာခံပြီး နောက်မှလိုက်သွားရသည်။ ထိုသို့လိုက်ရာမှာလည်း လမ်းတစ်လျှောက်လုံးတွင် အန္တရာယ်များနှင့် တွေ့ကြရသေးသည်။ တောခြောက်ခြင်း၊ တောမှောက်ခြင်းများအပြင် တောတိရစ္ဆာန်များ အန္တရာယ်နှင့် ရင်ဆိုင်တွေ့ရသည်မျိုးလည်း ရှိသည်။

မိမိပစ်လိုက်သောကြောင့် မြားချက်ထိထားသော သတ္တဝါက ချက်ချင်းမသေပဲပြေးသောကြောင့် နှစ်ရက်သုံးရက်ကြာတော့မှ သူသေသောနေရာသို့ ရောက်ရသည်မျိုးလည်း ရှိပေသည်။ ထိုသို့ရောက်သွားတော့မှ ကျား၊ ကျားသစ် စသော အခြားတိရစ္ဆာန်များက လက်ဦးနေသည်မျိုးလည်း တွေ့ရတတ်သည်။

ထိုအခါ မုဆိုးအတွက်ရှောင်နေရန် မဖြစ်တော့သဖြင့် နောက်ထပ်သတ်ပွဲတစ်ခုနှင့် ကြုံတွေ့ရသည်မျိုးလည်း ရှိသည်။





အကယ်၍ မိမိဘက်မှ အရေးနိမ့်သောအခါ အသက်ပေးရပြီးနိုင်လျှင်တော့ ပထမသားကောင်အပြင် နောက်ထပ်တောကောင်တစ်ကောင်ပါ ရနိုင်လေသည်။

အချို့တောကောင်ကြီးများကတော့ မုဆိုးနှင့်တွေ့သောအခါ တိုက်ခိုက်ခြင်းမပြုတော့ပဲ ရှောင်ပေးလေ့ရှိကြလေသည်။ ထိုသို့ရှောင်ပေးခြင်းမှာ မုဆိုးအချင်းချင်း စည်းထားခြင်းပင်ခြင်းပင် ဖြစ်ပသည်။ ဘီလူးစည်းလူစည်း ဆိုသည်မှာ လူလောကသားတွေအတွက်သာမကပဲ တိရစ္ဆာန်လောက၌ ရှိကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com







(အခန်း - ၂)

# ပွဲတင်ထပ်နေသော သေမင်းငင်သံ

လပြည့်ရက်ဖြစ်သောကြောင့် လရောင်က တောင်တန်းများပေါ်သို့ ဖြာဆင်းကျနေလေသည်။ ရေခဲဖုံးနေသော တောင်များမှ လရောင်နှင့်ထိတွေ့သောအခါမှာတော့ ငွေရောင်များသဖွယ် တောက်ပလျက်ရှိနေကြသည်။ သစ်တောကြီးဝါးတောကြီးများမှာ အစိမ်းရောင်ဖြစ်သည်။ အပြာရောင်ထင်းရှူးတောများရှိသော နေရာတစ်ဝိုက်မှာတော့ အပြာရောင် သမ်း



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

တောင်ဇလပ်ပင်ကြီးများရှိသော နေရာများမှာလည်း ပွင့်သောပန်းအရောင်အတိုင်း အနီရောင်၊ အဝါရောင်၊ အဖြူရောင်များဖြင့် လှပကာ အဝေးမှလှမ်းကြည့်ပါက ပန်းကမ္ဘလာကြီး ဖြန့်ခင်းထားသည်နှင့်ပင် တူနေတော့သည်။ ဒါက ရာသီဥတု သာယာသောအချိန် နေ့ဘက်တွင် မြင်ရသော သဘာဝအရောင်အသွေးများ ဖြစ်ကြလေသည်။

ညအချိန်ရောက်သောအခါမှာတော့ သဘာဝအရောင်အသွေးတို့ကို မြင်တွေ့ခွင့်ရတော့မည် မဟုတ်ပေ။ ပူတာအိုမြောက်ပိုင်းဒေသများမှာ ၁၂-ရာသီလုံး နှင်းများထူထပ်စွာ ကျနေတတ်သည်။ သို့ကြောင့် ကြည့်လေရာမြင်လေရာ ရေခဲပြင်ကြီးများသာ တွေ့မြင်ရမည်ဖြစ်ပေသည်။

တစ်ခါတစ်ရံ ရာသီဥတုသာယာသော အချိန်မျိုးရောက်တော့မှ နေရောင်ခြည်ကို တစ္စန်းတစတွေ့မြင်ရတတ်သည်။ ထိုကဲ့သို့ နေရောင်ခြည် တောက်ပသောအချိန်မျိုး ရောက်လျှင်တော့ သဘာဝတရားသည် လျှို့ဝှက်စွာဖြင့် ကွယ်ဝှက်ထားသောအလှတရားတို့ကို ထုတ်ဖော်ပြသလေ့ရှိသည်။

သဘောမနောကောင်းစွာဖြင့် တစ်ခါတစ်ရံမှသာ လှစ်ပြတတ်သော သဘာဝအလှတို့ကို တိုက်ဆိုင်မှုရှိသူတို့ တွေ့မြင်ကြရပေသည်။ သို့သော်လည်း ကြာရှည်တော့ ကြည့်ရှုခွင့်ရမည် မဟုတ်ပေ။ နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် မူလအခြေအနေအတိုင်း နှင်းများက ပြန်လည်ဖုံးလွှမ်းသွားကြလေ





သည်။

သို့သော်လည်း နှင်းတောင်တန်းများပေါ်မှာမွေး၊ နှင်းမှုန်နှာပြင်ပေါ်မှာပင် ကြီးပြင်းလာခဲ့ကြသော ဒေသခံတိုင်းရင်းသားများအတွက်ကတော့ ထိုပတ်ဝန်းကျင် အလှအပများမှာ သူတို့ဘဝအတွက် အရေးမကြီးလှတော့ပါပေ။ အရှယ်ရောက်လာသည်နှင့် ဝမ်းစာရအောင် ဘယ်လိုရှာဖွေရမည်။ အန္တရာယ်များနှင့်တွေ့သောအခါ ဘယ်ပုံဘယ်နည်း ခုခံကာကွယ်ရမည်စသော ဘဝသင်ခန်းစာတို့ကို လေ့လာသင်ကြားကြရလေသည်။

သဘာဝဘေးအန္တရာယ်များအကြောင်း၊ တောတိရစ္ဆာန်တို့အကြောင်း၊ လေး မြား၊ ဓားလှံ လက်နက်တို့အကြောင်း၊ အဆိပ်များအကြောင်း၊ ကျော့ကွင်း သုတ်ကိုင်း ထောင်ချောက်များအကြောင်းကို သင်ကြားကြရသည်။ သူတို့အတွက် ထိုပညာများမတတ်မြောက်ပါက ဝမ်းစာမလုံလောက်ပေ။ သို့ကြောင့် တောင်ပေါ်မှာမွေး၊ တောထဲမှာကြီးပြင်းရသူတို့အတွက်ကတော့ အလှအပကို ခံစားတတ်ဖို့ထက် သဘာဝတရားကို နားလည်တတ်ကျွမ်းဖို့က ဘဝအတွက် ပိုမိုအရေးကြီးလှပေသည်။

သို့ကြောင့် လူလားမြောက်ကတည်းက သင်ယူကြရလေသည်။ နီမောင်က ပန်နန်းဒင်ရွာမှာ နေသူတစ်ယောက်ဖြစ်သည်။ သို့သော် ထိုရွာမှာမွေး ထိုရွာမှာကြီးပြင်းသော ဒေသခံတစ်ဦးတော့ မဟုတ်ပါချေ။ မြေပြန့်သားတစ်ယောက် ဖြစ်သော်လည်း ရေကြည်ရာ မြက်နုရာ ဝမ်းစာရှာဖွေရင်းမှ ထိုရွာသို့ရောက်ခဲ့ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်နန်းဒင်ရွာသို့ ရောက်ခဲ့ကြတာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် ဒေသခံတစ်ဦးကဲ့သို့ သွင်ပြင်အမူအယာမျိုး ဖြစ်နေပေပြီ။ ပန်နန်းဒင်ရွာမှာ နမ်တမိုင်မြစ်ဝှမ်းတလျှောက်တွင် ရှိကြသောရွာများအနက် အချက်အခြာကျသော ရွာကြီးတစ်ရွာလည်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်အချိန် ကတည်းက စည်ကားနေသော ရွာတစ်ရွာဖြစ်သောကြောင့်လည်း ရှေးဟောင်းရွာတစ်ရွာ ဖြစ်ခဲ့လေသည်။

တရုံ၊ ထလု၊ လီဆူး၊ တိဗက်၊ မြန်မာ၊ ရဝမ်၊ ခမ်းတီး၊ တရုတ်၊ ကချင် စသော တိုင်းရင်းသားများ အစုံအလင်တွေ့နိုင်သော ရွာတစ်ရွာလည်း ဖြစ်သည်။ အိမ်ခြေပေါင်း တစ်ရာကျော်ခန့်ရှိပြီး နှစ်စဉ် တရုတ်ပြည်ဘက်မှ ကုန်သည်များ လာရောက်ကြသဖြင့် စည်းကားလှသည်။ စီးပွားရေးအချက်အခြာကျသော ရွာကြီး တစ်ရွာလည်း ဖြစ်ပေသည်။ နီမောင်တို့ မိသားစုက ပန်နန်းဒင်ရွာသို့ ရောက်ခဲ့ကြသည်မှာ နှစ်အတော်ပင်ကြာခဲ့ပြီ ဖြစ်သောကြောင့် ဒေသခံ တိုင်းရင်းသားတို့ စကားများ၊ ဓလေ့စရိုက်များကိုပင် အတော်အသင့် သိကျွမ်းနားလည် နေကြလေသည်။

ရွာခံများကလည်း သူတို့မိသားစုကို မြေပြန့်သား တစ်ယောက်လိုပင် မဖြစ်တော့ပဲ တောင်ပေါ်သားတစ်ယောက်ကဲ့သို့ပင် ပြောဆိုဆက်ဆံကြပေသည်။ နီမောင်တို့ မိသားစုက လေးယောက်ရှိသည်။ ဖခင် ဦးဘရှိန်၊ မိခင် ဒေါ်ကျင်မေတို့ အပြင် နီမောင်နှင့် နှင်းမေတို့ မောင်နှမနှစ်ယောက် ရှိသည်။





နီမောင်က ၂၅-နှစ် အရွယ်ခန့်ရှိနေပြီဖြစ်ကာ နှင်းမေကတော့ ၁၈-နှစ် အရွယ်သာ ရှိသေးသည်။ မောင်နှမ နှစ်ယောက်စလုံး လူပျိုအပျိုဘဝဖြင့် မိဘနှင့် အတူနေထိုင်ကြသည်။ နှင်းမေက ဖခင်ဖြစ်သူ ဦးဘရှိန်နှင့်အတူ စပါးစိုက်ခြင်း၊ တောင်ယာစိုက်ခင်းများကို ပြုလုပ်ကြသည်။

နီမောင်ကတော့ တောင်ပေါ်တက်ပြီး ခန်းတောက်မြစ်၊ မချစ်ဥ စသော တန်ဖိုးရှိသော ဆေးပင်များကို ရှာဖွေရောင်းချခြင်း၊ တာကင် (သားမင်း)၊ ကတိုးကောင်များ ပစ်ခတ်ဖမ်းဆီးပြီး တရုတ်ကုန်သည်များထံ ရောင်းချခြင်းဖြင့် ၎င်းတို့မိသားစုမှာ စီးပွားရေး အဆင်ပြေကြလေသည်။ ငွေကြေးအဆင်ပြေလာတော့ ဒေသခံ လက်လုပ်လက်စားတို့ထံမှ ဆေးပင်ဆေးမြစ်များ၊ တိရစ္ဆာန်များမှ ရသောပစ္စည်းများ၊ ရွှေ ကျောက်စသောပစ္စည်းများ လာရောက်ရောင်းချပါက တတ်နိုင်သော ဈေးဖြစ်ပါက ဝယ်ယူထားကြသည်။

ဒေသခံအတော်များများမှာ ဆင်းရဲချို့တဲ့ကြသူများ ဖြစ်ကြသည်။ ထို့ပြင် တရုတ်ကုန်သည်တို့ကလည်း လစဉ်မလာ ရောက်နိုင်ကြပေ။ သို့ကြောင့် နီမောင်တို့ထံမှာပင် သင့်တော်သောဈေးဖြင့် ရောင်းချကြသည်။ ထိုကဲ့သို့ လာရောက်ရောင်းချသော ပစ္စည်းများကို ဦးဘရှိန်က စုဆောင်းသိမ်းဆည်းထားပြီး၊ တရုတ်ပြည်ဘက်မှ တရုတ်ကုန်သည်များ ရောက်လာလျှင် ပြန်လည်ရောင်းချကြလေသည်။

တစ်ခါတစ်ရံလည်း နီမောင်တို့မှာ ရွာမှပစ္စည်းရှောင်းချ



www.burmeseclassic.com

www.burmeseclassic.com



လိုသော အခြားအဖော်များနှင့်စုဝေးပြီး တရုတ်ပြည်ဘက်မှ 'မွန်ဒမ်းမြို့'သို့ သွားရောက်ရောင်းချကြလေသည်။ ပန်နန်းဒင်ရွာမှာတော့ နီမောင်နှင့် တွဲဖော်တွဲဖက် အဖော်နှစ်ယောက်ရှိသည်။ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပင် ဖြစ်ကြလေသည်။

တရုတ်ပြည်ဘက်သွားလျှင်လည်းအတူတူ၊ တောင်ပေါ်တက်သောအခါမှာလည်း အတူတူပင် ဖြစ်သည်။ တောင်ပေါ်ရောက်တော့မှ တစ်ခါတစ်ရံလည်း အတူတူ၊ တစ်ခါတစ်ရံလည်း တစ်ယောက်ချင်းစီခွဲပြီး အမဲလိုက်ကြလေသည်။ အချိန်ကာလမှာ ၁၉၄၅-ခုနှစ် ဩဂုတ်လ (၁၂၉၇-ခုနှစ်၊ တော်သလင်းလ) အချိန်ဖြစ်သည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ်အရပ်ဒေသတို့မှာတော့ ဇွန်၊ ဇူလိုင်၊ ဩဂုတ် (ဝါဆို၊ ဝါခေါင်၊ တော်သလင်းလ) တို့ကို 'မိုးရာသီ' မိုးများသော အချိန်ကာလဟု သတ်မှတ်ကြပြီး စပါးစိုက်ကြသော ရာသီမျိုး ဖြစ်သည်။

တောင်ပေါ်ဒေသမှာတော့ ထိုရာသီရောက်တော့မှ တစ်နှစ်လုံး ဖုံးနေသော နှင်းခဲ၊ ရေခဲများ အရည်ပျော်ကျသော အချိန်မျိုး ဖြစ်လေသည်။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွင် ပေတစ်သောင်းကျော်၊ နှစ်သောင်းနီးပါး မြင့်မားသော ရေခဲတောင်ကြီးများရှိကြသည်။ နှစ်စဉ် အောက်တိုဘာလလောက်မှ စတင်ပြီး ရေခဲဆီးနှင်းများ ကျစပြုလာကြပေသည်။

ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလရောက်လျှင်တော့ တောင်ထိပ်များနှင့် တောင်ကြောများပေါ်သို့ ရေခဲထုများ ဖုံးအုပ်





ထားကြလေပြီ။ တောင်နှင့်သစ်ပင် သစ်တောများကိုပင် မမြင်ရတော့ပဲ ကြည့်လေရာ ရေခဲဖုံးတောင်ကြီးများသာ ဖြစ်နေပေတော့သည်။ ထိုအချိန်ရောက်လျှင် တောင်ပေါ်မှာ ဆေးပင်ဆေးမြစ် ရှာဖွေမရတော့ပေ။

ခရီးသွားလာ၍လည်း မရတော့ပေ။ အချို့လမ်းများမှာ ရေခဲများဖြင့် ပိတ်ဆို့နေကြလေသည်။ မတ်လကုန် ဧပြီလလောက်ရောက်တော့ မိုးတစ်ဖြိုက် နှစ်ဖြိုက်ရွာပြီး နှင်းများ အရည်ပျော်ကျလာပေတော့သည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ ရောက်လျှင်တော့ တောင်ပေါ်မှာ ရေခဲနှင်းများ မရှိသလောက် ပါးသွားပြီး ဆေးပင် ဆေးမြစ်များ ရနိုင်ကြပေပြီ။

မချစ်ဥစသော ဆေးပင်တို့ကို အလိုရှိသူတို့မှာ ထိုသုံးလတွင် တောင်ပေါ်တက်ပြီး မချစ်ဥရနိုင်သော နေရာများကို ရှာဖွေကြရပေသည်။ (နောက်ပိုင်းရေးသော အခန်းများတွင် မချစ်ဥအကြောင်းနှင့် မချစ်ဥရှာဖွေပုံများ အကြောင်းကို ရေးသားဖော်ပြပေးပါမည်။)

အချိန်ကာလမှာ ဩဂုတ်လ ရောက်လာပြီဖြစ်သောကြောင့် တောင်များပေါ်တွင် ဖုံးအုပ်နေသော ရေခဲများအရည်ပျော်ကျကြလေပြီ။

ထိုအချိန်ရောက်သောအခါ ခန်းတောက်မြစ်၊ မချစ်ဥရှာဖွေသူတို့ တောင်ပေါ်တက်လာကြသည်။ တာကင်၊ ကတိုးစသော တန်ဖိုးရှိသည့် သတ္တဝါများ ပစ်ခတ်ဖမ်းဆီးရန် မုဆိုးများလည်း ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ပန်နန်းဒင်ရွာမှ မုဆိုးတစ်ယောက်ဖြစ်သည်။ လေးနှင့်မြား ပစ်ခတ်ရာမှာ သူမတူအောင် ကျွမ်းကျင်သည်။ မြားတစ်ကမ်းမှာရှိသော သားကောင်ကို ထိအောင် ပစ်ခတ်နိုင်သည်။ ပျံနေသော ငှက်၊ ပြေးနေသော သားကောင်၊ သစ်ပင်တစ်ပင်မှတစ်ပင် ခုန်ကူးသွားသော သားကောင်မျိုးကိုပင် မလွဲအောင် ပစ်ခတ်နိုင်သည်။

စိတ်တိုင်းကျပြုလုပ်ထားသည့် မြားတံတစ်ချောင်းကို အလဟဿ ဘယ်တော့မှ မဖြစ်ပေ။ ထို့ကြောင့် တောင်ပေါ်တက်သွားသည့်အခါ ဘယ်သောအခါမှ သားကောင်မရပဲ ပြန်လာလေ့ မရှိပေ။ ယခုလည်း နီမောင်တစ်ယောက် မလောဝမ်မြစ်လက်တက်တစ်ခု၏ ချောင်းဖျားပိုင်း တလီထူးတောထဲသို့ ရောက်နေလေသည်။

အချိန်က တော်သလင်းလပြည့်ရက် ဖြစ်သည်။ လပြည့်ရက်မျိုးတွင် သားမင်းဟုခေါ်သော တာကင်ကောင်များ ဆားတွင်းများရှိသော ချောင်းဖျားပိုင်းသို့ ဆင်းလာလေ့ရှိသည်။ ဆင်းလာသောအကြောင်းမှာ ဆားလျက်ရန် အတွက်ပင် ဖြစ်သည်။ ရေခဲတောင်ပေါ်တွင် တာကင်ကောင့်ကို တကူးတက လိုက်ရှာလျှင်သော်မှ တွေ့ရန်မလွယ်သောကြောင့် သူတို့လာလေ့ရှိသော အချိန်၊ လာလေ့ရှိသောနေရာမှ ပစ်ခတ်ရန် လာရောက်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

နီမောင်က အသက် ၂၅-နှစ်ခန့်သာရှိသေးသော လူရွယ်တစ်ဦး ဖြစ်သည်။ အသားက မဖြူမညိုဖြစ်ပြီး အရပ်





အမောင်းကောင်းသည်။ ခန္ဓာကိုယ်ကြံ့ခိုင်သည်။ လည်ဂုတ်အထိရှည်သော ဆံပင်များကို မိခင်ချုပ်ပေးထားသော ကတိုးသားရေနှဖူးစည်းဖြင့် စည်းထားသည်။

ဖျင်ကြမ်းဖြင့် ချုပ်ထားသော အကျီဘောင်းဘီတို့ကို ဝတ်ဆင်ထားပြီး တောစီးခြေသိုင်းဖိနပ်ကတော့ မိခင်ကိုယ်တိုင် ဝံရေဖြင့် ချုပ်ပေးထားခြင်း ဖြစ်သည်။ ဓားထည့်ရန်အိတ်၊ မြားတံထည့်သော အိတ်များကိုလည်း ဝံရေဖြင့် ချုပ်ထားခြင်း ဖြစ်သည်။ နီမောင် အသုံးပြုသော လေးမှာအနည်းငယ်ရှည်ပြီး ကိုင်းသန်လှသည်။ တော်ရုံအားဖြင့် ညို့ကြိုးတင်ဖို့ မလွယ်ပေ။ ပစ်လျှင် စူးအား၊ စိုက်အားကောင်းသည်။

မြားကျည်တောက်ထဲတွင် မြားတံကနှစ်မျိုး သုံးမျိုးထည့်ထားသည်။ ရိုးရိုးမြားတံ၊ အဆိပ်လူးထားသော မြားတံ၊ (အဆိပ်လူးမြားတံများတွင် တစ်ဆွေ့ခုန်၊ တစ်တောင်ကျော်၊ ထိသေအဆိပ်မြားတံများ ပါသည်။) သံချွန်တပ်ထားသော မြားတံအမျိုးမျိုး ပါသည်။

ရန်မူလာသော တောကောင်ကြီးများနှင့် ရင်ဆိုင်တွေ့ပါက ထိသေအဆိပ်၊ သံချွန်တပ်ထားသော မြားတံမျိုးကို အသုံးပြုပြီး၊ ကျန်သားကောင်များကိုတော့ ထိုမြားတံမျိုး အသုံးမပြုပဲ သာမန်အဆိပ်လောက်သာ အသုံးပြုထားသည့် မြားတံမျိုး အသုံးပြုရပေသည်။ အဆိပ်ပင်မှရသော အဆိပ်ကိုတော့ အန္တရာယ်ရှိသော တောကောင်ကြီးများနှင့် ရင်ဆိုင်တွေ့မှသာ မလွဲမရှောင်သာ အသုံးပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပင်မှ အဆိပ်ကို အသုံးပြုပြီးပါက အသားစား၍ မရတော့ပေ။ အဆိပ်ပင်မှ အဆိပ်မိထားသော တိရစ္ဆာန်ကို စားမိပါက အသက် နှစ်ဆက်၊ သုံးဆက်အထိ သေစေသည်။ အချိန်က ညဦးပိုင်းအချိန် ရောက်လာချေပြီ။ တောင်ပေါ်မှာ နှင်းကျသောအသံ၊ သစ်ပင်သစ်ရွက်တို့ အပေါ်သို့ နှင်းကျသံများ ကြားလာရသည်။

နီမောင်ရောက်နေသောနေရာမှာ တလီထူးတောနက်အတွင်းရှိ မလောဝမ်မြစ်မှခွဲတက်လာသော ချောင်းလက်တက်တစ်ခု၏ ချောင်းဖျားပိုင်း တစ်နေရာဖြစ်သည်။ ထိုချောင်းဖျားပိုင်း ကျောက်တုံးများကြားတွင် သဘာဝအတိုင်း ဖြစ်နေသော ဆားတွင်းများ ရှိသည်။ ထိုနေရာတစ်ဝိုက်တွင် ဝါးရုံတောများရှိသည်။ ဝါးရုံတောမှ ဝါးရွက်နုရသည်။ ဝါးမျှစ်နုရသည်။ တာကင်များက ဝါးရွက်နုနှင့် ဝါးမျှစ်နုကို ကြိုက်ကြသည်။

ဆားတွင်းမှဆားကိုလျက်လိုက်၊ ဝါးရွက်နုစားလိုက်၊ ချောင်းလက်တက်မှ ရေကိုဆင်းသောက်လိုက်နှင့် ထိုနေရာတွင် ပျော်ကြသည်။ နီမောင်က တော်သလင်းလပြည့်နေ့နှင့် အချိန်ကိုက်ပြီး ထိုနေရာသို့ အရောက်လာလေသည်။ သူရောက်လာသောအချိန်က နေ့လည်ပိုင်းအချိန်ပင် ရှိသေးသည်။

ထိုအချိန်တွင် တာကင်များ မလာကြသေးပေ။ ထိုသတ္တဝါများက လသာသော ညအချိန်ရောက်မှ တောင်ပေါ်မှဆင်းလာလေ့ရှိသည်။ နီမောင်က ထိုနေရာရောက်ပြီး အခြေအနေကြည့်တော့ ချောင်းထဲမှာ ရေသောက်နေသည့် ဒရယ်





တစ်ကောင်ကို တွေ့ရသည်။ နေရာချင်းကလည်း မဝေးလှသောကြောင့် ပစ်မည်ဆိုပါက ရနိုင်ပေသည်။

သို့သော်မပစ်ပေ။ သူလာသော ရည်ရွယ်ချက်က ဒရယ်ပစ်ရန် မဟုတ်ပေ။ တာကင်ပစ်ရန်အတွက် လာခဲ့ခြင်းဖြစ်သည်။ အကယ်၍ ဒရယ်ကိုပစ်၍ သွေးကျသွားပါက သွေးနံ့ရသည်နှင့် ထိုနေရာသို့ အခြားတောတိရစ္ဆာန်တို့ လာကြတော့မည် မဟုတ်ပေ။ နောက်တစ်ချက်က သာမန်မုဆိုးများ မသိကြပဲ ဝါရင့်မုဆိုးကြီးများလောက်သာသိသော 'သေမင်းငင်သံ' ပင်ဖြစ်သည်။

သေမင်းငင်သံမှာ သတ္တဝါတစ်ကောင်ကို သတ်ဖြတ်သောအခါ ကြောက်လန့်တကြားအော်လိုက်သောအသံပင် ဖြစ်သည်။ အချို့ကအသံကို 'ငယ်သံပါအောင် အော်ဟစ်သည်' ဟု ပြောဆိုကြသည်။ မည်သို့ပင်ရှိစေ သေကာနီးအော်လိုက်သောအသံမှာ အခြားအသံများနှင့်မတူပဲ စူးစူးဝါးဝါး ပေါ်ထွက်လာသောကြောင့် ကြားရသူတိုင်း အသည်းနှလုံးတိုင်အောင် ရောက်နိုင်ပေသည်။

ကျွဲနွားကို သတ်ကာနီး အော်သောအသံ၊ ဝက်၊ ဆိတ်တို့ကို သတ်ကာနီး အော်သောအသံ၊ ကြက်၊ ဘဲ၊ ခွေး၊ ကြောင်စသော တိရစ္ဆာန်တို့ကို သတ်ဖြတ်ကာနီး အော်လိုက်သောအသံမှာ သနားစရာလည်းကောင်း၊ ကြောက်စရာလည်းကောင်းလှသည်။ ထိုအသံမှာ သေမင်းငင်သံပင် ဖြစ်သည်။

ကျွန်တော်ငယ်ရွယ်စဉ်က ဘိုကလေးမြို့ တစ်ဖက်ကမ်းမှာရှိသော သာပေါင်းရွာ၌ နေထိုင်ခဲ့ရဖူးသည်။ ထိုရွာတွင်

www.burmeseclassic.com



ဝက်သတ်လိုင်စင်ရသော ထောင်ကဲတစ်ဦးပိုင်သော ဝက်ခြံ ရှိသည်။ ဝက်များကိုဝယ်ပြီး အစားအစာကျွေးကာ လှောင်ထားသည်။ မနက်လေးနာရီလောက်ဆိုလျှင် ဝက်သတ်သောအခါ အော်သံကို တစ်ရွာလုံးကြားရသည်။ မိုးလင်းတော့ သတ်ပြီးသော ဝက်ကို ဘိုကလေးမြို့သို့ သယ်ယူသွားပြီး ခုတ်ထစ်ရောင်းချလေသည်။

ထိုအော်သံကြားရသူတိုင်း အိပ်ယာမှနိုးပြီး စိတ်မချမ်းမသာဖြစ်ကြရသည်။ ထိုရွာတွင် ဝက်မွေးသူများရှိသည်။ အစာတောင်းသောအခါအော်သံ၊ ခြံပိတ်ထားသောအခါအော်သောအသံ၊ အရိုက်အနှက်ခံရသဖြင့် အော်သံကို နေ့စဉ်လိုကြားဖူးကြသည်။ ထိုအသံများက အသတ်ခံရကာနီး အော်ဟစ်လိုက်သောအသံမျိုးနှင့်မတူပေ။ သေမင်းငင်သံဖြင့် အော်ဟစ်လိုက်သည့် အသံမျိုးကြားရတာလောက် ကြောက်စရာကောင်းသည်မျိုး မရှိတော့ပေ။

တိရစ္ဆာန်များကို သတ်ဖြတ်လိုက်သောအခါ စူးစူးဝါးဝါး အော်ဟစ်ငြီးငြူလိုက်သောအသံမှာ အသံပျောက်သွားသော်လည်း ထိုနေရာတွင် ပဲ့တင်သံများ ကျန်နေခဲ့သည်။ ထိုပဲ့တင်သံများကို လူတို့မကြားကြရသော်လည်း တိရစ္ဆာန်များကသိသည်။ နတ်များကကြားသည်။ သရဲတစ္ဆေ ဖုတ် ပြိတ္တာစသော နာနာဘာဝတို့က ကြားသိနိုင်ကြသည်။

တိရစ္ဆာန်တစ်ကောင်ကောင် သတ်ဖြတ်ခံထားသော နေရာသို့ အခြားတိရစ္ဆာန်က ချက်ချင်းမလာပေ။ အချို့က သွေး





နံ့ရသောကြောင့်ဟု ထင်သည်။

သွေးနံ့ကြောင့်ဖြစ်သလို 'သေမင်းငင်သံ' များကြောင့်လည်း ဖြစ်ပေသည်။ သို့ကြောင့် 'တာကင်' ပစ်ရန်လာသော နီမောင်မှာ ဒရယ်ကိုတွေ့သော်လည်း မပစ်တော့ပဲ လွှတ်ပေးလိုက်ခြင်း ဖြစ်ပေသည်။

ရေသောက်ပြီးသောအခါ ဒရယ်က ပြန်တက်သွားသည်။ အချိန်က ညနေပိုင်းသို့ ရောက်လာလေသည်။ သို့ကြောင့် ချောင်းစပ်သို့ဆင်းပြီး အခြေအနေကို ကြည့်သည်။ ဆားတွင်းများရှိသောနေရာတစ်ဝိုက်တွင် တိရစ္ဆာန်များ စွန့်ထားသော မစင်ပုံများကိုတွေ့ရသည်။ အချို့လည်း ခြောက်နေပြီး၊ အချို့မှာ လောလောလတ်လတ် စွန့်ထားသောအပုံများ ဖြစ်သည်။

ထိုအထဲတွင် တာကင်ကောင်များ စွန့်ထားသော မစင်ပုံအချို့ တွေ့ရသည်။ ၎င်းတို့မစင်ပုံက အခြားတိရစ္ဆာန်များ စွန့်သော မစင်ပုံနှင့်မတူပဲ ဝါးရွက်များ အဖပ်လိုက်ပါနေသည်ကို ကြည့်ရုံနှင့် ခွဲခြားသိနိုင်ပေသည်။

ထိုနေရာသို့ တာကင်ကောင်များ လာရောက်သည်မှာ သေချာသွားတော့ စောင့်ရမည့်နေရာကို ရွေးချယ်ရသည်။ အရေးအကြီးဆုံးမှာ တိရစ္ဆာန်ရှိသော နေရာ၏ လေတင်(လေညာအရပ်)ဘက်မှာ ရောက်မနေဖို့ အရေးကြီးသည်။ တာကင်က အနံ့ခံကောင်းသည်။ လူနံ့ကိုတစ်မိုင်နှစ်မိုင်လောက်ကပင် သိနိုင်သည်။ လူနံ့ရသည်နှင့်ပင် ထိုနေရာသို့ မလာတော့ပဲ အဝေးက ပြေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လေအောက်နေရာလည်းဖြစ်၊ အကာအကွယ်ကောင်းသောနေရာလည်းဖြစ်၊ ပစ်ကွင်းကောင်းသော နေရာမျိုးရွေးချယ်ကာ နေရာယူလိုက်လေတော့သည်။







## (အခန်း - ၃)

# ဂူနက်ထဲမှ ပေတလူ

အချိန်က ညဦးပိုင်းအချိန်ကျော်လာခဲ့ပေပြီ။ ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ နှင်းကျသံများမှလွဲပြီး ဘာသံမှမကြားရတော့သလောက် တိတ်ဆိတ်ငြိမ်သက်သွားပေပြီ။ ညဦးပိုင်းကျော်တော့ အရှေ့ဘက်တောင်တန်းများပေါ်မှ အလင်းရောင်အချို့ ကျော်တက်လာသည်။

လထွက်တော့ပေမည်။ သို့သော် တော်တော်မှုံ့တော့



www.burmeseclassic.com

www.burmeseclassic.com



လရောင်ရဦးမည်မဟုတ်ပေ။ တောင်တန်းကြီးများပေါ်ကျော်ပြီးသော်မှ တောတန်းများကိုလွန်တော့မှ မြေပေါ်သို့အလင်းရောင်ရောက်လာပေတော့မည်။ နီမောင်ရှိနေသောနေရာမှာ ချောင်းစပ်၌ရှိသော ဆားတွင်းများရှိသောနေရာနှင့် မနီးမဝေး ကျောက်တုံးကြီးများကြား၌ ဖြစ်သည်။ အပေါ်မှ သစ်ကိုင်းသစ်ခက်များတင်ထားသောကြောင့် အတွင်းမှာမှောင်နေသည်။

လူရှိသော်လည်းရှိမှန်းမသိနိုင်ပေ။ သို့သော် ထိုနေရာက အပေါ်စီးမှဖြစ်သောကြောင့် ပစ်ကွင်းကကောင်းသည်။ ညနေပိုင်းကတည်းက ကျောက်တုံးနံရံကိုမှီရင်း တစ်မှေးမှေးထားသောကြောင့် ညအချိန်ရောက်တော့ အိပ်ချင်စိတ်မရှိတော့ပေ။

နီမောင်က လေးမြား၊ မားလှံတို့ကို နံဘေးနားမှာ အဆင်သင့်ချထားပြီး စိတ်ရှည်လက်ရှည်နှင့်စောင့်နေသည်။ အတော်ကြာတော့ သူရှိနေသော ကျောက်တုံးကြီး နံဘေးနားလောက်မှ ခြေသံလိုလို ကြားလာရသည်။ ဖွဖွကလေးနင်းလျှောက်လာသော ခြေသံဖြစ်သည်။

ကျောက်တုံးနှစ်တုံးကြားမှ ကြည့်လိုက်တော့ ကျောက်တုံးကြီး နံဘေးသို့ရောက်လာသော သတ္တဝါတစ်ကောင်ကို တဝက်တပျက် မြင်နေရသည်။ အဝါပေါ်မှာ အနက်စင်းများရှိသော တောကောင်ကြီးပင်ဖြစ်သည်။ ထိုနေရာရောက်တော့ ရပ်ပြီးအနံ့ခံသည်၊ ချောင်းဘက်သို့ အခြေအနေကြည့်နေပြီးမှ အောက်သို့ဆင်းသွားသည်။

လရောင်က တစွန်းတစရောက်လာပြီဖြစ်သောကြောင့်





လှမ်းမြင်နေရသည်။ ချောင်းကောင်းကောင်းတွင် တစ်နေကုန်အိပ်နေပြီး ညအချိန်ရောက်တော့မှ အစာရှာဖွေရန် ထွက်လာသော ကိုးတောင်ကျားကြီးပင် ဖြစ်သည်။ ချောင်းစပ်ရောက်တော့ ဆားကျင်းမှ ဆားကိုလျက်ကာ ရေသောက်ပြီး တစ်ဖက်တောတွင်းသို့ ဝင်သွားသည်။

မရှေးမနှောင်းဆိုသလိုပင် ညအချိန်ရောက်တော့မှ အစာရှာဖွေရန် ထွက်လာသော အခြားတောတိရစ္ဆာန်များလည်း ရေသောက်ပြီးတော့မှ တောတွင်းဝင်ကြလေသည်။ ညဉ့်နက်ပိုင်းရောက်တော့ တောတိရစ္ဆာန်ကြီးများ မလာကြတော့ပေ။ အခြားတောတိရစ္ဆာန်များကလည်း ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အပြင်မထွက်ကြတော့ပေ။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အပြင်ထွက်သောတိရစ္ဆာန်မှာ တာကင်နှင့် ကတိုးကောင်များလောက်သာ ရှိကြသည်။ လရောင်ကလည်း တဖြည်းဖြည်း မြင့်တက်လာချေပြီ။

တောင်မြင့်ကြီးများပေါ်မှကျော်ကာ သစ်တောများအပေါ်သို့ ရောက်လာပြီဖြစ်သဖြင့် အလင်းရောင်ပိုရလာသည်။ သို့သော်လည်း သစ်ပင်နှင့်ဝါးတောများ ရှိနေသောကြောင့် ချောင်းထဲမှာတော့ အလင်းရောင်အချို့လောက်သာ ကွက်ကျားကျဆင်းနေသည်။

နီမောင်ကတော့ စိတ်ရှည်လက်ရှည်နှင့်ပင် စောင့်ဆိုင်းနေသည်။ ထိုအချိန်မှာပင် တစ်ဖက်ကမ်းဘက်မှ ဆူဆူညံညံနှင့်လူသံများ ကြားလာရသည်။ ကြည့်လိုက်တော့ မိန်းမပျိုတစ်သိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူညံညံ စကားပြောရင်းနှင့် တောထဲမှ ထွက်လာကြသည်ကို လှမ်းမြင်ရသည်။

ဒီလိုမြင်ကွင်းမျိုးကတော့ တောတောင်များထဲ သွားလာနေသူတို့အတွက် အဆန်းမဟုတ်တော့ပေ။ တကယ်လူတွေမဟုတ်မှန်း စိတ်ထဲမှသိနေသော်လည်း မကြည့်ပဲလည်း မနေနိုင်ပေ။ ထို့ကြောင့် ကျောက်တုံးနှစ်တုံးကြားမှ ချောင်းကြည့်နေလေသည်။ ချောင်းစပ်သို့ဆင်းလာသော မိန်းမပျိုများမှာ ဆယ်ယောက်ခန့်ရှိသည်။

အားလုံးအပျိုအရွယ်များ ဖြစ်ကြသည်။ ချောင်းစပ်ရောက်တော့ ၎င်းတို့ကိုယ်ပေါ်မှဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်ပုံထားခဲ့ပြီး ချောင်းထဲဆင်းပြီး ရေချိုးကြသည်။ နှင်းများတဖွဲဖွဲကျနေပြီး ဒီလောက်အေးလှသော အချိန်မျိုးတွင် ရေမချိုးနိုင်ပေ။ သူတို့ကတော့ အချင်းချင်း ရယ်မောပြောဆိုကာ ရေချိုးနေကြသည်။ ခဏကြာတော့ ထိုနေရာသို့ ယောကျ်ားပျိုအချို့ ရောက်လာကြပြန်သည်။ ၎င်းတို့ကလည်း မနီးမဝေးနေရာမှာပင် အဝတ်အစားများ ချွတ်ပုံထားပြီး ရေချိုးကြပြန်သည်။

ပြီးတော့မှ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက် ယှဉ်တွဲပြီး တောထဲပြန်ဝင်သွားကြသည်။ နီမောင်ကတော့ ထိုမြင်ကွင်းကိုကြည့်ပြီး ထိုနေရာတစ်ဝိုက်တွင် ကိန္နရာတော ရှိလိမ့်မည်ဟု ခန့်မှန်းမိလိုက်ပေသည်။ ဆေးကမြင်းပင်ဟုခေါ်သော ဆေးဖက်ဝင်အပင်တစ်မျိုးမှာ တစ်ပင်တွင် အဖိုတစ်ရွက်၊ အမတစ်ရွက်သာရှိပြီး လူမရှိလျှင် သစ်ရွက်နှစ်ရွက်မှာ ပူးကပ်





နေပြီး၊ လူအနားရောက်သောအခါ တစ်ရွက်ချင်းခွာနေတတ်သည်။

ဂမုန်းကိန္နရာဟုခေါ်သော ဆေးပင်မှာ ညအချိန် လူခြေတိတ်သောအခါ တစ်ပင်နှင့်တစ်ပင်ယှဉ်တွဲပြီး သီချင်းဆိုကာ ကနေတတ်သည်။ လူအနားရောက်သောအခါ ရပ်တန့်သွားကြသည်။ ဂမုန်းသူယောင်ပင်ကတော့ လူခြေတိတ်သောအချိန်တွင် လူယောင်ဆောင်ကာ ယောကျ်ားမိန်းမ ယှဉ်တွဲနေလေ့ ရှိကြသည်။

ထို့ကြောင့် ထိုမြင်ကွင်းမျိုးက တောကျွမ်းသောမုဆိုးများအတွက်ကတော့ မဆန်းကြယ်တော့ပေ။ နီမောင်ကတော့ သစ်ပင်တစ်ရွက်များ ဖုံးထားသော ကျောက်တုံးနှစ်တုံးကြားတွင် ငြိမ်သက်စွာ ထိုင်နေရင်းနှင့်လာသမျှ မြင်ကွင်းများကိုသာ ကြည့်နေလေသည်။ သူလိုချင်သည့် သားကောင်မျိုးမဟုတ်သဖြင့်လည်း ပစ်ခတ်ခြင်းမပြုပေ။

ညဉ့်နက်ပိုင်းရောက်လာတော့ လရောင်ကအတော်မြင့်တက်လာသည်။ ထို့အတူ အအေးဓာတ်ကလည်း ပိုများလာသည်။ ဆီးနှင်းကျသောအသံများက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို အသက်ဝင်နေစေသည်။ ညဉ့်နက်ပိုင်းရောက်လာလေလေ ချောင်းရှိရာသို့ သားကောင်၊ တောကောင်များ မလာကြတော့သဖြင့် တိတ်ဆိတ်နေသည်။

ထိုအခြေအနေမျိုးမှာပင် တစ်ချက်ကလေးအိပ်ငိုက်နေ၍မရပဲ သတိကြီးစွာထားကာ စောင့်ကြည့်နေရလေသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာတော့ တစ်ဖက်ကမ်းစပ်မှာရှိသော ဝါးရုံတောအတွင်းမှ တလှုပ်လှုပ်နှင့် ဆင်းလာသော သတ္တဝါတစ်ကောင်ကို လှမ်းမြင်ရသည်။

နီမောင်ကချထားသော လေးနှင့်မြားကို ကောက်ယူလိုက်သည်။ ပတ်ဝန်းကျင်တွင် နှင်းကျနေသော်လည်း လေမတိုက်ပေ။ လေငြိမ်နေသောကြောင့် မုဆိုးနှင့်သားကောင်ကြားမှာ ပြဿနာမရှိတော့ပေ။ သားကောင်ရောက်လာတော့မှ လေက ကပြောင်းကပြန်တိုက်ပါက သားကောင်က လူနံ့ရသဖြင့် ချက်ချင်းထွက်ပြေးသွားတတ်ပေသည်။

နီမောင်ကြည့်နေစဉ် ဝါးရုံတောအတွင်းမှ ထွက်လာသော သတ္တဝါက ချောင်းစပ်သို့ရောက်လာသည်။ စောင့်ရကျိုးနပ်ပေပြီ။ ညဥ့်အချိန်မတော်ရောက်တော့မှ ရေသောက်ဆင်းလာသော သတ္တဝါမှာ သူလိုချင်သော သားမင်းဟုခေါ်ကြသည့် တာကင်ကောင်ပင် ဖြစ်သည်။

အကောင်အရွယ်အစားကြီးသလို ဦးခေါင်းထိပ်၌ ဦးချိုပါလေသည်။ ချောင်းစပ်ရောက်လာသော တာကင်က ချက်ချင်းမဆင်းလာသေးပဲ ချောင်းအခြေအနေကို ကြည့်သည်။ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကြည့်သည်။ ဦးခေါင်းမော့ပြီး အနံ့ခံကြည့်သည်။

စိတ်ကျေနပ်လောက်သည်အထိ အခြေအနေကို လေ့လာကြည့်ပြီးတော့မှ ချောင်းထဲသို့ တရွေ့ရွေ့နှင့် ဆင်းလာသည်။ ချောင်းထဲမှာ ရေနည်းနေသည်။ အချို့နေရာများ၌သာ ရေအိုင်





ဖြစ်နေပြီး နေရာအတော်များများက ကျောက်တုံးများ အပေါ်မှ ဖြတ်စီးသွားသော ချောင်းသဖွယ်သာ ဖြစ်နေသည်။

နီမောင်စောင့်နေသောနေရာက ရေနှင့်နီးသောနေရာ ဖြစ်လေသည်။ ရေစပ်သို့ဆင်းလာသော တာကင်က သူရှိသော နေရာဘက်သို့ ရောက်လာသည်။ ထိုနေရာရောက်တော့ တစ်ခါ နားပြီး အခြေအနေကြည့်သည်။ ဦးခေါင်းမော့ကာ အနံ့ခံနေပြန်သည်။

ထိုအခြေအနေသည် စိတ်လှုပ်ရှားစရာ အကောင်းဆုံး အခြေအနေမျိုး ဖြစ်သည်။ လူရှိနေသည့် နေရာနှင့်နီးနေပြီ ဖြစ်သောကြောင့် အနံ့ရကာ ချက်ချင်းပြန်လှည့်ပြေးနိုင်သည်။ ထို အခြေအနေမျိုးတွင် ဗရမ်းဗတာတိုက်သော လေမျိုးမတိုက်ပါစေနှင့်သာကျိတ်ပြီး ဆုတောင်းနေရသည်။ စိတ်ချရသော အခြေအနေမျိုးတွေ့တော့မှ တာကင်ကောင်က ရေစပ်ဆင်းလာပြီး ဆားကျင်းကို အရင်လျက်သည်။

ကျေနပ်လောက်အောင် ဆားလျက်ပြီးတော့မှ ရေဆင်းသောက်သည်။ ထိုအခြေအနေနှင့် အခွင့်အရေးသည် အကောင်းဆုံးဖြစ်သဖြင့် လေးနှင့်မြားကို ပြင်ကာ ပစ်သည်။ တိတ်ဆိတ်နေသော အချိန်ဖြစ်သောကြောင့် လေးညို့ခတ်သံက တိုးတိုးထွက်သွားသည်။

ထိုအသံကိုနားပါးသော တာကင်ကောင်ကကြားသဖြင့် ချက်ချင်းထွက်ပြေးရန် ကြိုးစားလေသည်။ မလွတ်တော့ပေ။ တာကင်ကောင်ထက် မြားတံကပိုမြန်သဖြင့် ချက်အောင်းကို

www.burmeseclassic.com



ထိမှန်လေသည်။ သို့သော် တာကင်ကောင်က တောပေါ်တက် ပြေးသွားလေတော့သည်။

နီမောင်ကတော့ သူလုပ်ရမည့်အလုပ်ပြီးသွားသောကြောင့် လေးနှင့်မြားကို ပြန်ချကာ ကျောက်တုံးနှစ်တုံးကြားမှာပင် တစ်ရေးတစ်မောအိပ်လေတော့သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရာ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့မှ ပြန်နိုးလာသည်။ အခြေအနေကို ကြည့်လိုက်တော့ ရာသီဥတုက သာယာသည်။

တောတွင်း၌အလင်းရောင်ရနေပေပြီ။ ထို့ကြောင့် ပါလာသော အစားအသောက်တို့ကို ဝမ်းပြည့်အောင် စားသောက်ပြီးနောက် ကျောက်တုံးများကြားမှ အပြင်သို့ထွက်လာလေသည်။ မြားချက်ထိထားသော တာကင်ကောင်မှ သွေးစက်များက ကျောက်တုံးများပေါ်၌ ကျနေသည်။ ထိုသွေးစက်များအတိုင်း ကြည့်ပြီးလိုက်သွားလေသည်။

တောပေါ်ရောက်တော့ သစ်ကိုင်း၊ သစ်ရွက်များပေါ်၌ တင်ကျန်နေခဲ့သည့် သွေးစက်များကိုကြည့်ကာ ထိုလမ်းကြောင်းအတိုင်း လိုက်သွားလေသည်။ တစ်ခုပဲဆုတောင်းနေရသည်။

မြားချက်ထိထားသော တာကင်ကောင်မှာ တစ်နေရာရောက်သည့်အခါ လဲကျသေဆုံးမည်မှာ သေချာသည်။ ထိုအသေကောင်ရှိရာသို့ သူမရောက်ခင် တခြားသတ္တဝါတစ်ကောင်ကောင် ရောက်နေမှာသာ စိုးရပေသည်။ ကျားစသော တောကောင်ကြီးများကလည်း တခြားအချိန်၌သာ လူနှင့်တွေ့လျှင်





ရှောင်သွားကြသော်လည်း အစားအစာအတွက် ဆိုလျှင်တော့ မရှောင်တော့ပေ။ အစာမာန်တက်က သူသေကိုယ်သေ တိုက်ခိုက်ရခြင်းမျိုးလည်း ရှိပေသည်။

ထို့ကြောင့် အစာအတွက်နှင့်တော့ တောကောင်ကြီးများနှင့် မတွေ့လိုပေ။ နီမောင်သည် သစ်ရွက်များပေါ်တွင် စွန်းပေနေသော သွေးစက်များအတိုင်း ခြေရာခံ၍ လိုက်သွားရာ နေ့လည်ပိုင်းအချိန်ရောက်သည်အထိတော့ မတွေ့သေးပေ။ ဤသို့ဖြင့် ရှေးဟောင်းဂူပေါက်ကြီးများရှိသော တောတွင်းသို့ ရောက်သွားလေသည်။

နေ့လည်ဘက်ရောက်တော့ တစ်နေရာမှာ ခဏနားပြီး ပါလာသော အစားအသောက်အချို့ကို ထပ်မံစားသောက်ရပြန်လေသည်။ ဘယ်လောက်ပင်များများ စားသောက်ထားသော်လည်း တောတစ်တောကျော်ပြီး တောင်တစ်တောင် တက်လိုက်သည်နှင့် စားသောက်ထားသမျှ ကုန်သွားတတ်သောကြောင့် မကြာခဏ ဝမ်းပြည့်အောင် စားသောက်ရသည်။

စားသောက်ပြီးသည်နှင့် ဆက်လိုက်ရပြန်လေသည်။ ဖွဲလျော့၍ မဖြစ်ပေ။ တစ်ခါတစ်ရံ နှစ်ရက်သုံးရက်ကြာအောင် လိုက်တော့မှ ရတတ်ပေသည်။ ညနေပိုင်းအချိန်ရောက်တော့ တာကင်ကောင် လဲကျသေဆုံးနေသောနေရာသို့ ရောက်သွားလေသည်။ သို့သော် သူ့ဆုတောင်းကတော့ မပြည့်ပေ၊ တောကောင်တစ်ကောင် ရောက်နေခြင်းတော့ မဟုတ်ပေ။ သူ့ပို့အသက်ချင်း မတိမ်းမယိမ်းလောက်ရှိမည် ဖြစ်သော ပုရွှယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တာကင်ကောင်နားရောက်နှင့် နေလေသည်။ နီမောင်ရောက်သွားတော့ သူကလှည့်ကြည့်လေသည်။

"မင်း ဘယ်သူလဲ"

နီမောင်က မေးတော့ မျက်လုံးပြူးဖြင့် ကြည့်နေလေသည်။

"မင်းကမှဆိုး တစ်ယောက်လား၊ ဒီတာကင်က ငါပစ်လို့ သေသွားတာ ငါပိုင်တဲ့ပစ္စည်း ဖြစ်နေပြီ"

"ဒါပေမယ့် ငါစားချင်တယ်"

"မင်း စားချင်ရင်တော့ နည်းနည်းပေးလို့ရပါတယ်။ ဒါထက် မင်းနာမည်က ဘယ်သူလဲ ဘယ်ရွာကလဲ"

ဟု ထပ်မေးသည်။

"ငါနာမည်က ပေတလူလို့ ခေါ်တယ်၊ တမလွန်ရွာမှာ နေတယ်"

"တမလွန်ရွာဆိုတော့ လူသေတွေနေတဲ့ ရွာမျိုးပဲ၊ မင်းက ပရလောကသား တစ်ယောက်လား"

"မဟုတ်ပါဘူး. . လူပါပဲ"

"ဒါပေမယ့် မင်းက ရိုးရိုးလူတော့ဟုတ်မယ် မထင်ဘူး၊ လူဆိုရင်တောင် မိစ္ဆာခေတ်ဝင်နေတဲ့ မိစ္ဆာလူမျိုးပဲ ဖြစ်ရမယ်"

"ဟီးဟီး. . ဟုတ်တယ်၊ မင်းမကြောက်ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"ဘာကြောက်စရာရှိသလဲ၊ မင်းနဲ့ငါနဲ့ ရန်သူတွေမှ မဟုတ်တာ"





"ငါတွေ့ဖူးသမျှထဲမှာတော့ မင်းက အတော်သတ္တိကောင်းတယ်"

နီမောင်က ဘာမှပြန်မပြောတော့ပဲ တာကင်ကောင်၌ စိုက်ဝင်နေသော မြားတံကို ပြန်ဖြုတ်ပြီး မြားအိမ်အတွင်းသို့ ပြန်ထည့်လိုက်သည်။ နီမောင်က တစ်ဖက်သို့ အာရုံစိုက်နေစဉ် သစ်ပင်ပေါ်သို့ တောကျီးကန်းတစ်ကောင်က ရောက်လာပြီး ကျယ်ကျယ်လောင်လောင် ခ်အော်ဟစ်နေလေသည်။

ပေတလူက ကျီးကန်းကို တစ်ချက်မော့ကြည့်လိုက်ရာ တစာစာအော်နေသော တောကျီးကန်းမှာ အော်သံတိတ်သွားပြီး အောက်သို့ပြုတ်ကျလာလေတော့သည်။

ပေတလူက တောကျီးကန်းကြီးကို ကောက်ယူပြီး တောတွင်းသို့ ပြေးဝင်သွားလေတော့သည်။ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ပေတလူကို မတွေ့ရတော့ပေ။ နီမောင်က နေရာမှာရပ်တံ့ပြီး ဟိုဟိုဒီဒီကြည့်သော်လည်း အရိပ်အယောင်မျှ မတွေ့ရပေ။ သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ တာကင်ကောင်ကို ဖျက်ရန် ပြင်ရလေတော့သည်။

တောထဲ၌ အမဲဖျက်ရတာ လွယ်ကူလှသည့်တော့ မဟုတ်ပေ။ တစ်ယောက်တည်း အမဲဖျက်နေသော အချိန်တွင် သတိလက်လွတ်၍မရပေ။ အစာရှာထွက်လာသော တောကောင်ကြီးများ အန္တရာယ်အပြင် တောထဲမှာရှိနေကြသည့် မကောင်းဆိုးဝါးများ အန္တရာယ်ကိုပါ သတိထားရသည်။

သွေးနံ့ရသည်နှင့် မိစ္ဆာများ၊ နာနာဘာဝတို့က ပုံသ



www.burmeseclassic.com

www.burmeseclassic.com



ဗွာန်အမျိုးမျိုး ပြောင်းလဲကာ လာရောက်နှောက်ယှက်လေ့ရှိကြသည်။ နီမောင်တို့လို တောတွင်းသွားလာနေသူတို့အတွက်ကတော့ တောထဲရောက်သောအခါ သတိမပြတ် ထားရသည်။ သတိတစ်ချက်လွတ်သည်နှင့် ပေးဆပ်ရသည်က 'အသက်'ပင် ဖြစ်ပေတော့သည်။

နီမောင်တစ်ယောက်တည်း ထိုနေရာတွင် တာကင်ကောင်မှ တန်ဖိုးအရှိဆုံးဖြစ်သော ဦးချိုဖြတ်ယူခြင်း၊ သားရေချပ်ခွာယူခြင်း အသားများကို ကြာရှည်အထားခံစေရန် မီးဖြင့်ကျပ်တိုက်ခြင်းများ ပြုလုပ်လေသည်။







(အခန်း - ၄)

# အသည်းနှလုံးစားသော မိစ္ဆာ

**တောင်**ပေါ်တွင် နှစ်ရက်သုံးရက်ကြာအောင် နေခဲ့ပြီးမှ ကိစ္စအားလုံးပြီးသောအခါ ရွာဘက်သို့ဦးတည်ပြီး ပြန်ဆင်းလာလေသည်။ သူကျောခွဲ လွယ်ယူလာသော ခြင်းတောင်းနှင့် အိတ်ထဲမှာတော့ တောင်ပေါ်မှ ရှာဖွေစုဆောင်းလာသော မှစ္စည်းများ ထည့်ယူလာလေသည်။ တာကင်ကောင်မှရသော အသားခြောက်များ၊ သားရေချပ်၊ ဦးချိုတို့အပြင် လိမ်းတ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွင် တွေ့သဖြင့် တူးယူလာသော မချစ်ဥများလည်း ပါလာလေသည်။

တလီထူးတောအုပ် လွန်သောအခါမှာတော့ တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာကြသော ကုန်သည်အဖွဲ့နှင့် တွေ့ရသည်။ ခေါင်းဆောင်လာသူတို့မှာ တရုတ်လူမျိုးများ ဖြစ်ကြပြီး တိဗက်နှင့် ဒေသခံအချို့ကိုလည်း တွေ့ရသည်။ ဒေသခံများကတော့ လမ်းပြအတွက် လိုက်လာကြခြင်းပင် ဖြစ်သည်။ ၎င်းတို့အဖွဲ့မှာ ၁၅-ယောက်ခန့်ရှိပြီး ဝန်တင်လားအချို့လည်းပါသည်။ လူစီးရန်မြင်းလည်းပါသည်။

ထို့ပြင် ရန်သူနှင့်တွေ့သောအခါ တိုက်ခိုက်ရန် သေနတ်များလည်းပါကြသည်။ ဒေသခံလမ်းပြများကတော့ လေးနှင့်မြားကိုသာ အသုံးပြုကြလေသည်။ ထူးထူးခြားခြား မိန်းကလေးတစ်ယောက် ပါလာလေသည်။ သို့သော် ပုံပန်းသဏ္ဌာန်ကတော့ တရုတ်ကုန်သည်အဖွဲ့နှင့် အတူတူပါလာဟန်တော့ မရှိပေ။

သူမသည် အသက် ၂၅-နှစ် အရွယ်ခန့်သာရှိသေးပြီး ရုပ်ရည်က အတော်ပင်ချောမောလှသည်။ ဝတ်ဆင်ထားသော အဝတ်အစားများကတော့ ရဝမ်အမျိုးသမီးတစ်ယောက် ဝတ်ဆင်သော အဝတ်အစားမျိုးဖြစ်ပြီး ဟောင်းနွမ်းစုတ်ပြဲလျက် ရှိနေပေပြီ။ အဝတ်များ မလုံ့တလုံဖြစ်သည်အထိ စုတ်ပြဲနေသောကြောင့် ဖြူဝင်းသောအသားများပင် တစွန်းတစပေါ်နေပေပြီ။

သူမမှာ တရုတ်ကုန်သည်အဖွဲ့နှင့် ပါလာသူမဟုတ်မှန်း မြင်ရုံနှင့် သိသာပေသည်။ မျက်လုံးများက ကြောက်ရွံ့ထိတ်လန့်





နေပြီး နီမောင်ကို မြင်သောအခါ အားကိုးအားထားရလိုသော အကြည့်မျိုးဖြင့် လှမ်းကြည့်နေလေသည်။ နီမောင်တို့ နေထိုင်ကြသည့် တောင်ပေါ်ဒေသများမှာတော့ ထိုကဲ့သို့သော အဖြစ်အပျက်မျိုးက အထူးအဆန်းမဟုတ်တော့ပေ။

တစ်ဖက်နိုင်ငံမှ လာရောက်ကြသော လော်ပန်များ၊ တရုတ်ကုန်သည်များက ငွေပေါသည်။ အဝတ်အထည် အသုံးအဆောင် အစားအသောက်များပါလာကြသည်။ ဒီဘက်သို့ ရောက်သောအခါ ရိုးသားသော မိန်းကလေးများ၊ မိန်းမပျိုများအား ငွေ၊ ပစ္စည်းဥစ္စာများပေးကမ်းကာ ဖျက်ဆီးကြသည်။

တစ်ခါတရံ တောတွင်းမှာတွေ့သော မိန်းကလေးများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကာ ဖျက်ဆီးလေ့ရှိကြသည်။ ယခုပါလာသော မိန်းမပျိုမှာလည်း ဝတ်ဆင်ထားသော အဝတ်အစားများ စုတ်ပြဲနေသည်ကို မြင်ရုံနှင့် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာမှန်း သိနိုင်ပေသည်။

လမ်းပေါ်မှာ နီမောင်နှင့် မျက်နှာချင်းဆိုင်တွေ့သောအခါ ရပ်တံ့လိုက်ကြသည်။ နီမောင်ကလည်း မနီးမဝေးမှာပင် ရပ်သည်။

"ဘာတွေရောင်းဖို့ပါသလဲ"

"ပစ္စည်းရောင်းဖို့လာတာမဟုတ်ဘူး၊ တောင်ပေါ်က ပြန်ဆင်းလာတာ"

"ဘာတွေရလာသလဲ"

"တာကင်နဲ့ မချစ်ဥတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းမှာမဟုတ်လား၊ ရောင်းဖို့ဆိုရင် ဘာကြောင့် အလေးခံပြီး သယ်သွားမှာလဲ၊ ဒီမှာရောင်းရင်လည်း ဈေးကောင်းပေးမှာပါပဲ"

"ရွာမှာ စုဆောင်းထားတဲ့ ပစ္စည်းတွေ အတော်များများ ရှိပါသေးတယ်၊ ဟိုရောက်တော့မှပဲ အားလုံးစုပေါင်းပြီး ရောင်းတော့မယ်"

နီမောင်က တောထဲမှာ မရောင်းချဝံ့သောကြောင့် မက်လုံးပြပြီး ပြောလိုက်ခြင်းဖြစ်ပေသည်။

"မင်း ဘယ်ရွာကလဲ"

"ပန်နမ်းဒင်ရွာကပါ"

ရွာနာမည်ကြားတော့မှ စိတ်လျှော့သွားကြဟန် ရှိသည်။ ပန်နမ်းဒင်ရွာမှာ တစ်ဖက်နိုင်ငံမှလာကြသော တရုတ်ကုန်သည်များ စတည်းချသော စခန်းထောက်ရွာတစ်ရွာ ဖြစ်သောကြောင့်ပင်။ တရုတ်ကုန်သည်တစ်ဦးနှင့်ရပ်ပြီး စကားပြောနေစဉ် သူတို့ခေါ်လာသော မိန်းကလေးက နီမောင်ကို အားကိုးတကြီးဖြင့် လှမ်းကြည့်နေသည်။

သူမမျက်လုံးများက တစ်စုံတစ်ခုကို အကူအညီတောင်းနေမှန်းသိသည်။ သို့သော် ကိုယ်နှင့်မဆိုင်သဖြင့် ဘယ်လိုမှ အကူအညီပေး၍မရပေ။ စကားပြောပြီးတော့ နီမောင်က ထိုနေရာမှ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

"အစ်ကို ကျွန်မကိုကယ်ပါဦး သူတို့ ကျွန်မကို မတရားဖမ်းပြီး ခေါ်လာကြတာပါ"





ထိုအသံကြောင့် နီမောင်က တစ်ချက်လှည့်ကြည့်လိုက်သည်။ တရုတ်ကုန်သည်က ထိုမိန်းကလေး၏ လက်တစ်ဖက်ကို ဖမ်းကိုင်ထားသည်ကို မြင်ရသည်။ ဘာမှမတတ်နိုင်ပေ။ ဒီနေမျိုးမှာ ဒီလိုအဖြစ်အပျက်မျိုးက ထူးဆန်းသည်တော့ မဟုတ်တော့ပေ။ သို့ကြောင့် ထိုနေရာမှ ထွက်သွားလေတော့သည်။

တရုတ်ကုန်သည်အဖွဲ့ကတော့ မိန်းကလေးကိုပါခေါ်ပြီး ထိုနေရာမှ ရှေ့သို့ခရီးဆက်ကြလေသည်။ သူတို့ဦးတည်သွားသောနေရာမှာ နီမောင်တို့နေသော ပန်နမ်းဒင်ရွာသို့ပင် ဖြစ်၏။ လမ်းခရီးက ဝေးနေသေးသောကြောင့် လမ်းမှာပင် တစ်ညနှစ်ည အိပ်ကြရပေဦးမည်။

ညနေပိုင်းအချိန်ရောက်တော့ ဂူပေါက်ဝများရှိသော ကျောက်တောင်ကြားသို့ ရောက်သွားကြသည်။ ထိုနေရာမှာ လေကွယ်မိုးကွယ်ရှိသည့်အပြင် နှင်းကျသောဒဏ်မှလည်း သက်သာပေလိမ့်မည်။ သို့ကြောင့် ခေါင်းဆောင်လုပ်သူက ထိုနေရာတွင် ရွက်ဖျင်တဲများထိုးပြီး စခန်းချရန် ပြင်ဆင်စေသည်။

သူတို့အဖွဲ့မှာ ၁၅-ယောက်ခန့်ပါသောကြောင့် ရွက်ဖျင်တဲလေးငါးလုံး ထိုးရလေသည်။ တဲထိုး၊ မီးဖိုပြီးသောအခါမှာတော့ ပါလာသော ဝက်ပေါင်ခြောက်၊ အသားခြောက်စသည်တို့ကို ချက်ပြုတ်စားသောက် ကြရလေသည်။ စားသောက်ပြီး အိပ်ကြတော့ တဲတစ်လုံးမှာ လေးငါးယောက်စုပြီး အိပ်ကြသည်။

အဖွဲ့ခေါင်းဆောင်ကတော့ ရွက်ဖျင်တဲတစ်လုံးဖြင့် သီးခြားနေသည်။ သူ့တဲအတွင်းမှာတော့ ဖမ်းခေါ်လာသော မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ဖျိုကို ခေါ်ထားလေသည်။ မိန်းကလေးကတော့ ကြောက်ရွံ့ထိတ်လန့်သော အမူအယာဖြင့် အခန်းထောင့်တစ်နေရာမှာ ကုပ်ကုပ်ကလေး ထိုင်နေလေသည်။ တဲအတွင်းမှာတော့ မီးရောင်မရှိပေ။

အပြင်ဘက်၌ ဖိုထားသော မီးဖိုမှမီးရောင်အချို့လောက်သာရှိနေသည်။ ညဦးပိုင်းအချိန်ရောက်တော့ ပတ်ဝန်းကျင်မှ ဝံပုလွေများ အူသံများပေါ်ထွက်လာသည်။ တောတွင်း၌သော်လည်းကောင်း၊ တောင်ပေါ်၌သော်လည်းကောင်း ဝံပုလွေကို တစ်ကောင်ချင်း တွေ့ရသော်အကြောင်း မဟုတ်ပေ။

တစ်ကောင်ထက်ပိုများလာပြီး အုပ်စုလိုက်ဖြစ်လာလျှင်တော့ လူမပြောနှင့် ကျား၊ ဆင်စသော သတ္တဝါကြီးများပင် မခံနိုင်ကြပဲ အသတ်ခံရသည်။ ထိုကဲ့သို့ပင် ခဲဝါဟုခေါ်သော တောခွေးအုပ်နှင့် တွေ့လျှင်လည်း မလွယ်ပေ၊ ၎င်းတို့ကျင်ငယ်ရေ မျက်စိထဲ ဝင်သွားပါက မျက်စိကန်းသောကြောင့် မည်သည့် သတ္တဝါမှ မခံနိုင်ကြပေ။

ဝံပုလွေအူသံများက တဖြည်းဖြည်းနီးလာသကဲ့သို့ ရှိပေသည်။ ထိုအသံများကြားတော့ အစောင့်ကျနေသူတို့က သေနတ်များကို အဆင်သင့်ပြင်ထားကြသည်။ တဲအတွင်းမှာ ရောက်နေသော မိန်းကလေးကတော့ အပြင်ဘက်မှ အူနေသော ဝံပုလွေများကို ကြောက်နေသလို တဲအတွင်းမှာ ရှိနေသော တရုတ်ကိုလည်း ကြောက်ရွံ့နေဟန် ရှိပေသည်။

ထိုအချိန်မှာပင် တရုတ်ခေါင်းဆောင်က အနားရောက်





လာလေသည်။ ၎င်းမှာ အသက်လေးဆယ်ကျော်ခန့်ရှိပြီး ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသူဖြစ်သည်။

"မင်း ကြည့်ရတာ အတော်ကြောက်လန့်နေပုံပဲ"

"ဟုတ်တယ်"

"ဘာကို ဒီလောက်ကြောက်နေတာလဲ"

"အပြင်ဘက်က ဝံပုလွေတွေကို ကြောက်သလို၊ တဲထဲမှာရှိတဲ့ ရှင့်ကိုလည်း ကြောက်တယ်"

ထိုစကားကြောင့် တရုတ်က သဘောကျစွာ ရယ်မောလိုက်လေသည်။ ၎င်းရယ်သံက အပြင်သို့ပင် လွင့်ပြန့်သွားသည်။

"ဒီလောက်လည်း ကြောက်မနေပါနဲ့ကွာ အပြင်ဘက်က ဝံပုလွေတွေကလည်း ငါတို့ကို ဘာမှမလုပ်နိုင်ပါဘူး၊ တဲထဲမှာ ရှိနေတဲ့ ငါကလည်း မင်းကို ကိုက်မစားပါဘူး"

"ဒါပေမယ့် ကျွန်မ ကြောက်တယ်"

"မကြောက်ပါနဲ့ မင်းကိုလုံခြုံနွေးထွေးသွားအောင် ငါထားပေးပါ့မယ်"

ဟုပြောကာ လက်ကိုဆွဲကာ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်လေသည်။ မိန်းကလေးလည်း ကြောက်ကြောက်လန့်လန့်နှင့်ပင် ငြိမ်သက်နေရလေသည်။

"ဒီညအဖို့ကတော့ မင်းရှိနေရင် ငါအတွက်ဘာမှ မလိုတော့ဘူး"

"ဒါပေမယ့် ကျွန်မအတွက်ကတော့ လိုသေးတယ်"

"ဘာလိုချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသည်းနှလုံး"

စကားဆုံးသည်နှင့် လက်သည်းချွန်များကကိုယ်ထဲသို့ ဖောက်ဝင်လာပြီး အသည်းနှလုံးကို ဆွဲယူသွားလေတော့သည်။

"အင့်"

တရုတ်ကုန်သည်မှာ တစ်ချက်လောက်သာ ညီးညူလိုက်နိုင်ပြီး မျက်လုံးပြူးထွက်လာကာ နေရာမှာတင် ပုံလျက်သား လဲကျသွားလေတော့သည်။ တဲအပြင်ဘက်၌ ရှိနေကြသော အစောင့်များကတော့ ခေါင်းဆောင်လုပ်သူနေသော တဲအတွင်းမှ အသံမကြားရဘဲ ငြိမ်ချက်သားကောင်းနေသောကြောင့် ကိုယ်အတွေးနှင့်ကိုယ် ထင်ရာမြင်ရာ တွေးတောနေကြလေသည်။

နောက်တစ်ရက်နှစ်ရက်ကြာတော့ ထိုကုန်သည်အဖွဲ့မှာ ပန်နမ်းဒင်ရွာသို့ ရောက်လာကြသည်။ ၎င်းတို့တည်းခိုနေကျ ရွာလူကြီး ဦးထန်ဖုန်းရှိန် နေအိမ်မှာပင် ဝင်ရောက်တည်းခိုကြသည်။ သူတို့ရောက်လာတော့ ရွာလူကြီးကမေးသည်။

"မင်းတို့ရောက်လာကြပြီလား၊ မျက်နှာလည်း မကောင်းပါလား၊ အဖွဲ့ခေါင်းဆောင် မန်ချူရော မတွေ့ပါလား၊ သူ မပါလာဘူးလား"

"သူပါတယ်၊ ဒါပေမယ့် တောထဲမှာ သေကျန်ခဲ့ပြီ"

"ဟင် ဘယ်လိုဖြစ်လို့လဲ။ ရန်သူတွေနဲ့ တွေ့လို့လား"

ထိုအခါ တရုတ်ကုန်သည်အဖွဲ့ကို ခေါင်းဆောင်လာသူက ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလိုက်သည်။ သူတို့စကားပြော





နေသော အချိန်မှာ ဦးထန်စုန်းရှိန်၏ သားဖြစ်သူ ထန်လုံကလည်း အနားမှာရှိနေသဖြင့် စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဒီလိုဆိုရင် မင်းတို့ခေါ်လာတဲ့ မိန်းကလေး သတ်သွားတာလား"

"ငါတို့ မသိဘူး"

"သူကရော ဘယ်ရောက်သွားပြီလဲ"

"ငါတို့ဝင်ကြည့်တော့ တဲထဲမှာ သူ့ကိုမတွေ့ရတော့ဘူး"

"မင်းတို့ခေါ်လာတာ လူမှဟုတ်ရဲ့လား မသိဘူး"

ထန်လုံကတစ်ယောက်တည်း ပြောဆိုနေသကဲ့သို့ ရေရွတ်နေသည်။ တရုတ်ကုန်သည်အဖွဲ့ကတော့ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မျက်လုံးအပြူးသားဖြင့် ကြည့်နေကြသည်။

"ဒါ. . ဒါဖြင့် ဘာဖြစ်မလဲ"

"တောနက်တွေထဲမှာ လူယောင်ဖန်ဆင်းနိုင်တဲ့ မိစ္ဆာတွေလည်း ရှိတယ်၊ လူဆိုပေမယ့် မိစ္ဆာစိတ်ဝင်နေတဲ့ သူတွေလည်း ရှိတယ်၊ တောထဲမှာ လူတွေ့တိုင်း မယုံရဘူး"

"မင်း ပြောတာဖြစ်နိုင်တယ်၊ မိစ္ဆာက မန်ချူရင်ကိုခွဲပြီး အသည်းနှလုံးတွေကို ထုတ်ယူသွားတာ"

ထိုစကားကြားတော့ အသီးသီး သက်ပြင်းချလိုက်ကြလေသည်။ သူတို့အနေကတော့ ဘာမှမတတ်နိုင်ကြတော့ပေ။ တောတွင်း၌သော်လည်းကောင်း၊ တောင်ပေါ်၌သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မြင်ရသောအန္တရာယ်၊ မမြင်ရသောအန္တရာယ်မျိုးစုံ တို့ရှိကြသည်။

တွေ့သမျှ မြင်သမျှကို ယုံကြည်စိတ်ချ၍မရပေ။ တောတောင်နှင့်ပတ်သက်သည့် ပရိယာယ်များ၊ လှည့်စားမှုများကို နားမလည်ပါက အသက်ဘေးအန္တရာယ်ဖြင့် တွေ့ကြရပေသည်။ ယခု တရုတ်ကုန်သည်အဖွဲ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်မှာလည်း ထိုအတိုင်းပင် ဖြစ်ပေလိမ့်မည်။

လမ်းမှာတွေ့သဖြင့် ၎င်းတို့ခေါ်လာသော မိန်းမပျိုမှာ လူတစ်ယောက် ဟုတ်သည် မဟုတ်သည်ကို မည်သူမှအတပ် မပြောနိုင်ကြပေ။ သို့ကြောင့်ရွာမှာ ရှိသူတို့ကလည်း အကူအညီ မပေးနိုင်ကြပဲ ရှိလေသည်။

တရုတ်ကုန်သည်အဖွဲ့မှာ ပန်နမ်းဒင်ရွာတွင် စခန်းချပြီး လိုသောပစ္စည်းများကို ဝယ်ယူကြသည်။ အချို့လည်း ကြိုတင်ငွေ ယူထားကြသဖြင့် ၎င်းတို့ရောက်လာသည်နှင့် ရှာဖွေစုဆောင်းထားသော ပစ္စည်းများကို လာရောက်ပို့ပေးကြရသည်။ ယူနန်ဘက်မှလာသော တရုတ်လား၀န်တင်ကုန်သည်များ၊ လောပန်ကြီးများမှာ မချစ်ဥစုဆောင်းကာ ဈေးကောင်းရသည့် အချိန်တွင် ပြန်လည်ရောင်းချကြသည်။

မချစ်ဥထွက်ချိန်ရောက်သောအခါ မချစ်ဥထွက်သော ဒေသများသို့ဆင်းပြီး သူ့ထက်ငါ ဈေးကောင်းပေးပြီး အလုအယက် ဝယ်ယူကြလေသည်။ ကုန်သည်များ၊ လောပန်များက ဒီနှစ်ဝယ်ယူပြီးပါက နောင်နှစ်အတွက် သေချာစေရန် မချစ်ဥ





ရှာဖွေသူတို့အား၊ ငွေ၊ အဝတ်အထည်၊ ဆား၊ ဝက်ပေါင်ခြောက်၊ လက်ဖက်ခြောက်၊ အစားအသောက်တို့ကို ဈေးဖြတ်ပြီး ကြိုတင်ပေးထားခဲ့ကြသည်။

စပါးထွက်သော မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် စပါးပေး ပေးသကဲ့သို့ သဘောမျိုးဖြစ်ပေသည်။ လောပန်များက ကြိုတင်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ကြိုတင်ပေးထားခဲ့ပြီး နောင်နှစ် မချစ်ဥပေါ် ချိန်ရောက်လျှင် တစ်ခေါက်ဆင်းလာပြီး မချစ်ဥများကို ဈေးဖြတ်ကာ သိမ်းယူကြသည်။

ပိုငွေလိုငွေကို တစ်ခါတည်း စာရင်းရှင်းပြီး ငွေလိုလျှင် ထပ်ပေးသွားသည်။ ပစ္စည်းလိုလျှင်လည်း ထပ်ပေးခဲ့သည်။ ထိုအရပ်ဒေသမှာ နေကြသူများမှာ တစ်နှစ်ပတ်လုံး ဝင်ငွေမရှိသူကများရာ တစ်ခါမှ ပိုလျှံသည်တော့မရှိကြပေ။ တစ်နှစ်ရှာဖွေရသော မချစ်ဥစသောပစ္စည်းများကို ကြွေးရှင်များရောက်လာသည်နှင့် ပေးကြရပေရာ နောင်နှစ်အတွက် စားသောက်စရာ စားရိတ်မရှိတော့ပေ။

သို့ကြောင့် ကြွေးထပ်ယူရပြန်၏။ ဤသို့ဖြင့် တစ်နှစ်ပြီး တစ်နှစ် ကြွေးသံသရာက ကင်းလွတ်ကြသည် မရှိကြတော့ပေ။ တောင်ပေါ်မှာနေကြသူများအတွက် ရာသီဥတုသာယာသဖြင့် တောင်ပေါ်တက်ကာ ပစ္စည်းရှာဖွေကြသောအချိန်ကို 'စိတ်ရှုံးထချိန်' ဟုပင် ပြောကြသည်။

ကုန်သည်များက ၎င်းတို့ပါလာသော ကုန်ပစ္စည်းများကို ဈေးတင်ပြီးရောင်းကြသည်။ ဝယ်သူကလည်း ငွေပေးရသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပဲ တောင်ပေါ်မှအလကားရသော ခန်းတောက်မြစ်နှင့် မချစ်ဥ ရှာဖွေပေးရုံသာ ရှိသဖြင့်လိုချင်သော ပစ္စည်းဆိုလျှင် ဈေးမရှောင် ဝယ်ယူသည်။

စားချင်သော အစားအသောက်နှင့် အရက်များတွေ့သောအခါ ဈေးမရှောင်တမ်းပေးပြီး ဝယ်ယူစားသောက်ကြလေသည်။ သို့သော်ကုန်ရောင်းသူတို့က သာမန်ဈေးထက် လေးငါးဆ တင်ရောင်းကြသည်။ ၁၀-ပြား၊ ၅-ပြားတန် ဆေးပေါ့လိပ်တစ်လိပ်ကို ပြား-၅၀လောက်အထိ ဈေးတင်ထားသည်။ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းများလည်း ထိုအတိုင်းပင်ဖြစ်သည်။

တစ်ချိန်က ယမ်းမီးခြစ်များ အသုံးပြုကြရသည်။ ယမ်းမီးခြစ်က ရေစိုလျှင်သော်လည်းကောင်း၊ နှင်းစိုလျှင်သော်လည်းကောင်း အသုံးပြု၍မရတော့ပေ။ တောင်ပေါ်တက်သူများက ကျောက်တုံးနှစ်တုံးကြားတွင် ဝါဂွမ်းခံပြီး ထုခတ်ကာ မီးရအောင်ကြံကြရသည်။ နောက်တော့ တရုတ်ကုန်သည်တို့က ကျောက်၊ ခါတ်ဆီထည့်ပြီး သုံးရသော မီးခြစ်ယူဆောင်လာသည်။

နှင်းကျကျ၊ မိုးရွာရွာ ခြစ်၍ရသော မီးခြစ်ကို ဒေသခံတို့က သဘောကျသဖြင့် ဈေးကြီးပေးကာ ဝယ်ယူအသုံးပြုကြလေသည်။ ထိုမီးခြစ်မျိုး ကိုင်နိုင်သူပင် မျက်နှာပွင့်လန်းကြသည်။

"မီးတစ်ပွင့်လောက်ပေးပါ"

"မီးတစ်ခါလောက်ကူးပါရစေ"

ဟု ခွင့်တောင်းပြီး မီးကူးကြရလေသည်။ အောက်ပြည်





ဒေသများတွင် မီးက အလွယ်တကူကူး၍ရသော်လည်း ရေခဲဖုံးသော တောင်ပေါ်မှာတော့ မီးတစ်ပွင့်ရဖို့ မလွယ်လှပေ။ သို့ကြောင့် အလွယ်တကူမီးရနိုင်သော မီးခြစ်တစ်လုံးက တန်ဖိုးရှိနေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တရုတ်ကုန်သည်တို့မှာ စီးပွားရေးလာဘ်မြင်ကြသူများ ဖြစ်ကြလေသည်။ ထို့ကြောင့် မြေပြန့်ဒေသနှင့် ဝေးလံလှသော တောင်တန်းဒေသတွင် နေထိုင်ကြသူတို့ထံမှ ခေါင်းပုံဖြတ်နေကြခြင်း ဖြစ်သည်။ ဒေသထွက်ပစ္စည်းများကို ဈေးနှိမ်ဝယ်ယူပြီး ၎င်းတို့ယူဆောင်လာသော ကုန်ပစ္စည်းများကိုတော့ ဈေးမြှင့်ကာ ရောင်းချသွားကြလေသည်။

သို့သော်လည်း ချောချောမွေ့မွေ့ ရသည်မျိုးတော့ မဟုတ်ကြပေ။ လမ်းခရီး တစ်လျှောက်တွင် ကုန်သည်အဖွဲ့ အချင်းချင်းသော်လည်းကောင်း၊ ဒါမှမဟုတ် အခြားလူဆိုးအဖွဲ့များနှင့်တွေ့ကာ လုယက်တိုက်ခိုက်ခံရခြင်းမျိုးလည်း ရှိကြပေသည်။ ထိုအခါ ပစ္စည်းများသာမက အသက်ပါ ဆုံးရှုံးရသည်မျိုးဖြင့် ကြုံတွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com







(အခန်း - ၅)

# မဟူရာဆိုသော မိန်းကလေး

ဦးထန်ဖုန်းရှိန် အိမ်သို့ရောက်လာသော ကုန်သည် အဖွဲ့မှာ လမ်း၌အဖွဲ့ခေါင်းဆောင် သေဆုံးသွားသော်လည်း ပန် နမ်းဒင်ရွာသို့ အရောက်လာကာ ကုန်ပစ္စည်းများကို ဝယ်ယူကြ လေသည်။ ငွေကြိုတင်ပေးထားသူများထံမှ ကုန်ပစ္စည်းများကို လည်း စာရင်းများဖြင့် တွက်ချက်ကာ သိမ်းယူကြလေသည်။

ဧင်းတို့သည် ထိုရွာတွင် ရက်အတော်ကြာသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုနေထိုင်ကာ ကုန်ပစ္စည်းများ ဝယ်ယူကြလေသည်။ ရက်အတော်ကြာတော့ လိုအပ်သောပစ္စည်းများ ပြည့်စုံပြီဖြစ်သဖြင့် နေရပ်သို့ပြန်ရန် ပြင်ကြလေသည်။ ပြန်ကာနီးတော့ ဦးထန်ဖုန်းရှိန် အကူအညီတောင်းကြလေသည်။

"ကျုပ်တို့ ခေါင်းဆောင်လည်း မရှိတော့ဘူး၊ ဒါကြောင့် ပြန်ရမှာခက်နေကြတယ်၊ ဖြစ်နိုင်ရင် နယ်ခြားအထိတော့ လိုက်ပို့ပေးပါ၊ သင့်တော်တဲ့ အခငွေကြေး ပေးပါ့မယ်"

ဟု ပြောသည်။ ထိုအခါ ဦးထန်ဖုန်းရှိန်က ပြောသည်။

"သင့်တော်တဲ့ ငွေပေးရင် နယ်စပ်အထိလမ်းပြပြီး လိုက်ပို့ပေးမယ့် အဖွဲ့တွေရှိပါတယ်၊ သူတို့က လမ်းမှာ အန္တရာယ်နဲ့တွေ့ရင်လည်း ကာကွယ်စောင့်ရှောက် ပေးပါလိမ့်မယ်"

"ဒီလိုဆိုရင်တော့ ကောင်းပါတယ်၊ ခင်ဗျား စိတ်ချရမယ်ဆိုရင်တော့ ခေါ်ပေးပါ"

"စိတ်ချရပါတယ်၊ တခြားလူမှ မဟုတ်တာ. . ငါ့သား ထန်လုံနဲ့ သူ့အဖွဲ့တွေပဲ"

"ဒီလိုဆိုရင်ခေါ်သွားပါ့မယ်"

ဟု ပြောဆိုကာ ကျသင့်သော ငွေကြေးကို ဦးထန်ဖုန်းရှိန်လက်ထဲသို့ ထည့်ပေးကြလေသည်။ ငွေရသည်နှင့် ဦးထန်ဖုန်းရှိန်က ထန်လုံတို့ကို ခေါ်ပြောရလေသည်။ ထန်လုံတို့ကလည်း လိုက်ပို့ပေးရန် သဘောတူကြလေသည်။

ထန်လုံတို့အဖွဲ့မှာ ဆယ်ယောက်ခန့်ရှိသည်။ အားလုံး လူငယ်လူရွယ်များချည်း ဖြစ်ကြသည်။ ဒူးလေး၊ လင်းလေးပစ်ရာ





မှာ ကျွမ်းကျင်ကြသည်။ ဓားခုတ်လှံထိုးကောင်းကြသည်။ တောတောင်များထဲမှာ သွားလာကြရာများစွာ ကျွမ်းကျင်ကြသူများဖြစ်ကြသည်။ သူတို့အဖွဲ့သည် လမ်းပြခေါ်လျှင်လည်း လိုက်သည်။

ရွာထဲမှာ သာရေးနာရေးကိစ္စများရှိလျှင်လည်း အုပ်စုလိုက် လုပ်ကိုင်ပေးကြသည်။ ထို့ကြောင့် လူချစ်လူခင်များသောအဖွဲ့ဖြစ်သည်။ အထူးသဖြင့်အားလုံး သတ္တိလည်းရှိ တိုက်ခိုက်ရည်လည်း ကောင်းလှသောကြောင့် ကုန်သည်များက အစောင့်အရှောက်အဖြစ် (ဘော်ဒီဂတ်)ခေါ်ယူ အသုံးပြုကြသည်။

ထိုအဖွဲ့ခေါင်းဆောင်မှာ ထန်လုံဖြစ်သည်။ ထန်လုံက အသက် ၃၀-ဝန်းကျင်ခန့်သာရှိသေးပြီး အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်းကြံ့ခိုင်ရုံသာမကပဲ ဉပမိရုပ်ကောင်းသူလည်း ဖြစ်သည်။

ထို့ပြင် သတ္တိရှိပြီး အတိုက်အခိုက် ကျွမ်းကျင်သည်။ သို့သော် မိတ်ဆွေများအပေါ်မှာတော့ သဘောမနောကောင်းသူ ဖြစ်သောကြောင့် အားလုံးက ခင်မင်ကြလေသည်။

ထန်လုံက လူပျိုတစ်ယောက်တော့မဟုတ်ပေ။သူ့မှာ မိန်းမရှိသည်။ နာမည်က ချယ်ရီဖြစ်ပြီး ရုပ်ရည်ချောသည်။ သဘောမနောကောင်းသူ ဖြစ်သည်။ အသက် ၂၅-နှစ်လောက်သာရှိသေးပြီး အိမ်ထောင်ကျတာ ကြာပြီဖြစ်သော်လည်း သားသမီး မရကြသေးပေ။

ဇင်းတို့လင်မယားကို ဦးထန်ဖုန်းရှိန်က ခြံဝန်းထဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသော ခြေတံရှည်အိမ်ကြီးတစ်လုံးဆောက်ပေးထားရာ ထိုအိမ်မှာနေကြလေသည်။ လင်မယားနှစ်ယောက်တည်းနေသော အိမ်ကြီးတွင် တစ်ခါတစ်ရံ ထန်လုံ၏ အဖွဲ့သားများ လာရောက်နေထိုင်ကြသည်။

၎င်းတို့ရောက်လာလျှင် ချယ်ရီက အစားအသောက်တို့ကို ချက်ပြုတ်ကျွေးမွေးသည်။ ထန်လုံအဖွဲ့တွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်လည်း အပါအဝင်ဖြစ်သည်။ တခြားအလုပ်ကိစ္စမရှိလျှင် ကိုယ့်အလုပ်ကိုယ်လုပ်ကြပြီး အလုပ်ကိစ္စရှိလျှင်တော့ လာရောက်စုပေါင်းကာ လုပ်ကိုင်ပေးကြရသည်။

ရရှိသော ငွေကြေးတို့ကို ထန်လုံက အညီအမျှခွဲဝေပေးလေသည်။ သို့ကြောင့် နီမောင်တို့ တစ်ဖွဲ့သားလုံးက ထန်လုံအပေါ်တွင် ယုံကြည်လေးစားမှု ရှိကြလေသည်။ အဖွဲ့သားများကတော့ ၎င်းတို့အဖွဲ့ကို 'နဂါးနက်' ဟုနာမည်ပေးထားကြသည်။

ပန်နမ်းဒင်ရွာတွင် လမ်းပြလိုက်ပေးသော ကုန်သည်အဖွဲ့တို့ကို လမ်းပြလိုက်ပေးကြသော အခြားအဖွဲ့များလည်း ရှိကြသည်။ ၎င်းတို့အဖွဲ့များကို နာမည်အမျိုးမျိုးလည်း ပေးထားကြသည်။ သို့သော် နီမောင်တို့အဖွဲ့လောက် စည်းလုံးညီညွတ်မှု မရှိကြပေ။

ယခုလို ဦးထန်ဖုန်းရှိန်က စီစဉ်ပေးသောကြောင့် ခေါင်းဆောင်မန်ချူမရှိတော့သောအဖွဲ့ကို တရုတ်နယ်စပ်ရောက်သည်အထိ ဘေးအန္တရာယ်မရှိစေရန် လမ်းပြခေါ်ဆောင်သွားရ





မည်ဖြစ်သည်။ အစီအစဉ်များပြုလုပ်ကြပြီးသောအခါ နံနက်စောစောတွင် စတင်ခရီး ထွက်ကြလေသည်။

ကုန်သည်အဖွဲ့မှာ ၁၅-ယောက်ဖြစ်သော်လည်း တစ်ယောက်သေသွားသောကြောင့် ၁၄-ယောက်ကျန်သည်။ နီမောင်တို့အဖွဲ့က ၁၀-ယောက်ဖြစ်သောကြောင့် လူနှစ်ဆယ်ကျော်ခန့် ရှိလေသည်။ ကုန်သည်အဖွဲ့တွင် နယ်စပ်ဘက်မှ ခေါ်လာသည့် လမ်းပြအချို့ပါလာသော်လည်း ဒီဘက်နယ်ရောက်တော့ သိပ်ပြီးမကျွမ်းကျင်ကြပေ။

ထို့ကြောင့် နီမောင်တို့ အဖွဲ့ကရှေ့မှ ဦးဆောင်သွားကြရသည်။ ကုန်သည်အဖွဲ့တွင် သေနတ်အချို့ပါလာသလို နီမောင်တို့ကတော့ လေးမြား၊ ဓားလှံစသော လက်နက်တို့သာ ပါလာကြသည်။ တောင်ပေါ်လမ်း၊ တောပေါ်တက်သော လမ်းများမှာတော့ တောင်ပေါ်တက်ပြီး ပစ္စည်းရှာဖွေသူများနှင့် တွေ့ကြရသည်။

နီမောင်တို့ကို မြင်တော့ အော်ဟစ်နှုတ်ဆက်သွားကြသည်။ တောပေါ်၊ တောင်ပေါ်စသော မိမိရွာနှင့် ဝေးလံသောနေရာတို့တွင် မိမိတို့နှင့် သိကျွမ်းသော အသိမိတ်ဆွေများ၊ ရွာသားများနှင့် တွေ့ရသည်မှာ ဝမ်းသာစရာကောင်းသည်။ ပျော်စရာလည်း ကောင်းသည်။ နံနက်စောစောကတည်းက ရွာမှထွက်လာကြရာ နေ့လည်ပိုင်းရောက်တော့ သင့်တော်သော နေရာများမှာ နားပြီးအစားအသောက်တို့ကို ချက်ပြုတ်စားသောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကုန်သည်အဖွဲ့က ၎င်းတို့ပါလာသော ဝက်ပေါင်ခြောက်နှင့် မချစ်ဥတို့ကို ပြုတ်သောက်ကြရာ အရသာရှိဟန်ဖြင့် မြိန်ရည်ယှက်ရည် စားသောက်ကြသည်။ နီမောင်တို့ကတော့ ၎င်းတို့ယူဆောင်လာသော အစားအသောက်တို့ကို ဝေမျှစားသောက်ကြသည်။ ထိုသို့စားသောက်နေရင်းနှင့် နီမောင်က ထန်လုံကို ပြောပြသည်။

"ငါတောင်ပေါ်က ဆင်းလာတုန်းက သူတို့အဖွဲ့နဲ့ လမ်းမှာတွေ့ခဲ့ရသေးတယ်၊ အဲဒီတုန်းက သူတို့ခေါ်လာတဲ့ မိန်းကလေးတစ်ယောက်ကိုပါ ငါတွေ့ခဲ့သေးတယ် "

"အဲဒီမိန်းကလေးပဲဖြစ်မှာပေါ့ ကုန်သည်ခေါင်းဆောင်ရဲ့ အသည်းနှလုံးတွေ ထုတ်စားပြီး ထွက်ပြေးသွားတယ်လို့ ပြောသံကြားတယ်"

"ဟင်"

နီမောင်က ထိုအကြောင်းကို သေသေချာချာ မသိသေးသောကြောင့် အံ့သြသွားလေသည်။

"အဲဒီမိန်းကလေးက စားသွားတာလား"

"ဒီလိုပဲဖြစ်မယ်ထင်တာပဲ"

ထန်လုံက အရေးမကြီးသလို ပြန်ပြောသည်။

"ဒီလိုဆိုရင်တော့ လူမဟုတ်လို့ပေါ့၊ မိစ္ဆာကနေ လူယောင်ဆောင်လိုက်လာပြီး စားသွားတာဖြစ်မှာပေါ့"

"တောထဲတောင်ထဲမှာ ဒါမျိုးတွေက အများကြီး ရှိနိုင်တာပဲ၊ မိစ္ဆာဆိုရင်လည်း ဟုတ်မှာပေါ့"





"မင်း အဲဒါမျိုးတွေ ယုံသလား ထန်လုံ"

"ငါကတော့ သိပ်ပြီးအယုံအကြည်မရှိဘူး၊ သရဲတစ္ဆေခြောက်တာ၊ တောခြောက်တာ၊ ကျတ်တွေလှည့်စားတာ နတ်ဆိုးတွေ ဖမ်းစားတာကိုတော့ လက်ခံပါတယ်၊ ဒါပေမယ့် မိစ္ဆာတွေက လူယောင်ဆောင်ပြီးတော့ လူတွေနဲ့လာနေနိုင်တာကိုတော့ သိပ်လက်မခံချင်ဘူး"

"မင်း မယုံပေမယ့် ရှိချင်လည်း ရှိနိုင်တာပဲ မဟုတ်လား"

"ရှိချင်လည်း ရှိမှာပေါ့၊ ငါကတော့ ရှိတယ်လို့မထင်ဘူး"

ဟု သူ့သဘောကို ပြောလေသည်။

နီမောင်လည်း ထိုအကြောင်းနှင့်ပတ်သက်ပြီး ထပ်မပြောတော့ပေ။ ထိုနေရာတွင် နား၍ ချက်ပြုတ်စားသောက်ပြီးနောက် ခရီးဆက်ကြရာ နေဝင်ချိန်ရောက်တော့ သင့်တော်သော ဂူပေါက်တစ်ပေါက် ရှာဖွေပြီး စခန်းချကြလေသည်။

လူအင်အားများသောကြောင့် နေမဝင်ခင် ရေရှာခြင်း ထင်းခြောက် ထင်းတုံးရှာဖွေခြင်းများ ပြုလုပ်ပြီး မီးမွှေးကြသည်။

ညအချိန်ရောက်တော့ စားသောက်ပြီး အချို့က ကင်းစောင့်ပြီး အချို့ကတော့ ခရီးပင်ပန်းလာသောကြောင့် မီးပုံနံဘေးမှာပင် ဝိုင်းဖွဲ့ပြီး အိပ်ကြလေသည်။ ညဉ့်နက်ပိုင်း အချိန်ရောက်တော့ တောထဲမှ ခေါ်သံများကြားရသည်။ ထိုခေါ်သံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။ ထို့ကြောင့် ကင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေသူနှစ်ယောက်က အသံကြားရာဘက်သို့ လှမ်းကြည့်နေကြသည်။

'အတန်ကြာတော့ တောထဲမှလူနှစ်ယောက် ထွက်လာသည်။ အခြားမဟုတ်ပေ။ ကုန်သည်အဖွဲ့ခေါင်းဆောင် မန်ချူးနှင့် သူခေါ်လာသော မိန်းကလေး ဖြစ်သည်။ မန်ချူးတစ်ကိုယ်လုံးမှာတော့ သွေးများစွန်းပေနေဆဲပင် ရှိသေးသည်။ ၎င်းကိုမြင်တော့ အစောင့်ကျနေသူက ကျန်လူများကြားအောင် အော်ပြောသည်။

"ဟိုမှာ မန်ချူပြန်လာပြီဟေ့၊ သူမသေသေးဘူး"

ထိုအသံကြောင့် အိပ်နေသူများနိုးလာပြီး ထကြည့်ကြသည်။ လူများနိုးလာတော့ မန်ချူတို့နှစ်ယောက်က ရှေ့ဆက်တိုးမလာဘဲ တောစပ်မှာပင် တောင့်တောင့်ကြီး ရပ်နေကြသည်။

"ဒါ လူမဟုတ်ဘူး၊ ဘယ်သူမှ ဂူထဲကအပြင်မထွက်ကြနဲ့"

ထန်လုံက ပြောပြောဆိုဆိုနှင့် မြားတံတစ်ချောင်းကို မီးရှို့ကာ မီးစွဲသောအခါ လေးဖြင့် တပ်ပစ်သည်။ မဝေးသောကြောင့် ပစ်မှတ်ကိုထိသည်။ မီးစွဲနေသော မြားတံထိသည်နှင့် မန်ချူးလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်သွားကာ တောတွင်းဝင်ပြေးလေတော့သည်။

ထို့နောက် ထန်လုံက မည်သူမှ အပြင်မထွက်စေရန်မှာကြားထားပြီး ပြန်အိပ်ကြသည်။ နံနက်လင်းသည်အထိ အနှောက်အယှက် မတွေ့ရတော့သဖြင့် ကောင်းမွန်စွာပင် အိပ်





ကြရလေသည်။ အလင်းရောင်ကောင်းစွာရသောအချိန်တွင် ခရီးဆက်ကြပြန်လေသည်။ ပန်နမ်းဒင်ရွာမှ တရုတ်ပြည်နယ်စပ်ရောက်သည်အထိ လမ်းတွင် ငါးညခန့်အိပ်ကြရသည်။

ငါးရက်၊ ခြောက်ရက်ကျော်တော့မှ နယ်ခြားသို့ ရောက်သွားကြသည်။ ထိုနေရာရောက် နီမောင်တို့တာဝန်က ပြီးဆုံးသွားပေပြီ။ ဟိုဘက်ရောက်တော့မှ ထပ်တွေ့သော အန္တရာယ်များက သူတို့နှင့် မသက်ဆိုင်တော့ပေ။

ထို့ကြောင့် ကုန်သည်အဖွဲ့ကို နှုတ်ဆက်ပြီး နောက်ကြောင်းပြန်လှည့်ခဲ့ကြလေသည်။ အပြန်ခရီးတွင် ဒီအတိုင်းပြန်ကြမည်တော့ မဟုတ်ပေ။ သားကောင်များတွေ့လျှင် ပစ်ခတ်ဖမ်းဆီးကြပြီး၊ ခန်းတောက်မြစ်၊ မချစ်ဥများလည်း တစ်ပါတည်းရှာဖွေယူသွားကြမည် ဖြစ်ပေသည်။

သူတို့အတွက်တော့ အသွားအပြန်အကျိုးရှိသည့် ခရီးမျိုး ဖြစ်ပေသည်။ တစ်နေရာရောက်တော့ တောင်ကြားတစ်နေရာဘက်မှ ဆူဆူညံညံ အသံများကြားလာရသည်။ ကြားရသောအသံက သူတို့အဖွဲ့ရောက်နေသော နေရာနှင့်မဝေးလှပေ။

သို့ကြောင့် အကာအကွယ်များယူပြီး စောင့်ကြည့်နေကြလေသည်။ မကြာမီ တောင်ကြားလမ်းထဲမှ လူတစ်စု ထွက်လာကြသည်။ ခြောက်ယောက်ခန့်ရှိပြီး လေးမြားလက်နက်များပါလာကြသည်။ ၎င်းတို့ကိုင်သော လေးမြားပုံစံကို ကြည့်ရုံ မြင်ရုံနှင့် ဒေသခံများမဟုတ်ပဲ မွန်ဂိုသောင်းကျန်းသူအဖွဲ့မှဖြစ်မှန်း ချက်ချင်းသိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ဒေသများတွင် မွန်ဂိုများက အဖွဲ့လိုက်သွားလာနေကြပြီး ဒေသခံများ၊ ကုန်သည်များကို လုယက်တိုက်ခိုက် နေကြလေသသည်။

ယခုလည်း မွန်ဂိုများက အမျိုးသမီး သုံးယောက်တို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာသည်ကို လှမ်းမြင်ကြရသဖြင့် လေးမြားလက်နက်တို့ကို အသင့်ပြင်လိုက်ကြသည်။ မကြာမီ မွန်ဂိုများက သူတို့ရှိနေသော နေရာနှင့်မနီးမဝေးသို့ ရောက်လာကြသည်။ အတင်းအဓမ္မခေါ်လာသော မိန်းကလေး သုံးယောက် အော်ဟစ်အကူအညီတောင်းသံများက ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဆူညံနေလေတော့သည်။

"ကယ်ကြပါရှင်. . ကယ်တော်မူကြပါ၊ ကျွန်မတို့ကို မတရားခေါ်လာကြတာပါ၊ ကယ်ပေးကြပါဦး"

ထိုအော်သံများက တောင်နံရံများမှ ပဲ့တင်ထပ်နေလေတော့သည်။ အနီးသို့ရောက်သောအခါ အသင့်စောင့်ဆိုင်းနေသူများက မြားဖြင့်ပစ်ခတ်တိုက်ခိုက်ကြရာ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြလေသည်။ ထိုအခြေအနေတွင် ကြိုးဖြင့်တုပ်ခေါ်လာသော မိန်းကလေး သုံးယောက်အနက်မှ နှစ်ယောက်မှာ ကြိုးဖြုတ်ထွက်သွားသောကြောင့် တောထဲသို့ ဝင်ပြေးသွားကြလေသည်။

တစ်ယောက်သာ ကြိုးမပြေသေးသောကြောင့် မပြေးနိုင်ပဲရှိနေသည်။ အနီးကပ် မြားဖြင့်ပစ်ခံရသဖြင့် မွန်ဂိုခြောက်ယောက်စလုံး လဲကျသေဆုံးသွားကြလေသည်။ ပတ်ဝန်းကျင်





အခြေအနေကို ကြည့်တော့လည်း ငြိမ်သက်နေလေသည်။ သို့ကြောင့် သတိကြီးစွာထားပြီး အပြင်ဘက်သို့ ထွက်သွားကြသည်။

မြားချက်ထိပြီး သေဆုံးနေသော အလောင်းများ အနီးမှာတော့ ကြိုးတုပ်ခံထားရသော မိန်းကလေးက ရှိနေသည်။ ကြောက်ရွံ့နေသောကြောင့် မျက်နှာဝှက်ထားလေသည်။ အဖွဲ့ခေါင်းဆောင် ထန်လိုက ထိုနေရာသို့သွားပြီး ကြိုးများကို ဓားဖြင့် ဖြုတ်ပေးလိုက်သည်။

"မင်းအတွက် အန္တရာယ်မရှိတော့ပါဘူး၊ ထတော့"

ဟုပြောမှ နေရာမှ ထလာသည်။ သူမ မျက်နှာကိုမြင်တော့ နီမောင် စိတ်ထဲမှာများစွာ အံ့သြသွားမိလေသည်။ မှားစရာမရှိပေ။ ထိုမိန်းကလေးမှာ တရုတ်ကုန်သည်အဖွဲ့တွင် တစ်ခါတွေ့ခဲ့ရသော မိန်းကလေးပင် ဖြစ်နေတော့သည်။

နီမောင်က တအံ့တသြဖြင့် သူမကို ကြည့်နေစဉ်မှာ သူမကလည်း နီမောင်ကို မှတ်မိသော အမူအယာဖြင့် စိုက်ကြည့်နေလေသည်။ အခိုက်အတန့် မျက်လုံးချင်းဆုံလိုက်သော အချိန်တွင် တစ်စုံတစ်ခု ဖြစ်သွားသကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်သွားလေသည်။

"မင်းနာမည် ဘယ်သူလဲ၊ ဘယ်ရွာကလဲ"

"ကျွန်မနာမည် မဟူရာလို့ ခေါ်ပါတယ်၊ နေတဲ့ရွာကတော့ ဟိုးအဝေးကြီးမှာပါ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ မင်းရဲ့အဖော်နှစ်ယောက်လည်း ထွက်ပြေးသွားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျွန်မရဲ့အဖော်တွေ မဟုတ်ပါဘူး၊ သူတို့လည်း ကျွန်မလိုပဲ လမ်းမှာတွေ့တဲ့ မိန်းကလေးတွေကို အတင်းအဓမ္မ ဖမ်းခေါ်ခဲ့ကြတာပါ"

ထန်လုံက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါတို့က ရွာကို ပြန်ကြမှာဆိုတော့ မင်းရွာကိုတော့ လိုက်မပို့ပေးနိုင်တော့ဘူး၊ ဘယ်လိုလုပ်မလဲ"

မဟူရာဆိုသော မိန်းကလေးက သနားစဖွယ် မျက်ရည်သုပ်ရင်းနှင့် ပြောသည်။

"ဒုက္ခပါပဲ၊ ရွာနဲ့ကလည်း အတော်ဝေးလာပြီဆိုတော့ ကျွန်မတစ်ယောက်တည်းတော့ ပြန်လည်းမပြန်တတ်တော့ဘူး။ ပြန်လည်းမပြန်ဝံ့တော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မ အစ်ကိုတို့နဲ့ပဲ လိုက်ခဲ့ပါရစေ၊ နောက် လမ်းကြုံတော့မှပဲ ကျွန်မရွာကို ပြန်ပါရစေ"

ဟု တောင်းပန်ပြောဆိုလေသည်။ ထိုအခါ ထန်လုံက နီမောင်နှင့်တိုင်ပင်လေသည်။

"ဘယ်လိုလုပ်မလဲ ထားခဲ့ရင်လည်း သနားစရာပဲ"

"သူ့ကို ခေါ်သွားလို့တော့ မဖြစ်ဘူးထင်တယ်"

နီမောင်က အနားကပ်ပြီး တိုးတိုးပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"သူ့ကို တစ်ခါမြင်ဖူးတယ်"

"ဘယ်မှာမြင်ဖူးတာလဲ"

"တောင်ပေါ်က ပြန်လာတုန်းက မန်ချူတို့ တရုတ်ကုန်





သည်အဖွဲ့ ဖမ်းခေါ်လာတာကို တွေ့ရတာ၊ နောက်တော့ မန်ချူသေသွားပြီး သူပျောက်သွားတယ်လို့ သတင်းကြားတယ်၊ အခုသူ့ကို ဒီမှာပြန်တွေ့ရတော့ ထူးဆန်းနေသလိုပဲ"

"မထူးဆန်းပါဘူး၊ တရုတ်တွေကို ကြောက်လန့်ပြီး ပြေးမိပြေးရာပြေးရင်း မွန်ဂိုတွေနဲ့ထပ်တွေ့ပြီး အဖမ်းခံခဲ့ရတာပဲ ဖြစ်မှာပေါ့"

"မင်း သူ့ကို ခေါ်သွားမလို့လား"

ထန်လုံက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဒီအတိုင်းတစ်ယောက်တည်း ထားခဲ့ရမှာသနားစရာပဲ၊ တကယ်လို့ထားခဲ့ရင်လည်း တောကောင်တွေနဲ့တွေ့ပြီး သူသေမှာပဲ၊ ဒီတော့ ရွာကိုခေါ်သွားပြီး ဟိုရောက်တော့မှပဲ အဆင်ပြေသလို ကြည့်ပြီးစီစဉ်ကြတာ ပိုကောင်းမယ်ထင်တယ်"

ထို့နောက် ထန်လုံက အဖွဲ့သားများ၏ သဘောကို မေးသောအခါ အားလုံးကလည်း ရုပ်ရည်ချောမောပြီး သနားစရာကောင်းသော မဟူရာဆိုသည့် မိန်းကလေးကို တောထဲမှာ တစ်ယောက်တည်း မထားခဲ့သင့်ကြောင်း ဝိုင်းဝန်းပြောဆိုကြရာ နီမောင်လည်း ဘာမှမပြောသာတော့ပေ။

သူ့အနေဖြင့် စိတ်ထဲမှာ မတင်မကျရှိနေသော်လည်း အဖွဲ့ခေါင်းဆောင်ဖြစ်သူ ထန်လုံ၏ သဘောကိုသော်လည်းကောင်း၊ ကျန်အဖွဲ့သားများ၏ အများဆန္ဒကို ဆန့်ကျင်ပြောဆိုရန် မသင့်သောကြောင့် ဘာမှထပ်မပြောသာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် မဟူရာဆိုသော ဒုက္ခသည် မိန်းကလေးကို သူတို့နှင့်အတူ ရွာသို့ ခေါ်ဆောင်လာခဲ့ကြပေတော့သည်။







(အခန်း - ၆)

# မိစ္ဆာပူးကပ်နေသည့် ဒဏ္ဍာရီထဲမှ သတ္တဝါများ

ထန်လုံတစ်ယောက် တောင်ပေါ်မှာတွေ့သော မိန်းကလေးတစ်ယောက်ကို ရွာသို့ခေါ်လာသောကိစ္စကို အခြားသူများက ဘာမှမသက်ဆိုင်သလို အေးအေးနေကြသော်လည်း ပူပန်သောကရောက်သူအချို့တော့ ရှိပေသည်။ တစ်ဦးက ထန်လုံ၏မိန်းမဖြစ်သူ ချယ်ရီဖြစ်သည်။ ချယ်ရီမှာ အသက် ၂၅ နှစ် အရွယ်ခန့်သာရှိသေးပြီး ရုပ်ရည်ချောသလောက် သဘော



www.burmeseclassic.com

www.burmeseclassic.com



မနောကောင်းသူတစ်ဦး ဖြစ်လေသည်။

မဟူရာဆိုသောမိန်းကလေး အိမ်ပေါ်ရောက်လာတော့ ယောက်ျားဖြစ်သူအတွက် စိုးရိမ်ပူပန်နေရလေသည်။

"နင် သူ့ကို ဘယ်ကခေါ်လာတာလဲ"

"တောင်ပေါ်မှာ တစ်ယောက်တည်း ဒုက္ခရောက်နေလို့ ခေါ်ခဲ့တာပါ"

"သူ့မှာ ပြန်စရာရွာ မရှိဘူးလား"

"ရှိတော့ရှိတယ်၊ သူ့ကို မွန်ဂိုတွေက ဖမ်းခေါ်လာတာဆိုတော့ အဝေးကြီးမှာ ကျန်နေခဲ့ပြီလို့ ပြောတယ်၊ ဒါကြောင့် ခေါ်လာတာပါ"

"ခေါ်လာတာကတော့ ဟုတ်ပါပြီ၊ သူ့ကို ဘယ်နေရာမှာ ထားမှာလဲ"

"ငါတို့အိမ်မှာပဲ ထားရမှာပေါ့၊ အိမ်ကလည်း အကျယ်သားပဲ နင်ခိုင်းချင်ရာ ခိုင်းပေါ့"

ထိုသို့ပြောတော့ ချယ်ရီက မျက်နှာမကောင်းပေ။ ထိုအခြေအနေကိုလည်း ထန်လုံ ရိပ်မိသည်။

"ဘာလဲ နင်က သူ့ကိုငါနဲ့ စိတ်မချလို့လား"

ချယ်ရီက ဘာမှပြန်မပြောပဲ ပြတင်းပေါက်မှတဆင့် အဝေးသို့လှမ်းကြည့်နေသည်။

"စိတ်ချပါ ချယ်ရီရယ်၊ ငါက နင်ကလွဲပြီး ဘယ်သူ့ကိုမှ စိတ်မဝင်စားပါဘူး၊ နင့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ပါဘူးလို့ ကတိပေးပါတယ်"





ထိုသို့ပြောကော့မှ အနည်းငယ်စိတ်သက်သာရာရသွားဟန်ဖြင့် ကြည်လင်လာလေသည်။ ဤသို့ဖြင့် တောင်ပေါ်မှာ မမျှော်လင့်ပဲ တွေ့ခဲ့ရသော မဟူရာဆိုသည့် အမျိုးသမီးမှာ ထန်လုံတို့နေအိမ်သို့ ရောက်လာခဲ့ပေတော့သည်။

ထန်လုံကအကျိုးအကြောင်း ပြောပြထားသဖြင့် ဦးထန်ဖုန်းရှိန်တို့ကလည်း ထိုအကြောင်းကို သိတန်သလောက်သိပြီးဖြစ်သော်လည်း ထွေထွေထူးထူးတော့ ဘာမှမပြောပေ။ မိခင်ဖြစ်သူ ဒေါ်ဒရဲမားကသာ မိန်းမချင်းကိုယ်ချင်းစာသဖြင့် ထန်လုံကို ခေါ်ပြောသည်။

"ထန်လုံ နင်က တောထဲက မိန်းမတစ်ယောက်တွေ့လို့ သနားတာနဲ့ အိမ်ပေါ်ခေါ်တင်ထားတယ်၊ နင် ဒီလိုလုပ်တာနင့်မိန်းမက ဘယ်ကြိုက်ပါ့မလဲ"

"သူ့မှာ နေစရာမရှိလို့ ခေါ်ထားတာပါ"

"ဒါပေမယ့် အိမ်ပေါ်မှာ မိန်းမနှစ်ယောက် ရှိနေတာတော့ ဘယ်ကောင်းမလဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"နင် ခေါ်လာတဲ့ မိန်းကလေးက ရုပ်ရည်လည်း ချောတာပဲ၊ ရွာထဲကဖြစ်ဖြစ်၊ နင်တို့အဖွဲ့ထဲကပဲဖြစ်ဖြစ် လူပျိုတစ်ယောက်ရှာပြီး ပေးစားလိုက်ပါလား"

ဒေါ်ဒရဲမားပြောသည်က နည်းလမ်းကျသောကြောင့် ဘာမှဆင်ခြေမပေးသာပေ။

"ဒါပေမယ့် သူလည်း တောထဲမှာ ဒုက္ခရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ချက်ချင်းကြီး စီစဉ်ပေးလို့ ဘယ်ကောင်းပါ့မလဲ၊ အမေ ပြောသလိုလုပ်ရင်တောင် သူ့သဘောကိုတော့ မေးကြည့်ရဦးမှာပေါ့"

"ငါက နင့်အတွက် ပြောတာပါ"

"အမေပြောသလို လုပ်တန်လုပ်ပါမယ်၊ ဒါပေမယ့် တစ်လလောက်တော့ အချိန်ပေးပါ၊ သူ့အခြေအနေကောင်းသွားရင် ဒီတစ်ပတ်တောင်ပေါ် သွားဖြစ်ရင် တစ်ခါတည်းခေါ်သွားပြီး သူနေတဲ့ရွာကို ပြန်ပို့ပေးလိုက်ပါ့မယ်"

ထိုစကားကြောင့် ဒေါ်ဒရဲမားလည်း ဘာမှမပြောသာတော့ပေ။ ဤသို့ဖြင့် မဟူရာဆိုသော မိန်းကလေးမှာ ထန်လုံတို့ လင်မယားနေသော အိမ်ကြီးပေါ်သို့ရောက်ကာ နေခွင့်ရလေတော့သည်။ ထန်လုံက သူမအတွက် အနောက်ဘက်အဆောင်တွင် အခန်းတစ်ခန်း ဖွဲ့ပေးထားသဖြင့် ထိုအခန်းမှာပင် နေလေသည်။

ထန်လုံမရှိသည့်အခါ မဟူရာက ချယ်ရီကို ပြောမြသည်။

"မမရယ် ကျွန်မဘဝက အတော့်ကို ဒုက္ခကြီးလှပါတယ်၊ မိဘတွေမရှိတော့တဲ့နောက်ပိုင်း အဖွားနဲ့နေရတော့ ကျွန်မပဲ လုပ်ကိုင်ကျွေးမွေးရပါတယ်၊ တစ်နေ့တော့ ရွာထဲကို မွန်ဂိုတွေ ရောက်လာပြီး လူတွေသတ်တဲ့အထဲမှာ ကျွန်မအဖွားလည်း ပါသွားခဲ့ရတယ်"

"စိတ်မကောင်းစရာပဲ"





"နောက်တော့ ကျွန်မကိုလည်း မွန်ဂိုတွေက ဖမ်းခေါ်လာကြတာပါ၊ အစ်ကိုတို့နဲ့တွေ့လို့သာ ချမ်းသာရာရခဲ့တာပါ၊ ကျွန်မ ဒီကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး"

ထိုစကားကြားတော့ ချယ်ရီမှင် စိတ်မကောင်းဖြစ်သွားမိလေသည်။

"ကျွန်မ ဒီအိမ်ပေါ် ရောက်လာတဲ့အတွက် မမ စိတ်အနှောက်အယှက် ဖြစ်နေတာကိုလည်း ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မဘဝမှာ သွားစရာလည်းမရှိ၊ အားကိုးရမယ့် သူကလည်းမရှိတော့ ဒီမှာပဲ အားကိုးတစ်ခုနဲ့ နေရတာပါ၊ ကျွန်မ မမကို ကတိတစ်ခုပေးပါ့မယ်"

"ဘာလဲ"

"မမတို့ အိမ်ထောင်ရေး ကျွန်မအတွက်ကြောင့် အနှောက်အယှက် မဖြစ်စေရပါဘူး၊ အစ်ကို့အပေါ်မှာလည်း စိတ်နဲ့တောင် မပစ်မှားပါဘူးလို့ ကတိပေးပါတယ်"

"ကောင်းတာပေါ့ ညီမရယ်၊ ဒီလိုဆိုတော့လည်း မမက ငါ့ညီမကိုပြန်ပြီး ကျေးဇူးတင်ရမှာပေါ့"

"ကျွန်မ အရိပ်နေနေ အခက်ချိုးချိုး ဘယ်တော့မှ မလုပ်ပါဘူး၊ ကျွန်မကိုလည်း ခိုင်းချင်ရာခိုင်းပါ မမရယ်"

ဟု ပြောဆိုလေရာ ချယ်ရီကလည်း တစ်ဖက်သားကို သနားတတ်သူ ဖြစ်သောကြောင့် မဟူရာအပေါ်မှာ သနားစိတ်များဝင်သွားပြီး ယခင်က ရှိနေသော စိုးရိမ်စိတ်များပင် ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟူရာရောက်လာသဖြင့် စိုးရိမ်နေသူနောက်တစ်ယောက်လည်း ရှိပေသေးသည်။ နီမောင်ပင် ဖြစ်သည်။ နီမောင်စိုးရိမ်တာက ချယ်ရီစိုးရိမ်နေသလို သူ့ယောက်ျားအတွက် စိုးရိမ်နေခြင်းမျိုး မဟုတ်ပေ။ တစ်ရွာလုံးအတွက် စိုးရိမ်နေမိခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မဟူရာကို လူတစ်ယောက်ဟု မထင်ပဲ လူယောင်ဆောင်နေသော မိစ္ဆာတစ်ယောက် ဖြစ်ရမည်ဟု ထင်နေသောကြောင့် ဖြစ်သည်။

ထိုမိန်းကလေး တစ်ယောက်တည်းကိုပင် တရုတ်ကုန်သည်အဖွဲ့၌ တွေ့ခဲ့ရသည်။ တွေ့စဉ်က သူ့ကိုပင် အကူအညီတောင်းခဲ့သေးသည်။

နောက်တော့ တရုတ်ကုန်သည်အဖွဲ့မှ မန်ချူဆိုသူမှာ အသည်းနှလုံးဖောက်ယူခံရသဖြင့် သေခဲ့ရသည်ဟု သတင်းကြားရသည်။ နောက်တော့ တိုက်တိုက်ဆိုင်ဆိုင် သူမကိုပင် မွန်ဂိုအဖွဲ့က ဖမ်းခေါ်လာသည်ကို ထပ်မံတွေ့ရပြန်သည်။ ယခုတော့ ရွာသို့ ရောက်နေပေပြီ ။ ထိုအကြောင်းကို စောထီးနှင့် ငမဲအောင်တို့အား ပြန်ပြောပြသောအခါ နှစ်ယောက်စလုံး ဖြစ်နိုင်စရာများကို တွေးတောပြီး ပြောကြသည်။

"သာမန်တိုက်ဆိုင်မှုမျိုးကော မဖြစ်နိုင်ဘူးလား၊ တောတောင်ထဲမှာ သွားလာနေကြတဲ့ မိန်းကလေးတွေဆိုတာ တွေ့တဲ့သူက ဖမ်းခေါ်သွားပြီး အနိုင်ကျင့်နေကြတာ မဟုတ်လား"

"မင်း ပြောတာတော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ငါ





သူ့ကို ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ"

"ဒါကတော့ ဘာမဆိုဖြစ်နိုင်တာချည်းပဲ၊ ဒီလောက်လူသူခေါင်းပါးတဲ့ တောနက်ကြီးတွေ၊ တောင်ပေါ်တွေမှာကတော့ သာမန်ရှာဖွေစားသောက်နေကြတဲ့ လူတွေရှိသလို အလစ်ချောင်းနေတဲ့ မိစ္ဆာတွေလည်း ရှိနိုင်တာပဲ"

"ဒါကြောင့် ငါ့စိတ်ထဲမှာ မသင်္ကာဖြစ်နေတာပေါ့၊ တကယ်လို့သာ လူယောင်ဆောင်နေတဲ့ မိစ္ဆာကောင်ကို ရွာထဲခေါ်သွင်းထားမိရင်တော့ တစ်ရွာလုံး ဒုက္ခရောက်သွားနိုင်တယ်"

နီမောင့်စကားကြောင့် ကျန်နှစ်ယောက်ကပါ ပခုံးတွန့်ပြလိုက်ကြလေသည်။ ပြီးမှ စောထီးကပြောသည်။

"ဒါပေမယ့် မင်းတို့ ငါတို့က ဘာမှတတ်တာမှမဟုတ်တာ၊ ဟုတ်တယ်မဟုတ်ဘူးလို့ ဘယ်လိုခွဲခြားနိုင်မလဲ၊ ဒီတော့ ဒီအကြောင်းတွေကို နှံ့နှံ့စပ်စပ်သိတဲ့ ဆရာကြီး ဦးဗန်ကောင်းကို အကျိုးအကြောင်း သွားပြောပြရင် ပိုမကောင်းဘူးလား"

"ကောင်းတာပေါ့၊ ဆရာကြီးနဲ့တွေ့တော့ အကာအကွယ် ပစ္စည်းလေးတွေပါ တောင်းသင့်တောင်းထားရမှာပေါ့"

ဟု ပြောဆိုတိုင်ပင် ဆရာကြီးဦးဗန်ကောင်းနေသောအိမ်သို့ သွားကြလေသည်။ ဆရာကြီး ဦးဗန်ကောင်းမှာ ရွာအစွန်ဘက်၌ တစ်ဦးတည်းနေထိုင်ကာ ဆေးဝါးကုသပေးသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်သည်။

ဦးဗန်ကောင်းမှာ အသက် ၅၀-ကျော်အရွယ်ခန့်ရှိကာ ဆေးပညာ၊ ဓာတ်ပညာများသာမက အစီအရင်ပညာများပါ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သူ ဖြစ်ပေသည်။ ဦးဗန်ကောင်းက ဆေးဖက်ဝင်အပင်များ၊ အခြားပစ္စည်းများ အလိုရှိလျှင် ကိုယ်တိုင်သွားရောက်ရှာဖွေသည့်အပြင် တစ်ခါတရံ နီမောင်တို့ တောင်ပေါ်တက်သောအခါနှင့် ကြုံလျှင်လည်း မှာကြားလေ့ရှိသည်။

နီမောင်တို့ကလည်း တောထဲတောင်ထဲမှ ဆေးဖက်ဝင်ပစ္စည်းများ ရလာပါက ဆရာကြီးဦးဗန်ကောင်းထံ တကူးတကသွားရောက်ပို့ပေးကြသဖြင့် သုံးယောက်စလုံးကို တူသားနှောင်မယ်များပမာ ခင်မင်နေလေသည်။

နီမောင်တို့သုံးယောက် သွားသောအချိန်တွင် ဦးဗန်ကောင်းသည် သူအလွန်ကြိုက်သော ကွမ်းကိုတမြုံ့မြုံ့ဝါးရင်းမှ ဖိုခန်းထဲတွင် ဖိုထိုးနေလေသည်။ အေးလှသောနေရာတွင် မီးမပြတ်ထိုးရင်း မီးဖိုနားတွင် ဖိုထိုးသောအလုပ်မှာ များစွာအဆင်ပြေသော အလုပ်မျိုးပင် ဖြစ်ပေသည်။ သူတို့လာတာမြင်တော့ ဦးဗန်ကောင်းက အလုပ်ရပ်ပြီး ဖိုခန်းထဲမှ ထွက်လာလေသည်။

"နီမောင်တို့ပါလား ဘယ်ကနေလှည့်လာကြတာလဲ"

"ဆရာကြီးဆီပဲ လာကြတာပါပဲ၊ သိချင်တာလေးတွေမေးချင်လို့ပါ"

"သိတာမေးရင်တော့လည်း ပြောပြပေးရတာပေါ့"

ဟုပြောကာ ဧည့်ခန်းသို့ခေါ်သွားရင်း သူကျိုထားသောလက်ဖက်ရည်ဖြင့် ဧည့်ခံလေသည်။ ဒေသထွက် လက်ဖက်ခြောက်များများ ခပ်ထားသော လက်ဖက်ရည်ကြမ်းမှာ ရနံ့သင်းပြီး ပူနွေးနေရာ အေးလှသောရာသီဥတုနှင့်တော့ အဆင်ပြေလှ





ပေသည်။

ဦးဗန်ကောင်းက သူကိုယ်တိုင်လည်း လက်ဖက်ရည်ကြမ်းတစ်ခွက်သောက်ပြီး နီမောင်တို့အတွက်လည်း ချပေးသည်။

"အချမ်းပြေသောက်လိုက်ကြဦး"

"ဟုတ်ကဲ့ ဆရာကြီး"

"ဒါထက် ဘာသိချင်လို့ လာကြတာလဲ"

"တခြားတော့ မဟုတ်ပါဘူး ဆရာကြီး၊ မိစ္ဆာနတွေက လူယောင်ဆောင်ပြီး၊ လူတွေနဲ့အတူ နေနိုင်သလားဆိုတာ သိချင်လို့ လာမေးတာပါ"

"မိစ္ဆာဆိုပေမယ့် အမျိုးအစားအများကြီးရှိသလို အဆင့်အတန်းတွေလည်း မတူကြဘူး၊ အဆင့်အတန်းနိမ့်တဲ့ မိစ္ဆာတွေလည်း ရှိကြတယ်"

"ဟုတ်ကဲ့ဆရာကြီး"

"အဆင့်အတန်းနိမ့်တဲ့ သရဲ တစ္ဆေ ဖုတ် ပြိတ္တာ စတဲ့ ပရလောကသားတွေက လူတွေကို ခြောက်လှန့် ဖမ်းစားရုံလောက်ပဲ တတ်နိုင်ကြပေမယ့် ကမ္မဇိဒ္ဓိတန်ခိုးရှိတဲ့ နဂါး၊ ဂဠုန်၊ ဘီလူး၊ ရုက္ခစိုး၊ ဥစ္စာစောင့်စတဲ့ ပရလောကသားတွေ တိရစ္ဆာန်တွေကတော့ လူယောင်ဆောင်ပြီး လူတွေနဲ့ နေထိုင်လို့ရကြတယ်၊ ရှေးကတည်းက လူယောင်ဆောင်ထားတဲ့ ဘီလူး၊ နဂါး၊ ဥစ္စာစောင့်တွေနဲ့ လူနဲ့ပေါင်းသင်း ဆက်ဆံခဲ့ကြတဲ့အဖြစ်အပျက်တွေ အများကြီးရှိခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . လူကနေ တိရစ္ဆာန်ပြောင်းတာ၊ တိရစ္ဆာန်ကနေ လူအသွင်ပြောင်းကြတဲ့ သမန်းကျား၊ သမန်းဝံပုလွေ စတာတွေကရော ဒီလိုပဲလား ဆရာကြီး"

"အင်း. . ဒါမျိုးတွေကလည်း စောစောကပြောတာတွေနဲ့ သိပ်တော့မကွာလှပါဘူး၊ ဒါတွေကလည်း လူတွေရဲ့ အယူအဆ အစွဲအလန်း စိတ်ကြောင့်သာ သာမန်ထက်ပိုပြီး ဖြစ်နိုင်တာတွေ အများကြီးရှိပါတယ်"

ဦးဗန်ကောင်းက လက်ဖက်ရည်သောက်ရင်းနှင့် သူမှတ်သားထားသော အကြောင်းများကို ပြောပြပေးလေသည်။ ထိုအကြောင်းအရာများမှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

သာမန်အနေအထားထက် ပိုမိုလွန်ကဲသော ထူးဆန်းလှသည့် သတ္တဝါကြီးများအကြောင်းမှာ ရှေးခေတ် အီဂျစ်နှင့်မက်ဆိုပိုတေးမီးယားတွင် ဘီစီ(၃၀၀၀)လောက်ကတည်းက မှတ်တမ်းတင်ထားခဲ့ကြလေသည်။ အိန္ဒိယမှာလည်း ထိုမှတ်တမ်းမျိုးရှိသော်လည်း အီဂျစ်ခေတ်ထက် နောက်ကျခဲ့ပေသည်။

ရှေးခေတ်ကဖော်ပြသော သတ္တဝါကြီးများမှာ ပုံပန်းသဏ္ဌာန်ထူးခြားပြီး ကြောက်စရာကောင်းသော သတ္တဝါကြီးများဖြစ်ကြသည်။ ထိုအထဲတွင် လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းဖြစ်နေသော သတ္တဝါကြီးများ၊ လူယောင်ဆောင်ထားသော မိစ္ဆာများနှင့် တိုက်ခိုက်ရခြင်းများ ပါဝင်လေသည်။

နဂါးစသော သတ္တဝါကြီးများ အကြောင်းနှင့်ဆက်စပ်





ပြီး ညံ့စသော ပင်လယ်မြွေကြီးများ၊ မြွေပြိတ္တာကြီးများအကြောင်းကို ရေးသားထားသော မြွေများ၏သမိုင်းစသော မှတ်တမ်းစာအုပ်များ ပေါ်ပေါက်လာကြသည်။ မြွေများသမိုင်း (Historic of Serpents) စာအုပ်ကို ရေးသားသူမှာ အက်ဒဝပ်တော့ပ်ဆာလ် (Edward Topsell) ဖြစ်ပေသည်။

၁၆၀၈-ခုနှစ် ရေးသားထုတ်ဝေခဲ့သော ထိုစာအုပ်ထဲတွင် ဝေလငါးတစ်ကောင်ကိုပင် ရစ်ပတ်သတ်ဖြတ်နိုင်သော ညံ့သတ္တဝါဟုခေါ်သည့် ပင်လယ်မြွေကြီးများအကြောင်းလည်း ပါဝင်လေသည်။ ( ညံ့သတ္တဝါများအကြောင်းကို အခြားရေးသားခဲ့သော စာအုပ်များ၌ထည့်သွင်းပြီး ဖြစ်ပေသည်။)

ရှေးနှစ်ပေါင်းများစွာကပင် လူနှင့်ဆက်နွယ်နေသည့် တိရစ္ဆာများ ပေါ်ပေါက်ခဲ့ဖူးပေသည်။ လူကနေကျားဖြစ်သော သမန်းကျား၊ လူကနေ ဝံပုလွေ၊ ဝံပုလွေကနေ လူဖြစ်သော သမန်းဝံပုလွေစသောအကြောင်းများပင် ဖြစ်သည်။ လူမှဖြစ်သောကျားသစ် စသည်တို့မှာ လူအသိဖြင့် တိရစ္ဆာန်စိတ်မျိုးဖြစ်နေသောကြောင့် ပိုပြီးကြောက်စရာကောင်းသည်ဟုလည်း ယူဆကြလေသည်။

မြန်မာနိုင်ငံတွင် ထမံသီမှဖြစ်သော သမန်းကျားအကြောင်းကို လူသိများကြသည်။ ချင်းတွင်းမြစ်ကမ်း၌ရှိသော ထမံသီရွာဆိုလျှင် လူကနေကျားဖြစ်သော သမန်းကျားမျိုးနွယ်များ ရှိသည်ဟု ရှေးအစဉ်အဆက် လူသိများလှလေသည်။ ထိုကဲ့သို့ပင် ချင်းတွင်းမြစ်ကမ်း တစ်နေရာတွင် 'မောက္ကဆော်ရွာ' ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုရွာတွင် ပြုစားတတ်သော စုန်း၊ ကဝေ ပညာသည်များ နေထိုင်ကြသည့်ရွာဟု ရှေးအခါက လူတို့ပြောစမှတ် ပြုကြလေသည်။

ဥရောပတိုက်တွင် သမန်းကျားထက် သမန်းဝံပုလွေ (Werewolf)ကိုပို၍ အသိများကြသည်။ ၁၅၂၀-၁၆၃၀ ခုနှစ်နှစ်ပေါင်းတစ်ရာကျော်အတွင်း ပြင်သစ်နိုင်ငံ တစ်နိုင်ငံထဲမှာပင် သမန်းဝံပုလွေနှင့်ပတ်သက်သည့် ဖြစ်ရပ်ပေါင်း (၃၀၀၀၀)ကျော်ရှိကြောင်း မှတ်တမ်းတင်ထားခဲ့ကြသည်။

လူစင်စစ်မှ တိရစ္ဆာန်အသွင်ပြောင်းလဲခြင်းမှာ စိတ်ပြောင်းလဲခြင်းပင် ဖြစ်၏။ လူကနေ အသွင်မပြောင်းပဲ တိရစ္ဆာန်စိတ်၊ မိစ္ဆာစိတ်မျိုး ဝင်ရောက်လာပြီး သွေးကိုစုပ်ယူသူများလည်း ရှိကြပေသည်။ လူနှင့်တိရစ္ဆာန်တို့၏သွေးကို ညအချိန်ရောက်သောအခါ လာရောက်စုပ်ယူသည့် လင်းနို့တစ်မျိုးရှိရာ သွေးစုတ်လင်းနို့ ဒါမှမဟုတ် ဗင်ပိုင်ယာလင်းနို့ဟု ခေါ်ကြသည်။

လူစင်စစ်က လူအသိဖြင့် အခြားသူများ သွေးကိုစုပ်ယူသူများကိုတော့ "ဗင်ပိုင်ယာ" (Vampire)ဟုသော်လည်းကောင်း၊ သွေးစုတ်ဖုတ်ကောင်ဟူ၍သော်လည်းကောင်း ခေါ်ဝေါ်ကြသည်။ ထိုသူများကိုတော့ ဖုတ်ဝင်နေသော ဖုတ်ကောင်၊ သို့မဟုတ် မိစ္ဆာဓာတ်ပူးကပ်ခံနေရသူများဟု ယူဆကြသည်။

သွေးစုပ်ဖုတ်ကောင်များအကြောင်းကို လူသိအများဆုံးသော စာအုပ်မှာ "ဒရက်ဂူလာ" (Dracula)စာအုပ်နှင့် ရုပ်ရှင်ဇာတ်လမ်းလည်း အပါအဝင် ဖြစ်သည်။ တောနက်ကြီးများ၊





လူသူအရောက်အပေါက်နည်းသော နှင့်တောင်တန်းများပေါ်မှာတော့ လူကနေ ကျားဖြစ်သော သမန်းကျားထက်၊ ဝံပုလွေမှ လူယောင်ဆောင်လာပြီး တိုက်ခိုက်သော သမန်းဝံပုလွေအကြောင်းများက ပိုပြီးကြောက်စရာကောင်းလှပေသည်။

ကမ္ဘာ့နေရာအနှံ့အပြားမှာလည်း မိစ္ဆာဓာတ်ဝင်နေသည့် သမန်းဝံပုလွေနှင့်ပတ်သက်သည့် အဖြစ်အပျက်များစွာရှိကြလေသည်။ ရှေးခေတ်ဥရောပတိုက်တွင် တောအုပ်များကထူထပ်စွာရှိပြီး နေထိုင်သူ လူဦးရေကနည်းပါးရာ သမန်းဝံပုလွေများ၏ တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။ သာမန်ဝံပုလွေထက် လူကဖြစ်သော သမန်းဝံပုလွေ၊ ဝံပုလွေကဖြစ်သော လူတို့မှာ ပို၍ကြောက်စရာကောင်းလှသည်။

အဘယ်ကြောင့်ဆိုသော် မိစ္ဆာဓာတ်ဝင်နေသော်လည်း လူ့အသိစိတ်မျိုး ရှိနေသေးသောကြောင့် ဖြစ်သည်။ သမန်းဝံပုလွေနှင့်ပတ်သက်ပြီး ဖြစ်ရပ်ပေါင်းများစွာရှိရာ ထင်ရှားသောဖြစ်ရပ်တစ်ခုမှာ ၁၅၂၁-ခုနှစ်က ဖြစ်ခဲ့သည့် ပေါ်လစ်နီအရပ်မှ 'ပီယာဘူရို' ၏ ကိစ္စဖြစ်သည်။

သိုးကျောင်းသားဖြစ်သည့် ပီယာဘူဂိုသည် ရုံးတော်တွင် အစစ်ဆေးခံရာ၌ သူသည် လွန်ခဲ့သော(၁၉)နှစ်ခန့်က ဆိုးရွားသော မုန်တိုင်းကြားတွင် ပျောက်ဆုံးခဲ့သော သိုးများကို လိုက်လံရှာဖွေခိုက် မြင်းနက်ကြီးများစီးထားသည့် လူသုံးယောက်နှင့် တွေ့ဆုံရသည်ဟု ဆို၏။

သူတို့က သူ၏ဒုက္ခကို မေးမြန်းသဖြင့် ပီယာဘူဂိုက



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြ၏။ ထိုအခါ တစ်ယောက်သော မြင်းနက်ရှင်က. . .

"သတ္တိကို မွေးမြူစမ်းပါ၊ မင်းဟာ ယုံကြည်စိတ်ရှိမယ် ဆိုရင် ငါ့သခင်က လမ်းလွဲရောက်ကုန်တဲ့ မင်းရဲ့သိုးတွေကို စောင့်ရှောက်ထားပေးလိမ့်မယ်" ဟုပြောသည်။

ပီယာဘူဂိုသည် ယုံကြည်မှုရှိသွားပုံရ၏။ အဘယ်ကြောင့်ဆိုသော် ပျောက်ဆုံးသွားသော သူ၏သိုးများကို ပြန်တွေ့မည်ဟု ဆိုခြင်းကြောင့် ဖြစ်သည်။

ထို့နောက် ရက်အနည်းငယ်ကြာသော် ထိုမြင်းနက်ရှင်သည် ရောက်လာပြန်ကာ ပီယာဘူဂိုသည် စေတန်နတ်မိစ္ဆာ၏ ကျေးကျွန်အဖြစ်ခံယူလျှင် အပြန်အလှန်သဘောဖြင့် စေတန်နတ်မိစ္ဆာက ဘေးအန္တရာယ်ကင်းမှုနှင့် ကြွယ်ဝချမ်းသာမှုကို ပေးမည်ဟု ဆိုသည်။

"ဒါနဲ့ ကျွန်တော်ဟာ ဒူးထောက်ပြီး စေတန်ရဲ့သစ္စာတော်ကို ခံလိုက်ပါတယ်"

ဟု ရုံးတော်တွင် အစစ်ခံသည်။

ထို့နောက်မှာ မစ်ချယ်ဗာဒွန်းအမည်ရှိ အခြားသော သမန်းဝံပုလွေတစ်ကောင်ကို အဖော်ပြုကာ ပီယာဘူဂိုသည် ဝံပုလွေအသွင်ကိုဆောင်၍ မရေမတွက်နိုင်အောင် လူသတ်မှုများကို ကျူးလွန်ခဲ့၏။ တိုက်ခိုက်ခြင်းခံရသူများမှာ အဓိကအားဖြင့် မိန်းမများဖြစ်ကြပြီး မိန်းမတစ်ယောက်ဆိုလျှင် လည်ပင်းကို သွားဖြင့်ကိုက်ဖောက်ခြင်းခံရသည်ဟု ဆိုသည်။

နိဂုံးချုပ်ရသည်ကား အဖော်ဖြစ်သော မစ်ချယ်ဗာဒွန်း





သည် ဝံပုလွေအသွင်ဖြင့် ခရီးသည်တစ်ဦးကို တိုက်ခိုက်ရာ ခရီးသည်က ပြန်လည်ခုခံသည်တွင် မစ်ချယ်ဗာဒွန်းမှာ ဒဏ်ရာရသွားသည်။ သွေးစက်များ၏အဆုံးတွင် ဒဏ်ရာရနေသော မစ်ချယ်ဗာဒွန်းအား လူ့အသွင်ဖြင့် တွေ့မြင်ရပြီး ဇနီးဖြစ်သူက ဒဏ်ရာကို ပြုစုပေးနေသည်ဟု ဆိုသည်။

ရုံးတော်က စစ်မေးသဖြင့် သိရသည်မှာ ပီယာဘူဂိုသည် အဝတ်များချွတ်၍ စေတန်၏ တပည့်ကပေးသော အထူးဆေးရည်ကို တစ်ကိုယ်လုံး လိမ်းကျံပေးခြင်းဖြင့် ဝံပုလွေအသွင်သို့ ပြောင်းသည်ဟုဆို၏။ မစ်ချယ်ဗာဒွန်းကမူကား ပကတိစွမ်းရည် ပိုမိုထက်မြက်သည် ဖြစ်သောကြောင့် လိုသည့်အချိန်တွင် သူ့ကိုယ်သူ ဝံပုလွေအသွင်ကို ယူနိုင်သည်။

ထိုသူနှစ်ဦးကို အခြားသော သာမန်ဝံပုလွေများနှင့် အတူ ကွပ်မျက်ခဲ့ပေ၏။ အလားတူဖြစ်ရပ်မျိုး (၁၅၇၃)ခုနှစ်က လည်း ဖြစ်ခဲ့သည်ဟု မှတ်တမ်းရှိ၏။

ဒိုး(လ)အရပ်နားက ပြင်သစ်ရွာကလေးတစ်ရွာတွင် ကြောက်စရာ သတ္တဝါတစ်ကောင်သည် များစွာသော ကလေးငယ်များကို တိုက်ခိုက်သတ်ဖြတ်၍ တစ်ဝက်တစ်ပျက် ဝါးမြိုစားသောက်ခဲ့သည်။ တစ်နေ့သ၌ ရွာသားတစ်အုပ်သည် ဧရာမ ဝံပုလွေကြီးတစ်ကောင်က ကလေးတစ်ယောက်ကို တိုက်ခိုက်နေသည်ကို တွေ့ကြရ၏။

ဝံပုလွေ၏မျက်နှာမှာ အပေါင်းအသင်းကင်းမဲ့စွာ ကိုယ်တော် နေထိုင်လျက်ရှိသည့် ဂီး(လ)ဂါနီယာနှင့် ဆင်ဆင်တူနေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ကြရ၏။ သို့ဖြင့် ဂီး(လ)ဂါနီယာကို ဖမ်းဆီး၍ စစ်မေးသောအခါ သူကဖြောင့်ချက်ပေးသည်။ ဆင်းရဲမွဲတေ၍ စားရာမဲ့ သောက်ရာမဲ့ ဖြစ်လာသဖြင့် သူသည် တောလမ်းကလေးတစ်ခု၌ ဆုံစည်းခဲ့ရသော မကောင်းဆိုးဝါးတစ်ကောင်နှင့် သဘောတူညီချက် ပြုလုပ်ခဲ့လေသည်။

မကောင်းဆိုးဝါးက သူ့အား လိမ်းဆေးဆီတစ်မျိုးပေးရာ ထိုအဆီကို လိမ်းလိုက်လျှင် ဂီ(လ)ဂါနီယာသည် ဝံပုလွေအသွင်သို့ ပြောင်းသွားရသည်။ ထိုအခါတွင် သူငတ်ပြတ်ခဲ့ရသော အသားများကို စားရသည်။ ဤသို့ဖြောင့်ချက်ပေးပြီးသောအခါ ဂီး(လ)ဂါနီယာကို အရှင်လတ်လတ် မီးရှို့သတ်ပစ်လိုက်ကြ၏။

၁၅၈၉-ခုနှစ်၊ ဂျာမနီပြည်ရှိ ဘက်ဘတ်မြို့ငယ်ကလေးတွင် ပီတာစတပ်ဆိုသူအား သုတ်သင်ပွဲကို လူ(၄၀၀၀)ခန့် မြင်တွေ့လိုက်ကြရ၏။ ပီတာစတပ်သည် ယုတ်မာလှသော မှော်ဆရာဖြစ်ကာ ဝံပုလွေနှင့်တူအောင် ပြုလုပ်နိုင်၍ (၂၅)နှစ်လုံးလုံး မိစ္ဆာအကျင့်များ ပြုကျင့်ခဲ့ရာ ယောက်ျား၊ မိန်းမ၊ ကလေးပေါင်းများစွာကို သေစေခဲ့သည်။

ဘက်ဘတ်တစ်မြို့လုံးမှာ သိုးများ၊ နွားများကို တိုက်ခိုက်သတ်ဖြတ်တတ်ပါသော်လည်း လူသားကိုပို၍ နှစ်သက်သော တစ်ကိုယ်တော် ဝံပုလွေကြောင့် ကြောက်လန့်တကြားဖြစ်နေကြရသည်။ ယင်းဝံပုလွေနောက်ကို လိုက်လံရှာဖွေသည့် လူအုပ်ကြီးသည် အမဲလိုက်ခွေးများနှင့်အတူ လိုက်လာကြရာ သစ်ခုတ်သမား ပီတာစတပ်ကို လျှိုမြောင်းကြီးတစ်ခုကြားတွင်





ပိတ်ဆို့ဖမ်းမိကြတော့သည်။

လေးဖက်ထောက်၍ ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်တစ်ကောင်ပမာ မာန်ဖီ၍ ပီတာစတပ်သည် လူသားမန်ထက်သာလွန်သော ခွန်အားဖြင့် ပြန်လည်ခုခံတိုက်ခိုက်၏။ နောင်သော် ကိုလုံးမြို့ တရားရုံးတွင် စစ်မေးရာ၌ ကြားနေကျအတိုင်း ပုင် စေတန်နတ်ဆိုးနှင့် ကတိကဝတ်ပြုကြသည်တွင် ပီတာစတပ်သည် ဝံပုလွေသားရေကြမ်းခါးပတ်ကို ရရှိခဲ့သည်ဆို၏။

ထို့ပြင် သူသည် ဝံပုလွေအသွင်ဖြင့် ယောက်ျား၊ မိန်းမ၊ ကလေးများကို တိုက်ခိုက်သည့်အခါတွင် ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း ကတိကိုလည်းရခဲ့သည်ဟု ဆို၏။ ယင်းသို့သော သမန်းဝံပုလွေဟု ခေါ်ရမည်ဖြစ်သည့် လူကဖြစ်သော ဝံပုလွေဖြစ်သော ဝံပုလွေဖြစ်ရပ်များကို လေ့လာနေကြသူများကမူ သမန်းဝံပုလွေများဟု ယူဆရသူများသည် စင်စစ်တွင် မိမိကိုယ်မိမိ ဝံပုလွေ ဖြစ်သွားပြီဟု ထင်မြင်စွဲမတ်တတ်သော "လိုင်ကင်သရပီ" ခေါ်သည့် စိတ်ရောဂါတစ်မျိုးကို ခံစားနေရသူများဖြစ်သည်ဟု ယုံကြည်ကြလေသည်။

သူတို့သည် မူလကပင် စိတ်အလုပ်မလုပ်ကြသူများ ဖြစ်ကြသည်။ ထို့ပြင် လွဲမှားအာရုံများဖြစ်ပေါ်စေသည့် ဆေးများကို မှီဝဲမိသောအခါတွင် သူတို့ကိုယ်သူတို့ တကယ်ပင် သတ္တဝါန်ပြောင်းသွားပြီဟု မှတ်ယူကြတော့သည်။ အသားအသွေးများအစားကြူးသူဖြစ်လျှင် ပို၍ပင် ပီပီပြင်ပြင် မှတ်စွဲသွားတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် 'လိုင်ကင်သရပီ'ခေါ် စိတ်ရောဂါအကြောင်း တစ်စတစ်စ ပိုမိုနားလည်လာကြသည့်ကြားကပင် သမန်းဝံပုလွေသည် လူတို့၏ အစွဲထဲမှ လုံးဝပျောက်ကွယ် မသွားသေးပါချေ။ ၁၉၄၉-ခုနှစ်တိုင်အောင် အစွဲရှိနေသေး၏။ ပူအိုက်သော နွေရာသီ ညဉ့်တစ်ညဉ့်တွင် ရောမမြို့ ပန်းခြံတစ်ခုအတွင်း၌ သမန်းဝံပုလွေတစ်ကောင်ကို တွေ့ပါသည်ဆိုသော သတင်းမေးပို့ချက်သည် ရဲများထံရောက်ရှိလာ၏။

ရဲပတ္တာရောင်က သွားကြည့်သောအခါ. . . လေးဖက်ထောက်၍ ဝံပုလွေကဲ့သို့ အူသည်။ ထို့နောက် ချွန်ထက်သော လက်သည်းရှည်ကြီးများဖြင့် မြေကြီးကို တူးယက်ရာ လက်များမှာရွံ့များပေနေသည်။ သူ့ကိုဖမ်း၍ ဆေးရုံပို့သောအခါ သူကလပြည့်နေ့ညဆိုလျှင် သူသည် သတိကင်းလွတ်သွားပြီး ဘာမှန်းမသိသည့် စိတ်လှုံ့ဆော်ချက်ကြောင့် လမ်းတကာ လှည့်လည်သွားနေမိသည်ဟု ပြောပြသည်။

အထက်ပါ ဖော်ပြချက်အချို့မှာ မိစ္ဆာပူးကပ်ခံရသူများနှင့် ထူးဆန်းသောသတ္တဝါများနှင့် ပတ်သက်သည့်အကြောင်းများကို ရေးသားဖော်ပြခဲ့သော အကြောင်းများပင် ဖြစ်ကြပေသည်။ ထိုအကြောင်းများမှာ ရှေးအခါက ရှိခဲ့သော အကြောင်းအရာများပင် ဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာကပင် ရှေးဟောင်းဒေဝတာပုရာဏ်များဟု ယူဆရသောအရာ အတော်များများမှာ ယခုနောက်ပိုင်းကာလသို့ ရောက်ရှိလာသောအခါ ခေတ်မီသော





ပစ္စည်းကိရိယာများ၊ အယူအဆများဖြင့်ပင် လေ့လာ၍ မရနိုင်လောက်သည်အထိ ဆန်းကြယ်မှုများ ရှိခဲ့ကြပေသည်။

အချို့ဖြစ်ရပ်များကို သိပ္ပံပညာကပင် လက်ခံပေးကြရသည်။ ထိုအဖြစ်အပျက်များသည် ရှေးခေတ်ဒဏ္ဍာရီများမှ စတင်ခဲ့သည်ဆိုသော်လည်း ယခုခေတ်ကာလရောက်သည်အထိ ယုံကြည်လက်ခံနေကြရသည်။ ဘီလူး၊ နဂါး၊ ဂဠုန်၊ သမန်းကျား၊ သမန်းဝံပုလွေစသည့် ဆန်းကြယ်သော သတ္တဝါကြီးများရှိကြသည်။ ထိုသတ္တဝါကြီးများအပြင် အခြားသတ္တဝါကြီးများလည်း ရှိကြပေသေးသည်။

ထိုသတ္တဝါကြီးများမှာ ဒဏ္ဍာရီထဲမှ ပေါ်ပေါက်လာသည်ဟု ယူဆရသော်လည်း သိပ္ပံပညာဖြင့်ပင်လိုက်၍ မမီနိုင်သည့် ဆန်းကြယ်မှုများဖြင့် ယခုကာလတိုင်အောင် ရှိနေကြသေး၏။ ဂရိဂန္ထဝင်ပုံပြင်များသည် ထူးဆန်းလှသည်။ ထို့အတူပါဝင်သော ဇာတ်ကောင် သတ္တဝါဆန်းတို့မှာလည်း ထူးဆန်းလှသလို အမျိုးအစား စုံလင်လှသည်။

ထိုထူးဆန်းသော သတ္တဝါကြီးများထဲတွင် ဂရိဒဏ္ဍာရီလာ ပက်ဂဆပ်(စ) အဖြူရောင် မြင်းပျံကြီးတစ်ကောင်လည်း ပါဝင်ခဲ့သည်။ ဂရိဒဏ္ဍာရီများတွင် ပက်ကဆပ်(စ) (Pegasus) ခေါ် အဖြူရောင် မြင်းပျံကြီးသည် မြင်းတို့၏ အရှင်သခင်ဖြစ်သော ပိုဆိုက်ဒွန် (Poseidon)နတ်မင်းနှင့် ဦးခေါင်းတွင် ဆံပင်များအစား မြွေများဖြစ်ပေါ်နေသည့် ဂေါ်ဂွန်း မီဒူဆာ (Gorgon Medusa) ခေါ် သတ္တဝါကြီးနှင့်ပေါင်းစပ်ပြီး မွေးမြူလာသော



www.burmeseclassic.com

www.burmeseclassic.com



မြင်းထီးကြီး ဖြစ်သည်။

ပက်ဂဆပ်(စ)သည် ဖွေးဖွေးဖြူသော အဆင်းရှိပြီး အတောင်ပံဖြင့် ကောင်းကင်တွင် ပျံသန်းနိုင်သော ထူးဆန်းသည့် မြင်းတစ်ကောင်ဖြစ်သည်။ ဂရိဒဏ္ဍာရီတစ်ခုတွင် ဤမှုအစွမ်းထက်လှသော ပက်ဂဆပ်(စ)မြင်းပျံကြီးအား သူရဲကောင်း ဘဲလာရိုဖွန်း (Bellerophon)က ဖမ်းဆီးခဲ့သည်။ မြင်းပျံကြီးကလည်း သူရဲကောင်းစီးနင်းခြင်းကို ခွင့်ပြုခဲ့သည်။ သို့အတွက် သူရဲကောင်းက အခြားသတ္တဝါဆန်းတစ်မျိုး ဖြစ်သော ခိုင်မဲရား (Chimera)အား သုတ်သင်ရာတွင် ပါဝင်ကူညီခဲ့သည်ဟု ဆိုခဲ့သည်။



ပက်ကဆပ်(စ) (Pegasus) နှင့် ခိုင်မဲရား (Chimera)





ခိုင်မဲရားဆိုသည့် ထူးဆန်းသော သတ္တဝါမှာလည်း ဂရိဒဏ္ဍာရီတွင် ထင်ရှားသော သတ္တဝါဆန်း တစ်မျိုး ဖြစ်သည်။

ဒဏ္ဍာရီတွင် ခိုင်မဲရားသည် မီးများမှုတ်ထုတ်နိုင်သော သတ္တဝါတစ်ကောင်ဖြစ်ပြီး ခြင်္သေ့၊ မြွေနှင့် ဆိတ် တိရစ္ဆာန်(၃)ကောင် ပေါင်းစပ်ထားသည့် သတ္တဝါဖြစ်သည်။ ထိုသတ္တဝါအား ဖော်ပြချက်များတွင် ခြင်္သေ့တစ်ကောင်ဖြစ်ပြီး ယင်းခြင်္သေ့၏ ကျောပေါ်မှ ဆိတ်ခေါင်းပေါက်လျက် ရှိသည်။ ခြင်္သေ့၏ အမြီးမှာမူ မြွေတစ်ကောင်ဖြစ်သည်။

အမြီး၏အဆုံးတွင် မြွေခေါင်းက တည်ရှိနေသည်။ ထူးဆန်းလွန်းလှသော နောက်သတ္တဝါတစ်မျိုးမှာ ဆန်တို (Centaur) ခေါ် သတ္တဝါဖြစ်သည်။



ဆန်တို (Centaur)



www.burmeseclassic.com

www.burmeseclassic.com



ယင်းသတ္တဝါသည်ကား လူတစ်ပိုင်း မြင်းတစ်ပိုင်း သတ္တဝါဖြစ်သည်။ မြင်း၏ခန္ဓာကိုယ်တွင် လူသား၏ ဦးခေါင်းနှင့် ရင်ပိုင်းအားပေါင်းစပ်ထားခြင်း ဖြစ်သည်။ ယင်းဇာတ်ကောင်သည်လည်း ဒဏ္ဍာရီနေရာတော်တော်များများတွင် ပါဝင်လျက်ရှိသည်။

နောက်ထူးခြားသော သတ္တဝါတစ်မျိုးမှာ ဂရစ်ဖင် (Griffin) သို့မဟုတ် ဂရစ်ဖွန် (Griffan/Gryphon) အမည်ရှိ သတ္တဝါဆန်းတစ်မျိုး ဖြစ်သည်။ ယင်းသတ္တဝါ တည်ဆောက်ထားပုံမှာလည်း တစ်မျိုးဖြစ်သည်။



ဂရစ်ဖင် (Griffin)





ထိုသတ္တဝါ၏ ကိုယ်ခန္ဓာ၊ အမြီးနှင့် နောက်ပိုင်းခြေထောက်တို့သည် ခြင်္သေ့တစ်ကောင်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများဖြစ်ပြီး ရှေ့လက်နှစ်ဖက်နှင့် ဦးခေါင်းတို့မှာမူ လင်းယုန်တစ်ကောင်၏ ခြေထောက်နှင့် ခြေသည်းများ ဖြစ်ကြသည်။

ယင်းသတ္တဝါကား သတ္တဝါအားလုံးတို့၏ အရှင်သခင်ဟု ယူဆရတော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုံမှန်အားဖြင့် ခြင်္သေ့သည် တောသုံးတောင်ကို အစိုးရသော ဘုရင်ဖြစ်သည်ဟု ယူဆကြသကဲ့သို့ လင်းယုန်သည်လည်း ငှက်တို့၏ ဘုရင်ဖြစ်သည်။

သို့အတွက် ဘုရင်နှစ်မျိုးပေါင်းစပ်ထားသော ဂရစ်ဖင်အမည်ရှိ သတ္တဝါမှာမူ သတ္တဝါအားလုံး၏ အရှင်သခင်ဖြစ်လာလေတော့သည်။ ဒဏ္ဍာရီများတွင် ဂရစ်ဖင်သည် ရတနာများကို စောင့်ရှောက်သော အစောင့်အရှောက် ဖြစ်သည်။ ထူးဆန်းသော သတ္တဝါများကား အများအပြားပင် ဖြစ်သည်။

ယင်းတို့အထဲတွင် ထင်ရှားသော အခြားသတ္တဝါတစ်မျိုးမှာ ဟိုက်ဒြာ(Hydra)ခေါ် ရေသတ္တဝါကြီး ဖြစ်သည်။ ယင်းသတ္တဝါကြီးမှာ နဂါးပုံ ရေသတ္တဝါဖြစ်သော်လည်း ဦးခေါင်းပေါင်းများစွာ ပါဝင်လျက်ရှိသည်။ ဒဏ္ဍာရီတွင် ယင်းသတ္တဝါ၏ ခေါင်းတစ်ခုအား ဖြတ်တောက်လိုက်ပါက နောက်ထပ် ခေါင်းနှစ်လုံးပေါက်လာသည်ဟု အဆိုရှိသည်။

ထို့ပြင် ထွက်သက်ဝင်သက်သည် အဆိပ်ဖြစ်နေပြီး သွေးမှာလည်း အလွန်ပြင်းထန်သည့် အဆိပ်ဖြစ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



သူသွားရာလမ်းကြောင်းများသည်ပင် သေစေနိုင်သည်။



ဟိုက်ဒြာ (Hydra)

ထူးဆန်းလွန်းသော နောက်တစ်ကောင်မှာ ဆာဘားရပ်(စ) (Cerberus)ခေါ် ဦးခေါင်းသုံးလုံးနှင့် ခွေးကြီးဖြစ်သည်။ ဂရိဒဏ္ဍာရီတွင် ယင်းခွေးကြီးသည် မိစ္ဆာလောကဘုံ၏ ဂိတ်တံခါးဝကို စောင့်ရသည့် သတ္တဝါကြီးဖြစ်သည်။ ဒဏ္ဍာရီများနှင့် သတ္တဝါဆန်းတို့နှင့် ပတ်သက်သည့် အယူအဆများစွာရှိသည်။ ဂရိဒဏ္ဍာရီတွင် ပါဝင်သော်လည်း မဖော်ပြသော တိရစ္ဆာန်ဆန်းတို့ကား အများအပြားပင် ကျန်ရစ်နေသည်။







ဆာဘားရပ်(စ) (Cerberus)

ဂရိဒဏ္ဍာရီပုံပြင်များ ဖြစ်ပေါ်လာခဲ့သည်မှာလည်း အနည်းဆုံး နှစ်ပေါင်း(၃၀၀၀)ကျော် ကြာမြင့်ပြီဟု ပညာရှင်များ ယူဆကြသည်။ ထို့ပြင် ထူးဆန်းလွန်းသော စပ်ဟပ်မှုများဖြင့် တည်ဆောက်ထားသော ယင်းသတ္တဝါတို့အားလည်း ပုံပြင်ထဲတွင်သာ ဖန်တီးထားခဲ့သော သတ္တဝါများဖြစ်သည်ဟုသာ ယူဆခဲ့ကြသည်။

သို့သော် တွေ့ရှိရသော အတွေ့အကြုံများနှင့် သမိုင်းကြောင်းမှ ထူးဆန်းသော ဆေးပညာအောင်မြင်မှုများအပေါ် မူတည်လျက် ရှေးခေတ်က အာကာသ သူရဲကောင်းများ (An-



www.burmeseclassic.com

www.burmeseclassic.com



cient Astronauts) သီအိုရီကို ကိုင်စွဲထားကြသော ပညာရှင်များမှမူ ယင်းသတ္တဝါတို့သည် အပျော်တမ်းသက်သက် ဒဏ္ဍာရီများတွင် ပါဝင်ခဲ့သော သတ္တဝါများ မဟုတ်ကြဘဲ တစ်ချိန်တုန်းဆီက ကမ္ဘာမြေသို့ ရောက်ရှိခဲ့ကြသော အဆင့်မြင့်ပညာများ တတ်ကျွမ်းသည့် ဂြိုလ်သား (Alien)များ ဖန်တီးခဲ့ကြသည်ဟု ယူဆလျက်ရှိနေကြသည်။

ယင်းအယူအဆသည် အချည်းအနှီး အယူအဆတစ်ခုဟု ယူဆ၍ကား မဖြစ်နိုင်ပေ။ အခြားကမ္ဘာမှ အသိဉာဏ် မြင့်မားသော ဂြိုလ်သားများကို ထားဘိဦး။ မြေကမ္ဘာမှ ဆေးပညာရှင်တို့၏ အောင်မြင်မှုမှာလည်း ယင်းအယူအဆအား ထောက်ခံလျက် ရှိတော့သည်။

မွန်းတောက် မွန်းစတား (Montauk Monster)အကြောင်းကို ဖော်ပြပါဦးမည်။ ၂၀၀၈-ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့တွင် ဖြစ်သည်။ နယူးရော့(ခ)မြို့တော်၊ မွန်းတောက်ခရိုင်အတွင်းရှိ ကမ်းခြေတစ်ခုတွင် မွန်းတောက်မြို့မှ အသက်(၂၆)နှစ်အရွယ်ရှိ ဂျီးနဟီးဝှမ် (Jenna Hewitt)နှင့် သူငယ်ချင်း(၃)ယောက်သည် ကမ်းခြေတွင် လမ်းလျှောက်နေစဉ် ကမ်းခြေသို့ လှိုင်းပုတ်ကာ ရောက်ရှိလာသော အမျိုးအမည်မသိ တိရစ္ဆာန်အသေကောင်တစ်ခုကို တွေ့ရှိခဲ့သည်။

ယင်းအားကျွမ်းကျင်သူတို့မှ စစ်ဆေးကြည့်ရှုခဲ့ရာတွင် ဦးခေါင်းနှင့် နှုတ်သီးတို့မှာ ငှက်တစ်ကောင်နှင့် တူညီနေပြီး ကိုယ်ခန္ဓာမှာမူ ခွေးတစ်ကောင်၏ ကိုယ်ခန္ဓာအတိုင်း ဖြစ်ပေါ်





နေခဲ့သည်။ အေအေသီအိုရီသမားများကမူ ယင်းဖြစ်ရပ်သည် "ဒဏ္ဍာရီလာ သတ္တဝါဆန်းများသည် စိတ်ကူးယဉ်များ မဟုတ်ကြဘဲ အသိဉာဏ်မြင့်မားသော ဂြိုလ်သားတို့ မြင့်မားသော ခွဲစိပ်ကု အတတ်ပညာ၊ မျိုးဗီဇ အင်ဂျင်နီယာ နည်းစနစ်တို့ဖြင့် ဖန်တီးထားသော သတ္တဝါများသာ ဖြစ်သည်" ဟူသော အယူအဆကို ထောက်ခံနေသော ဖြစ်ရပ်တစ်ခုဟု ယူဆကြသည်။

ထို့ပြင် သူတို့က ယင်းဖြစ်ရပ်ကို ထောက်ချင့်ခြင်းအားဖြင့် မတူညီသော တိရစ္ဆာန်များ ပေါင်းစပ်ကာ သတ္တဝါဆန်းတစ်မျိုးမျိုး ဖန်တီးခြင်းကို ကမ္ဘာပေါ်ရှိ ဓာတ်ခွဲခန်းများတွင် လူမသိ သူမသိ အောင်မြင်စွာ ဆောင်ရွက်နေနိုင်ခြင်းက ထင်ရှားလှသည်ဟုလည်း ဆိုကြသည်။

ထို့ကြောင့် ဒဏ္ဍာရီထဲမှ စတင်လာခဲ့သော ထူးဆန်းသည့် သတ္တဝါကြီးများအပါအဝင် မိစ္ဆာပူးကပ်ခံရသော လူများနှင့် လူယောင်ဆောင်လာကြသော မိစ္ဆာတို့သည် ယခုကာလရောက်သည်အထိ ရှိနေကြခြင်း ဖြစ်ပေသည်။

ဦးဗန်ကောင်းက လက်ဖက်ရည်သောက်လိုက်၊ ကွမ်းစားလိုက်ဖြင့် ရှေးခေတ်ဒဏ္ဍာရီမှ စတင်ခဲ့သော သတ္တဝါကြီးများအကြောင်း၊ မိစ္ဆာပူးကပ်သောလူများနှင့် တိရစ္ဆာန်အကြောင်းများကို အထက်ပါအတိုင်း ပြောပြခဲ့ခြင်း ဖြစ်ပေသည်။ နီမောင်တို့ သုံးယောက်ကလည်း များစွာစိတ်ဝင်စားကြလေသည်။

"ဆရာကြီးပြောသလိုဆိုရင် ရှေးကတည်းက ထူးဆန်းတဲ့ သတ္တဝါကြီးတွေရှိသလို အခုလဲရှိနေကြသေးတာပေါ့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် လူကနေမိစ္ဆာ၊ မိစ္ဆာကနေ လူအသွင် ပြောင်းနေနိုင်တာလည်း ရှိနေကြတယ်ပေါ့”

နီမောင်ကမေးတော့ ဦးဗန်တောင်းက ခေါင်းညိတ်ပြသည်။

“ရှိတာပေါ့ကွာ၊ သူတို့က လူတွေနဲ့ နီးနီးမှာ မနေကြလို့သာ မတွေ့ကြတာပေါ့၊ ဒါထက်မေးပါရစေဦး၊ မင်းတို့ ဘယ်လိုအကြောင်းတွေရှိလို့ ဒါတွေစိတ်ဝင်စားနေကြတာလဲ ”

ထိုသို့မေးသဖြင့် နီမောင်က ထန်လုံခေါ်လာသော မဟူရာဆိုသည့် အမျိုးသမီးအကြောင်းကို သူသိသမျှပြန်ပြောပြလိုက်ရာ ဦးဗန်ကောင်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

“အဲဒါ ဆရာကြီး ဘယ်လိုသဘောရသလဲ”

“ဒါက သူ့အကြောင်းမှ မသိရသေးတော့ ချက်ချင်းကြီးမှတ်ချက်ချလို့တော့ မဖြစ်သေးဘူး၊ မင်းတို့မသင်္ကာရင် သူ့ကိုစောင့်ကြည့်နေပေါ့၊ သူသာ မင်းတို့ထင်သလို မိစ္ဆာတစ်ကောင်ကနေ လူအသွင်ဟန်ဆောင်ပြီး ရောက်လာတာမှန်ရင် ကြာရှည်ဟန်ဆောင်နေမှာ မဟုတ်ပါဘူး၊ မကြာခင်မှာ ဇာတိရုပ်ပေါ်လာပါလိမ့်မယ်”

“ကောင်းပါပြီ ဆရာကြီး၊ ကျွန်တော်တို့ကိုလည်း အရေးအကြောင်းရှိရင် ကာကွယ်ဖို့ ဆေးဝါးပစ္စည်းလေးတွေ ပေးပါဦး”

ဦးဗန်ကောင်းက ထွေထွေထူးထူး ပြောမနေတော့ပဲ သူစီရင်ထားသော ပစ္စည်းများထဲမှ မိစ္ဆာနှောက်ယှက်ခြင်းမှ





ကာကွယ်ပေးနိုင်သော အင်းအစီအရင်ဖြင့် ထိုးထားသော လက်ဖွဲ့သုံးခုကို ပေးလေသည်။

“ကျေးဇူးပါပဲ ဆရာကြီး”

ထို့နောက် အင်းလက်ဖွဲ့သုံးခုကို ယူဆောင်ကာ သုံးယောက်သား ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







(အခန်း - ၇)

# မိစ္ဆာကောင်နှင့် တိုက်ခိုက်ရခြင်း

ပန်နမ်းဒင်ရွာမှ ထန်လုံတို့နေအိမ်သို့ မဟူရာဆိုသော အမျိုးသမီးတစ်ယောက် ရောက်လာသောကိစ္စအတွက် နီမောင် စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေသည်။ မကောင်းဆိုးဝါးတစ်ယောက် ရွာတွင်းသို့ ရောက်နေရသကဲ့သို့ စိတ်တထင့်ထင့်ဖြစ်နေမိခြင်း ဖြစ်သည်။ တကယ်တော့ ထိုကိစ္စမှာ သူနှင့်တော့ သိပ်မဆိုင်ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့်လည်း မပြောသာပေ၊ အကယ်၍ ထိုမိန်းကလေးမှာ သူထင်သလို မိစ္ဆာမဟုတ်ပဲ အမှန်တကယ် ဒုက္ခရောက်နေသူတစ်ယောက်ဖြစ်နေပါက သူ့အတွက်ကြောင့် ပိုပြီး ဒုက္ခရောက်သွားမည်ကိုလည်း စိုးရိမ်နေရသေးသည်။ ထို့ကြောင့် ထန်လုံတို့အား ထွေထွေထူးထူး ထပ်မပြောတော့ပဲ အခြေအနေကို နားစွင့်နေရလေသည်။

တစ်နေ့တော့ ထူးထူးဆန်းဆန်း သတင်းတစ်ခုကြားကြရသည်။ လူတစ်ယောက် အသတ်ခံရသော သဇာင်းဖြစ်သည်။ သူတို့ရွာမှာတော့ မဟုတ်ပေ။ ပန်နမ်းဒင်ရွာနှင့် ရွာချင်းဆက်နေသည့် 'ဂူဘားရွာ'၌ ဖြစ်ပွားခြင်း ဖြစ်သည်။ ဂူဘားရွာမှာလည်း ရွာကြီးတစ်ရွာပင်ဖြစ်သည်။ ပန်နမ်းဒင်ရွာလောက် အိမ်ခြေမများသော်လည်း လေးဆယ်ကျော် ငါးဆယ်ခန့်ရှိသည်။ ရွာလူကြီး အုပ်ချုပ်သောရွာဖြစ်ပြီး ရွာလူကြီးမှ ဇမုန်းထန်ပင်ဖြစ်သည်။

ရွာတစ်ရွာတွင် လူတစ်ယောက်သေဆုံးသော ကိစ္စမှာ အဆန်းတကြယ်တော့ မဟုတ်ပေ။ သို့သော် ယခု လူသေခြင်းကတော့ ဆန်းကြယ်လှသည်။ လူတစ်ယောက်ကို ရိုးရိုးသတ်သွားခြင်းမဟုတ်ပဲ အသည်းနှလုံးကို ဖောက်ယူသွားခြင်း ဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ မဝေးလှသောကြောင့် သတင်းကြားသည်နှင့် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်မှာ ဂူဘားရွာသို့ သွားကြလေသည်။

ထိုရွာသို့ရောက်တော့ သေဆုံးသူနေအိမ်သို့ သွား





ရောက်ကြည့်ကြသည်။ အလောင်းကို ချက်ချင်းမချသေးပဲ အပြင်ထုတ်ကာ စင်ဖြင့်တင်ထားသောကြောင့် ကြည့်ရှုခွင့်ရကြလေသည်။ တစ်ကိုယ်လုံး သွေးများစွန်းပေနေရာ ဖုံးထားသော အဝတ်ပင် စိုရွှဲနေသည်။ ဖုံးထားသောအဝတ်ကို လှန်ကြည့်တော့ အသည်းနှလုံးရှိသောနေရာမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်ကို တွေ့မြင်ရသည်။

ဓား၊ လှံတို့ဖြင့် ထိုးခွဲထားခြင်းမျိုးမဟုတ်ပဲ လက်သည်းချွန်များဖြင့် ကုတ်ခွဲပြီး နှလုံးကို ထုတ်ယူသွားခြင်း ဖြစ်ဟန်ရှိပေသည်။ ထိုမြင်ကွင်းကိုမြင်တော့ စိတ်မချမ်းသာသောကြောင့် အလောင်းကိုအဝတ်ဖြင့် ပြန်ဖုံးထားလိုက်သည်။ သေသူမှာ အသက် ၃၀-ဝန်းကျင်ခန့်သာ ရှိသေးပြီး တောင့်တင်းကြံ့ခိုင်သော လူရွယ်တစ်ယောက် ဖြစ်သည်။ မိန်းမမရှိသေးပဲ မိသားစုများနှင့် နေထိုင်သူဖြစ်သည်။

နီမောင်က အိမ်ရှင်များကို မေးမြန်းကြည့်ရာ ၎င်းတို့က သိသမျှ ပြန်ပြောပြကြသည်။

"သူ့မှာ ရန်ငြိုးရန်စလည်း မရှိပါဘူး၊ ဟိုတစ်ရက်ကတော့ မိန်းမတစ်ယောက်ခေါ်လာတာ တွေ့လိုက်မိတယ်၊ သူယူမယ့် မိန်းမလို့တော့ ပြောသံကြားတာပါပဲ"

"သူက အဲဒီမိန်းမကို အိမ်ခေါ်လာတာလား"

"အရင်ရက်ကတော့ ခေါ်မလာဘူး၊ သေမယ့်ညကတော့ ခေါ်လာတာ တွေ့လိုက်မိတယ်၊ ညကျတော့ စူးစူးဝါးဝါး အော်သံကြီး ကြားလိုက်ရပြီး၊ မနက်လင်းတော့ သေနေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတော့တာပဲ"

"သူသေတော့ သူခေါ်လာတဲ့ မိန်းကလေးကိုရော တွေ့မိသေးသလား"

"မတွေ့တော့ပါဘူးကွယ်၊ သူလည်းကြောက်လို့ ထွက်ပြေးသွားတာနေမှာပေါ့"

ဟု ပြောပြလေသည်။ နီမောင်တို့လည်း နောက်ထပ် ထွေထွေထူးထူး မမေးတော့ပဲ ရွာသို့ပြန်လာကြလေသည်။ လမ်းရောက်တော့မှ စောထီးကမေးသည်။

"မင်းဘယ်လိုထင်သလဲ နီမောင်"

"ပုံကြည့်ရတာတော့ ရိုးရိုးအသတ်ခံရတာ ဖြစ်ပုံမရဘူး၊ ငါကတော့ မိစ္ဆာသတ်သွားတာလို့ ထင်တာပဲ"

"တို့ရွာရောက်နေတဲ့ မိစ္ဆာကိုပြောတာလား"

"သူ ဟုတ်မဟုတ်တော့ မသေချာဘူး၊ ဘာပဲဖြစ်ဖြစ် ဒါက ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူး၊ ဒီလိုဖြစ်စရှိရင် နောက်လည်း ဖြစ်လာနိုင်တယ်"

ဟု ပြောလေသည်။ သို့သော် နောက်ပိုင်းရက်များမှာတော့ ထူးခြားမှုမရှိတော့သဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်ကာ ကိုယ့်အလုပ်ကိုယ် လုပ်ကြပြန်လေသည်။

တစ်ပတ်ခန့်ကြာတော့မှ နောက်ထပ်ကြောက်စရာကောင်းသော အဖြစ်အပျက်တစ်ခု ထပ်ဖြစ်ပြန်လေသည်။ ဒီတစ်ကြိမ်တော့ အခြားရွာမှာ ဖြစ်ခြင်းမဟုတ်ပဲ ၎င်းတို့နေသောရွာ၌ပင် ဖြစ်လေသည်။ ညအချိန်တွင် ရွာစွန်ဘက်မှ ဆူးဆူးဝါးဝါး





အော်သံကြားကြရပြီး နောက်တစ်နေ့ မနက်ပိုင်းရောက်တော့မှ လူတစ်ယောက် သေဆုံးသွားကြောင့် သိကြရသည်။ ထိုအိမ်သို့ ဦးထန်ဖုန်းရှိန်၊ ထန်လုံ၊ နီမောင်တို့ပါ သွားရောက်ကြည့်ကြလေသည်။

ထုံးစံအတိုင်း သေဆုံးသူမှာ လူရွယ်တစ်ဦးဖြစ်ပြီး ရင်ဘတ်တွင် ပေါင်းလောင်းပွင့်ထွက်ကာ သေဆုံးနေခြင်း ဖြစ်ပေသည်။ ထိုသူမှာ ရွာအပြင်ဘက်မှာရှိသော စိုက်ခင်းများအနီးတွင် တဲထိုးနေခြင်းဖြစ်ပြီး သေဆုံးသော အချိန်မှာ ထိုတဲ၌ပင် ရှိနေခြင်း ဖြစ်သည်။

"ဘယ်လိုဖြစ်တာလဲ"

ဦးထန်ဖုန်းရှိန်က မေးလိုက်သည်။

"ညက ယာတဲမှာ တစ်ယောက်တည်း စောင့်အိပ်တယ်၊ ခါတိုင်းလည်း အိပ်နေကြပါပဲ၊ ညကတော့ တဲဘက်က အော်သံလိုလို ကြားလိုက်ရတယ်၊ မနက်ရောက်တော့မှ သွားကြည့်ကြတဲ့အခါ သေနေတာကို တွေ့ရတာပါပဲ သူကြီးရယ်"

ဟု ပြောပြသည်။ ထို့နောက် သေဆုံးသူအတွက် လိုအပ်သော အကူအညီများကို လုပ်ကိုင်ပေးခဲ့ကြပြီးနောက် အိမ်သို့ ပြန်လာကြလေသည်။ အိမ်ရောက်တော့ နီမောင်က ထန်လုံကို ပြောပြသည်။

"ငါတို့ထင်တဲ့အတိုင်းများ ဖြစ်နေပြီလား၊ ဟိုတစ်ပတ်က ဂူဘားရွာမှာ သေသွားတဲ့လူလည်း အဲဒီအတိုင်းနဲ့ပဲ သေခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်လိုထင်လို့လဲ"

"ငါတော့ မိစ္ဆာလက်ချက်လို့ ထင်တာပဲ၊ ဂူဘားရွာမှာ သေတာရော ဒီရွာမှာ သေတာပါ တရုတ်ကုန်သည် မန်ချူသေသလိုပဲ၊ ဗိုက်ထဲက အသည်းနှလုံးတွေ အထုပ်ခံရလို့ သေတာပဲ"

"တိုက်ဆိုင်တာရော မဖြစ်နိုင်ဘူးလား"

"ထန်လုံ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းမပေ့ါသင့်ဘူး၊ လေးလေးနက်နက် စဉ်းစားစေချင်တယ်၊ တော်ကြာ အပြစ်တွေ အားလုံး မင်းအပေါ် ပုံကျလာလိမ့်မယ်၊ နောက်ပြီး မင်းအတွက် အန္တရာယ်လည်း မကင်းဘူး"

"ငါ့အတွက်တော့ မစိုးရိမ်ပါနဲ့"

"မင်း ဘယ်လိုလုပ်မှာလဲ၊ သူ့ကို ဒီအတိုင်းပဲ ခေါ်ထားမှာလား"

"ငါကတော့ သေခြာတဲ့အဖြေတစ်ခု မသိရသေးခင်တော့ ဒီလိုပဲထားရမှာပဲ၊ အားကိုးစရာမရှိတဲ့ မိန်းကလေးတစ်ယောက်ကို ချက်ချင်းပြန်နှင်ဖို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ဟု ပြောသဖြင့် နီမောင်လည်း နောက်ထပ်ဘာမှ မပြောသာတော့ပေ။ ထိုနောက်မှာတော့ သေဆုံးသွားသော အလောင်းအား ဦးဗန်ကောင်းအား ခေါ်ပြသဖြင့် လာရောက်ကြည့်ရှုပေးသည်။

"သေတာရိုးရိုးမဟုတ်ပဲ အသည်းနှလုံးကို ထုတ်ယူသွားတာဆိုတော့ သာမန်တော့ ဟုတ်မယ်မထင်ဘူး"





"ဒါဖြင့် ဘာဖြစ်မလဲ ဆရာကြီး"

"ဒါမျိုးက မကောင်းဆိုးဝါးတွေပဲ လုပ်ကြတာဆိုတော့ မိစ္ဆာပဲ ဖြစ်မှာပေါ့"

"ကျွန်တော်ကတော့ ထန်လုံခေါ်လာတဲ့ မိန်းကလေးကို သိပ်ပြီးမသင်္ကာဘူး၊ သူရောက်လာတော့မှ ဒါမျိုးတွေ ဖြစ်လာတာပဲ၊ ဒါပေမယ့် တစ်ခုခက်နေတာက ထန်လုံကတော့ သူ့အပေါ်မှာ ဘယ်လိုမှ သံသယမရှိဘူး ဖြစ်နေတယ် ဆရာကြီး"

"ဒီကိစ္စမျိုးက ပေ့ါပေ့ါနေလို့ မရဘူး၊ တော်ကြာ လုပ်လို့ရမှန်းသိလို့ မိစ္ဆာတွေ အများကြီးရောက်လာရင်တော့ ဘယ်လိုမှ နိုင်မှာမဟုတ်တော့ပဲ တစ်ရွာလုံး သေကုန်ကြလိမ့်မယ်"

ထိုစကားကြောင့် များစွာထိတ်လန့်သွားကြလေသည်။

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာကြီး"

"တကယ်လို့ ထန်လုံခေါ်လာတဲ့ မိန်းကလေးက မိစ္ဆာဆိုရင်တောင်မှ သူ့ကိုတော့ ဘာမှလုပ်မှာ မဟုတ်ဘူး၊ တခြားလူတွေကို သတ်ဖြတ်စားသောက်ပြီး ကုန်တော့မှ သူ့ကိုစားမှာပဲ၊ ဒီတော့ မင်းတို့က ပေ့ါပေ့ါလျော့လျော့နဲ့ သတိလက်လွတ် မနေပဲ အခြေအနေကို စောင့်ကြည့်ပေးနိုင်ရင်တော့ ကောင်းမယ်"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့ တတ်နိုင်သလောက်တော့ ကြိုးစားပါ့မယ်"

ဟု ပြောဆိုကာ ပြန်ခဲ့ကြလေသည်။ ပန်နမ်းဒင်ရွာမှာ ရွာကြီးတစ်ရွာဖြစ်သောကြောင့် လူတစ်ယောက်သေတာလောက်တော့ သတိမမူကြပေ။ ကိုယ်နှင့်မဆိုင်သလိုပင် နေကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ တစ်ပတ်တစ်ခါလောက် တစ်ယောက်ပြီးတစ်ယောက် သေသောအခါ သတိပြုမိလာကြသည်။

ထိတ်လန့်ကြောက်ရွံ့လာကြသည်။ ထို့ထက် သေဆုံးသူများမှာ ရိုးရိုးမဟုတ်ပဲ ရင်ကိုဖောက်ပြီး အသည်းနှလုံးကို ထုတ်ယူသွားသဖြင့် သေရသောကြောင့်ပိုပြီး ကြောက်ရွံ့ထိတ်လန့်လာကြလေသည်။ ထို့ကြောင့် ရွာသူရွာသားများက စုဝေးပြီး ရွာလူကြီး ဦးထန်ဖုန်းရှိန်အိမ်သို့ သွားရောက်ပြောဆိုကြလေသည်။

"ရွာလူကြီး. . ၊ အခုရွာထဲမှာ လူတွေတစ်ယောက်ပြီးတစ်ယောက် အသတ်ခံနေရတယ်၊ သေတဲ့လူတွေကလည်း ရိုးရိုးသေတာမဟုတ်ဘူး၊ ဗိုက်ဖောက်ပြီး အသည်းနှလုံးတွေ ယူသွားခံရတယ်၊ ရွာထဲမှာ မကောင်းဆိုးဝါး ဝင်နေပြီထင်တယ်၊ နတ်ဆရာနဲ့ တစ်ခုခုလုပ်ပေးပါဦး"

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

"အေး. . မင်းတို့ရွာသူရွာသားတွေ လုပ်ချင်တယ်ဆိုရင် ငါကိုယ်တိုင် နတ်ဆရာနဲ့ ပူဇော်ပွဲတွေ၊ မကောင်းဆိုးဝါး နှင်ထုတ်ပွဲတွေ ပြုလုပ်ပေးမယ်"

ထိုသို့ပြောသဖြင့် ရွာသူရွာသားများလည်း ကျေနပ်သွားကြလေသည်။ နောက်ရက်မှာတော့ ရွာလူကြီး ဦးထန်ဖုန်းရှိန်ကိုယ်တိုင် ဦးဆောင်ပြီး နတ်ဆရာနှင့်အတူ နတ်ပူဇော်ပွဲနှင့် မကောင်းဆိုးဝါးနှင်ထုတ်သော အစီအရင်များကို ပြုလုပ်ပေးလေသည်။





ရွာသူရွာသားများလည်း ထိုကဲ့သို့ ပြုလုပ်ပေးတော့မှ စိတ်သက်သာရာ ရသွားကြပေသည်။ နောက်ရက်များမှာလည်း ထိုအကြောင်းများကို မေ့ပျောက်သကဲ့သို့ ဖြစ်ကာ ဝမ်းစာရေးအတွက် ကိုယ်အလုပ်ကိုယ်လုပ်ကြရပြန်သည်။ ထိုအချိန်က ခန်းတောက်မြစ်နှင့် မချစ်ဥပေါ်သော ရာသီဖြစ်သည်။ ထိုရာသီကျော်သွားလျှင် ရှာဖွေ၍မရနိုင်တော့ပေ။ တစ်နှစ်လုံးတွင် သုံးလလောက်သာ ရှာဖွေ၍ ရနိုင်ကြသည်။ ကျန်အချိန်များတွင် ရှာဖွေမရနိုင်ပေ။

နှစ်စဉ် မိုးရာသီဖြစ်သော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ သုံးလလောက်သာ မချစ်ဥရှာဖွေ၍ ရနိုင်ပေသည်။ ကျန်အချိန်များတွင် တောင်ပေါ်တွင် ရေခဲများ၊ နှင်းများဖုံးနေသောကြောင့် ရှာဖွေ၍ မရနိုင်ကြပေ။ ထိုသုံးလတွင် မချစ်ဥရှာဖွေ၍ရနိုင်သော်လည်း အချိန်အကြာကြီးတော့ မဟုတ်ပေ။ မချစ်ပင်က တစ်ကြိမ်အပင်ပေါက်လျှင် ၁၅-ရက်လောက်သာခံသည်။

ထိုရက်မှကျော်လျှင် အပင်ပျောက်သွားပြီး ဥကိုလည်း ရှာတွေ့ကြတော့ မည်မဟုတ်ပေ။ မချစ်ဥ ရှာဖွေခြင်းသည် မြောက်ပိုင်းဒေသ တောင်ပေါ်၌ နေထိုင်ကြသူတို့အတွက် ဝမ်းစာဖြစ်သောကြောင့် ထိုအချိန် ရာသီရောက်ပါက ဘယ်လိုအကြောင်းပဲရှိရှိ တောင်ပေါ်တက်ပြီး ခန်းတောက်မြစ်၊ မချစ်ဥ ရှာဖွေကြရသည်။

မုဆိုးများကတော့ ဈေးကောင်းရသော တာကင်နှင့် ဘာတိုးကောင်များ ရှာဖွေကာ ပစ်ခတ်ဖမ်းဆီးကြလေသည်။ သခု



www.burmeseclassic.com

www.burmeseclassic.com



လည်း ဂူဘားရွာနှင့် ပန်နမ်းဒင်ရွာတွင် မကြာခဏဆိုသလို ရွာသားများ အသတ်ခံနေရသောကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြသော်လည်း ရွာမှာနားမနေကြပေ။ တောင်ပေါ်တက်ကာ ပစ္စည်းများရှာဖွေကြရလေသည်။

နောက်ထပ် တစ်ပတ်လောက်ကြာသည်အထိ အခြေအနေမထူးပဲ ရှိနေရာမှ တစ်ညမှာတော့ ပန်နမ်းဒင်ရွာသား တစ်ယောက် အသတ်ခံရပြန်သည်။ တောင်ပေါ်မှ ပြန်ဆင်းလာရာ အချိန်လင့်နေသောကြောင့် တောင်ပေါ်မှာရှိသည့် လိုဏ်ခေါင်းတစ်ခုထဲမှာ ဝင်အိပ်နေစဉ် အသတ်ခံရခြင်း ဖြစ်သည်။ သူ့အလောင်းကို နောက်တစ်နေ့ရောက်တော့မှ တောင်ပေါ်တက်သူများက ရှာဖွေတွေ့ကြခြင်း ဖြစ်သည်။

ပထမတော့ အခြားသတ္တဝါတစ်ကောင်ကောင် လက်ချက်ဟု ထင်သော်လည်း ရင်ဘတ်ဟောင်းလောင်းပွင့်နေပြီး အသည်းနှလုံးများ မရှိတော့မှ မိစ္ဆာလက်ချက်မှန်း သိကြရလေသည်။

၎င်းသေဆုံးသော နေရာမှာရွာနှင့်အတော်ပင် ဝေးသောကြောင့် နီမောင်တို့ ထင်နေသလို ထန်လုံအိမ်မှာ ရောက်နေသည့် မဟူရာဆိုသော အမျိုးသမီးလက်ချက်မှ ဟုတ်ပါ့မလားဟု တွေးတောစရာ ဖြစ်ကြရပြန်လေသည်။ ထန်လုံနဲ့တွေ့သောအခါ မေးကြည့်ပြန်တော့ သူက ရယ်ရယ်မောမောနှင့်ပင် ပြောသည်။

“မင်းတို့ထင်သလို မဟုတ်ပါဘူးကွာ တကယ်လို့ ငါတို့





ရွာထဲကို မိစ္ဆာတစ်ကောင်ရောက်နေတာမှန်ရင်တောင်မှ သူကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ မင်းတို့ပြောကြပြီးကတည်းက ငါလည်း အကဲခတ်ကြည့်နေတယ်၊ ငါ့မိန်းမရော အိမ်ကလူတွေပါ မသိမသာ စောင့်ကြည့်နေကြတာပဲ၊ ဘာမှထူးခြားတာ မတွေ့ပါဘူး၊ အိမ်မှာလုပ်ပေးစရာတွေ လုပ်ပေးပြီး အေးဆေးပဲ နေတာပါပဲ၊ နောက်ပြီး ငါတို့အိမ်ရောက်ပြီးကတည်းက ဘယ်မှထွက်တာလည်း မတွေ့ရပါဘူး၊ ဒီတော့ မဟူရာကတော့ မိစ္ဆာမဖြစ်နိုင်တာ သေချာပါတယ်”

ဟု အာမခံသော စကားမျိုးပြောဆိုလေသည်။ သို့ကြောင့် နီမောင်တို့လည်း ထွေထွေထူးထူး ဘာမှမပြောသာတော့ပေ။ သို့သော်လည်း သုံးယောက်သား တိုင်ပင်ရလေတော့သည်။

“ထန်လုံကတော့ ခေါ်လာတဲ့ ကောင်မလေးက ချောမောလှပတော့ သူကိုယ်တိုင်များ သဘောကျနေတာလား မသိဘူး၊ ဘယ်တော့မှ မကောင်းမပြောဘူး”

“သူ သဘောကျတာ မကျတာက အရေးမကြီးဘူး၊ တကယ်လို့ ငါတို့ထင်နေသလို မိစ္ဆာဖြစ်နေရင် တစ်ရွာလုံး အန္တရာယ် ရှိလာနိုင်တယ်၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ် ထင်တယ်”

“လက်ဆုပ်လက်ကိုင်မမိပဲ၊ သက်သေမပြနိုင်ပဲ ပြောနေရင်လည်း ငါတို့ပြောတာကို ဘယ်သူမှယုံမှာ မဟုတ်ဘူး၊ လက်ခံမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မင်းက ဘယ်လိုလုပ်ချင်သလဲ"

"ငါတို့သုံးယောက်တည်းနဲ့တော့ မရဘူး၊ တခြား စိတ်တူကိုယ်တူ သုံးလေးယောက်လောက်ရှာပြီး၊ သူနေတဲ့အိမ်ကို ညတိုင်းစောင့်ကြည့်ကြရင် ပိုမကောင်းဘူးလား"

နီမောင်ပြောပြသော အကြံအစည်ကို ကျန်နှစ်ယောက်ကလည်း သဘောကျသဖြင့် ထိုအစီအစဉ်ကို ပြုလုပ်ကြလေသည်။ ဤသို့ဖြင့် သူတို့နဂါးနက်အဖွဲ့တွင် ပါဝင်သော လူငယ်လူရွယ်များထဲမှ ရှာဖွေစုဆောင်းရာ သုံးယောက်ထပ်ရလေသည်။

နော်ဂျာ၊ ဘရန်ဂျာနှင့် မိန်ခူးဝမ် ဆိုသော လူရွယ်သုံးယောက်ပင် ဖြစ်သည်။ နီမောင်တို့ သုံးယောက်နှင့်ပေါင်းလျှင် မိစ္ဆာနှိမ်နင်းရေးအဖွဲ့မှာ ၆-ယောက် ဖြစ်သွားကြသည်။

ထို ၆-ယောက်စလုံးမှာ သတ္တိရှိကြပြီး၊ အတိုက်အခိုက် အသတ်အပုတ် ကျွမ်းကျင်သူများ ဖြစ်ကြသည်။ သူတို့အစီအစဉ်က ညစဉ်တစ်ယောက်နှစ်ယောက်က မဟူရာရောက်နေသော ထန်လုံတို့ နေအိမ်ကို တစ်နေရာမှ လျှို့ဝှက်စွာ စောင့်ကြည့်နေကြပြီး အကြောင်းထူး၍ အချက်ပေးပါက အားလုံးစုပေါင်းပြီး ဝိုင်းဝန်းတိုက်ခိုက်ကြရန် ဖြစ်သည်။

တစ်ညတော့ နီမောင်နှင့် နော်ဂျာတို့နှစ်ယောက် စောင့်ကြည့်နေကြသည်။ သူတို့ထံမှာ ဓားနှင့်လေးမြား လက်နက်တို့ ပါသည်။ ထိုသို့စောင့်ကြည့်နေသော်လည်း ညဉ့်နက်ပိုင်း အချိန်အထိတော့ ထူးခြားမှုမတွေ့ရသေးပေ။ တစ်ရွာလုံးလည်း တိတ်





ဆိတ်ငြိမ်သက်နေကြသည်။ နှင်းများက ကျနေသောကြောင့် အအေးဓာတ်က တဖြည်းဖြည်းပိုများလာသည်။ ထို့ကြောင့် ခေါင်းစွပ်များ၊ ခြေအိတ်လက်အိတ်များ လုံခြုံအောင်ဝတ်ဆင်ပြီး စိတ်ရှည်လက်ရှည် စောင့်နေကြသည်။

ညဉ့်နက်ပိုင်းရောက်တော့ သူတို့စောင့်နေသော နေရာနှင့် မနီးမဝေးနေရာမှ အော်သံများ ကြားရသည်။

"ကယ်ကြပါရှင်. . ကယ်တော်မူကြပါ"

စူးစူးဝါးဝါးအော်သံကြောင့် နီမောင်တို့နှစ်ယောက်လည်း လက်နက်များအဆင်သင့်ကိုင်ကာ အသံကြားရာဘက်သို့ ပြေးကြလေသည်။ အော်သံကြားရသော အိမ်မှာမဝေးလှပေ။ သူတို့ရောက်သွားသော အချိန်မှာပင် အမှောင်ရိပ်ထဲမှ ပြေးထွက်လာသော လူတစ်ယောက်နှင့် ရင်ဆိုင်တိုးမိကြသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရသော်လည်း လက်ထဲမှာတော့ သွေးသံရဲရဲနှင့် အသည်းနှလုံး တစ်ခုကို ကိုင်ထားလေသည်။

"အဲဒါ မိစ္ဆာကောင်ပဲ နော်ဂျာရေ၊ မိအောင်ဖမ်းကြရအောင်"

ဟု ပြောပြီး နီမောင်က မြားဖြင့်ပစ်သည်။ မိစ္ဆာကောင် ရပ်နေသောနေရာက မဝေးလှသောကြောင့် မြားတံကပစ်မှတ်ရှိရာသို့ သွားသည်။ သို့သော် အနားမရောက်ခင်မှာပင် လက်မြင့်ရိုက်ချလိုက်သဖြင့် ဘေးသို့ထွက်သွားလေသည်။ နီမောင်က ထပ်ပစ်သည်။ မထိပေ။ ထို့ကြောင့် နှစ်ယောက်သား လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြားကိုချကာ ဓားလှံများကိုင်ပြီး ဝင်ရောက်တိုက်ခိုက်ကြလေသည်။

မိစ္ဆာကောင်က သူတို့ ဓားချက်၊ လှံချက်များကို အလွယ်တကူပင် ရှောင်တိမ်းသွားနိုင်လေသည်။ ၎င်းထံမှာတော့ ဓားလှံ လက်နက်မပါပေ။ သို့သော် လက်နှစ်ဖက်တွင်ပါသော လက်သည်းရှည်ကြီးများကတော့ ကြောက်စရာကောင်းသည်။ ထိုလက်သည်းချွန်များဖြင့် ကုတ်ခြစ်တိုက်ခိုက်လေသည်။

နီမောင်တို့ကလည်း အတိုက်အခိုက် အသတ်အပုတ် ကျွမ်းကျင်ကြသဖြင့် လက်သည်းချက်များကို ရှောင်တိမ်းရင်း ဓားလှံတို့ဖြင့် ထိုးခုတ်တိုက်ခိုက်ကြသည်။ မိစ္ဆာကောင်၏ မျက်နှာကို မမြင်ရသော်လည်း ဟသ်ာပြဒါးကဲ့သို့ နီရဲနေသောမျက်လုံးကိုတော့ မြင်ရသည်။ တဂီးဂီးနှင့်ဒေါသထွက်နေသည့် မာန်ဖီသံကို အတိုင်းသား ကြားရလေသည်။ ထူးခြားချက်မှာ ၎င်း၏ လက်သည်းချွန်များဖြင့် ပွတ်ကာသပ်ကာထိသောအခါ အကျီများပင် ပြဲကွဲသွားသော်လည်း ၎င်းတို့၏ ဓားချက်၊ လှံချက်များ ထိသော်လည်း မိစ္ဆာကောင်မှာ ဘာမှမဖြစ်သကဲ့သို့ ရှိနေလေသည်။

အတန်ကြာသောအခါမှာတော့ မိစ္ဆာကောင်မှာ ၎င်းတို့နှစ်ယောက်ကို တုံ့ပြန်တိုက်ခိုက်ခြင်း မပြုတော့ပဲ အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

"မင်း သူ့ကို မြင်လိုက်တယ် မဟုတ်လား နော်ဂျာ"

"မျက်နှာကို မမြင်လိုက်ရပေမယ့် အနီးကပ်ကြည့်တာ





တော့ မိစ္ဆာကောင်က မင်းထင်သလို မိန်းမတစ်ယောက် မဟုတ်တာတော့ သေချာတယ်"

"စဉ်းစားစရာပဲ၊ နောက်ပြီး ဓားချက်၊ လှံချက်တွေ ထိပေမယ့် သူ့ကဘာမှမဖြစ်ဘူး"

"မိစ္ဆာဆိုမှတော့ ကမ္ဘဝိဇ္ဇာရှိလို့လည်း ဓားလှံတွေနဲ့ ထိုးခုတ်လို့ မရတာဖြစ်မှာပေါ့"

နီမောင့်စိတ်ထဲမှာတော့ အတော့်ကို ရှုတ်ထွေးသွားပေပြီ။ ယခုညတွင် တွေ့လိုက်ရသော မိစ္ဆာကောင်က သူထင်ထားသလို မဟုတ်ရာမဟုတ်သလို မိန်းမတစ်ယောက်လည်း မဟုတ်ပေ။ ဒါဖြင့် လူတွေကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်ကာ အသည်းနှလုံး ထုတ်ယူနေသော မိစ္ဆာကောင်က ဘယ်သူလဲ။

ထိုအဖြေကတော့ နီမောင် သိချင်သော အဖြေတစ်ခုပင် ဖြစ်ပေတော့သည်။ ထိုညအဖို့မှာတော့ နီမောင့်အတွက် အဖြေမသိရသေးသော ပဟေဠိတစ်ပုဒ် ထပ်တိုးခဲ့ရပြန်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







(အခန်း - ၈)

# မဟူရာနှင့် အသည်းနှလုံးလာပေးသူ

ည ကလူတစ်ယောက်အသတ်ခံရပြီး အသည်းနှလုံး ထုတ်ယူသွားခြင်းကို ခံကြရပြန်သည်။ ရက်ပိုင်းလပိုင်း အချိန် အတွင်းမှာပင် ပန်နမ်းဒင်ရွာ၌ လူသုံးလေးယောက်ထက်မနည်း သေဆုံးခဲ့ရပေပြီ။ ဂူဘားရွာအပါအဝင် အခြားရွာများမှ သေဆုံး သူများပါ ရေတွက်ပါက လေးငါးယောက်ထက်မနည်း ရှိခဲ့ပေပြီ။ လူနေသောရွာတွင် လူသေခြင်းမှာ အထူးအဆန်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော်လည်း သေဆုံးသူများမှာ အခြားအကြောင်းကြောင့် မဟုတ်ပဲ အသည်းနှလုံး ထုတ်ယူခြင်းခံရပြီးမှ သေဆုံးကြခြင်း ဖြစ်သောကြောင့် ကောင်းသည့်လက္ခဏာတော့ မဟုတ်ပေ။

ယခု ပန်နမ်းဒင်ရွာတွင် လူတစ်ယောက် ထပ်သေပြန်သည်။ ကျေနပ်စရာတော့ မဟုတ်ပေ။ နီမောင်တို့တစ်တွေ အလှည့်ကျ စောင့်နေရင်းမှ အသတ်ခံရခြင်း ဖြစ်သည်။

သို့သော် ကျေနပ်နေသူတစ်ယောက်တော့ရှိသည်။ ထန်လုံပင် ဖြစ်လေသည်။ ထန်လုံက နီမောင်နှင့်တွေ့တော့ ပြောသည်။

"မင်း လက်တွေ့ကြုံရတော့ ကျေနပ်သွားပြီမဟုတ်လား"

"ဘာကိုပြောတာလဲ"

"မင်းက ငါအိမ်ရောက်နေတဲ့ မဟူရာကို မိစ္ဆာလို့ ထင်နေတယ်၊ ညက မင်းကိုယ်တိုင် မိစ္ဆာနဲ့တွေ့ပြီး တိုက်ခိုက်ခဲ့ရတာ ဆိုတော့ သူမဟုတ်မှန်း သိသွားပြီမဟုတ်လား"

"မိစ္ဆာဆိုတာ တစ်ကောင်တည်းရှိတာမှမဟုတ်တာ ထန်လုံရယ်"

နီမောင်စကားကြောင့် ထန်လုံ တစ်ချက်ပြုံးလိုက်သည်။

"မင်းကအခုအချိန်ထိ လက်မခံချင်သေးပဲကိုး၊ သူက သနားစရာကောင်းတဲ့ သာမန်လူတစ်ယောက်ပါကွာ၊ မင်းထင်သလို မိစ္ဆာမဟုတ်ပါဘူး၊ ဒါမှမကျေနပ်သေးရင် မင်းကိုယ်တိုင် သူနဲ့တွေ့ပြီး စစ်ဆေးမေးမြန်း ကြည့်ပေါ့ကွာ"

ဟု ပြောလေသည်။ နီမောင်ကတော့ ဘာမှပြန်မပြော





ပဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ နောက်တစ်ရက် အလုပ်အားသောအချိန်မှာတော့ ထန်လုံက စီစဉ်ပေးသောကြောင့် လူသူဝေးသောနေရာတစ်နေရာတွင် မဟူရာနှင့် တွေ့ရလေသည်။

မဟူရာက ရိုးရိုးပင်ဝတ်ဆင်လာပြီး ပုဝါတစ်ထည်ကို ခေါင်းပေါ်မှပတ် ပေါင်းလာလေသည်။ နီမောင်နှင့်တွေ့တော့ မနီးမဝေးမှာပင် မရဲတရဲအမူအယာဖြင့် ဝင်ထိုင်လေသည်။

"နင့် နာမည်က ဘယ်သူလဲ"

"ကျွန်မနာမည်က 'မဟူရာ'လို့ခေါ်ပါတယ်. . အစ်ကို နာမည်ကရော ဘယ်သူလဲ"

"ငါ့နာမည်က နီမောင်လို့ ခေါ်တယ်၊ ငါက ထန်လုံတို့နဲ့ တစ်ဖွဲ့တည်းပဲ"

"ကျွန်မကို ဘာကြောင့် တွေ့ချင်တာလဲဟင်"

"မေးစရာရှိလို့ပါ၊ တရုတ်ကုန်သည်နဲ့ပါလာတုန်းက ငါနဲ့တွေ့တော့ မင်းအကူအညီတောင်းခဲ့သေးတယ် မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

"နောက်တော့ မွန်ဂိုတွေလက်ထဲမှာ ပြန်တွေ့ရပြီး ထန်လုံက ခေါ်လာခဲ့တယ်၊ ဒါတွေက တိုက်ဆိုင်မှုတွေရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ကျွန်မကိုတစ်မျိုးမထင်ပါနဲ့၊ ကျွန်မက တကယ်ကို ဒုက္ခရောက်နေတဲ့သူပါ"

ဟု အသံလေးကတုံကရင်နှင့်ပြောရင်း မျက်ရည်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ပုဝါဖြင့်တို့သုပ်ပစ်နေသည်။ ထိုကဲ့သို့မြင်ရသော သာမန် ဒုက္ခရောက်နေသူတစ်ဦးကို အထင်မှားနေသလားလို့ပင် စိတ်ထဲ၌ ထင်မိလေသည်။

“မင်းသာ တကယ်ဒုက္ခရောက်နေတဲ့ သူဆိုရင် ငါတို့ကလည်း ဝိုင်းဝန်းအကူအညီပေးနိုင်ကြပါတယ်၊ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင် မင်းရောက်လာပြီးမှ ရွာမှာ လူတွေတစ်ယောက်ပြီးတစ်ယောက် သေကြရတယ်၊ သေတဲ့လူတွေကလည်း ရိုးရိုးသေတာမဟုတ်ပဲ အသည်းနှလုံးတွေ ထုတ်ယူခံရတယ်၊ မထူးဆန်းဘူးလား”

“အစ်ကိုက ကျွန်မကို မိစ္ဆာတစ်ကောင်လို့ ထင်နေတယ် မဟုတ်လား”

ထိုသို့ပြောပြီး နီမောင်ကို တစ်ချက်ကြည့်သည်။ နီမောင်ကလည်း အကဲခတ်ကြည့်နေသည်ဖြစ်သဖြင့် မျက်လုံးချင်းဆုံသွားသည်။ နီမောင်မှာ စပါးကြီးမြွေတစ်ကောင် အညှို့ခံလိုက်ရသကဲ့သို့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသောကြောင့် ချက်ချင်း အကြည့်လွှဲလိုက်ရသည်။

“အစ်ကိုက ကျွန်မကို စိတ်ထဲက မသင်္ကာဖြစ်နေရင် ကြိုက်သလို စစ်ဆေးလို့ရပါတယ်၊ အစ်ကိုဘယ်လိုနည်းနဲ့ပဲလုပ်လုပ် ကျွန်မလက်ခံပေးပါတယ်”

ဟု ပြောပြီး မျက်စိကိုမှိတ်ပြီး ဦးခေါင်းကိုမော့ပေးထားလေသည်။ ထိုအခါမှပင် သူမကို အသေအချာ ကြည့်ဝံ့လေသည်။ မဟူရာဆိုသော မိန်းကလေးမှာ ရုပ်ရည်ချောမောပြီး





သနားစဖွယ်ကောင်းသော အမူအယာရှိသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း လှပပြေပြစ်သည်။

ဒီလောက်လှပချောမောသည့် မိန်းကလေးတစ်ယောက်ကို ဘယ်သူမဆို လိုချင်ကြမည် ဖြစ်သည်။ တကယ်လို့သာ သူမပြောသလို ဒုက္ခရောက်နေသူတစ်ယောက်ဆိုပါက ဘယ်သူမဆို လက်ခံပေးနိုင်ကြမည် ဖြစ်ပေသည်။ နီမောင်က ချောမောလှပသော မဟူရာမျက်နှာလေးကို စိုက်ကြည့်နေရင်း အတွေးကောင်းနေစဉ် မဟူရာက ဖျပ်ခနဲ မျက်စိပြန်ဖွင့်လာသည်။

“အစ်ကို ကျွန်မပြောတာကို ယုံပြီလား”

နီမောင်မှာ ဘာမှပြန်မပြောသာတော့သဖြင့် အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

“တကယ်လို့ မင်းအပေါ်မှာ အထင်လွဲမိတာဆိုရင်တော့ ငါတောင်းပန်ပါတယ်”

ထိုစကားကြောင့် မဟူရာမျက်နှာပေါ်တွင် ကျေနပ်မှု အပြုံးကလေးများ ပေါ်လာလေသည်။

“ဒါဖြင့် ကျွန်မကို ညတိုင်းစောင့်ကြည့်နေဦးမှာလား ဟင်”

ထိုသို့မေးသဖြင့် အံ့သြသွားရပြန်သည်။

“ဟင်. . ဒါကို မင်း ဘယ်လိုသိတာလဲ”

“မိစ္ဆာမို့ သိတာမဟုတ်ပါဘူး၊ အစ်ကိုထန်လုံက ပြောပြထားလို့ သိရတာပါ”



www.burmeseclassic.com

www.burmeseclassic.com



သူမ အပြုံးဖြင့်ပြောသော်လည်း နီမောင်မှာတော့ စိတ်ထဲတွင် အတော်ပင်ကသိကအောက် ဖြစ်သွားမိလေသည်။ သစ္စာမရှိသော ထန်လုံအပေါ်မှာလည်း မကျေမနပ် ဖြစ်သွားမိလေသည်။ သို့သော် မတတ်နိုင်တော့ပေ။

"ကျွန်မက အစ်ကို့ကို အပြစ်တင်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ ကျွန်မက အစ်ကိုထန်လုံတို့အိမ်မှာ နေချင်လို့ နေနေရတာ မဟုတ်ပါဘူး၊ သူမိန်းမက ကျွန်မနဲ့စိတ်မချမ်းလည်း ရိပ်မိပါတယ်။ တခြားမှာ နေစရာမရှိလို့ နေရတာပါ။ တကယ်လို့ နေစရာရှိရင် ကျွန်မချက်ချင်း ထွက်သွားပါမယ်"

ဟုပြောရာ စိတ်မကောင်းဖြစ်သွားလေသည်။ နောက်တော့ မဟူရာကို ဖြောင်းဖြပြောဆိုကာ ပြန်ပို့ပေးပြီးနောက် နီမောင်လည်း ပြန်သွားလေတော့သည်။ မဟူရာအတွက် ထားပေးသောအခန်းမှာ အိမ်အနောက်ဘက်တွင် သီးခြားရှိနေသော အခန်းဖြစ်သည်။ ထန်လုံတို့ လင်မယားက သူမရောက်လာပြီးနောက်ပိုင်းတွင် နောက်ဘက်တွင် မနေတော့ဘဲ ရှေ့ဘက်၌ရှိသော အခန်းတစ်ခန်းသို့ ရွှေ့ပြောင်းနေကြလေသည်။

သူမနေသော အခန်းမှ တံခါးဖွင့်လိုက်လျှင် အနောက်၌ရှိသော တောတန်းနှင့် မဝေးလှပေ။ ထိုအခန်းသို့ပြန်ရောက်ကတည်းက မဟူရာမှာ အနောက်ဘက်တံခါးချပ်ကိုဖွင့်ပြီး တောရှိရာဘက်သို့ မျှော်ကြည့်နေလေသည်။ ထိုအခန်းမှကြည့်လျှင် မှိုင်းညို့နေသော တောအုပ်များကို မြင်ရသည်။ ရေခဲများ ဖုံးလွှမ်းနေသော တောင်တန်းကြီးများကို မှုံပျပျ လှမ်းမြင်ရလေသည်။





ထို့ကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးမြင်နေရသည်။ မှိုင်းညို့နေသည်ကတစ်ပိုင်း အပေါ်ပိုင်းက အဖြူရောင်များ လွှမ်းခြုံထားသည်ကတစ်ပိုင်းနှင့် ထင်တိုင်းလှနေသည်တော့ မဟုတ်ပေ။ သို့သော် ကြည့်လိုက်တိုင်း လွမ်းစရာမြင်ကွင်းမျိုးတော့ ရှိနေလေသည်။ အချိန်က ညဦးပိုင်းကျော်လာပြီဖြစ်သောကြောင့် တစ်ရွာလုံး ၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတစ်ရံတော့ ခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်လာတတ်လေသည်။

ယခု ရက်ပိုင်း လပိုင်း အချိန်ကာလအတွင်းမှာပင် ဖန်နမ်းဒင်ရွာ တစ်ရွာတည်းမှာပင် လူသုံးလေးယောက်မကတော့ပဲ သေဆုံးသွားခဲ့ပြီဖြစ်သောကြောင့် ညအချိန်ရောက်သာပါက အကြောင်းမရှိပဲနှင့် အပြင်ဘက်သို့ မထွက်ဝံ့ကြတော့သဖြင့် ယခုကဲ့သို့ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေခြင်း ဖြစ်ပေသည်။

မဟူရာကတော့ နီမောင်နှင့်တွေ့ခဲ့ပြီးနောက် သူကနေသောအခန်းသို့ ပြန်ရောက်သည့်တိုင် မအိပ်သေးပဲ အနောက်ဘက် ပြတင်းပေါက်ကိုဖွင့်ပြီး လရောင်ဆမ်းထားသော နှင်းတောင်တန်းကြီးများ ရှိရာသို့ လှမ်းမျှော်ကြည့်နေလေသည်။

ရှေ့၌ရေးသားခဲ့သည့်အတိုင်း တောင်ထိပ်ပေါ်တွင် နှင်းများဖုံးလွှမ်းနေသော တောင်တန်းကြီးများရှိရာသို့ မျှော်ကြည့်ရသည်မှာ လွမ်းစရာဖြစ်သည်။ မဟူရာရင်ထဲမှာလည်း တစ်စုံတစ်ခုကို လွမ်းဆွတ်နေသကဲ့သို့ ခံစားရလေသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကြည့်နေစဉ်မှာပင် နှင်းတောင်တန်းကြီးများရှိသော နေရာဘက်မှ ဝံပုလွေအူသံများ သဲ့သဲ့ကြားလာရသည်။ လာသာသောညာ လပြည့်ညများတွင် ယခုလို နှင်းဖုံးနေသည့် တောင်မြင့်ကြီးများပေါ်တွင် ဝံပုလွေအူသံများ ကြားရခြင်းမှာ ထူးဆန်းသည်တော့ မဟုတ်ပေ။

တကယ်တော့ နှင်းတောင်တန်းကြီးများမှာ ဝံပုလွေတို့ ပျော်စံရာ အရပ်ဒေသတစ်ခုပင် ဖြစ်ပေတော့သည်။ မဟူရာက ပြတင်းပေါက်သို့ မေးတင်ထားရင်း အဝေးသို့မျှော်ကြည့်နေစဉ်မှာ သူနေသော အခန်းမှာ သိမ့်ခနဲတုန်သွားလေသည်။

ထို့ကြောင့် ဖွင့်ထားသော ပြတင်းပေါက်တံခါးကို ပြန်ပိတ်လိုက်ရာ အခန်းထဲမှာ မှောင်သွားလေသည်။ ထိုအခိုက်မှာပင် အခန်းထဲသို့ လူရွယ်တစ်ယောက် ဝင်လာလေသည်။ မဟူရာနှင့် အသက်ချင်း မတိမ်းမယိမ်းရှိသော်လည်း အနည်းငယ်တော့ ငယ်ပုံရသည်။

သို့သော် ရုပ်ရည်က ယောကျာ်းပီသသော ရုပ်ရည်မျိုးဖြစ်ပြီး ကိုယ်လုံးကိုယ်ထည်က တောင့်တင်းကြံ့ခိုင်သည်။လူရွယ်လက်ထဲတွင် ဖက်စိမ်းဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် ပါလာသည်။ ထိုအထုပ်ထဲမှ သွေးများစိမ့်ကျနေလေသည်။ မဟူရာက ထိုအထုပ်ကို စိတ်ဝင်စားစွာ စိုက်ကြည့်နေလေသည်။

"သီဟ နင်ဘာကြောင့်ရွာထဲဝင်လာတာလဲ၊ တော်ကြာ ရွာသားတွေနဲ့ တွေ့သွားရင် ခက်လိမ့်မယ်"

မဟူရာက စိုးရိမ်သောလေသံဖြင့် တိုးတိုးပြောလိုက်





သည်။

"ငါ့အတွက်စိတ်မပူပါနဲ့၊ သူတို့ငါ့ကိုမိအောင် မဖမ်းနိုင်ပါဘူး၊ နင့်ကိုစောင့်ကြည့်တဲ့ သူတွေရှိနေတော့ အပြင်ထွက်ဖို့မလွယ်ဘူး မဟုတ်လား"

မဟူရာက ဘာမှပြန်မပြောပေ။

"အပြင်မထွက်ရတော့ နင်စားချင်တာ ဘယ်စားရတော့မလဲ၊ ဒါကြောင့် ငါလာပို့ပေးတာ"

ဟုပြောပြီး ယူလာသော ဖက်စိမ်းထုပ်ကို လှမ်းပေးသဖြင့် ယူလိုက်သည်။ ဖက်စိမ်းထုပ်မှ သွေးများစိမ့်ထွက်ကာ တစ်စက်ချင်း ကျနေသည်။ သွေးနံ့ရသည်နှင့်ပင် မဟူရာ၏ မျက်နှာကပြောင်းလဲသွားသည်။ စောစောကလို ဖျော့တော့နေခြင်းမျိုးမရှိတော့ပဲ သွေးရောင်များ တက်လာသည်။ အထုပ်ကို ဖြေကြည့်လိုက်တော့ လောလောလတ်လတ် ထုတ်ယူလာသော အသည်းနှလုံးတစ်စုံကို တွေ့ရလေသည်။

"နင် စားလိုက်ပါ၊ မစားပဲနေရင် နင်အသက်ဆက်ရှင်နိုင်မှာမဟုတ်ဘူး"

ဟု ပြောတော့မှ ကိုက်ဖြတ်စားသောက်လေသည်။ ထိုသို့စားသောက်သောအခါ ပါးစပ်တစ်ခုလုံး သွေးများစွန်းပေနေတော့သည်။

"နင် ဘာကြောင့် ဒီနေရာမှာ လာနေတာလဲ၊ လူတွေက ငါတို့ရဲ့ရန်သူတွေပဲ၊ လူတွေနေတဲ့နေရာက ငါတို့အတွက် အတော့်ကို အန္တရာယ်များတယ်၊ ကိုယ်နေတဲ့ နေရာမှာပဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး နေပါလား"

"မပြန်သေးဘူး၊ ငါ့မှာရည်ရွယ်ချက်ရှိတယ်၊ ဒီရည်ရွယ်ချက်အတိုင်း ဖြစ်အောင် လုပ်ရဦးမယ်"

"နင့်မှာ ဘယ်လို ရည်ရွယ်ချက်တွေရှိနေလို့လဲ"

"ငါ လူတစ်ယောက်နဲ့ အတူတူနေနိုင်တဲ့အထိ ကြိုးစားရမယ်၊ မွေးလာတဲ့ကလေးတွေဟာ ငါတို့ သွေးတစ်ဝက်ပါတဲ့ ကလေးတွေ ဖြစ်ရမယ်၊ ကြာလာရင် တစ်ရွာလုံး ငါတို့မျိုးနွယ်တွေချည်း ဖြစ်ရမယ်၊ အဲဒီအခါကျရင် ဘယ်သူမှကြောက်စရာ မလိုတော့ပဲ လူတွေဟာ ငါတို့မျိုးနွယ်တွေရဲ့ အစာတွေဖြစ်လာရမယ် သီဟ"

မဟူရာက အသည်းနှလုံးကို ကိုက်ဖြတ်စားသောက်နေရင်းမှ သူမရည်ရွယ်ချက်ကိုပြောပြရာ သီဟက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"နင်ကလူတွေကို လျှော့တွက်ထားတာကိုး၊ လူဆိုတာ ငါတို့ထက် အကြံအစည်ကောင်းတယ်၊ ကြောက်စရာလည်း ကောင်းတယ်၊ သူတို့မှာ သေစေနိုင်တဲ့ သေနတ်၊ ဓား၊ လှံ၊ လေးများတွေရှိသလို အစွမ်းထက်တဲ့ ဆေးဝါးတွေလည်း ရှိကြတယ်၊ နင် ဒါတွေကိုရော စဉ်းစားမိရဲ့လား"

"နင်ပြောတာမှန်ပါတယ်၊ ဒါပေမယ့် သူတို့မှာ အားနည်းချက်တွေ ရှိပါတယ်၊ လောဘတက်လောက်တဲ့အရာပဲဖြစ်ဖြစ်၊ လှပတဲ့ ရှုမှက်ကျော့ကွင်းနဲ့ပဲဖြစ်ဖြစ် ထောင်ဖမ်းရင် ရနိုင်ပါတယ်၊ ငါလူတစ်ယောက်ယောက်နဲ့ လက်ထပ်နိုင်တဲ့ အခြေ





အနေရောက်တဲ့အထိ ဒီနေရာမှာ ဆက်နေဦးမယ်"

မဟူရာ၏ ရည်ရွယ်ချက်ကိုကြားတော့ သီဟက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါကတော့ နင့်ကို ပြန်လာစေချင်တာပဲ၊ ဒါမှ မပြန်လာသေးဘူးဆိုရင်လည်းနေပေါ့၊ ငါကတော့ တတ်နိုင်သလောက် အကူအညီလာပေးပါ့မယ်"

"ဒါပေမယ့် နင့်ကို တစ်ခုတော့ မှာထားရဦးမယ်၊ တချို့လူတွေက ငါ့ကိုမသင်္ကာလို့ စောင့်ကြည့်နေတာတွေ ရှိတယ်"

"ဟိုတစ်ညက ငါသူတို့နဲ့တွေ့ပြီးပါပြီ၊ သူတို့ ငါ့ကိုမိအောင် မဖမ်းနိုင်ပါဘူး"

"သိပ်တော့ အတင့်မရဲပါနဲ့၊ နောက် ငါ့အတွက်အသည်းနှလုံးရှာပေးရင်လည်း ဒီပတ်ဝန်းကျင်မှာ မရှာပါနဲ့ တခြားဝေးတဲ့နေရာတွေမှာပဲ ရှာခဲ့ပါ"

"ငါက နင့်ကို စိတ်မချလို့ပါ"

ထိုသို့ပြောဆိုနေစဉ် တံခါးခေါက်သံ ပေါ်ထွက်လာသည်။ ထိုအသံကြားသည်နှင့် သီဟဆိုသောလူမှာ ပြတင်းပေါက်ကိုဖွင့်ပြီး အောက်သို့ခုန်ဆင်းသွားလေတော့သည်။ မဟူရာကလည်း ပါးစပ်မှာ စွန်းပေနေသော သွေးများကို အဝတ်ဖြင့် သုတ်ကာ တံခါးဖွင့်ပေးလိုက်သည်။ တံခါးပေါက်ဝမှာတော့ ထန်လုံကို တွေ့ရလေသည်။

"မင်းအခန်းထဲက စကားပြောသံလိုလို အသံကြားလို့ လာကြည့်တာ၊ မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အခန်းထဲမှာ ဘယ်သူမှမရှိပါဘူး၊ အစ်ကို ဝင်ကြည့်ပါလား"

ဟုပြောကာ လူဝင်လာအောင် တံခါးဟပေးလိုက်သည်။

"မဝင်တော့ပါဘူး၊ မင်းကတစ်ယောက်တည်းနေရတာဆိုတော့ စိတ်မချလို့ လာကြည့်တာပါ"

ထန်လုံက အဝတ်အစား ကပိုကရိုနှင့် တွေ့ရသော မဟူရာကို စိတ်လှုပ်ရှားနေသော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။ အချိန်က ညဉ့်နက်ပိုင်း အချိန်ကျော်ခဲ့ပေပြီ။







(အခန်း - ၉)

# မချစ်ဥ သို့မဟုတ် မသေဆေးပင်

နှမောင်တို့လို ကျေးလက်တောရွာများ၌ နေကြသူတို့မှာ ရာသီအချိန်အခါတို့ကိုကြည့်ပြီး အလုပ်လုပ်ကြရသည်။ အချိန်အခါနှင့် ရာသီကလူကို မစောင့်တတ်ပေ။ သူ့ရာသီ သူ့အချိန်အခါတွင် လုပ်သင့်လုပ်ထိုက်သော အလုပ်များကို မလုပ်လိုက်မိပါက ရာသီကျော်သွားသောအခါတွင် လုပ်မရကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဝကျွန်းပေါ် အရပ်များတွင် နှစ်စဉ် နယုန်လလောက်မှ စတင်ပြီး စပါးစိုက်ပျိုးခြင်း အလုပ်ကိုလုပ်ကြရသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလရောက်သည်အထိ စပါးပင် စိုက်ပျိုးခြင်းကို ပြီးအောင်လုပ်ကြရသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလက စပါးပင်များ ကြီးထွားပြီး အသီးစတင်သီးသော အချိန်အခါဖြစ်သည်။

နောက်ပိုင်းမှာတော့ စပါးရင့်မှည့်ခြင်း၊ ရိတ်သိမ်းခြင်းများ သူ့အချိန်နှင့်သူ ပြုလုပ်ကြရသည်။ နှင်းဖုံးသောတောင်များပေါ်မှာတော့ မိုးရွာပြီး ရေခဲများအရည်ပျော်ကျသော တော်သလင်းလ (ဩဂုတ်လ)မှ စတင်ပြီး မချစ်ဥရှာဖွေသော အလုပ်ကို စတင်ကြရလေသည်။ ဩဂုတ်လ၊ စက်တင်ဘာလ၊ နောက်ပိုင်းရောက်လျှင် ရှာဖွေ၍ မရနိုင်တော့ပေ။

ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ သုံးလသည် အောက်ပိုင်းဒေသများတွင် မိုးများသောရာသီ ဖြစ်သော်လည်း ရေခဲဖုံးသောတောင်များပေါ်မှာတော့ ဖုံးအုပ်နေသော ရေခဲများအရည်ပျော်ကျသွားချိန် ဖြစ်သောကြောင့် မချစ်ဥအပါအဝင် ခန်းတောက်မြစ် စသောဆေးပင်ဆေးမြစ်၊ ဆေးဥများ ရှာဖွေရကြလေသည်။

ထိုအချိန်ရောက်လာပြီဆိုလျှင် တစ်နှစ်လုံးအတွက် ဝမ်းစာရစေရန်အတွက် အခြားဘယ်လိုသော အကြောင်းပဲရှိရှိ တောင်ပေါ်တက်ကာ ဝမ်းစာရှာဖွေကြရလေသည်။ ထိုသို့ရှာဖွေခြင်းကပင် သူတို့အတွက် ဝမ်းစာရှာဖွေစုဆောင်းခြင်း ဖြစ်ကြလေသည်။ ယခုတလော ပန်နမ်းဒင်ရွာနှင့် အခြားရွာများတွင်





မိစ္ဆာသတ်ဖြတ်ခြင်းကြောင့် လူအချို့သေကြရသည်။ သို့သော် ခဏပဲ ဂရုစိုက်နိုင်ကြပြီး ကိစ္စပြီးသည်နှင့် တောင်ပေါ်တက်ကြရသည်။

နီမောင်တို့တတွေလည်း ကိုယ့်အစုနှင့်ကိုယ်၊ ကိုယ့်အဖွဲ့နှင့်ကိုယ် တောင်ပေါ်တက်ကြရသည်။ ထိုအချိန်ရောက်သည်နှင့် မချစ်ဥဝယ်ယူလိုသော တရုတ်ကုန်သည်များလည်း ရောက်လာကြလေသည်။ ခန်းတောက်မြစ်၊ မချစ်ဥ၊ ကတိုးမွှေးနှင့် တာကင်ဦးချို စသည်တို့မှာ ၎င်းတို့အလိုချင်ဆုံးပစ္စည်းများ ဖြစ်ကြလေသည်။

ခန်းတောက်ပင်က အမြစ်ကိုအသုံးပြုသည်၊ သုံးနှစ်သက်တမ်းရှိသော ဆေးပင်မှအမြစ်သည် ခြောက်လက်မမှ ရှစ်လက်မခန့် ရှိသည်။ နန္ဒင်းတက်အတွင်းထားကဲ့သို့ အဝါရောင်ဖြစ်ပြီး အရသာမှာ လွန်စွာခါးလှပေသည်။ ခန်းတောက်မြစ်က ဝမ်းရောဂါအားလုံး၊ ငှက်ဖျားနှင့်သက်ဆိုင်သော ရောဂါများကို ရေနွေးဖြင့် ပြုတ်သောက်ရုံနှင့် ပျောက်ကင်းစေနိုင်ဘည်။

မချစ်ဥကတော့ အခေါ်အဝေါ် အမျိုးမျိုး ရှိကြသည်။ ရဝမ်ဘာသာဖြင့် မဂျစ်၊ လီဆူးဘာသာဖြင့် ပိုမိုး၊ ခမ်းတီး ရှမ်းဘာသာဖြင့် 'ယာဖလိုနွယ်' တရုတ်ဘာသာဖြင့် လစုံ၊ မြန်မာဘာသာဖြင့် မသေဆေးဥ၊ ဂမုန်းသက်ရှည်ဆေးဥဟု အခေါ်အဝေါ် အမျိုးမျိုးရှိကြလေသည်။

မချစ်ဥကို အခြားအခေါ်အဝေါ်အမျိုးမျိုးလည်း ရှိပေသေး၏။ ကချင်ပြည်နယ်တွင် တွေ့ရသည့် ဆေးဖက်ဝင်သော



www.burmeseclassic.com

www.burmeseclassic.com



သစ်မြစ်သစ်ဥတို့အနက် 'မချစ်' ခေါ် ကြက်သွန်ဂမုန်းသည် နာမည်အကြီးဆုံး ဆေးဥဖြစ်လေသည်။

'မချစ်'မှာ ရဝမ်တိုင်းရင်းသားစကားဖြစ်သည်။ ၎င်းသည် တိဗက်-မြန်မာ နယ်စပ်တွင်သာ တွေ့ရသည့် ဆေးဥဖြစ်သည်။ သို့ဖြစ်၍ ၎င်းဒေသရှိ ရဝမ်တိုင်းရင်းသားတို့ ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း အခြား ဂျင်းဖော၊ ခန္တီးရှမ်းလူမျိုးများကပါ 'မချစ်'ဟု ခေါ်တွင်နေကြခြင်း ဖြစ်လေသည်။

'အဒွန်းလောင်း' နှင့် 'စိန်ခူးဝမ်' မြစ်ဝှမ်းနေ တိဗက်လူမျိုးများကမူ 'မချစ်' အား 'ယော်တော့' (Yaw Taw)ဟု ခေါ်ကြသည်။ ယူနန်နယ်မှ တရုတ်များကမူ 'မချစ်'အား 'ပိုက်မူ' (Pai-Mu)ဟု ခေါ်ကြ၏။ အနောက်နိုင်ငံသုံး ရုက္ခဗေဒစကားဖြင့် ဖရီတယ်လရီယား ရွိုင်လေ (Fritillaria Roylei)ဟု ခေါ်တွင်ကြောင်း လေ့လာတွေ့ရှိကြရလေသည်။

## မချစ်ရောင်းဝယ်မှု

'မချစ်' ဆေးဂမုန်းကို အသုံးပြုရန် စတင်သိရှိကြသူများမှာ ယူနန်နယ်မှ တရုတ်ကုန်သည်ကြီးများပင် ဖြစ်ကြ၏။

မြန်မာပြည်မြောက်ဘက်အစွန်းဆုံး နယ်စပ်ဒေသရှိ 'မချစ်'ထွက်သော နေရာများကို စတင်သိရှိကြသူများမှာ တိဗက်များပင် ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီလောက်မှ မြန်မာပြည်တွင်းနေ တိုင်းရင်းသား ရဝမ်၊ ထလု၊ တရုံ တိုင်းရင်းသားတို့ စတင်





၍ မချစ်ရှာဖွေရကောင်းမှန်း သိရှိလာကြသည်။

ယူနန်မှ တရုတ်လား ဝန်တင်ကုန်သည် 'လောပန်'ကြီးများသည် မချစ်ကို စုဆောင်းဝယ်ယူသူများ ဖြစ်ကြသည်။

မြန်မာပြည်တောရွာများတွင် စပါးပေးယူသော အရင်းရှင်များကဲ့သို့လည်းကောင်း၊ လောပန်ကြီးများသည် မချစ် ရှာဖွေတူးဖော်သူများထံသို့ ဆား၊ အဝတ်အစား၊ ဝက်ပေါင်ခြောက်၊ လက်ဖက်ခြောက်၊ ငွေ စသည်တို့ ကြိုတင်၍ပေးထားပြီး မချစ်ပေါ်ချိန်တွင် လာရောက်သိမ်းဆည်းသွားကြလေ့ ရှိကြ၏။

နှစ်စဉ်နှစ်စဉ် မချစ်ပေါ်ချိန်ရောက်လျှင် တရုံမြစ်ဝှမ်းမွန်ဒမ်းဘက်မှ တရုတ်လားကုန်သည် တစ်ရာ နှစ်ရာဆိုသလို နမ်တမိုင်မြစ်ဝှမ်းအတိုင်း မြန်မာပြည်သို့ ဝင်ရောက်လာကြ၏။

ကုန်သည်တစ်ဦးလျှင် လားများအပြင် အထမ်းကူလီ ၇၀-ခန့်ပါလာသည်ဖြစ်ရာ မချစ်ပေါ်ချိန်တွင် နမ်တမိုင်မြစ်ဝှမ်း၏ ဗဟိုဖြစ်သော ပန်နမ်းဒင်ရွာ စခန်းမှာ ဈေးဆိုင်များနှင့် အထူးစည်ကားသော နေရာဖြစ်ခဲ့သည်။

စစ်ပြီးခေတ်နှင့် ၁၉၄၆-၄၇ ခုနှစ်ခန့်ထိ ဤအတိုင်းပင်ရှိခဲ့ရာမှ တဖြည်းဖြည်း တရုတ်နီအစိုးရ၏ တားမြစ်ပိတ်ပင်မှုကြောင့် ပပျောက်တိမ်ကောသွားရခြင်း ဖြစ်ပါသည်။

ယခုအခါတွင် တရုတ်ပြည်ဘက်မှ ကုန်သည်များ မလာရောက်သော်လည်း မိမိဘက်မှ နားလည်သူ တိုင်းရင်းသားများက မချစ်တူးသူများထံမှ တစ်ဆင့်သိမ်းယူပြီး တရုတ်ပြည် မွန်ခင်းမြို့သို့ သွားရောက်ကာ ပစ္စည်းချင်းဖလှယ်ခြင်း ရောင်းချခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရလေသည်။

မြန်မာပြည်မကြီးမှလည်း 'မချစ်'ကို အသုံးပြုရမှန်း သိလာသည့် တရုတ်များကြောင့် တရုတ်ပြည်ဘက်တွင်မက နောင်မွန်၊ မူတာအိုမှ တစ်ဆင့် မချစ် အရောင်းအဝယ် စတင်ဖြစ်ပေါ်လာခဲ့သည်။

## ရှာဖွေရနိုင်သည့် အချိန်နှင့်ဒေသ

'မချစ်' တူးချိန်မှာ တစ်နှစ်လျှင် သုံးလမျှသာ ဖြစ်၏။ 'မချစ်'ပင်ကို ရှာဖွေတွေ့ရှိရန်မှာ တစ်နှစ်လျှင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွင်သာဖြစ်၍ အခြားအချိန်တွင် ရှာဖွေမတွေ့နိုင်ပေ။

မချစ်အပင်မှာ နေရာတကာတွင် မတွေ့နိုင်ပါ။ မချစ်အပင်သည် ပေအမြင့် တစ်သောင်းနှစ်ထောင်ထက် နိမ့်သောနေရာတွင် မပေါက်ကြပေ။ အမြင့်ပေ ၁၂၀၀၀ နှင့် ၁၃၀၀၀ မှ အထက်သာမန်သစ်ပင်များ ကောင်းစွာမပေါက်နိုင်သည့် ရေခဲဖုံးဒေသများတွင်သာ မချစ်ပင်များ ပေါက်ကြပါသည်။

တိဗက်-မြန်မာနယ်စပ်တွင် နှစ်စဉ်အောက်တိုဘာလလောက်ကစ၍ ရေခဲဆီးနှင်းများ ကျစပြု၏။ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ဖြူဖွေးသော ရေခဲထုများ ထူပိန်းပြီး တောင်တန်း တောင်ကြောတစ်လျှောက်လုံး အုပ်ဆိုင်းနေပေပြီ။

တိဗက်နှင့် ယူနန်သွားသည့် တောင်ကြားလမ်းများသည် ရေခဲကြောင့် ပိတ်လျက်ရှိကြတော့သည်။ မတ်လကုန်၊ ဧပြီလလောက်တွင် ရေခဲများစတင်၍ အရည်ပျော်ကြ၏။ မိုးလည်း တဖြောက်ဖြောက်ကျလျက်ရှိပြီ။





မေလတွင် အချို့မြင့်မားလှသည့် နေရာလောက်မှလွဲပြီး ကျန်တောင်များတွင် ဖြူဖွေးသော ရေခဲများမရှိကြတော့ပါ။ ဤကဲ့သို့ ဆီးနှင်းရေခဲများ အရည်ပျော်စအချိန်မှာ ပေသောင်းနှစ်ထောင်ကျော်အထက်တွင် မချစ်ဥများ လူးလွန့်ပေါ်ထွက်လာကြပေသည်။

မချစ်ရှာဖွေတူးကြရမည့် သူများသည် မချစ်ရှိမည့် စားကျက်တွင်းသို့ ဇွန်လ ၂၀-ရက်နေ့လောက်မှန်းပြီး အရောက်လာကြရပါသည်။ မချစ်ပင်မှာ ကြာကြာမခံပါ။ ၁၅-ရက်သာခံသဖြင့် ဤရက်အတွင်း မချစ်ပင်ကို တွေ့အောင်ရှာရမည်ဖြစ်၏။

မြင့်မားလှသည့် တောင်ပေါ်ဒေသတွင် မချစ်တူးမည့် သူများသည် ၁၀-ရက်၊ ၁၅-ရက် စားနပ်ရိက္ခာများကို သယ်ဆောင်သွားကြရမည်ဖြစ်၏။ အနီးဆုံးရွာနှင့် ဤမချစ်စားကျက်ကွင်းများမှာ အနည်းဆုံး ၄-ရက် မှ ၁၀-ရက် ခရီးကွာဝေးကြပြန်သည်။ သို့ကြောင့် မချစ်ရှာဖွေရေး၊ တူးဖော်ရေးမှာ ထင်သလောက် မလွယ်ကူလှပေ။

## မချစ်တူးဖော်ခြင်း

မချစ်ပင်များမှာ အကောင်းအဆိုး အမျိုးမျိုးရှိကြ၏။ အပင်၏အမြင့်မှာ ၂-ပေခွဲခန့် ရှိသည်။ အကောင်းဆုံးနေရာရှိ အပင်များမှာ ၃-လကျော်ရှိသည်။

'ဂုင်းအပင်မျိုး၏ ပင်စည်မှာ အမျိုးသမီး၏ လက်သန်း



www.burmeseclassic.com

www.burmeseclassic.com



မျှသာကြီး၏။ မချစ်အပင်တစ်ပင်၏ အသက်မှာ ရေခဲပျော်၍ ပေါက်လာသည့် အချိန်မှ ရေတွက်သော် ၁၅-ရက်ခန့်သာ ခံပါသည်။

မချစ်ပင်မျိုးရိုးမှာ ဘိန်းပင်(Poppy Family)မျိုးနွယ်နှင့် ဆင်၏။ အရွက်မှာ ပေါ်ပီနှင့်ကွဲသည်။ မြက်ကဲ့သို့လည်းကောင်း စပါးပင်ကဲ့သို့လည်းကောင်း ရှည်လျားသေးသွယ်သော အရွက်ရှိကြ၏။

ပန်းပွင့်မှာ ပေါ်ပီကဲ့သို့ အထူးလှပပြီး အရောင်မျိုးစုံပွင့်ကြသည်။ ပထမပွင့်စတွင် အရောင်တစ်မျိုးဖြစ်၍ ကြွေကျခါနီးတွင် အရောင်တစ်မျိုး ပြောင်းကြ၏။ ပန်းများတွင် အဖြူရောင်၊ အနီရောင်၊ အပြာ၊ ခရမ်းနှင့် အဝါရောင်များ ရှိကြလေသည်။ ဘိန်းပင်ကဲ့သို့ပင် အပွင့်မှရင့်ရော်လာပြီး အသီးသဖွယ်သီးကြ၏။ အသီးများရင့်လာသည်နှင့် အပင်ပါခြောက်ပြီးပျောက်ကွယ်သွားတတ်ပါသည်။

ယင်းကဲ့သို့ အပွင့်များကြွေစအချိန်တွင် မချစ်ပင်ရင်း မြေကြီးအတွင်းမှ မချစ်ဉများကို တူးဖော်ကြရခြင်း ဖြစ်လေသည်။ မချစ်ပင်တစ်ပင်လျှင် မချစ်ဉ တစ်ဉသာတွေ့နိုင်ပြန်သည်။

မချစ်တူးသူများသည် မချစ်ပန်း၏အရောင်ကိုကြည့်ပြီး မချစ်ဉ၏ အရောင်အဆင်းကို ခန့်မှန်းနိုင်ကြသည်။ မချစ်ဉများမှာ ကြက်သွန်ဖြူဉကလေးများနှင့် သဏ္ဌာန်တူကြသဖြင့် ကြက်သွန်ဂမုန်းဟု ခေါ်တွင်ကြခြင်း ဖြစ်ပါသည်။ မြေကြီးအတွင်း ခြောက်လက်မမှ တစ်ပေခန့်အထိ တူးယူကြရ၏။





ထိုတူးဖော်ရရှိသော မချစ်ဉအစိုများကို အခြောက်လှမ်းကြရပြန်ပါသည်။ ဇွန်၊ ဇူလိုင်လမှာ မိုးတွင်းဖြစ်သဖြင့် အခြောက်လှမ်းရန် ဂရုစိုက်လှမ်းကြရ၏။ အခြောက်မလှမ်းဖြစ်ဘဲ ရက်ကြာလျှင် ဉမှာပုပ်သွားတတ်၏။

ထို့ကြောင့် နေ့တွင် မချစ် ရှာရသမျှ ညတွင် ချမ်းချမ်းနှင့် မီးလှုံရင်း အခြောက်လှန်းကြရလေသည်။ မချစ် ရှာဖွေသူတစ်ဦးလျှင် တနင်္ဂနွေတစ်ပတ်၊ နှစ်ပတ်ရှာဖွေပါက ပျမ်းမျှ တစ်ပိဿာခန့် ရကြ၏။ ကံကောင်းသူများမှာ မချစ်ပေါသည့်နေရာနှင့် တိုးမိပါမှ ငါးပိဿာခန့် ရကြသည်။

အချို့မှာလည်း ကံမလိုက်သဖြင့် မချစ်ရာသီသာ ကုန်သွားသည်အထိ ရှာဖွေ၍ မတွေ့ကြပေ။ မိမိတို့ပါသော ရိက္ခာကုန်၊ လူပန်းပြီး အချည်းနှီးပြန်သွားကြရသည်လည်း တွေ့ရပေသည်။

ယခုနှစ် မချစ်ရှာဖွေ၍ တွေ့သောနေရာတွင် နောင်နှစ်တွင် တွေ့မည်ဟူ၍လည်း အတတ်မပြောနိုင်ပါ။ ထို့ကြောင့် လှံ့လဝီရိယထုတ်ရသည့်အပြင် ကံလည်းလိုက်ပါမှ 'မချစ်'ကို တွေ့နိုင်မည် ဖြစ်ပါသည်။

## မချစ်အမျိုးများ

အကြမ်းအားဖြင့် မြန်မာပြည်တွင် မချစ် သုံးမျိုးခန့်တွေ့ရပါသည်။ ဒေသအခေါ်အားဖြင့် 'အန္နလပ် မချစ်' (Anlap)မှာ အဖိုးအတန်ဆုံး မချစ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပင်စည်မှာ မြေကြီးမှ ရှည်ရှည်ထွက်လေ့မရှိ။ မြေကြီးနှင့် လက်လေးလုံးခန့်သာမြင့်ပြီး အရွက်နှစ်ရွက်ခန့်သာ ထွက်လေသည်။ ဤအမျိုးကို နားလည်သည့် လူများလောက်သာ ရှာဖွေတွေ့နိုင်သည့် အကောင်းဆုံး မချစ်ပင်မျိုး ဖြစ်လေသည်။

ဒုတိယအမျိုးမှာ 'အန်ကောင်းမချစ်' (Ankawng) ဖြစ်၏။ အပင်၏ အမြင့်မှာ နှစ်ပေ-သုံးပေခန့်ရှိ၏။ အပင်တစ်ပင်လျှင် ပန်းသုံးလေးပွင့် ပွင့်လေ့ရှိပါသည်။ ပန်းအရောင်မှာ သုံးခါလဲလေ့ရှိ၏။ ပထမ အဖြူရောင်၊ ဒုတိယ ခရမ်းရောင်ဖြစ်ပြီး ကြွေကျခါနီးတွင် အနီ သို့မဟုတ် အဝါသို့ ထူးဆန်းစွာ ပြောင်းသွားပြန်ပါသည်။

မချစ်ရှာဖွေသူများသည် ဤကဲ့သို့ ပန်း၏အရောင် အဝါသို့မဟုတ် အနီသို့ ပြောင်းမှ မချစ်ဥကို စတူးကြရန် ဖြစ်ပါသည်။ 'အန်ကောင်းမချစ်' မှာ အုပ်စုနှင့် တွေ့ရတတ်၏။ တစ်ပင်လျှင် တစ်ဥသာ တွေ့ရပါမည်။

ပထမတူးဖော်ပြီးစ မချစ်ဥမှာ ကြက်သွန်ဖြူကဲ့သို့ အဖြူရောင် မပေါ်သေးပါ။ မီးနှင့်တဖြည်းဖြည်း လိုသလောက် ကင်ပေးမှ အရောင်ပြောင်းပြီး ဖြူဖွေးလာလေသည်။

တစ်နေ့လုံးရှာ၍ တစ်ပိဿာအထိ ဤ 'အန်ကောင်းမချစ်' ရသူမှာ အများဆုံး ရှာတွေ့သူပင် ဖြစ်ပါတော့သည်။ 'အူရှား' သို့မဟုတ် 'ကူရှား' (Ku Shar) ခေါ် မချစ်မှာ စွမ်းအားသတ္တိထက် ထက်ဝက်မျှသော တန်ဖိုးရှိသည်ဟု ရဝမ် တိုင်းရင်းသားများက ဆိုပါသည်။





မချစ်အကြောင်း နားမလည်သူများကမူ ဤ 'အူရှားဆေးဥ' နှင့် 'မချစ်ဆေးဥ' မှာ အရောင်တူသဖြင့် သာမန် မချစ်ထက် အနည်းငယ်ကြီးသော မချစ် ဟုပင် ထင်မှတ်တတ် ကြလေသည်။

'အန်လပ်၊ အန်ကောင်း' မချစ်ဥများမှာ စင်စစ်သိပ်မကြီးကြပါ။ အကြီးဆုံးဥမှာ ကွမ်းသီးလုံးခန့်သာဖြစ်၏။ မချစ်ဥကြီးဘိုင်းလည်း အကောင်းစားမျိုး မဟုတ်ပြန်ပါ။ နားလည်သူများသာ မည်သည့် မချစ်ဥသည် အကောင်းစားမျိုး ဖြစ်သည်ဟု ခွဲခြားပြသနိုင်ပါသည်။

'အူရှား' မချစ်ဥမှာ ကွမ်းသီးလုံးထက် ကြီးကြပြီး ပေသီးခန့်မျှပင် ရှိကြ၏။ မချစ်လောက် တန်ဖိုးမရှိဆိုသော်လည်း 'အူရှား' မျိုးမှာ ဆေးဖက်ဝင်ပါသည်။

တိုင်းရင်းသားနှင့်တရုတ်များက ၎င်းအမျိုးကို လူဝဆေးအဖြစ် စားသုံးကြသည်ဟု 'ရဝမ်' များက အဆိုရှိပေသည်။

## မချစ်၏တန်ဖိုး

မချစ်၏ပေါက်ဈေးမှာ တစ်နေရာနှင့်တစ်နေရာ၊ တစ်နှစ်နှင့် တစ်နှစ်မတူကြပါ။ မချစ်ထွက်သည့်နေရာနှင့် အနီးဆုံးဖြစ်သည့် တာဖွန်ဒမ်း၊ တဟောင်ဒမ်း၊ ဂူးဘား စသည့်ရွာများတွင် ၁၉၅၆-ခု နှစ်ဦးပေါက်ဈေးမှာ တစ်ပိဿာကို ခန့်မှန်းခြေ ၄၀ - ၅၀ ထိရှိ၍ နောင်မှန်တွင် မချစ်တူးသူများထံမှ တစ်ဆင့်ဝယ်ယူလာပြီးဖြစ်သဖြင့် ပေါက်ဈေး ၇၅ မှ ၁၀၀ ထိ ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပူတာအိုနှင့် ရန်ကုန်မှ တရုတ်များလာရောက်ဝယ်သော ဈေးနှုန်းမှာ ကျပ်နှစ်ရာထိပင် ရှိပါသည်။ တရုတ် 'လောပန်' ကုန်သည်များက သာမန်အားဖြင့် အရောင်းအဝယ် ပြုကြသည့် စနစ်မှာ မြန်မာအလေးချိန် ပိဿာနှင့်မဟုတ်ဘဲ တရုတ်အလေးချိန် 'ချိ' အားဖြင့် ဖြစ်ပါသည်။

ခန့်မှန်းခြေအားဖြင့် နှစ်ချီခွဲမှာ မြန်မာ တစ်ပိဿာရှိ၏။ ယူနန်နယ်မြောက်ပိုင်းတွင် မချစ်ဈေးမှာ အကောင်းဆုံး ဖြစ်လေသည်။ 'လီချေမြို့'တွင် တစ်ပိဿာ၏ ပေါက်ဈေးမှာ ၂၅၀-ကျပ်မှ ၄၀၀-ကျပ်အထိ အရောင်းအဝယ် ပြုလုပ်လျက် ရှိသည်ဟု ကြားသိရပါသည်။

## ဆေးအဖြစ်အသုံးပြုပုံ

'မချစ်'ကို ဆေးအားဖြင့် အသုံးပြုပုံကို လေ့လာရာတွင် အောက်ပါအတိုင်း တိုင်းရင်းသားများထံမှ သိရှိမှတ်သားရသည်။ ရဝမ်၊ ထလုံ၊ တရုံ လူမျိုးတို့သည် သာမန်အားဖြင့် ဗိုက်နာ ဝမ်းလျှော၊ ဝမ်းကိုက်သည့်အခါ ၎င်းဆေးဥ တစ်လုံးခန့်ကိုဝါး၍ ရေနှင့်မျိုချခြင်းဖြင့် ပျောက်ကင်းချမ်းသာ ကြသည်။

ချောင်းဆိုးရင်ကျပ်နှင့် နှမိုးနီးယားကဲ့သို့ ရောဂါမျိုးတွင် ပျားရည်နှင့်ရော၍ သောက်ကြသည်။ ထိခိုက်ဒဏ်ရာရသည့် အခါတွင် ၎င်းဂမုန်းဥကို အမှုန့်ကြိတ်၍ အနာတွင်ထည့်ပြီး အဝတ်နှင့်ပတ်ထားခြင်းဖြင့် ပျောက်ကင်းကြသည်ဟု ပြောပြကြ





လေသည်။

ယူနန်မြောက်ပိုင်းနေ တရုတ်သူဌေးကြီးများသည် စဉ့်အိုးများတွင် ဤမချစ်ကို ပျားရည်နှင့်အတူရော၍ စိမ်ထားပြီး လေလုံပိတ်ကာ တစ်နှစ်မှသုံးနှစ်အထိ သိုလှောင်ထားလေ့ရှိသည်။ သုံးနှစ်ခန့်စိမ်ပြီးမှ နေ့စဉ် နံနက် သို့မဟုတ် ညတိုင်း မှန်မှန် စားပေးခြင်းဖြင့် မည်သည့်ရောဂါမှ မဖြစ်နိုင်၊ အသက်ရှည်၍ နုပျိုကြသည်ဟု ယုံကြည်ကြသဖြင့် ဤမချစ်ကို "မသေဆေး"ဟုပင် ခေါ်ဝေါ်ကြကြောင်း ကြားသိရလေသည်။

ရဝမ်တိုင်းရင်းသားတို့၏ အပြောမှာ ဤမချစ်သည် များစွာ ဆေးစွမ်းသည်မှာမှန်ကြောင်း၊ သို့သော် မည်သို့ဆေးဖော်ရသည် မည်မျှထား၍ မည်ကဲ့သို့ စားသုံးရသည်ကိုမူ တရုတ်လူမျိုး ယူနန်မြောက်ပိုင်းသားတို့မှလွဲ၍ သိသူမရှိကြ၏။

တရုတ်တို့ကလည်း ဆေးဖော်စပ်နည်းကို ၎င်းတို့အား ပြောမပြကြပေ။ ဈေးကောင်းပေးဝယ်သည့်အပြင် မချစ်ဥများကို သိမ်းဆည်းနည်းမသိဘဲ ရဝမ်တို့လက်တွင် ကြာရှည်စွာထားရှိပါက မှိုတက်ပျက်စီးကြလိမ့်မည်ဟု ပြောကြသဖြင့် မချစ် ရှာဖွေရသဖြင့် တရုတ်တို့ထံ ရောင်းစားကြသည်သာဖြစ်ပြီး ၎င်းတို့၏အိမ်တွင် လက်ကျန်ချန်ထားလေ့ မရှိကြောင်း ရှင်းလင်း ပြောပြကြလေသည်။

မွန်းဒမ်းစသည့် တရုတ်ဈေးဘက်သို့ ရောက်ဖူးကြသည့် လူရည်တတ် ရဝမ်အချို့ကမူ ဤဆေးကို တရုတ်တို့သည် ကာမအားတိုးဆေးအတွက် အသုံးပြု၍ ဆံပင်မဖြူ ရုပ်ရည်အိုမင်းလှ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိသည့် အားတိုးဆေးအဖြစ်လည်း ဖော်စပ်သုံးစွဲကြသည်။

ကွန်မင်းကဲ့သို့သော မြို့ကြီးများတွင် နာမည်ကြီးလှသည့် 'ဆံချီ'ခေါ် တရုတ်ဆေးစွမ်းကောင်းများမှာ ဤမချစ်ကို အဓိကထား၍ ဖော်စပ်ထားခြင်း ဖြစ်သည်။

## မချစ်ထွက်သောနေရာများ

မြန်မာနိုင်ငံအတွင်း မချစ်ရှာဖွေတွေ့ရသော နေရာများမှာ နမ်တမိုင်မြစ်ဖျားလက်တက်များ ဖြစ်ကြသည့် စိန်ခူးဝမ်မြစ်၊ အဒွန်းဝမ်မြစ် စသည်တို့ မြစ်ဖျားခံရာ တောင်များနှင့် မလိခမြစ်၏ မြစ်ဖျားခံရာ မလိခူးတောင်တန်းများတွင်သာ ဖြစ်ပါသည်။

ဤပူတာအိုနယ်မြောက်ပိုင်းမှလွဲ၍ ကချင်ပြည်နယ် အခြားမည်သည့်နေရာတွင်မှ တွေ့နိုင်မည်မဟုတ်ပါ။ ရဝမ်၊ ထလု၊ တရုံ၊ တိဗက်နှင့်လီဆူး တိုင်းရင်းသားတို့သာလျှင် ဤမချစ်ဥများကို ရှာဖွေတူးဖော်ကြ၏။

အခြား ဂျင်းဖော၊ ဒူးလင်း၊ ခန္တီးရှမ်းတို့မှာ မချစ်ထွက်ရာဒေသများသို့ ရောက်ပင်မရောက်ဖူးကြပေ။ 'မချစ်'အကောင်းဆုံးနှင့် အများဆုံးထွက်သော နေရာမှာ တိဗက်-မြန်မာ နယ်စပ် မြန်မာနိုင်ငံ၏ အစွန်ဆုံးပိုင်းရှိ 'မလောင်ဝမ်' မြစ်ဖျား (Malawng Wang) ဒေသဖြစ်၏။

ဤစားကျက်ကို စတင်တွေ့ရှိ၍ တူးဖော်နေသူများမှာ တိဗက်နယ်မှ ကျယ်ထန်သားများ၊ 'ကလောဝမ်' (Kalaw Wang) မြစ်ဖျားပိုင်းနှင့် ဇာယူ(လ)မြစ်ဖျားပိုင်း (Zayul Chu)၊ 'ဒရိုးဝါးမြို့' (Drowa)နေ တိဗက်များ ဖြစ်ကြသည်။

နှစ်စဉ် မချစ်ပေါ်ချိန်တွင် တိဗက်များသည် တစ်ဖွဲ့လျှင် လူငါးဆယ်မှ တစ်ရာထိပါရှိပြီး သုံးလေးဖွဲ့ခန့် ဤဒေသတစ်ဝိုက်သို့ လာရောက်တူးဖော်ကြသည်ဖြစ်ရာ မြန်မာပြည်ဘက်မှ တိုင်းရင်းသား မည်သူ့ကိုမျှ အဝင်မခံကြောင်း တွေ့ရှိရလေသည်။

ဒုတိယအများဆုံးထွက်သောနေရာများမှာ အဒွန်းဝမ်မြစ် (Adung Wang)သို့ စီးဝင်သည်။ 'တဇုံဝမ်' (Tazon Wang) မြစ်နှင့် ၎င်း၏များစွာသော ချောင်းခွဲကလေးများ ရေသောက်မြစ်ခံရာ တောင်တန်းများဖြစ်သည်။

ဤဒေသမှာ မြန်မာပြည်ဘက်မှ တိုင်းရင်းသားတို့၏ စားကျက်ဖြစ်၏။ 'အဒွန်းဝမ်'၏ အခြားမြစ်လက်တက်တစ်ခုဖြစ်သော 'ဂမ်လန်မြစ်' (Gamlang Wang) မြစ်ဖျားဒေသပိုင်းနှင့် 'ဂမ်လန်ရာဇီတောင်တန်း' (Gamlang Razi) များစသည့် အပိုင်းတို့တွင် တိဗက်နယ် 'ရီမား' (Rima)သား တိဗက်များ၏ စားကျက်ဖြစ်၍ အောက်ပိုင်းမှာ မြန်မာပြည် တိုင်းရင်းသားတို့ တူးဖော်ရာဖြစ်သည်။

'စိန်ခူးဝမ်' (Seinghku Wang) မြစ်ဖျားပိုင်း ဒေသများတွင် တိဗက်ပြည်၊ ရီးမားနယ် 'ဟိုက်ထ' တိဗက်များနှင့် မိမိဘက် တိုင်းရင်းသား နှစ်ဦးစလုံး တူးဖော်ကြ၏။

အဒွန်းဝမ်မြစ်၏ အခြားမြစ်လက်တက်ကြီးတစ်ခုဖြစ်သော 'သာလာဝမ်' (Thala Wang) မြစ်ဖျားပိုင်း 'ထုံဝမ်' (Htom







www.burmeseclassic.com

www.burmeseclassic.com



Wang ) 'သလာတောင်ကြားလမ်း' စသည်တို့နှင့် 'နမ်နီလခါး' (Nam Ni Lka) တောင်ကြားလမ်းဒေသ တစ်ဝိုက်မှာ တိဗက်နယ်သားများ၏ စားကျက်ဖြစ်၏။ ၎င်း၏ တောင်ဘက်ပိုင်းဒေသများတွင် မိမိဘက်နယ်သားများ တူးဖော်ကြလေသည်။ မလိခမြစ်ဖျားခံရာ 'မလိခူး' ဒေသပိုင်းမှာ လုံးဝမိမိဘက် တိုင်းရင်းသားတို့၏ စားကျက်ဖြစ်လေသည်။

အချိန်ကာလမှာ ၁၉၄၅-ခု၊ ဩဂုတ်လ (၁၂၉၇-ခုနှစ်တော်သလင်းလ)ပြည့်ကျော်လာပြီ ဖြစ်သောကြောင့် တောင်ပေါ်တွင် မချစ်ဥရှာဖွေရန် နောက်ဆုံးလ၊ နောက်ဆုံးရာသီသို့ ရောက်လာခဲ့ပေပြီ။

ထိုရာသီကျော်သွားပါက တောင်ပေါ်၌ ရာသီဥတုများ ဆိုးဝါးလာတော့မည် ဖြစ်သောကြောင့် တောင်ပေါ်တက်၍ မကောင်းတော့ပေ။ သို့ကြောင့် ရွာမှာ မိစ္ဆာလက်ချက်ကြောင့် လူအသေအပျောက် ဖြစ်နေကြသော်လည်း အတော်များများမှာ ရွာမှာမနေနိုင်ကြပဲ တောင်ပေါ်သို့တက်ကာ ဝမ်းစာအတွက် ပစ္စည်းရှာဖွေကြရလေသည်။ ထိုအထဲတွင် နီမောင်တို့တတွေလည်း အပါအဝင် ဖြစ်ပေတော့သည်။









# (အခန်း - ၁၀)

# နှင်းတောင်ဝံပုလွေများနှင့် ဧကယ်တင်ရှင်

ရာသီဥတုက သာယာနေသည်။ မိုးတစ်ဖြိုက်နှစ်ဖြိုက် ရွာသွန်းထားသောကြောင့် နှင်းခဲ ရေခဲများအရည်ပျော်ကျနေကြသည်။ ထိုအချိန်မျိုးမှာ တောင်ပေါ်တက်၍ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥ ရှာဖွေရန် အကောင်းဆုံးဖြစ်လေသည်။ ထိုအချိန်ရောက်လျှင် တောင်တန်းကြီးများပေါ်တွင် ပစ္စည်းရှာဖွေသူများ၊ ကုန်သည်များ၊ ဈေးရောင်းသူများဖြင့် စည်ကားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကာလကို ဒေသခံတို့က စိတ်ရှုးထချိန်ဟု ပြောကြသည်။ တကယ်လည်း ပျော်စရာကောင်းလှသည်။ ၁၉၇၀-ခုနှစ်လောက်က မန်စေခွန်ရွာ၊ ဆန်ဂေါင်ရွာကဲ့သို့ ရွာကြီးများနှင့်နီးသော တောင်တန်းများပေါ်တွင် ဈေးရောင်းသူ ဈေးဝယ်သူတို့ဖြင့် ပျားပန်းခပ်တမျှ စည်ကားလှပေသည်။

ထိုကာလအခြေအနေမှာ ရောင်းဝယ်သော ဈေးနှုန်းများကိုပင် ဗဟုသုတရစေရန် ဖော်ပြပေးပါမည်။ ကြည်တင်၊ အေဝမ်း ဆေးပေါ့လိပ် ငါးပြား၊ ဆယ်ပြားတန်ကို တောင်ပေါ်ရောက်သည့်အခါ တစ်လိပ် ပြား-၅၀ ပေးဝယ်၍ သောက်ကြရသည်။ ရွာတွင် ငါးကျပ်၊ တစ်ဆယ်သာ ပေးရသော အရက်ဖြူတစ်ပုလင်းကို လေးငါးဆယ်ပေးဝယ် သောက်ကြသည်။ အရက်ကောင်းများဖြစ်သော ဘရန်ဒီ တစ်ပုလင်းလျှင် ကျပ်၁၀၀ မှ ၃၀၀ အထိ ပေးဝယ်သောက်ကြလေသည်။

ဆေးမြစ် ဆေးဥ ရှာသူကရှာ၊ ဝယ်သူကဝယ်၊ အရက်ထမ်းရောင်းသူကရောင်း၊ မုန့်ရေဆမ်း (မြေပြန့်ဘက်တွင် ရောင်းသည့် မုန့်ဟင်းခါးနှင့် ဆင်တူသည်။) ရောင်းသူကရောင်း၊ အခြားအသုံးအဆောင်ပစ္စည်းများ ရောင်းသူကရောင်းပြီး တောင်ပေါ်တွင် ပျားပန်းခပ်တမျှ၊ ပွဲတော်ကြီးတမျှ စည်ကားလှပေသည်။

ရေခဲတောင်ပေါ်တွင် ယမ်းမီးခြစ် ခြစ်မရ၊ ဓာတ်ဆီဖြင့်ခြစ်သော မီးခြစ်လည်း မီးမတောက်ပေ။ ကျောက်တုံးနှစ်ခုမှာ ဝါးဂွမ်းခံခတ်မှသာ မီးရသည်။ တောင်ပေါ်တွင် ကျောက်မီးခြစ်ခြစ်ပေးကာ ပိုက်ဆံယူသူများပင် ရှိခဲ့ကြသည်။





ထိုခေတ်ကာလက ခန်းတောက်မြစ်နှင့် မချစ်ဥပေါက်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ အထိ ဈေးရပြီး ၃၅၀၀အထိ ကောက်ဈေးပေါက်သည်မျိုး ရှိသည်။ တောင်ပေါ်မှ အလကားရသော ဆေးမြစ်၊ ဆေးဥများကို ရှာဖွေရောင်းချခြင်းကြောင့် ငွေများများရသောအခါ သောက်ချင်သည့်အရက်သောက်၊ စားချင်သည့် အစားအစာဝယ်စား၊ လိုချင်သည့်ပစ္စည်းတွေ့လျှင်ဝယ်ဖြင့် ရာသီချိန်ကုန်သောအခါ ရွာသို့ပြန်ဆင်းလာကြသောအခါ ငွေများများ မပါကြတော့ပေ။

ဤသို့ဖြင့် သူတို့ဘဝသည် ဆင်းရဲခြင်း သံသရာမှာ ဝဲလည်နေကြခြင်း ဖြစ်တော့သည်။ ယခုဝတ္ထုရေးသားသောကြောင့် ကုန်ပစ္စည်းတန်ဖိုးများက ထိုမျှလောက် မပေးကြရပေ။ ထိုကဲ့သို့ပင် တောင်ပေါ်မှ ရှာဖွေရသော ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ရွက် ၊ ကတိုးမွှေးနှင့် တာကင် ဦးချိုတို့မှာလည်း ထိုကာလ၌ ရောင်းချသလောက် ဈေးမရကြပေ။

ပန်နမ်းဒင်ရွာမှာနေကြသော နီမောင်တို့တတွေ တောင်ပေါ်တက်လာသော အချိန်မှာ ရာသီဥတုသာယာပြီး နေရောင်ခြည်ကိုပင် တစွန်းတစမြင်နေရသည်။ သူတို့အဖွဲ့ဆိုသည်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ပင် ဖြစ်ပေသည်။ အခြားသူများကလည်း ကိုယ့်အဖွဲ့နှင့်ကိုယ်၊ ကိုယ်လူနှင့်ကိုယ်လူစုပြီး သွားကြပေသည်။

နီမောင်တို့သုံးယောက်လည်း ရွာမှထွက်လာစဉ်က အတူတူပင် ဖြစ်သော်လည်း တောင်ပေါ်ရောက်သောအခါ လူစု



www.burmeseclassic.com

www.burmeseclassic.com



ခွဲကာ ပစ္စည်းရှာဖွေကြသည်။ အမဲလိုက်သည်ဖြစ်စေ ခန်းတောက်မြစ် ရှာဖွေသည့်အခါတွင်ဖြစ်စေ၊ မချစ်ဥနှင့် အခြားပစ္စည်းများ ရှာဖွေကြရာ၌ဖြစ်စေ လူစုလူဝေးဖြင့်သွား၍ မကောင်းပေ။ အမဲလိုက်သောအခါ တစ်ယောက်တစ်မျိုးဖြင့် အလုပ်မဖြစ်တတ်သလို ဆေးပင်၊ ဆေးဥများရှာဖွေရာမှာလည်း တစ်ယောက်ချင်း ရှာဖွေမှ အရများသည်မျိုး ရှိသည်။

ဆေးပင်၊ ဆေးဥများ ရှာဖွေကြရာတွင် ရှာဖွေသူ၏ ကံတရားအထောက်အပံ့၊ ကံကောင်းခြင်းတို့ကလည်း အထောက်အပံ့ရစေသည်။ ကံမကောင်းသူနှင့် အတူတွဲသွားပါက ကံကောင်းသူပါ ရသင့်သလောက် မရသည်မျိုး ဖြစ်တတ်ပေသည်။

ထို့ကြောင့်ပစ္စည်းရှာဖွေသောအခါ တစ်နေရာစီ၊ တစ်ယောက်ချင်းစီ သွားကြသည်ကများသည်။ ယခုလည်း တောင်ပေါ်တက်လာစဉ်က သုံးယောက်အတူတူ ဖြစ်သော်လည်း တောင်ပေါ်ရောက်တော့ ပြန်လည်ဆုံတွေ့ကြမည့် နေရာနှင့် နေ့ရက်ကို ချိန်းဆိုပြီးနောက် လူစုခွဲလိုက်ကြသည်။

နီမောင်က သူတို့နှစ်ယောက်နှင့် လမ်းခွဲလိုက်ပြီးနောက် အရှေ့ဘက်သို့ ဦးတည်ပြီး တက်လာခဲ့သည်။ သူရောက်နေသော နေရာမှာ မြောက်ပိုင်းဒေသဘက်တွင် အမြင့်ဆုံးစာရင်းဝင်တောင်များထဲမှာ ပါဝင်သော မလိခူး တောင်တန်းပင် ဖြစ်သည်။ တောင်ပေါ်တွင် ရာသီဥတုသာယာနေရုံမကပဲ နေရောင်ခြည်များပါ ရှိနေသည်။





နေရောင်ခြည်ကျဆင်းနေသောကြောင့် တောင်များပေါ်တွင် ဖုံးလွှမ်းနေသော ရေခဲများ၊ နှင်းများ တအိအိဖြင့် အရည်ပျော်ဆင်းကျနေသည်။ တစ်နှစ်ပတ်လုံး ဖုံးနေသောရေခဲများ အရည်ပျော်ကျသွားသောအခါ သစ်ပင်ပန်းပင်များ ပေါ်လာသည်။ အများအားဖြင့်တော့ ရောင်စုံတောက်ဇလပ်ပန်းများ လှပပြီး၊ တစ်ပင်လုံးပွင့်သည့် ပန်းမျိုးဖြစ်သောကြောင့် အဝေးမှ ကြည့်သောအခါ ရောင်စုံပန်းခင်းကြီးသဖွယ် ဖြစ်နေတတ်သည်။

တစ်နည်းပြောရလျှင်တော့ လှပသော ပန်းတောင်တန်းကြီးကဲ့သို့ ဖြစ်နေပေတော့သည်။ သို့သော်လည်း တောင်ပေါ်တက်လာကြသူတို့မှာ အလှအပခံစားရန် တက်လာကြခြင်းမဟုတ်ပဲ ဝမ်းစာရှာဖွေကြရန် တက်လာကြသူများ ဖြစ်သောကြောင့်လည်း လှပသော သဘာဝရှုခင်းများကို မည်သူကမှ ဂရုမထားနိုင်ကြပေ။

နီမောင်က တောင်ပေါ်တက်လာခြင်းမှာ ခန်းတောက်မြစ်၊ မချစ်ဥစသည်တို့တွေ့လျှင် ရှာဖွေယူပြီး အဓိကကတော့ သားကောင်ပစ်ခတ်ရန်ပင် ဖြစ်သည်။ သူက မြားပစ်ရာတွင် အတော်ဆုံးဖြစ်သောကြောင့် သားကောင်ပစ်ရန်သာ အဓိကထားလေသည်။

ယခုလိုရာသီမျိုးတွင် ရေခဲတောင်များပေါ်မှာ အနေများသော တောင်ဆိတ်၊ ကတိုး၊ တာကင် စသော တန်ဖိုးရှိသည့် သတ္တဝါများ ဆင်းလာလေ့ရှိကြသည်။ ရေခဲများပျော်ကျသွားသောအခါ သစ်ပင်၊ ဝါးပင်များပေါ်လာသည်။ သစ်ပင်များက



www.burmeseclassic.com

www.burmeseclassic.com



ရွက်နုများထွက်ကြပြီး ဝါးပင်များကတော့ မျှစ်စို့များ တိုးထွက်လာကြသည်။

တောင်ဆိတ်၊ ကတိုးနှင့် တာကင်များက ဝါးမျှစ်နုများကို လွန်စွာကြိုက်နှစ်သက်ကြသဖြင့် ထိုအချိန်ရောက်သောအခါ ရေခဲတောင်များမှ ဆင်းလာကြလေ့ရှိသည်။ မုဆိုးများက ထိုအကြောင်းကို သိကြသဖြင့် သူတို့လာတတ်သော ဝါးရုံတောများရှိရာမှ စောင့်ပစ်လေ့ရှိကြသည်။

နီမောင်က လမ်းမှာတွေ့ရသော ခန်းတောက်မြစ်၊ မချစ်ဥတို့ကို ရသမျှ ရှာဖွေစုဆောင်းပြီး ခြင်းတောင်းထဲထည့်လွယ်ကာ ဝါးရုံတောများ ရှိရာဘက်သို့ တဖြည်းဖြည်းတက်သွားလေသည်။

လမ်းတစ်နေရာရောက်တော့ ဝါတောစပ်တစ်နေရာတွင် မစင်ပုံအချို့ကို တွေ့ရသည်။ တာကင်ကောင်စွန့်ပစ်ထားခဲ့သော မစင်ပုံဖြစ်မှန်း မြင်ရုံနှင့်ပင် သိလေသည်။ သို့ကြောင့် လေအခြေအနေကို အကဲခတ်ကြည့်သည်။ လေက မြောက်ဘက်မှ မှန်မှန်ပင် တိုက်နေလေသည်။

သူရောက်နေသည့်နေရာက လေအောက်၌ဖြစ်သောကြောင့် စိတ်ပူစရာမရှိတော့ပေ။ ထို့ကြောင့် လေးနှင့်မြားကို အဆင်သင့်ကိုင်ပြီး ဝါးတောရှိရာသို့ တက်သွားလေသည်။ တစ်နေရာရောက်တော့ ဝါးမျှစ်နုများကို ကိုက်ဖြတ်စားသောက်သွားသော အပိုင်းအစများကို တွေ့ရပြန်သည်။

ဝါးမျှစ်များက လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေး





သည်။ ဒီအတိုင်းဆိုရင်တော့ သားကောင်က မဝေးတော့ပေ။ ထိုအခြေအနေကြောင့် သတိကြီးစွာထားပြီး ဆက်တက်သွားလေသည်။

ထိုအချိန်မှာပင် မြူနှင်းများက ထူထပ်စွာကျလာသောကြောင့် နေရောင်ခြည်ပျောက်ကွယ်သွားလေသည်။ နေရောင်ခြည် ပျောက်သွားသည်နှင့် ဝါးရုံတောအတွင်းမှာ မှောင်လာလေသည်။ ထိုအခြေအနေကပင် သူ့အတွက် ပိုကောင်းသလိုဖြစ်သွားတော့သည်။

တဖြည်းဖြည်းနှင့်ဝါးရုံတောတွင်းရောက်သောအခါမှတော့ အန္တရာယ်အရိပ်အငွေ့ကို စတင်ထိတွေ့လာရသည်။ သူ့ပတ်ဝန်းကျင်တွင် အန္တရာယ်ပေးနိုင်သော သတ္တဝါတစ်ကောင်ကောင် ရှိနေလိမ့်မည်ဟု ခန့်မှန်းမိသဖြင့် ရှေ့ဆက်မသွားတော့ပဲ တစ်နေရာမှာရပ်ပြီး အခြေအနေကို စူးစမ်းကြည့်သည်။ ငြိမ်သက်စွာရပ်ရင်း နားစွင့်ကြည့်သည်။ လေညာဘက်မှလာသော လေကိုရှူ၍ အနံ့ခံကြည့်သည်။

သို့သော် ထူးထူးခြားခြားတော့ မတွေ့ရသေးပေ။ အခြေအနေက ထူးထူးခြားခြား ငြိမ်သက်နေသည်။ မုန်တိုင်းမကျခင် ငြိမ်သက်နေခြင်းမျိုး ဖြစ်ပေလိမ့်မည်။ ဝါးရုံတောများခံနေသောကြောင့် ဒီအတိုင်းကြည့်ရုံနှင့်တော့ ဘာမှတွေ့နိုင်မည်မဟုတ်ပေ။ သို့ကြောင့် စိတ်အာရုံကို ငြိမ်သက်စွာထားပြီး မျက်စိမှိတ်ထားလိုက်သည်။ ထိုသို့အာရုံပြုကြည့်တော့မှ ထူးခြားသောအသံအချို့ကို တိုးညှင်းစွာ ကြားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံက အသက်ရှုသံ၊ မာန်ဖီသံနှင့် ရောနေသည့် အသံမျိုး မဟုတ်ပေ။ လူတစ်ယောက် အသက်ရှုသံမဟုတ်ပေ။ လူတစ်ယောက် အသက်ရှုသံက ထိုမျှလောက်မကျယ်လှပေ၊ အသံက တဖြည်းဖြည်းနှင့်နီးလာသောကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူမျက်လုံးဖွင့်ကြည့်လိုက်သောအချိန်တွင် ဝါးရုံတောအတွင်းမှ ရိပ်ခနဲဖြတ်ပြေးသွားသော သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

အဝတ်မည်းကြီးခြုံထားသည့် လူတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်လေသည်။ တစ်ကြိမ်တွေ့ဖူးသော ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ထိုအခိုက်မှာပင် မနီးမဝေးမှာရှိသော ဝါးရုံတောအတွင်းမှ ခေါင်းဖြူထွက်လာသော သတ္တဝါတစ်ကောင်၏ ဦးခေါင်းပိုင်းကို တွေ့လိုက်ရသည်။ နှင်းတောင် ဝံပုလွေတစ်ကောင်၏ ပုံသဏ္ဌာန်ပင် ဖြစ်လေသည်။

“ဂီး”

ထိုသဏ္ဌာန်မှ မာန်ဖီသံကြားလိုက်ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မြားဖြင့်ပစ်သည်။ မြားချက်က ထိသွားဟန်ဖြင့် ဝါးရုံတောအတွင်း ဝင်ရောက်ပျောက်ကွယ် သွားလေသည်။ အခြေအနေက ထိုမျှနှင့်ပြီးမသွားသေးပေ။ နောက်နေရာများမှ နောက်ထပ်မာန်ဖီသံများ ကြားရပြန်သဖြင့် ကြည့်လိုက်တော့ ဝါးရုံတောများအတွင်းမှ ဦးခေါင်းပြူထွက်နေကြသည့် နှင်းတောင်ဝံပုလွေ သုံးလေးကောင်တို့ကို ထပ်တွေ့ရလေသည်။





နှင်းတောင်၌နေသော ဝံပုလွေတို့မှာ သာမန်တောထဲ၌နေသော ဝံပုလွေများထက် အကောင်အရွယ်အစားပိုကြီးသည်။ အမွေးပိုရှည်သည်။ ဦးခေါင်းပိုရှည်ပြီး အစွယ်များကလည်း သာမန်ဝံပုလွေများထက် ပိုရှည်ကာ ချွန်ထွက်နေကြသည်။

ခွန်အားဗလလည်း သန်မာကာ ခန္ဓာကိုယ်ထွားကျိုင်းသဖြင့် ကျားတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းလှသည်။ ဝံပုလွေတစ်ကောင်ဆိုလျှင်တော့ ကိစ္စမရှိပေ၊ သုံးလေးကောင်မှ လေးငါးကောင် ဖြစ်လာလျှင်တော့ အန္တရာယ်များသည်။ သို့ကြောင့် ဝါးတောအတွင်းမှ နောက်ပြန်ဆုတ်ရန် ကြိုးစားသည်။ မရတော့ပေ။

နောက်ဘက်မှာလည်း ဝံပုလွေအချို့ရောက်နေဟန်ရှိသည်။ တဂီးဂီးနှင့် မာန်ဖီသံ ကြားရသည်။ မတတ်နိုင်တော့ပေ။ အန္တရာယ်နှင့်တွေ့မှတော့ သူသေကိုယ်သေ တိုက်ခိုက်ဖို့သာရှိတော့သည်။ ထိုသို့စိတ်ဆုံးဖြတ်လိုက်ပြီးနောက် လေးနှင့်မြားကို ပြန်သိမ်းကာ ဓားနှင့်လှံတို့ကို ထုတ်လိုက်သည်။

ထိုအခိုက်မှာပင် မနီးမဝေးရောက်နေသည့် ဝံပုလွေကြီးတစ်ကောင်က ထွက်လာပြီး ဝင်ရောက်တိုက်လေသည်။ နီမောင်ကလည်း တိုက်ခိုက်ရည် ညံ့သူမဟုတ်ပေ။ ဝံပုလွေနှင့်တစ်ကောင်ချင်း တွေ့သည်ကိုတော့ ကောင်းကောင်းတားဆီးနိုင်လေသည်။ သို့သော် တစ်ကောင်ထက် ပိုများလာသောအခါမှာတော့ တိုက်ခိုက်ရတာ မလွယ်လှပေ၊ တိုက်ခိုက်နေရင်းမှပင်



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နှစ်ကောင်ထွက်လာသောကြောင့် သုံးကောင်ဖြစ်သွားလေသည်။

ဝံပုလွေများမှာ လက်သည်းခြေသည်းထက် အစွယ်ကပိုပြီး ကြောက်စရာကောင်းသည်၊ ၎င်းတို့အစွယ်ဖြင့် အကိုက်ခံရပါက မလွတ်နိုင်တော့ပေ။ သို့ကြောင့် သတိကြီးစွာထားပြီး တိုက်ခိုက်နေရလေသည်။ သုံးလေးကောင် ဖြစ်လာသောအခါ ဒေသလောက်သော ဒဏ်ရာမျိုး မရစေကာမူအစွယ်ဖြင့် ကိုက်မိခြစ်မိသော ဒဏ်ရာများကတော့ တစ်ကိုယ်လုံးရလာလေသည်။

ဒီအတိုင်းဆိုလျှင်တော့ ကြာကြာတိုက်ခိုက်ဖို့ မလွယ်လောက်တော့ပေ။ ဝံပုလွေများကလည်း သုံးလေးကောင် ဖြစ်လာသောအခါ သူ့ကိုအလွတ်ပေးလိုဟန် မရှိတော့သဖြင့် ဝိုင်းထားကြသည်။ ၎င်းတို့လည်း ဓားချက်၊ လှံချက်များ သိထားသောကြောင့် အရမ်းမဝင်ဝံ့ကြပေ။ တစ်ကြိမ်မှာတော့ နောက်ဖက်ဝါးရုံတောတွင်းမှ အလစ်ခုန်ဝင်လာသော ဝံပုလွေတစ်ကောင်ကို လှံဖြင့် လှည့်ထောက်လိုက်ရာ လှံချက်က စိုက်ဝင်သွားလေသည်။

ဝံပုလွေနှင့်အတူ လှံပါ ပါသွားလေတော့သည်။ သူလည်း ရေခဲပြင်ပေါ်သို့ လဲကျသွားသည်။ လက်ထဲမှာ ဓားတစ်လက်သာ ကျန်တော့သည်။ ထိုဓားတစ်လက်နှင့်တော့ ကြာရှည်တံ့ပြန်နိုင်မည် မဟုတ်ပေ။

ထိုအချိန်မှာပင် တောစပ်မှ လူနှစ်ယောက်ထွက်လာကြသည်။ သူသိသော ရွာသားများတော့ မဟုတ်ကြပေ။ အသက်





အရွယ်ကြီးသော အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျို တစ်ယောက်တို့ပင် ဖြစ်သည်။

၎င်းတို့မှာလည်း ဓား လှံ လက်နက်များပါလာကြပြီး တိုက်ခိုက်သော စွမ်းရည်လည်း ကောင်းလှသောကြောင့် ဝံပုလွေများ အထိနာကာ ဒဏ်ရာဒဏ်ချက်များဖြင့် ထွက်ပြေးသွားကြလေတော့သည်။

ထိုအခါမှ နီမောင်လည်း သက်ပြင်းချနိုင်သော်လည်း ဒဏ်ရာဒဏ်ချက်များကြောင့် နေရာမှ မထနိုင်တော့ပေ။ သူ့အခြေအနေကို မြင်တော့ တိဗက်လူမျိုးများကဲ့သို့ အဝတ်အစားများ ဝတ်ဆင်ထားသော မိန်းမပျိုက အနားရောက်လာပြီး မေးသည်။

"ရှင် ဒဏ်ရာရထားသလား၊ အတော်များ သလား"

"ဟုတ်တယ်၊ ခြေထောက်မှာရော လက်မောင်းမှာပါ ဝံပုလွေ အကိုက်ခံလိုက်ရတယ်"

"ဒီလိုဆိုရင်တော့ ဆေးထည့်ပြီး စည်းထားမှ ဖြစ်မယ်၊ သွေးအေးသွားရင် ငန်းဝင်ပြီး သိပ်နာလာလိမ့်မယ်"

ထိုသို့ပြောပြီး မိန်းကလေးက နောက်နားမှာ ရပ်နေသော အဖိုးကြီးကို တစ်ချက်လှည့်ကြည့်လေသည်။

"သူ့ကို ငါတို့နေတဲ့ ဂူထဲခေါ်လာခဲ့ပေါ့၊ ဒီနေရာမှာ ကြာကြာနေလို့မှ စိတ်မချရတာ"

ဟုပြောပြီး နှစ်ယောက်သား နီမောင်ကို ဝိုင်းထူပေးကြသည်။ စောစောကတိုက်ခိုက်နေစဉ်က သတိမထားမိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သွေးအေးသွားတော့မှ ဒဏ်ရာများက နာကျင်လာသည်။ နှစ်ယောက်တွဲ ထူပေးသည်ကိုပင် အားယူပြီး ထနေရသည်။

"မင်းက တိုက်ခိုက်တာလည်း ကောင်းတယ်၊ သတ္တိလည်း အတော်ရှိတယ်၊ နှင်းတောင်ဝံပုလွေတွေနဲ့ အခုလို လေးကောင်မပြောနဲ့ တစ်ကောင်ချင်းတွေ့တာတောင် သေကြတာများတယ်၊ အခု သုံးလေးကောင်ကို ပြန်တိုက်နိုင်တာတော့ ချီးကျူးရမှာပဲ"

မုတ်ဆိတ်မွေး၊ ဆံပင်မွေးများ ဖြူဖွေးနေသော အဘိုးကြီးက ပြောသည်။ ၎င်းလည်း တိဗက်လူမျိုးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး တောင်ဝှေးတစ်ချောင်း ကိုင်ထားလေသည်။

ထို့နောက်မှာတော့ နှစ်ယောက်သား နီမောင်ကို တွဲကာ ၎င်းလည်း တိဗက်လူမျိုးများ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး တောင်ဝှေးတစ်ချောင်း ကိုင်ထားလေသည်။

ထို့နောက်မှာတော့ နှစ်ယောက်သား နီမောင်ကိုတွဲကာ ၎င်းတို့ စခန်းချနေသည့် ဂူရှိရာသို့ ခေါ်သွားကြလေသည်။ ဒီတစ်ကြိမ်တော့ နီမောင့်အတွက် သေကံမရောက်၊ သက်မပျောက်ဆိုသော အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရပြန်ချေသည်။







(အခန်း - ၁၁)

# မိစ္ဆာမုဆိုးနှင့် မိစ္ဆာခိုင်သောမား

အဘိုးကြီးနှင့် မိန်းမပျိုတို့နှစ်ယောက်က သူ့ကို ဂူပေါက်တစ်ခုအတွင်းသို့ ခေါ်သွားလေသည်။ ထိုဂူပေါက်မှာ သူတို့စခန်းချနေသော ဂူပေါက်ဖြစ်ဟန်ရှိသည်။

အတွင်း၌ မီးဖိုရှိပြီးအသုံးအဆောင် ပစ္စည်းအချို့လည်း ရှိနေသည်။ ဂူအတွင်းရောက်တော့ အဘိုးကြီးက နီမောင့်ကိုယ်ပေါ်မှ ဒဏ်ရာများကို ဆေးထည့်ကာ အဝတ်များဖြင့် စည်းပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ဆေးတစ်ခွက်တိုက်လိုက်ရာ မကြာခင် အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

သူပြန်နိုးလာတော့ နောက်တစ်နေ့ နံနက်ပိုင်း အချိန်ပင် ကျော်နေခဲ့ပေပြီ။

ဒဏ်ရာဒဏ်ချက်များက နာကျင်နေသေးသော်လည်း မခံမရပ်နိုင်လောက်သည်အထိ နာကျင်နေခြင်းမျိုးတော့ မရှိတော့ပေ။ သို့ကြောင့် နေရာမှ ထလေသည်။

သူနိုးလာတော့ နှစ်ယောက်စလုံး အနားရောက်လာပြီးနောက် အခြေအနေကြည့်ကြသည်။

"နိုးပြီလား မောင်ရင့်မှ ဒဏ်ရာတွေကရော သက်သာသွားပြီလား"

"ဟုတ်ကဲ့ အတော်ကလေး သက်သာသွားပါပြီ၊ ကျွန်တော် အသက်ကို အခုလို ကယ်တင်ပေးခဲ့တဲ့အတွက် အဘတို့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူးကွယ်၊ ခရီးသွားအချင်းချင်းပဲ ကြုံကြိုက်တဲ့အခါ ဒီလိုပဲ အကူအညီ ပေးကြရမှာပေါ့"

ထိုသို့ပြောပြီး မီးဖိုပေါ်မှာ ကျိုထားသော ဆေးရည်တစ်ခွက်ကိုယူပြီး နီမောင်ကိုပေးသဖြင့် ယူပြီးသောက်လိုက်လေသည်။ ထိုဆေးရည်မှာ ခါးသောအရသာရှိပြီး သောက်လိုက်သည့်အခါ တစ်ကိုယ်လုံး ပူနွေးသွားသောကြောင့် နေသာထိုင်သာ ဖြစ်သွားလေသည်။





"ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်၊ ကျွန်တော်က ပန်နန်းဒင် ရွာကပါ။ တောင်ပေါ်မှာ မချစ်စု တက်ရှာရင်းနဲ့ အခုလို ဝံပုလွေတွေနဲ့ တွေ့ရတာပါ"

"မင်း ကံကောင်းလို့ အသက်ရှင်ခွင့်ရတာ၊ မင်းနဲ့တွေ့တဲ့ ဝံပုလွေတွေက သာမန်မဟုတ်ဘူး၊ နှင်းတောင် ဝံပုလွေလို့ ခေါ်တယ်၊ သာမန်ဝံပုလွေတွေထက် အကောင်ပိုကြီးပြီး ကြောက်စရာလည်း ကောင်းတယ်၊ သူတို့အုပ်စုနဲ့တွေ့ရင် ဘယ်လိုသတ္တဝါမှ မခံနိုင်ကြဘူး"

"ကျွန်တော် တစ်ယောက်တည်း ဆိုရင်လည်း သေမှာပါပဲ၊ အဘတို့ ရောက်လာလို့သာ အခုလို အသက်ရှင်ခွင့် ရခဲ့တာပါ။ ဒါထက် အဘတို့ကရော ခရီးသွားတွေပဲလား"

"ဟုတ်ပါတယ်၊ ငါတို့ မြေးအဘိုးက တိဗက်က လာကြတာပါ။ ပစ္စည်းတစ်ခု လိုချင်လို့ လိုက်ရှာနေကြတာပါ"

နီမောင်ကတော့ သူတို့လို ခန်းတောက်မြစ် မချစ်ဥ၊ လိုက်လံရှာဖွေနေကြသည်ဟုသာ ထင်မိလေသည်။

"ဒါထက် မေးရဦးမယ်၊ မင်းတို့နေတဲ့ ရွာတွေဘက်မှာ မိစ္ဆာနဲ့ပတ်သက်တဲ့ ထူးခြားချက်တွေများ မတွေ့မိဘူးလား"

"ဗျာ. . မိစ္ဆာ"

"ဟုတ်တယ်၊ ငါတို့ မြေးအဘိုးက တခြားပစ္စည်း ရှာနေကြတာ မဟုတ်ဘူး၊ မိစ္ဆာတွေကို လိုက်ရှာနေတဲ့ မိစ္ဆာမှုဆိုးတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ များစွာ အံ့သြသွားမိလေသည်။ မိစ္ဆာများကို ရှာဖွေနေသည့် 'မိစ္ဆာမုဆိုး'ဟူသော အမည်မှာ သူ့အတွက်တော့ အထူးအဆန်း ဖြစ်နေတော့သည်။

"မိစ္ဆာမုဆိုးဆိုတာ ဘယ်လိုမျိုးလဲဟင်"

"မင်းလည်း မုဆိုးတစ်ယောက် မဟုတ်လား၊ လေးမြားလက်နက်တွေကို ကြည့်ရုံနဲ့ သိနိုင်တာပဲ"

"ဟုတ်ပါတယ်"

"မင်းတို့က လေးမြားလက်နက်သုံးတဲ့ သားကောင်ဖမ်းမုဆိုးတွေပဲ၊ ငါတို့က လေးမြားလက်နက် အသုံးပြုစရာ မလိုဘူး၊ မိစ္ဆာတွေကိုလိုက်ပြီး နှိမ်နင်းပေးနေတဲ့ မုဆိုးတွေပဲပေါ့"

"တကယ့်ကို အံ့သြစရာပါပဲ၊ ဒါထက် မိစ္ဆာတွေဆီက ဘာလိုချင်လို့လဲဟင်"

"တချို့မိစ္ဆာတွေမှာ အမြုတေရှိတယ်၊ မိစ္ဆာတွေရဲ့ ခန္ဓာကိုယ်ထဲမှာရှိလို့ မိစ္ဆာအမြုတေလို့ ခေါ်ကြတယ်၊ ဒီအမြုတေရှိတဲ့ မိစ္ဆာက သာမန်မိစ္ဆာတွေနဲ့ မတူတော့ဘူး၊ ကမ္ဘာဇီတ္တိတန်ခိုး ပိုရှိတယ်"

"ဘယ်လိုမျိုးလဲ အဘ"

"လူယောင်ဆောင်ပြီး လူတွေနဲ့ နေနိုင်တဲ့ အဆင့်မျိုးပေါ့"

"ဟင်. ."

ထိုစကားကြောင့် နီမောင်မှာ များစွာအံ့သြသွားလေသည်။





"မိစ္ဆာအမြုတေရှိနေတဲ့ မိစ္ဆာတစ်ကောင်က သာမန်မိစ္ဆာပေါင်းများစွာထက်ပိုပြီး အန္တရာယ်ရှိတယ်၊ သူ့ကို ဘယ်လိုမှ သတ်ဖြတ်လို့ မရနိုင်ဘူး၊ သူ့လက်ချက်ကြောင့်သာ လူတွေ တိရိစ္ဆာန်တွေ အများကြီး သေကြရတယ်၊ ဒါကြောင့် ငါတို့က အမြုတေရှိတဲ့ မိစ္ဆာတွေကို ရှာဖွေပြီးတော့ လိုက်လံဖမ်းဆီးနေတာပါ"

"အဲဒီအမြုတေရတော့ ဘယ်လိုအသုံးချသလဲဟင်"

"တခြားသိဒ္ဓိနဲ့ဆိုင်တဲ့ အစီအရင်တွေမှာ အသုံးချလို့ရတာပေါ့ကွာ"

"ဒီလိုဆိုရင်တော့ အဘတို့ကို ကျွန်တော်တို့ရွာမှာ ဖြစ်ပျက်နေတဲ့အကြောင်းတွေကို ပြောပြပါ့မယ်"

ဟု အစချီကာ ထန်လုံတို့အိမ်တွင် ရောက်နေသော မဟူရာဆိုသော မိန်းကလေးအကြောင်းကို ပြောပြလိုက်ရာ အသေအချာပင် နားထောင်ကြလေသည်။

နီမောင် စကားဆုံးတော့မှ အဘိုးကြီးက ပြောသည်။

"မင်း ပြောပုံအရ ဆိုရင်တော့ လူယောင်ဆောင်နေတဲ့ မိစ္ဆာတစ်ကောင် ရောက်နေတဲ့ပုံပဲ၊ ဒါပေမယ့် လူယောင်ဆောင်တိုင်းလည်း အမြုတေရှိတဲ့ မိစ္ဆာလို့တော့ ပြောလို့မရဘူး၊ သူ့ကို အသေအချာ လေ့လာကြည့်ပြီးမှပဲ သိရတော့မှာပဲ"

"ဒါဖြင့် ကျွန်တော်တို့ရွာမှာ လူတွေ မကြာခဏ သေတာရော သူ့လက်ချက် မဖြစ်နိုင်ဘူးလား၊ နောက်ပိုင်း သေတဲ့ လူတွေတိုင်း အသည်းနှလုံးတွေ စုတ်ယူခံကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ အသည်းနှလုံးတွေ ထုတ်ယူတာကတော့ မိစ္ဆာတွေရဲ့ လက်ချက်ဆိုတာ သေချာပါတယ်၊ ဒါပေမယ့် တခြား မိစ္ဆာတွေကလည်း ဒီလိုပဲ ထုတ်ယူစားသောက်လေ့ရှိကြတယ်၊ ဥပမာ သမန်းကျား၊ သမန်းဝံပုလွေနဲ့ မကောင်းဆိုးဝါးတွေပေါ့"

"ကျွန်တော်ကတော့ ရွာမှာ ရောက်နေတဲ့ မိန်းကလေး ကို သိပ်ပြီးမသင်္ကာဘူး၊ အဘတို့ရွာကို လိုက်ခဲ့ပြီးတော့ အကဲ ခတ်ကြည့်စေချင်တယ်"

"ဒီလိုသိရမှတော့ လာခဲ့ရမှာပေါ့၊ ဒါပေမယ့် တစ်ခု တော့ရှိတယ်၊ ငါတို့ မြေးအဖိုးက အဲဒီဘက်တွေ မရောက်ဖူး တော့ အသိအကျွမ်းလည်း မရှိဘူး"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ အဘတို့ရောက်လာရင် ကျွန်တော့်အိမ်မှာ တည်းခိုနေထိုင်ဖို့ စီစဉ်ပေးပါ့မယ်"

ဒီစကားကြားရတာ ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေ မယ့် မင်းနဲ့အတူ လိုက်ခဲ့လို့တော့ မဖြစ်သေးဘူး၊ အဲဒီလို လိုက် လာရင် သူတို့ရိပ်မိသွားကြလိမ့်မယ်၊ ဒီတော့နောက်မှ အေး အေးဆေးဆေး လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ အဘတို့ လာမယ်ဆိုရင် ကျွန်တော်အဆင်သင့် ပြင်ဆင်ပေးထားပါ့မယ်၊ ဒါထက် အဘ နာမည်က ဘယ်သူလဲဟင်"

"ငါ့နာမည်က ဦးဒိဗ္ဗလို့ခေါ်တယ်၊ ငါ့မြေးမလေးရဲ့ နာမည်ကတော့ ကေသရီတဲ့"

နီမောင်က မနီးမဝေးမှာ ထိုင်နေသော ကေသရီဆို





သည့် မိန်းကလေးကို တစ်ချက်ကြည့်လိုက်ရာ သူမကလည်း အသိအမှတ်ပြုသော အမူအယာမျိုးဖြင့် ခေါင်းတစ်ချက် ညိတ် ပြလေသည်။

ထို့နောက် သူတို့ကျိုထားသော ဆေးမြစ်ရေတစ်ခွက် ကိုထပ်သောက်ရာ တစ်ကိုယ်လုံး ပူနွေးပြီး နေသာထိုင်သာ ရှိ လာလေသည်။

အပြင်ဘက်မှာတော့ ရာသီဥတု အခြေအနေက သာ ယာနေသည်။ မြူနှင်းများ ကျနေသော်လည်း ဆိုးဆိုးဝါးဝါးတော့ မရှိလှပေ။ ထို့ကြောင့် ဆေးမြစ်ဆေးဥများရှာဖွေရန်အတွက် အပြင်ပြန်ထွက်ရန် ပြင်လေသည်။

"သွားတော့မလို့လား၊ မင်းက အမဲပစ်ရုံ သက်သက်ပဲ တောင်ပေါ် တက်လာတာလား"

"အမဲပစ်ရင်းနဲ့ ဆေးမြစ်ဆေးဥတွေ တွေ့ရင်လည်း ယူ သွားဖို့ပါပဲ၊ အထူးသဖြင့်တော့ ကျွန်တော်တို့ ရွာဘက်မှာ မချစ်ဥ က အတော်ကလေး ဈေးကောင်းတယ်၊ ဒါကြောင့် အမဲလည်း ပစ်ရင်း မချစ်ဥလည်း ရှာရင်းနဲ့ပေါ့"

"ဒီလိုဆိုရင်တော့ မင်းအတွက် အကူအညီတစ်ခု ပေး ရဦးမယ်၊ ငါတို့မြေးအဖိုး တောင်ပေါ်က ဆင်းလာတော့ တောင် ကြောတစ်နေရာမှာ ယော်တော့တွေ အများကြီး တွေ့ခဲ့တယ်"

ယော်တော့ဆိုသည်မှာ တိဗက်တို့က မချစ်ဥကိုခေါ် သောအမည်ပင်ဖြစ်၏။ သို့သော် နီမောင်ကတော့ နားမလည် ပေ။



www.burmeseclassic.com

www.burmeseclassic.com



“ယော်တော့ဆိုတာ ဘာလဲဟင်”

“ယော်တော့ဆိုတာ မင်းတို့ မချစ်ဥလို့ခေါ်တဲ့ ဆေးပင်ကိုပြောတာ”

“ဘယ်နေရာမှာ တွေ့ခဲ့တာလဲ အဘ၊ ကျွန်တော့်ကို ပြောပြပါ”

“နေရာကတော့ မဝေးလှပါဘူး၊ ဒါပေမယ့် မင်းတစ်ယောက်တည်း သွားရှာရင် တော်တော်နဲ့တွေ့နိုင်မယ် မထင်ဘူး ကေသရီ၊ သူတို့နေရာ လိုက်ပြပေးလိုက်ပါ၊ ငါတော့ ဒီမှာပဲ ပုတီးစိပ်ရင်း စောင့်နေတော့မယ်”

ဟုပြောသဖြင့် ကေသရီဆိုသော မိန်းကလေးက လိုက်ပို့ပေးရန် ပြင်လေသည်။

နီမောင်နှင့်အတူ ထွက်လာတော့ သူမထံမှာ လှံတိုတစ်ချောင်းနှင့်ဓားတစ်လက်ကို ကျောမှာလွယ်ထားပြီး ခါးမှာတော့ တစ်ပေကျော်ကျော်ခန့်ရှည်သော ဓားတစ်လက်ကို ခါးပတ်မှာ ထိုးထားသည်။

သူမသည် တိဗက်များဝတ်ဆင်သော အင်္ကျီနှင့် ဘောင်းဘီတို့ကို ဝတ်ဆင်ထားပြီး ခြေထောက်မှာတော့ နှင်းတောထဲ တွင်လျှောက်လျှင် အအေးဒဏ်ကို ကာကွယ်နိုင်သော သားရေဖိနပ်ရှည်ကို စီးထားသည်။ ဦးခေါင်းပေါ်မှာတော့ သားမွေးခေါင်းစွပ်ကို မျက်နှာတစ်ဝက်လောက်အထိ စွပ်ထားလေသည်။

သို့ကြောင့် သူမ၏ ချောမောလှပသော မျက်နှာလေးကို တစ်ဝက်တစ်ပျက်လောက်သာ မြင်ရလေသည်။





“နင်က တစ်ယောက်တည်း တောင်ပေါ်သွားနေတာလား၊ အဖော်မရှိဘူးလား”

တစ်နေရာရောက်တော့ သူမက မေးသည်။

“ငါ့မိတ်ဆွေတွေတော့ ပါကြပါတယ်၊ ဒါပေမယ့် တစ်ယောက်တစ်နေရာစီ ခွဲသွားကြလို့ တစ်ယောက်တည်း ဖြစ်နေတာပါ”

“နင်က သတ္တိတော့ အတော်ကလေး ကောင်းပုံရတယ်၊ နှင်းတောင် ဝံပုလွေသုံးလေးကောင်ကို တစ်ယောက်တည်း ခံတိုက်နိုင်တယ်”

“သတ္တိရှိတယ်လို့ မဟုတ်ပါဘူး၊ ဒီအတိုင်းနေရင်လည်း သေရမှာဆိုတော့ ဒီလိုပဲ ခုခံတိုက်ခိုက်ရတာပေါ့”

နီမောင်စကားကြောင့် ကေသရီက သဘောကျစွာ ရယ်နေလေသည်။

“ငါတို့ မြေးအဖိုး ရောက်လာတော့ ဝံပုလွေတွေကို နင်တိုက်ခိုက်နေတာကို မြင်သားပဲ၊ နင်က အတိုက်အခိုက် အတော်ကလေး ကျွမ်းကျင်တယ်”

နီမောင်က ဘာမှပြန်မပြောတော့ပေ။

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာကြရာ တောကြောပေါ်မှာရှိသော ဝါးရုံတောတစ်ခုရှိရာသို့ ရောက်လာကြသည်။

“ဒီဝါးရုံတောကြီးကျော်ရင် တောင်ကြောနှစ်ခုကြားကို ရောက်လိမ့်မယ်၊ အဲဒီနေရာမှာ နင်တို့လိုချင်တဲ့ ဆေးပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိတယ်”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“အဲဒီဘက်မှာ လူသူအရောက်အပေါက် သိပ်မရှိပေမယ့် အန္တရာယ်တွေတော့ ရှိနိုင်တယ်”

“ဘယ်လိုအန္တရာယ်မျိုးလဲ”

“နှင်းတောင်ဝံပုလွေတွေရှိတယ်”

နီမောင်က ပုခုံးနှစ်ဖက် တွန့်ပြလိုက်သည်။

“နင် ကြောက်နေလို့လား”

“ဟင့်အင်း. . မကြောက်ပါဘူး၊ နင်ပါနေသားပဲ”

နီမောင်စကားကြောင့် ကေသရီက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

“နင့်ကို မေးရဦးမယ်၊ နင်တို့မြေးအဖိုးက မိစ္ဆာတွေ လိုက်ရှာနေကြတာဆိုတော့ မိစ္ဆာတွေနဲ့ တွေ့ရင်ကော သိနိုင်မလား”

သူမက ခေါင်းညိတ်ပြသည်။

“ဘယ်လိုနည်းနဲ့ သိနိုင်တာလဲ”

“အများကြီး ရှိတာပေါ့၊ နင် ဒီဓားကို ဆွဲထုတ်ကြည့်ပါလား”

ဟုပြောကာ ခါးမှာထိုးထားသောဓားကို ထုတ်ပေးသဖြင့် လှမ်းယူလိုက်သည်။

“ဓားကို ဓားအိမ်က ချွတ်ကြည့်ပါလား”

ဟု ပြောသဖြင့် ဓားကို ဆွဲချွတ်ကြည့်သည်။ မရပေ။





ထို့ကြောင့် အားစိုက်ပြီး အကြိမ်ကြိမ် ကြိုးစားကြည့်သော်လည်း နည်းနည်းမှ မလှုပ်ပေ။

“ဘယ်လိုကြောင့် ချွတ်မရတာလဲ၊ ခလုတ်ရှိလို့လား”

“ခလုတ်တော့ မရှိပါဘူး၊ ဒါပေမယ့် သူက ဒီအတိုင်းဆိုရင် ချွတ်မရဘူး၊ ကိုယ့်အနားကို မိစ္ဆာတစ်ကောင်ကောင် ကပ်လာရင် အရောင်ပြောင်းသွားတတ်တယ်၊ အဲဒီအချိန်ကျမှ ချွတ်လို့ရတယ်”

“ဒီဓားက ဘယ်နေရာတွေမှာ သုံးတာလဲ”

“မိစ္ဆာတွေနဲ့ တွေ့တဲ့အခါ သုံးလို့ရတယ်၊ တချို့ မိစ္ဆာတွေက သာမန်လက်နက်တွေနဲ့ တိုက်ခိုက်လို့မရဘူး၊ မိစ္ဆာတွေကိုနိုင်တဲ့ ဒီလိုဓားမျိုးနဲ့ တိုက်ခိုက်မှသေတယ်”

နီမောင်က ဓားကို အသေအချာကြည့်သည်။

ဓားက တစ်ပေလောက်သာရှိပြီး ရွှေအိုရောင်သမ်းနေလေသည်။ ဓားရိုးနှင့် ဓားအိမ်ပေါ်မှာ ကနုတ်ပန်းများအပြင် အင်းစမများ၊ ဂါထာမန္တာန်နှင့် တူသောစာများလည်း တွေ့ရသည်။ ဓားမှာ အရွယ်သေးသော်လည်း အလေးချိန်က အတော်ပင် စီးလေသည်။

နီမောင်က ဓားကို ကေသရီလက်သို့ ပြန်ပေးလိုက်ပြီးနောက် နှစ်ယောက်သား ဝါးတောအတွင်းသို့ ဝင်ခဲ့ကြလေသည်။

ဝါးရုံတောကြီးမှာ မှိုင်းညို့နေသည်။ လူသူအရောက်အပေါက်နည်းသောနေရာ ဖြစ်သောကြောင့်လည်း တိုးမပေါက်အောင် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် အတော်ပင်ကျယ်ဝန်းလှသောကြောင့် ဝါးတော အတွင်းသို့ ရောက်သွားသောအခါ တစ်ဦးနှင့်တစ်ဦး စကား မပြောတော့ပဲ အခြေအနေကြည့်ပြီး သွားကြရလေသည်။

တစ်နေရာရောက်တော့ သူတို့ ရောက်နေသော နေရာ နှင့် မနီးမဝေးမှ ရိပ်ခနဲ ဖြတ်ပြေးသွားသော သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသဖြင့် ကေသရီက နီမောင်ကို တားထားလိုက်ပြီး ခါးမှာချိတ်ထားသော ဓားကို ဆွဲယူလိုက်သည်။

ဓား၏ မူလအရောင်မှာ ရွှေအိုရောင် ဖြစ်သော်လည်း ယခုအခါမှာတော့ သွေးနီရောင်များ သမ်းနေလေပြီ။

ထို့ပြင် အင်းစမများ ဂါထာမန္တာန်များမှာလည်း အ ရောင်လက်လာကာ တစ်မျိုးပြောင်းနေလေသည်။

"ဒီတောထဲမှာ မိစ္ဆာရှိတယ်၊ သတိထား"

ကေသရီက သတိပေးလိုက်သဖြင့် နီမောင်က ခေါင်း ညိတ်ပြလိုက်ကာ ကျောမှာလွယ်ထားသော လေးနှင့်မြှားကို အ ဆင်သင့်ပြင်ထားလိုက်သည်။

တစ်နေရာရောက်သောအခါ ဝါးရုံတောအတွင်းမှ လူသုံးယောက်ထွက်လာသည်။ ဦးခေါင်းမှစပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးများ ခြုံထားကာ ဓားလှံလက်နက်များ ကိုင်ထား လေသည်။ ထိုသုံးယောက်က သူတို့နှစ်ယောက် သွားမည့်လမ်း ပေါ်မှ ပိတ်ရပ်နေကြသည်။

ခေါင်းဆောင်လုပ်သူက ဦးခေါင်းပေါ်မှ အဝတ်ကို ဖယ် လိုက်သည်။ ၎င်းမှာ နီမောင်နှင့် တစ်ခါတွေ့ဆုံခဲ့ဖူးသော ပေ





တလူဆိုသူပင်ဖြစ်သည်။

"ဘာကြောင့် ငါတို့သွားမယ့်လမ်းမှာ တားဆီးနေတာ လဲ"

"ရှေ့မှာရှိတဲ့နေရာက ငါတို့ပိုင်နက်ပဲ၊ ဒီပိုင်နက်ကို ဘယ်သူမှ အဝင်မခံဘူး၊ ဝင်တဲ့လူတွေကို သတ်ဖြတ်ရမှာပဲ"

"ဒီနေရာတွေက ကန့်သတ်ထားတဲ့ နေရာတွေ မဟုတ် ဘူး၊ ဒါကြောင့် ဘယ်သူမဆို သွားခွင့်ရှိတယ်၊ ငါတို့လာတာ နင်တို့ကို ရန်ပြုဖို့မဟုတ်ဘူး၊ ဆေးမြစ် ဆေးဥတွေ ရှာဖွေဖို့ လာတာပဲ၊ ဒီတော့ လမ်းဖယ်ပေးပါ"

"ဝင်ခွင့်မပေးနိုင်ဘူး၊ ငါတို့ကို ကျော်နိုင်ရင်တော့ ကျော် ဝင်ပေတော့"

ဟု ပြောကာ ဓားလှံလက်နက်များ အသုံးပြုပြီး တိုက် ခိုက်ကြလေသည်။ နီမောင်နှင့် ကေသရီတို့ နှစ်ယောက်စလုံး အတိုက်အခိုက် ကျွမ်းကျင်သူများ ဖြစ်သဖြင့် ရန်သူများနေသော် လည်း မမှုကြပေ။

တစ်ခုပဲရှိသည် ကျန်နှစ်ယောက်က ဓား၊ လှံလက်နက် တို့ဖြင့် ထိုးခုတ်တိုက်ခိုက်၍ ရသော်လည်း ပေတလူကိုတော့ တိုက်ခိုက်၍ မရပေ။ ပေတလူ့ကို ဓားချက်ထိသော်လည်း ဘာမှ မဖြစ်ပေ။ သို့ကြောင့် သူနှင့်တိုက်ခိုက်ရာမှာ သတိကြီးစွာ ထားရ လေသည်။

၎င်းနှင့်ပါလာသော ကျန်နှစ်ယောက်မှာ နီမောင်နှင့် ကေသရီတို့ တိုက်ခိုက်မှုကြောင့် ဝါးတောအတွင်းသို့ လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ပေတလူတစ်ယောက်ကတော့ ဘာမှမဖြစ်ပေ။

ထို့ကြောင့် ကေသရီက သူ့ခါးမှ မိစ္ဆာသုတ်သင်သော ဓားကို နီမောင်ကိုပေးသည်။

"သူက မိစ္ဆာအမြူတေရှိပုံရတယ်၊ တခြားလက်နက်တွေနဲ့ တိုက်ခိုက်လို့ရမှာ မဟုတ်ဘူး၊ ဒီဓားနဲ့မှရမယ်"

နီမောင်က လက်ထဲသို့ ဓားရသောအခါ ဆွဲထုတ်ကြည့်ရာ အလွယ်တကူပင် ပါလာလေသည်။

တစ်ပေခန့် အလျားရှည်ပြီး အသွားနှစ်ဖက်ပါသော ဓားမျိုးဖြစ်သည်။ နီမောင်လက်ထဲသို့ မိစ္ဆာနိုင်သောဓား ရောက်လာသောအခါ ပေတလူမှာ အနည်းငယ် တွန့်သွားလေသည်။ ခါတိုင်းလို ဒရကြမ်း မဝင်ဝံ့တော့ဘဲ အခြေအနေကို စောင့်ကြည့်ပြီး တိုက်ခိုက်လေသည်။

တစ်ကြိမ်မှာတော့ ဓားချက်ထိပြီး ပုခုံးမှာ ဒဏ်ရာရသွားလေသည်။ အခြားသာမန်ဓားများနှင့်ထိလျှင် ဘာမှမဖြစ်သော်လည်း မိစ္ဆာနိုင်သောဓားဖြင့် ထိလိုက်ရုံဖြင့် ကွဲပြဲထွက်သွားလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ ပေတလူမှာ မခြေအနေမကောင်းမှန်း သိသွားသဖြင့် တောတွင်းသို့ ဝင်ပြေးသွားလေတော့သည်။ နီမောင်က နောက်မှ ပြေးလိုက်သွားရန် ဟန်ပြင်သောအခါ ကေသရီက လှမ်းတားသည်။

"မလိုက်နဲ့တော့ လိုက်လည်း မှီနိုင်မှာမဟုတ်တော့ဘူး"

ထိုသို့လှမ်းပြောသဖြင့် ပြန်လှည့်လာသည်။





စောစောက သူတို့နှစ်ဦးလက်ချက်ကြောင့် ဝါးတောထဲတွင် လဲကျနေသူနှစ်ဦးကို ကြည့်သောအခါ လူနှင့်မတူတော့ပဲ ဝံပုလွေများ ပုံသဏ္ဍာန်ပြောင်းနေလေပြီ။

"အံ့ဩစရာပဲ"

"ဒါ နှင်းတောင် ဝံပုလွေတွေပဲ၊ သူတို့က သမန်းဝံပုလွေအမျိုးအစားထဲမှာ ပါတယ်၊ ဝံပုလွေဘဝနဲ့ နှစ်ကြာလာရင် ဝံပုလွေအသွင်းက လူ့အသွင် ပြောင်းလဲလို့ရတယ်၊ ဒါကြောင့် သားကောင်ကိုတွေ့ရင် လူ့အသွင်ပြောင်းပြီး ချဉ်းကပ်လာပြီးမှ သတ်ဖြတ်စားသောက်လေ့ရှိကြတယ်"

"နင်က ဒီဝံပုလွေတွေအကြောင်း အတော်ကလေး သိတာပဲ"

"သိတာပေါ့၊ ငါက မိစ္ဆာမုဆိုးတစ်ယောက်ပဲ၊ မိစ္ဆာတွေအကြောင်းသိတာ ဘာဆန်းသလဲ"

"နင်က၊ မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်အန္တရာယ်များပြီး ကြောက်စရာကောင်းတဲ့ အလုပ်မျိုးတွေ လုပ်နေတာလည်း အံ့ဩစရာပဲ"

"ဘာများ အံ့ဩစရာရှိလို့လည်း၊ ငါတို့က မြေအဖိုးနှစ်ယောက်တည်း ရှိကြတာ၊ ငါ့အဖိုးက ဒါတွေလုပ်နေမှတော့ ငါလည်းလုပ်ရတာ ဘယ်ထူးဆန်းပါတော့မလဲ၊ ကဲ အချိန်ရှိတုန်း ငါတို့ ခရီးဆက်ကြရအောင်"

ဟု ပြောသဖြင့် နီမောင်က မိစ္ဆာနိုင်သောဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်ကာ ကေသရီကို ပြန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သား ဝါးတောအတွင်းမှ အပြင်သို့ ထွက်ခဲ့ကြသည်။ နောက်ထပ်တော့ အန္တရာယ်များနှင့် မတွေ့ကြရတော့ပေ။

ဝါးတောအတွင်းမှ လွန်သောအခါ ရေခဲ့များဖုံးနေသော တောင်ကြားတစ်ခုရှိသောနေရာသို့ ရောက်သွားကြသည်။

"ဒီနေရာက နှင်းတောင် ဝံပုလွေတွေရှိလို့ ဘယ်သူမှ မလာဝံ့တဲ့နေရာပဲ၊ တကယ်လို့ အရဲစွန့်ပြီး လာရင်လည်း ပြန်လမ်းမရှိတဲ့ဘဝ ရောက်မှာပဲ၊ အဲဒီနေရာမှာ နင်တို့လိုချင်တဲ့ ဆေးပင်တွေ ဆေးဥတွေအပြင် ရှီးပဒီးတွေပါ ရှိတယ်"

ရှီးပဒီးမှာ ပိုးကောင်သဖွယ်ဖြစ်နေသော ဆေးပင်မျိုးဖြစ်ပြီး တရုတ်ကုန်သည်များက ဈေးကောင်းပေးဝယ်သော ပစ္စည်းမျိုးဖြစ်သည်။

နှစ်ယောက်သား လျှောက်လာကြရာ တောင်ကြားဘက်ရောက်သောအခါ အမြစ်ကို သုံးရသော ခန်းတောက်ပင်၊ ဥကို သုံးရသော မချစ်ဥပင်၊ အရွက်ကိုအသုံးပြုရသော ရှီးပဒီးခြောက်များစွာတို့ကို တွေ့ရလေတော့သည်။

တကယ်တော့ ထိုသို့ တွေ့ရခြင်းမှာ နီမောင်တို့ ဒေသခံများအတွက်ကတော့ ရတနာသိုက်တစ်ခုကို ရှာဖွေတွေ့ရသကဲ့သို့ ဝမ်းသာစရာပင် ဖြစ်ပေတော့သည်။







## (အခန်း - ၁၂)

# မဟာကျောကွင်းသို့ တိုးဝင်မိခြင်း

အချိန်က ညဉ့်ပိုင်းအချိန် ကျော်လွန်လာခဲ့ပြီဖြစ်သည်။ မိစ္ဆာများ သောင်းကျန်းနေသောကြောင့် ညအချိန်ရောက်သည်နှင့် အပြင်မထွက်ဝံ့ပဲ မိမိတို့ အိမ်များအတွင်း၌သာ နေကြသဖြင့် ပန်နန်းဒင်တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ထိုအချိန်မျိုးတွင် အိပ်မပျော်နိုင်သေးသူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိနေသည်။ မဟူရာပင် ဖြစ်ပေသည်။

သူမသည် ထန်လုံတို့အိမ်သို့ ရောက်နေသည်မှာ ရက်အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် မိသားစုတစ်ယောက်လိုပင် နေထိုင်လျက် ရှိပေသည်။

အိမ်မှာ လုပ်စရာရှိသော အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ပေးနေသောကြောင့်လည်း ဦးထန်ဖုန်းရှိန်တို့ပင် သံသယစိတ်များ လျော့ပါးသွားကြလေသည်။

ဦးထန်ဖုန်းရှိန်က ပြောသဖြင့် မိန်းမဖြစ်သူ ဒေါ်ဒရဲမားကပင် ပူပန်နေမှုများ လျော့သွားပြီ ဖြစ်သောကြောင့် အိမ်ပေါ်သို့ ခေါ်လာသော ထန်လုံကိုပင် နောက်ထပ်ဘာမှ မပြောတော့ပေ။

သို့သော် ထိုအိမ်ကြီးပေါ်တွင် မဟူရာရောက်သည့်အတွက် စိုးရိမ်သောက ရောက်နေသူတစ်ဦးတော့ ရှိပေသေးသည်။ ထန်လုံ၏ မိန်းမဖြစ်သူ ချယ်ရီပင် ဖြစ်သည်။ ချယ်ရီကတော့ မဟူရာ ရောက်လာခြင်းမှာ သွေးနိုးသားနိုးမဟုတ်ပဲ တစ်နေ့ကျလျှင် သူ့ယောကျ်ားထန်လုံကို အပိုင်သိမ်းသည်ဟု ထင်နေလေသည်။

သို့ကြောင့် မဟူရာအိမ်ပေါ် ရောက်လာသည့်နောက်ပိုင်း တစ်ချက်ကလေးမှ စိတ်မအေးရပဲ ရှိနေလေသည်။

ထန်လုံကတော့ သူ့အပေါ် စိတ်ချစေရန် အတန်တန်ကတိပေးထားသော်လည်း ချယ်ရီကတော့ စိတ်မချပေ။

တစ်နေ့ကျလျှင် မာယာကျော့ကွင်းထဲသို့ သက်ဆင်းရ





ပြီး ပါသွားမည်ဟုသာ စိတ်ထဲမှ ယုံကြည်နေမိလေသည်။

မဟူရာကတော့ ထိုအိမ်ရောက်ကတည်းက မိသားစုတစ်ယောက်ပမာ ကျိုးနွံစွာနေထိုင်ပြီး သူ လုပ်ပေးနိုင်သော ကိစ္စမှန်သမျှ မငြီးမငြူ ဒိုင်ခံလုပ်ပေးလေသည်။

ရေခပ်၊ ထင်းခွေ၊ ဆန်ဖွပ်၊ မောင်းထောင်း စသော အလုပ်များကို သာမန်လုပ်နိုင်သူများထက်ပင် သူကပိုပြီး လုပ်ပေးနိုင်လေသည်။ ဆန်ဖွပ်မောင်းထောင်းသော အလုပ်များကိုလုပ်လျှင် ခဏလေးနှင့် ပြီးလေသည်။

သို့ကြောင့်လည်း ချယ်ရီမှလွဲပြီး တစ်အိမ်လုံးက သူ့ဘောကျနေကြခြင်း ဖြစ်သည်။

တစ်နေ့တော့ အိမ်မှာ ဘယ်သူမှမရှိပဲ မဟူရာနှင့် ချယ်ရီတို့နှစ်ယောက်သာ အိမ်မှာကျန်ခဲ့ကြလေသည်။

ထန်လုံက တောင်ပေါ်တက်သွားပြီး ဦးထန်ဖုန်းရှိန်တို့လင်မယားက အခြားရွာသို့ ကိစ္စတစ်ခုဖြင့် သွားကြလေသည်။

ထိုအချိန်တွင် မဟူရာက ဆန်ဖွပ်သောနေရာတွင် သီချင်းလေး တအေးအေးဖြင့် တစ်ယောက်တည်း ဆန်ထောင်းနေလေသည်။ ထိုနေရာသို့ ချယ်ရီ ရောက်လာလေသည်။

ချယ်ရီကိုမြင်တော့ မဟူရာက ဆန်ထောင်းခြင်းကို ရပ်ပြီး ဆန်ပြာရန်အတွက် ပြင်ဆင်နေသည်။

ချယ်ရီက မနီးမဝေးမှာ ဝင်ထိုင်တော့ သူမက တစ်ချက်ကြည့်ပြီး ပြုံးပြလိုက်သည်။

“ငါ အိမ်ပေါ်က ကြည့်နေတယ်၊ နင့်ကြည့်ရတာ ဆန်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖွပ်တတ်ဘူး၊ ဆန်လည်း မပြာတတ်ဘဲနဲ့ ဆန်ဖြူတွေ ဖြစ်လာအောင် ဘယ်လိုလုပ်နေတာလဲ"

"ငါ့နည်းငါ့ဟန်နဲ့ပဲ လုပ်တာပေါ့၊ ငါ့မှာလည်း ဆန်ဖြူရအောင် လုပ်တဲ့နည်းတွေ အများကြီးရှိတာပေါ့။ အဓိကက ဆန်ဖြူဖြစ်လာဖို့ပဲ မဟုတ်လား"

"နင် ဘယ်လိုလုပ်တာလဲ"

ထိုစကားကြောင့် မဟူရာက သဘောကျစွာဖြင့် ရယ်လိုက်သည်။

"နင့်ကြည့်ရတာ ငါ့ကို တစ်ချိန်လုံး စောင့်ကြည့်နေပုံရတယ်၊ နင့်စိတ်ထဲမှာ ငါ့ကို မိစ္ဆာလို့ ထင်နေတယ် မဟုတ်လား"

"ဟုတ်တယ် နင် မိစ္ဆာ မဟုတ်လား"

ထိုသို့ပြောသောအခါ မဟူရာက ပြုံးစေ့စေ့အမူအယာဖြင့် ရှေ့သို့တိုးလာသည်။

"မိစ္ဆာဆိုရင် သူတို့မျက်လုံးကိုကြည့်ရင် သိနိုင်တယ် နင် ငါ့မျက်လုံးကို ကြည့်ပါလား"

ဟုပြောပြီး မျက်လုံးချင်း ဆိုင်ကြည့်ရာ ချယ်ရီမှာ တကိုယ်လုံး ကျင်စက်နှင့် တို့သကဲ့သို့ ဖြစ်သွားပြီး မလှုပ်နိုင်တော့ပေ။ ထိုအချိန်မှာ မဟူရာ၏ လက်တစ်ဖက်က သူမမျက်နှာအနီးသို့ ရောက်လာသဖြင့် ကြည့်လိုက်ရာ ကြောက်စရာကောင်းသော မြင်ကွင်းကို တွေ့မြင်ရလေသည်။

သာမန်လက်မျိုး မဟုတ်တော့ပဲ ကြောက်စရာကောင်းသော သတ္တဝါတစ်ကောင်၏ လက်မျိုးဖြစ်နေပြီး ရှည်လျားသော





လက်သည်းချွန်ကြီးများက မျက်နှာအနီး၌ ဝဲနေလေသည်။

ချယ်ရီမှာ ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်နေသော်လည်း လှုပ်မရပဲ ဖြစ်နေလေသည်။

"အခုနေ ငါနင့်ကိုသတ်လိုက်ရင် ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ဒါပေမယ့် ငါ မသတ်ပါဘူး၊ ဒါပေမယ့် ဒီအကြောင်းတွေကို နင့်ယောက်ျားနဲ့ တခြားလူတွေကို မပြောရဘူး၊ ပြောတာနဲ့ နင်အပါအဝင် တစ်အိမ်လုံးကို သတ်ပစ်မယ်"

ချယ်ရီက မျက်လုံးအပြူးသားနှင့် ကြည့်နေသော်လည်း ဘာမှတော့ ပြန်မပြောနိုင်ရှာပေ။

"နင် ငါ့ကို ကတိပေးမလား၊ ပေးရင် အသက်ချမ်းသာခွင့်ပေးမယ်၊ မပေးရင် အခုချက်ချင်း သတ်ပစ်လိုက်မယ်"

ဟု ပြောဆိုရင်းနှင့် လက်သည်းချွန်များက လည်ပင်းနေရာသို့ ရောက်လာသောကြောင့် ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ ထိုအခါမှ မဟူရာက လက်ကို ပြန်ရုတ်သွားသည်။ ခဏကြာတော့ မိန်းကလေးတစ်ယောက် လက်များကဲ့သို့ ပြန်ဖြစ်သွားလေသည်။ ချယ်ရီလည်း ပုံမှန်အတိုင်း ပြန်လည်လှုပ်ရှား၍ ရလာသည်။

ထိုအခါမှ မဟူရာက ပြောသည်။

"ငါတစ်ယောက်တည်း ဆန်တွေအများကြီးရအောင် ဘယ်လိုလုပ်သလဲဆိုတာ နင့်ကိုပြမယ်"

ဟု ပြောကာ မောင်းဆုံအတွင်းသို့ စပါးများထည့်ပြီး လေဖြင့် တစ်ချက်မှုတ်လိုက်ရာ လေပွေမွှေ့သကဲ့သို့လည်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အခွံတခြား ဆန်တခြား ဖြစ်သွားလေတော့သည်။

နောက်တော့ မောင်းဆုံအတွင်းမှာ ဆန်များချည်း ကျန်နေခဲ့ပြီး စပါးခွံနှင့် ဖွဲများက အပြင်ရောက်သွားကြလေသည်။

မဟူရာက မောင်းဆုံအတွင်းမှ ဆန်များကို ခံတောင်းတွင်းသို့ ထည့်နေရင်း ပြောသည်။

"အခုအချိန်ကစပြီး ဒီအကြောင်းတွေကို မေ့ထားလိုက်ပေတော့၊ တကယ်လို့ ပေးထားတဲ့ ကတိမတည်ပဲ ပြောမိရင်တော့ နင် အပါအဝင် တစ်အိမ်လုံးကို ချက်ချင်းသတ်ပစ်မယ်"

ဟု ပြောသဖြင့် ချယ်ရီလည်း ကြောက်ကြောက်လန့်လန့်နှင့် အိမ်ဘက်သို့ ပြန်လာရပေသည်။

မဟူရာကတော့ သူ့အလုပ်ကိုသာ အေးအေးဆေးဆေး ဆက်လုပ်နေလေသည်။

နောက်ပိုင်းရက်များမှာတော့ ချယ်ရီတစ်ယောက် မဟူရာအပေါ်တွင် မကျေနပ်သော်လည်း အေးအေးပင် နေထိုင်ရလေသည်။ မဟူရာကတော့ အိမ်ထဲမှာရှိသော ရန်တစ်ခုကို ထိန်းနိုင်ပြီဖြစ်သောကြောင့် ရည်ရွယ်ထားသည့်အတိုင်း ဆက်လုပ်သွားရန် ပြင်ဆင်နေသည်။

ယခုလည်း ညဦးနက်ပိုင်း တိတ်ဆိတ်ငြိမ်သက်နေတော့မှ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေလေသည်။

အချိန်အတော်ကြာတော့မှ သူမနေသော အဆောက်အဦးကြီးတစ်ခုလုံး သိမ့်ခနဲ ဖြစ်သွားပြီးနောက် အခန်းတွင်းသို့ လူတစ်ယောက် ဝင်လာလေသည်။





ပေတလူ သို့မဟုတ် သီဟဆိုသော လူရွယ်ပင် ဖြစ်ပေသည်။ သူ့ကိုယ်ပေါ်မှာလည်း သွေးများ စွန်းပေနေသည်။ လက်ထဲမှာတော့ ဖက်စိမ်းဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ် ပါလာသည်။

အခန်းထဲရောက်တော့ သီဟက သူယူလာသော အထုပ်ကို ပေးသဖြင့် မဟူရာက လှမ်းယူပြီး ဖြေကြည့်လိုက်သည်။

အတွင်းမှာတော့ လောလောဆယ် ထုတ်ယူလာသော လူတစ်ယောက်၏ အသည်းနှလုံးကို တွေ့ရလေသည်။

မဟူရာအတွက် မျှော်လင့်တောင့်တနေသော အစားအသောက် ဖြစ်သောကြောင့် တွေ့သည်နှင့် ချက်ချင်းကိုက်ဖဲ့စားနေလေသည်။ သီဟကတော့ မျက်နှာမသာမယာဖြင့် ကြည့်နေလေသည်။

"နင့်မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာလို့လဲ"

"ငါ ဒဏ်ရာရလာတယ်"

"ဟင်. . ဘယ်သူတွေနဲ့တွေ့ပြီး တိုက်ခိုက်လို့ ဒဏ်ရာရလာတာလဲ၊ ငါ့ကိုပြပါဦး"

ဟု ပြောသဖြင့် သီဟက သူ၏ လက်မောင်းတစ်နေရာတွင် ထိထားသော ဓားဒဏ်ရာကို ပြလေသည်။

ဓားဒဏ်ရာမှာ အတော်ပင်နက်ပြီး ထိုနေရာမှ သွေးများထွက်နေလေသည်။

"ဟင်. . ဒဏ်ရာက အတော်များတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး သူမလက်ဝါးဖြင့် ဒဏ်ရာကို အုပ်လိုက်သည်။ သာမန်ဆိုလျှင် ထိုကဲ့သို့ လက်ဖြင့်ထိလိုက်သည်နှင့် ဒဏ်ရာဒဏ်ချက်မကျန်အောင် ပျောက်သွားမည်ဖြစ်သော်လည်း ယခု မပျောက်ပေ။ ဒဏ်ရာမှ သွေးများ ထွက်မြဲထွက်နေလေသည်။

"ဟင် ဘယ်လိုဖြစ်တာလဲ"

"ငါတို့နယ်ထဲကို မိစ္ဆာမုဆိုးနှစ်ယောက် ရောက်လာကြပြီ၊ ငါ သူတို့နဲ့တွေ့လို့ တိုက်ခိုက်ရင်းနဲ့ ဒီဒဏ်ရာ ရလာခဲ့တာ၊ သူတို့မှာ မိစ္ဆာနိုင်တဲ့ ဓားပါတယ်၊ ဒီဓားနဲ့ထိရင် ငါတို့အစွမ်းနဲ့ ကုလို့မရဘူး"

ထိုစကားကြောင့် မဟူရာပင် စိတ်လှုပ်ရှားသွားလေသည်။ စိုးရိမ်စိတ်များပင် ဝင်လာလေသည်။

သာမန်လူများကို မကြောက်ရသော်လည်း မိစ္ဆာဖမ်းသည့် မုဆိုးများနှင့်တွေ့လျှင်တော့ ကြောက်ရသည်။ သတင်းကြားသည်နှင့် အဝေးသို့ ရှောင်ပြေးရသည်။

မိမိတို့တွင် ကမ္ဘဇိတ္တိစွမ်းအားရှိသော်လည်း မိစ္ဆာမုဆိုးတို့တွင်ပါသော လက်နက်များကိုတော့ မကာကွယ်နိုင်ပေ။

သို့ကြောင့် ပြေးရခြင်း ဖြစ်သည်။

"နင် ဒီမှာ ဆက်မနေသင့်တော့ဘူး၊ ငါနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့ပါ"

"ငါ မလိုက်နိုင်သေးဘူး၊ ဒီလောက်ကြိုးစားပြီးမှတော့ ငါလိုချင်တာရအောင် ဆက်လုပ်ရဦးမယ်"

"နင် ဘာကြောင့် ဒီလောက် ခေါင်းမာနေတာလဲ၊ ဒီအ





တိုင်းဆိုရင် မကြာခင် မိစ္ဆာမုဆိုးတွေ ရောက်လာပြီး နင့်ကိုယ်ထဲက မိစ္ဆာအမြုတေကို ထုတ်ယူသွားကြလိမ့်မယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ သူတို့ အစွမ်းလောက်နဲ့တော့ ငါ့ကိုယ်ထဲက မိစ္ဆာအမြုတေကို မရနိုင်ပါဘူး"

ထိုစကားကြားတော့ သီဟက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါလိုက်သည်။

"နင်က လူတွေအကြောင်း သိပ်မသိသေးပါဘူး၊ လူတွေကို အထင်မသေးရဘူး၊ သူတို့မှာ ငါတို့မသိနိုင်တဲ့ ငါတို့စွမ်းအားတွေနဲ့ မနိုင်တဲ့အစွမ်းတွေ သိဒ္ဓိတန်ခိုးတွေရှိတယ်၊ နင် သူတို့နဲ့တွေ့တဲ့အခါ ဒုက္ခရောက်လိမ့်မယ်၊ ငါနဲ့ ပြန်လိုက်ခဲ့ပါ"

မဟူရာက မသိမသာ ခေါင်းကို ခါရမ်းလိုက်သည်။

"ငါ မလိုက်သေးဘူး၊ ငါ ရည်ရွယ်ချက် ပြည့်ဝတော့မှ ပြန်လာတော့မယ်"

"ဒါပေမယ့် တကယ်လို့ သူတို့ ရောက်လာရင် ငါ နင့်ဆီကို လာနိုင်တော့မှာ မဟုတ်ဘူး၊ အခုလို အစာရှာပြီး လာပို့ပေးနိုင်တော့မှာ မဟုတ်ဘူး၊ အဲဒီအခါကျရင် နင် ဘယ်လိုလုပ်မလဲ"

"ငါ့အတွက် စိတ်မပူပါနဲ့၊ ငါ့ဖာသာ ရှာဖွေစားသောက်ပါ့မယ်"

"နင့်ကို လူတွေက မသင်္ကာလို့ စောင့်ကြည့်နေကြတယ်လေ၊ နင် ဘယ်လို အခွင့်အရေး ရနိုင်မှာလဲ"

မဟူရာက ဘာမှထွေထွေထူးထူး ပြန်မပြောတော့ဘဲ လက်ထဲမှာ ကိုင်ထားသော အသည်းနှလုံးကိုသာ ကိုက်ခဲစား



www.burmeseclassic.com

www.burmeseclassic.com



သောက်နေလေသည်။

သီဟကတော့ ပြောမရတော့မှန်း ရိပ်မိသဖြင့် စိတ်ပျက်လက်ပျက် အမူအယာဖြင့် နေရာမှ ထရပ်လိုက်သည်။

"ငါ သွားတော့မယ်"

"နင်လည်း ဂရုစိုက်ပြီး သွားပါ၊ ငါ့ဆီကို အခွင့်အရေးရမှ လာခဲ့ပါ၊ မရရင် မလာခဲ့ပါနဲ့၊ ကိုယ့်ကိုယ်ကိုတော့ အန္တရာယ်မဖြစ်ပါစေနဲ့"

သီဟက ခေါင်းညိတ်ပြပြီးနောက် ပြတင်းပေါက်မှ အောက်သို့ ခုန်ဆင်းသွားလေသည်။

မဟူရာက အပေါ်မှ လှမ်းကြည့်နေရာ ခဏကြာတော့ နှင်းမှုန်များကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

သီဟပြန်သွားပြီးနောက် မဟူရာမှာ သူရည်ရွယ်ထားသည့် ကိစ္စများမှာ ရေရှည်ဆွဲ၍ အချိန်ဆွဲမရတော့မှန်း သဘောပေါက်မိလေသည်။

"ငါ ရည်ရွယ်ထားတဲ့ ကိစ္စတွေကို အမြန်အကောင် အထည် ဖော်မှဖြစ်တော့မယ်၊ တကယ်လို့ မိစ္ဆာမုဆိုးတွေ ဒီရွာကို ရောက်လာခဲ့ရင် ငါ့အတွက် ဒီလိုအခွင့်အရေး ရတော့မှာ မဟုတ်ဘူး"

ဟု တွေးတောနေလေသည်။

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်တွင် ထန်လုံတစ်ယောက် တောင်ပေါ်မှ ပြန်ရောက်လာသည်။ ရောက်သည်နှင့် မဟူရာနေသော အခန်းဘက်ကို သွားကာ အခြေအနေကြည့်





သည်။

အခန်းထဲမှာ စောင်ခြုံပြီး အိပ်နေသော မဟူရာကိုတွေ့ရတော့မှ စိတ်သက်သာရာ ရသွားသည်။

ထို့နောက် ချယ်ရီကို မတွေ့ရတော့သဖြင့် လိုက်လံရှာဖွေကြည့်နေသည်။ မိခင်နှင့် တွေ့သဖြင့် မေးမြန်းကြည့်သောအခါ ဒေါ်ဒရဲလားက ပြောသည်။

"သူ့ရွာကို ခဏပြန်သွားတယ်၊ သူ့အမေ နေမကောင်းဖြစ်နေတယ်လို့ ပြောသွားတယ်"

ထန်လုံစိတ်ထဲမှာ နည်းနည်းတော့ အံ့သြသွားသည်။

ချယ်ရီမှာ ဂူဘားရွာမှဖြစ်သည်။ သူနှင့် အိမ်ထောင်ကျပြီးကတည်းက ပွဲတော်ရက် သာရေးနာရေးကိစ္စ ရှိတော့မှသာ သူ့ကိုခွင့်တောင်းပြီး ပြန်လေ့ရှိသည်။

သူ့ကိုအသိမပေးပဲ ပြန်သွားသည်မျိုး မရှိပေ။ ယခု သူ တောင်ပေါ်မှ ပြန်မရောက်ခင် ပြန်သွားသည်ဆိုတော့ ထူးဆန်းနေလေသည်။

"သူ့အမေ အတော်နေမကောင်း ဖြစ်နေလို့သာ ငါ ပြန်လာတဲ့အထိ မစောင့်တော့တာပဲ ဖြစ်မယ်ထင်ပါတယ်၊ အလုပ်တွေ ပြီးတော့မှပဲ ငါ လိုက်သွားတော့မယ်"

ဟု တွေးမိသည်။

ညအချိန်ရောက်တော့ မဟူရာနေသော အခန်းဘက်မှ ညီးညူသံလိုလို သဲ့သဲ့ကြားရသဖြင့် ထသွားလေသည်။

စေ့ထားသောတံခါးကို တွန်းဖွင့်ကြည့်တော့ အငွေ့ယိုတ



www.burmeseclassic.com

www.burmeseclassic.com



ကူပင် ပွင့်သွားလေသည်။ အခန်းထဲမှာ မီးရောင်မရှိပေ။ သို့သော် အပြင်ဘက်မှ ဝင်နေသော အလင်းရောင်အချို့ကြောင့် ဝိုးတဝါးတော့ မြင်နေရသည်။

"အဟင်း . . ဟင်း . . ."

"မဟူရာ နေမကောင်း ဖြစ်နေလို့လား"

မေးရင်းနှင့် အနားသွားကာ အခြေအနေကြည့်သည်။ နဖူးကို စမ်းကြည့်သည်။ လက်တစ်ဖက်ကို ကိုင်ကြည့်သည်။ လက်ကိုကိုင်သောအခါ သူ့လက်ကို ပြန်ကိုင်ထားသည်။

"အစ်ကို ပြန်လာပြီလား"

"အင်း . . ပြန်လာပြီ နင်နေမကောင်း ဖြစ်နေတာလား"

"ဟုတ်ပါတယ်၊ ကျွန်မမှာ အားကိုးမရှိပါဘူး၊ အစ်ကိုရယ် ကျွန်မကို ပစ်မထားပါနဲ့"

"မထားပါဘူး၊ ငါတို့ မိသားစုက မင်းကို အိမ်သူအိမ်သား တစ်ယောက်လိုပဲ သဘောထားကြပါတယ်၊ အခု ဘာဆေးသောက်ထားသလဲ၊ ငါ့အမေဆီမှာ ဆေးသွားတောင်းလိုက်ဦးမယ်"

ဟု ပြောကာ နေရာမှ ပြန်ထရန် ဟန်ပြင်တော့ လက်ကို ဆွဲထားလေသည်။

"မသွားပါနဲ့တော့ အစ်ကိုရယ်၊ အစ်ကို အနားမှာရှိနေရင် ကျွန်မ့ရောဂါ ချက်ချင်းသက်သာသွားမှာပါ"

"ဟင် . ."

ပြောပြောဆိုဆိုနှင့် မဟူရာက လက်ကိုဆွဲပြီး သိုင်းဖက်





လိုက်ရာ ထန်လုံးမှာသူမကိုယ်ပေါ်သို့ လဲကျသွားလေတော့သည်။

"မ . . မဖြစ်ဘူးထင်တယ် . . ၊ ငါ့မိန်းမအပေါ် သစ္စာဖောက်သလို ဖြစ်နေလိမ့်မယ်"

"ကျွန်မက အပျိုစင် တစ်ယောက်ပါ အစ်ကိုရယ်၊ ယောက်ျားရှိတဲ့ မိန်းမတစ်ယောက်လည်း မဟုတ်ပါဘူး၊ ကျွန်မက အစ်ကို့အပေါ်မှာ နှစ်သက်လို့ ခွင့်ပေးမှတော့ အပြစ်မရှိတော့ပါဘူး၊ တကယ်တော့ ကျွန်မဖြစ်နေတဲ့ ရောဂါက တခြားဆေးဝါးတွေနဲ့ ကုလို့မရပါဘူး၊ အစ်ကို့အပေါ်မှာ စွဲလန်းစိတ်နဲ့ ချစ်နေတဲ့ ရောဂါမျိုးပါ၊ အစ်ကိုကုပေးမှပဲရမယ်၊ တခြားဆေးတွေနဲ့ ကုလို့မရနိုင်တော့ပါဘူး၊ ကျွန်မကို သနားပါ အစ်ကိုရယ်"

ဟု ပြောကာ အပေါ်မှာရောက်နေသည့် ထန်လုံကို သိုင်းဖက်ထားရာ ရုန်းဖယ်မရတော့ပေ။

တကယ်တော့ သူ့စိတ်က မလိုလားသဖြင့် ရုန်းမည်ဆိုက ရနိုင်သော်လည်း မရုန်းချင်တော့ပေ။

သူကိုယ်တိုင်ကပင် လှပသော မဟူရာ၏ မာယာကျော့ကွင်းအတွင်းသို့ လိုလိုလားလား တိုးဝင်နေချင်သောကြောင့်ပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







# (အခန်း - ၁၃)

# ရန်ငြိုးကြီးသော မိစ္ဆာများ

**တစ်**နေ့သ၌ ရွာလူကြီး ဦးထန်ဖုန်းရှိန်နေသော အိမ်ရှိရာ ခြံဝင်းအတွင်းသို့ ရွာသူရွာသား အတော်များများ စုရုံးရောက်လာကြလေသည်။ ထို့ကြောင့် ဦးထန်ဖုန်းရှိန်သာမက ထန်လုံပါ အပြင်ထွက်ကာ အကျိုးအကြောင်း မေးမြန်းရလေသည်။

"ဘယ်လိုဖြစ်လာကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရွာမှာနေလာတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ငါတို့ ဘိုးဘွားမိဘတွေ လက်ထက်ကတည်းကပဲ၊ တစ်ခါမှ ဒီလို အဖြစ်မျိုးတွေနဲ့ မကြုံခဲ့ရဘူး"

"အခု ဘာတွေဖြစ်နေလို့လဲ"

"ရွာထဲမှာ လူတွေတစ်ယောက်ပြီးတစ်ယောက် အသတ်ခံနေရတယ်၊ အသတ်ခံရတဲ့ လူတွေကလည်း ရင်ကိုခွဲပြီးတော့ အသည်းနှလုံးတွေ ထုတ်ယူခံနေရတယ်၊ ရွာလူကြီးအနေနဲ့ တရားခံကို အမြန်ဆုံး ဖော်ထုတ်ပေးပါ"

ဟု ဝိုင်းဝန်းပြောဆိုနေကြသည်။

ထိုအခါ ဦးထန်ဖုန်းရှိန်က ပါးစပ်တွင်းမှ ဝါနေသော ကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီးမှ ပြန်ပြောသည်။

"မင်းတို့ပြောလို့ ရိုးရာပွဲတွေ၊ နတ်ပူဇော်ပွဲတွေကိုလည်း ငါလုပ်ပေးခဲ့တယ် မဟုတ်လား၊ အခု ဆက်ဖြစ်နေတယ်ဆိုတော့ မင်းတို့က ဘယ်လိုထင်နေလို့လဲ"

"ကျုပ်တို့ရွာထဲမှာ မိစ္ဆာရောက်နေတယ်၊ မိစ္ဆာကို အမြန်ဆုံးရှာပြီး သတ်ပစ်ရမှာပေါ့"

"ဘယ်လိုရှာမှာလဲ"

"ရွာမှာနေကြတဲ့ လူဟောင်းတွေကို ဖယ်လိုက်ရင် ကျန်တဲ့လူစိမ်းတွေ တွေ့ရမှာပဲ၊ အဲဒီလူစိမ်းတွေထဲက မိစ္ဆာဘယ်သူလဲဆိုတာ ရွေးထုတ်ရမှာပေါ့၊ ကျုပ်တို့ကတော့ ရွာလူကြီးအိမ်မှာရောက်နေတဲ့မိန်းမကို မသင်္ကာဘူး၊ သူရောက်လာပြီးတော့မှ ရွာမှာ လူအသေအပျောက်တွေ ဖြစ်လာတော့တာပဲ"





အချို့ရွာသားများက ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောကြရာ ထိုစကားကြားတော့ ထန်လုံမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"မင်းတို့ သူ့ကိုတော့ မိစ္ဆာလို့ မစွပ်စွဲကြပါနဲ့ကွာ၊ သူက ငါကိုယ်တိုင်ခေါ်လာတဲ့ ရိုးရိုးသားသား မိန်းကလေးတစ်ယောက်ပါ၊ သူ့အတွက် ငါ တာဝန်ယူပါတယ်၊ တစ်ခုခုဖြစ်လာရင် ငါ ရှေ့ကနေ ခံပါ့မယ်"

ထန်လုံစကားကြားတော့ ဦးထန်ဖုန်းရှိန်ပင် အံ့သြသွားလေသည်။ ဘယ်လိုကြောင့် ထိုစကားမျိုး ပြောသည်ကိုလည်း သဘောမပေါက်သကဲ့သို့ ဖြစ်နေလေသည်။

ရွာသူရွာသားများကတော့ မိန်းမတစ်ယောက်ကဲ့သို့ တာဝန်ယူရဲသော ထန်လုံစကားကြားတော့ အချင်းချင်း တီးတိုးပြောဆိုနေကြလေသည်။ ထိုအခြေအနေကို ထန်လုံကလည်း ရိပ်မိလေသည်။ သို့ကြောင့် စကားကို ပြန်ဖြေပြောသည်။

"မင်းတို့ ထိတ်လန့်ကြောက်ရွံ့နေကြတယ်ဆိုတာလည်း ငါ သိပါတယ်၊ ရွာလူကြီးတွေဖြစ်တဲ့ ငါတို့မှာလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တာဝန်ရှိပါတယ်၊ ဒီတော့ အားလုံး ဘယ်လို လုပ်ရင် ကောင်းမလဲဆိုတာ ဝိုင်းပြီးစဉ်းစားကြပါ"

ထိုစကားကြားတော့ အမျိုးမျိုးပြောဆိုကြပြန်လေသည်။

အချို့ကလည်း ကင်းစောင့်ကြည့်ရန်ပြောသည်။ အချို့ကလည်း အစွမ်းထက်သော ဆရာများခေါ်ပြီး နှိမ်နင်းရန် ပြောကြလေသည်။ ထိုစကားကြားတော့ လူအုပ်ထဲမှာ ပါလာသော



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က နေရာမှထပြီး ပြောသည်။

"ခင်ဗျားတို့ ပြောသလို ဆေးဆရာခေါ်ပြီး နှိမ်နင်းဖို့က လည်း မလွယ်ပါဘူး၊ အချို့မိစ္ဆာတွေက လူယောင်ဆောင်ပြီး နေနိုင်တဲ့အထိ ကမ္မဇိတ္တိရှိတော့ သာမန်ဆရာတွေ မတတ်နိုင်ကြပါဘူး"

နီမောင်စကားကို စိတ်ဝင်စားစွာဖြင့် ငြိမ်သက်စွာ နားထောင်နေကြလေသည်။

"ဒါဖြင့် ဘယ်လိုလုပ်မှရမှာလဲ"

"ခင်ဗျားတို့ ထင်နေသလို ဒီရွာထဲမှာ မိစ္ဆာတစ်ကောင် ရောက်နေတယ်ဆိုတာ မှန်ပါတယ်"

နီမောင်စကားကြားတော့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"မင်း သိသလား၊ သိရင်ပြောပါ"

"ဘယ်သူလဲ ဘယ်အိမ်မှာလဲ"

ဆိုသော မေးခွန်းများ ဝိုင်းမေးလာကြသည်။

"ကျွန်တော်လည်း ဆရာတစ်ယောက် မဟုတ်လေတော့ ဘယ်သူလဲ ဘယ်အိမ်မှာလဲတော့ အသေအချာ မသိပါဘူး"

"ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ"

"စိတ်မပူပါနဲ့၊ မကြာခင် ဒီရွာကို မိစ္ဆာနှိမ်နင်းပေးနိုင်တဲ့သူတွေ ရောက်လာကြတော့မှာပါ၊ အဲဒီအခါကျရင်တော့ အဖြေတစ်ခု ပေါ်လာမှာပါ"





ဟု ပြောလိုက်တော့မှ စိတ်ကျေနပ်ပြီး အသီးသီး ပြန်သွားကြလေသည်။

ရွာသူရွာသားများ ပြန်သွားတော့မှ ထန်လုံက နီမောင်ကို ခေါ်မေးလေသည်။

"နီမောင် မင်းပြောတာ အမှန်ပဲလား"

"ဘာကိုမေးတာလဲ"

"ဟို မိစ္ဆာနှိမ်နင်းနိုင်တဲ့သူတွေ ရောက်လာမယ်ဆိုတာ တကယ်ပဲလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"မင်း ဘယ်လိုသိတာလဲ"

"ငါတောင်ပေါ်သွားတုန်းက တွေ့ခဲ့တာ . ။ ငါတစ်ယောက်တည်း နှင်းတောင် ဝံပုလွေတွေနဲ့တွေ့တုန်းက သူတို့ ရောက်လာပြီး အကူအညီပေးသွားကြတာ၊ မကြာခင် သူတို့ ငါတို့ရွာကို ရောက်လာကြလိမ့်မယ်"

ထိုစကားကြားတော့ ထန်လုံပါ စိတ်ဝင်စားသွားဟန်ရှိလေသည်။

"ဒါထက် သူတို့က ဒီရွာကို ဘာလာလုပ်ကြမှာတဲ့လဲ"

"သူတို့က မိစ္ဆာတွေကို ရှာဖွေပြီး နှိမ်နင်းနေတဲ့ မိစ္ဆာမုဆိုးတွေပဲ၊ ဒီရွာမှာ ကြောက်စရာကောင်းတဲ့ မိစ္ဆာတစ်ကောင် ရောက်နေတယ်၊ သတင်းကြားလို့ ထင်ပါရဲ့ သူတို့လာကြမှာ . "

ထန်လုံစိတ်ထဲမှာတော့ နီမောင်ခေါ်သဖြင့် ရောက်လာကြမည်ဟု ထင်နေမိလေသည်။ သို့သော် ထိုအကြောင်းတို့တော့



www.burmeseclassic.com

www.burmeseclassic.com



ထွေထွေထူးထူး မပြောတော့ပေ။

"မင်းကရော ဒီရွာမှာ မိစ္ဆာရှိနေတယ်လို့ ထင်နေတယ် မဟုတ်လား၊ ရှင်းရှင်းပြောရရင် ငါခေါ်လာတဲ့ ကောင်မလေးကို မိစ္ဆာလို့ ထင်နေတယ် မဟုတ်လား"

ဟု ဖွင့်မေးသည်။

"ဟုတ်မဟုတ် ငါကတော့ ဘယ်သိပ့်မလဲ၊ သူတို့ရောက်လာမှပဲ အဖြေသိရတော့မှာပေါ့၊ မင်းလည်း ဒီရက်တွေမှာ သတိဝိရိယနဲ့တော့ နေပေါ့ကွာ"

ဒါပဲပြောပြီး နီမောင်က ပြန်သွားလေသည်။

ထန်လုံမှာ မတင်မကျဖြစ်ပြီး ကျန်နေခဲ့လေသည်။ သူ့စိတ်ထဲမှာတော့ အများထင်နေသလို မဟူရာကို မိစ္ဆာဖြစ်မည်ဟု မထင်မိပေ။ သို့သော် မမျှော်လင့်ပဲ မိစ္ဆာမုဆိုးများ ရောက်လာပါက အဖြေသိရတော့မည်မို့ စိတ်ထဲတွင် လှုပ်ရှားနေသည်ကတော့ အမှန်ပင် ဖြစ်သည်။

ရွာသူရွာသားများ ပြန်သွားသော်လည်း ကိစ္စက မပြီးသေးပေ။ နောက်တစ်ရက်မှာတော့ ဂူဘားရွာမှ ရွာလူကြီး ဇမုန်းထန်ခေါင်ဆောင်သော ရွာသူရွာသားများ ရောက်လာကြပြန်လေသည်။ လူ ၂၀-ကျော်ခန့်ရှိပြီး ဓားလှံလက်နက်များပါ ကိုင်ဆောင်လာကြသည်။

ဂူဘားရွာမှာ ပန်နန်းဒင်ရွာနှင့်၊ ရွာချင်းမဝေးလှပဲ နှစ်ရွာတစ်ရွာ သဘောမျိုး နေထိုင်ကြသည်။

ရွာလူကြီး ဇမုန်းထန်မှာ ချယ်ရီ၏ ဖခင်ဖြစ်သောကြောင့်





ထန်လုံ၏ ယောက္ခမ တော်စပ်သူလည်း ဖြစ်သည်။

ဇမုန်းထန်ကိုယ်တိုင် ရောက်လာသဖြင့် ဦးထန်ဖုန်းရှိန်နှင့် ထန်လုံတို့ကိုယ်တိုင် ဆီးကြိုပြီး နေရာထိုင်ခင်းများ ပေးရလေသည်။ ဇမုန်းထန်မှာ ခါတိုင်းလာသလိုမျိုးမဟုတ်ပဲ မျက်နှာမသာမယာ ဖြစ်နေလေသည်။

"ဇမုန်းထန် ဘာကိစ္စရှိလို့ ရောက်လာတာလဲ"

ဦးထန်ဖုန်းရှိန်က မေးသည်။

"ကျုပ်လာတာ တခြားကြောင့် မဟုတ်ဘူး၊ အခုတလော ကျုပ်တို့ရွာမှာ မိစ္ဆာသတ်လို့ သေကြတဲ့သူတွေ မနည်းတော့ဘူး၊ ရွာသူရွာသားတွေ ပြောပုံအရဆိုရင် မိစ္ဆာက ဒီဘက်ရွာက လာတာလို့ ပြောကြတယ်"

"ဟင်. . ဘယ်သူတွေက ပြောတာလဲ"

"မြင်တဲ့လူတွေရှိတယ်၊ လူကိုသတ် အသည်းနှလုံးထုတ်ယူပြီး ဒီဘက်ရွာကို ပြန်ပြေးသွားတယ်လို့ ပြောတယ်"

"ဒီရွာမှာလည်း မိစ္ဆာသတ်လို့ သေတဲ့လူတွေ ရှိနေတာပဲ၊ ငါတို့က ဘယ်လိုသိမှာလဲ"

ဦးထန်ဖုန်းရှိန် စကားကြောင့် ဇမုန်းထန်မှာ အတော်ပင် ဒေါသကို ချုပ်တီးထားရဟန် ရှိလေသည်။

"ခင်ဗျား တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား"

"မင်း ဘာစကားပြောတာလဲ"

"ကျုပ်စကားက ရှင်းရှင်းလေးပဲ၊ ခင်ဗျားက မိစ္ဆာမကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ခေါ်တင်ထားပြီး မသိချင်ယောင် ဆောင်နေတာ မဟုတ်လား"

ဦးထန်ဖုန်းရှိန်မှာ မျက်လုံးပြူးသွားလေသည်။

"ဘယ်သူ့ကို ပြောတာလဲ"

"ခင်ဗျားအိမ်ပေါ်မှာ ရောက်နေတာကို ခင်ဗျားက လူလို့ ထင်နေတယ် မဟုတ်လား၊ အဲဒါ လူတွေကိုသတ်ပြီး အသည်းနှလုံး ထုတ်စားနေတဲ့ မိစ္ဆာမဗျ၊ သိရဲ့လား. . ."

"မင်းကို ဘယ်သူပြောတာလဲ"

"တခြားလူပြောရင်တောင် ကျုပ် ယုံကြည်မှာမဟုတ်ဘူး၊ အခု တခြားသူပြောတာ မဟုတ်ဘူး၊ မျက်မြင်တွေ့ခဲ့ရတဲ့ ကျုပ်သမီးချယ်ရီ ပြန်ပြောပြတာဗျ၊ သိရဲ့လား"

ဇမုန်းထန် စကားကြားတော့ နံဘေးမှာ ရှိနေသော ထန်လုံက ဝင်ပြောသည်။

"ကျွန်တော် ရှင်းပြပါရစေ၊ တောထဲမှာ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို အိမ်ကိုခေါ်လာခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီမိန်းကလေးက သူထင်သလို မိစ္ဆာ မဟုတ်ပါဘူး၊ သူက အဲဒီမိန်းကလေးနဲ့ ကျွန်တော့်အပေါ် တစ်ဖက်သတ်အထင်လွဲပြီး ပြောနေတာပါ"

ဇမုန်းထန်က သမက်ဖြစ်သူ ထန်လုံကို ဒေါသမျက်လုံးဖြင့် စိုက်ကြည့်နေလေသည်။

"ငါ့သမီးက မဟုတ်တာကို ဘယ်တော့မှ လိမ်ညာပြီး မပြောတတ်ဘူး၊ မင်းတောထဲက ခေါ်လာတဲ့ မိန်းကလေးကို





တစ်ချက်လောက် ကြည့်ကြရအောင်"

ဟု ပြောသဖြင့် ထန်လုံကိုယ်တိုင် နောက်ဘက်အခန်းတွင်နေသော မဟူရာကို သွားခေါ်လာလေသည်။

မဟူရာမှာ တဘက်ကလေး တစ်ထည်ကိုခြုံကာ ကြောက်ရွံ့ထိတ်လန့်နေသော အမူအယာဖြင့် လိုက်လာလေသည်။

သူမရောက်လာတော့ ဂူဘားရွာမှ လာသူများက မျက်တောင်မခတ် ဝိုင်းကြည့်ကြလေသည်။

"သူက ဟိုးတိဗက်နယ်စပ်ဘက်မှာရှိတဲ့ ရွာကလေးတစ်ရွာကပဲ၊ တရုတ်ကုန်သည်တွေက မတရားဖမ်းခေါ်လာလို့ ဒီနယ်ဘက် ရောက်လာရတာ၊ တရုတ်တွေ လက်ထဲကနေ မွန်ဂိုတွေ လက်ထဲရောက်တဲ့အချိန်မှာ ကျွန်တော်တို့အဖွဲ့နဲ့တွေ့လို့ ကယ်လာခဲ့တာ၊ သူသာ ခင်ဗျားတို့ထင်သလို မိစ္ဆာဖြစ်နေရင် သူ့ကို ဒုက္ခပေးတဲ့ သူတွေကို တိုက်ခိုက်သတ်ဖြတ်၊ ပစ်မှာပေါ့၊ ချယ်ရီကလည်း ကျွန်တော့်အပေါ် တစ်ဖက်သတ် အထင်လွဲနေတာပါ၊ သူ မိစ္ဆာတစ်ကောင် မဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်"

ထိုသို့ဝင်ရောက်ပြောသောအခါ ဇမုန်းထန်တို့လည်း မကျေနပ်သော်လည်း လက်ဆုပ်လက်ကိုင် မပြနိုင်သောကြောင့် ဆက်ပြောရန် ခက်သွားကြသည်။

ဇမုန်းထန်မှာ သမီးဖြစ်သူ ချယ်ရီပြောပြ၍သာ သိခဲ့ရသော်လည်း ယခုတွေ့မြင်ရသော မိန်းကလေးမှာ အများထင်



www.burmeseclassic.com

www.burmeseclassic.com



သလို မိစ္ဆာတစ်ယောက်မှ ဟုတ်ပါလေစဟု သံသယ ဝင်မိလေသည်။ သို့ကြောင့် ဘာမှထပ်မပြောသာတော့ပဲ ပြန်သွားကြလေတော့သည်။

နေအိမ်သို့ ပြန်ရောက်သောအခါ သမီးဖြစ်သူကို ခေါ်ပြီး သေသေချာချာ မေးရသည်။

"ချယ်ရီ နင်ပြောတဲ့ မိန်းကလေးက မိစ္ဆာမဆိုတာရော သေချာရဲ့လား"

"ဟုတ်ပါတယ် အဖေရယ်၊ ကျွန်မ သေသေချာချာကို တွေ့ခဲ့ရတာပါ၊ သူက ဘယ်သူ့မှ မပြောရဘူးလို့ မှာထားတယ်၊ တကယ်လို့ ပြောရင် ကျွန်မတို့ တစ်မိသားစုလုံးကို သတ်မယ်လို့ ပြောတယ်"

"ဒီလောက်လည်း ကြောက်မနေစမ်းပါနဲ့ ညတိုင်း သံပချိုင်တို့ကို စောင့်ခိုင်းထားပေးမယ်၊ ဒါထက် နင့်ယောက်ျား ထန်လုံက အဲဒီမိန်းကလေးကို အတော်ကလေး အကာအကွယ် ပေးနေတယ်၊ သူတို့ ညားနေကြပြီထင်တယ်"

ချယ်ရီက ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်ကို သုတ်ပစ်ရင်းနှင့် ပြောသည်။

"သူကတော့ မဟုတ်ပါဘူး၊ ကျွန်မအပေါ်မှာ သစ္စာမဖောက်ပါဘူးလို့ ပြောတာပဲ ဒါပေမယ့်"

ချယ်ရီက စကားမဆက်တော့ပဲ ငိုနေသဖြင့် ဖမုန်းထန်လည်း ဆက်မမေးတော့ပေ။

တကယ်တော့ ချယ်ရီမှာ ငယ်ချစ်ဦးဖြစ်သောကြောင့်





ထန်လုံအပေါ်မှာ အတော်ကလေး ချစ်ခင်သည်။ ယခုအိမ်သို့ ပြန်လာနေရခြင်းမှာလည်း ကြောက်ရွံ့ထိတ်လန့်နေခြင်းများ ဒဏ်ကို မခံနိုင်တော့သဖြင့် ပြောသည်။

သို့သော်လည်း ထန်းလုံကို သတိရကာ မျက်ရည်နှင့် မျက်ခွက် ဖြစ်နေရရှာသည်။

ထိုညက တစ်ယောက်တည်း အတွေးကောင်းနေသောကြောင့် တော်တော်နှင့်အိပ်မပျော်ပဲရှိရာ ညဉ့်နက်ပိုင်း အချိန်ရောက်မှ အိပ်ပျော်သွားလေတော့သည်။

ထိုသို့အိပ်ပျော်သွားစဉ်မှာ တစ်စုံတစ်ယောက်က နှိုးလိုက်သဖြင့် ပြန်နိုးလာလေသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသူတစ်ဦး သူမအနားမှာ ရပ်နေသည်ကို တွေ့သဖြင့် ထလိုက်သည်။

ထိုအခါ အဝတ်မည်းကြီး ခြုံထားသူက ဦးခေါင်းပေါ်မှ အဝတ်ကို ဖယ်ချလိုက်သည်။

မဟူရာပင် ဖြစ်လေသည်။ ချယ်ရီခမျာ ပထမတော့ ကြောက်လန့်နေသော်လည်း မဟူရာမျက်နှာကို မြင်သောအခါ ချက်ချင်း ဒေါသစိတ်အဖြစ် ပြောင်းလဲသွားလေသည်။

"ငါ့ယောက်ျားကို မရရအောင် ကြံစည်ခဲ့တဲ့မိစ္ဆာမ အခု ဘာလာလုပ်တာလဲ"

"နင်ပေးထားတဲ့ ကတိအတိုင်းပဲလေ၊ ပေးထားတဲ့ကတိ ဖျက်ရင် နင့်အသက်ကို ယူပါဆိုလို့ ငါလာယူတာပဲ"

"ငါ့ရဲ့ အသည်းနှလုံးကို ထုတ်ယူပြီး စားမလို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါ့ရင်ထဲမှာ နင်စားဖို့ အသည်းနှလုံး မရှိတော့ဘူး”

“ဟင်. . ဘယ်လိုကြောင့်လဲ”

“ထန်လုံက ငါချစ်လို့ ယူထားတဲ့ ငါ့ယောက်ျားပဲ၊ ငါ့ရင်ထဲက အသည်းနှလုံးပဲ၊ နင့်ကသူ့ကိုတောင် ရအောင်ယူခဲ့ပြီးမှတော့ ငါ့ရင်ထဲမှာ အသည်းနှလုံး ဘယ်ရှိပါတော့မလဲ”

ရဲရဲတင်းတင်းပြောလိုက်သည့် ချယ်ရီစကားကြောင့် မဟူရာမှာ အနည်းငယ် တုံ့ဆိုင်းသွားလေသည်။

“နင်က ငါ့ကို သတ်ဖို့ လာတာမဟုတ်လား၊ သတ်လိုက်လေ၊ ငါ့ဘဝက အသက်ရှင်နေလည်း ပူဆွေးသောက ရောက်နေရတာပဲ၊ နေလို့လည်း ဘာမှ မထူးတော့ဘူး”

“ငါလာတာ နင့်ကို သတ်ဖို့ပါပဲ၊ ဒါပေမယ့် အခုတော့ မသတ်သေးပါဘူး၊ ဒီအတိုင်းထားရင် နင့်ဘဝက သေတာနဲ့ ပိုပြီး ခံစားနေရတဲ့ပုံပဲ၊ ဟုတ်တယ် မဟုတ်လား”

“နင်က မိစ္ဆာဆိုတော့ ခံစားတတ်တဲ့ အသည်းနှလုံးမျိုး ဘယ်ရှိပါ့မလဲ၊ နင်က အသည်းနှလုံးကိုစားဖို့ပဲ စိတ်ကူးနေတော့ ခံစားဖို့ ဘယ်မှာသိပါတော့မလဲ၊ အသည်းနှလုံးရှိတဲ့လူတွေရဲ့ ခံစားရတာတွေဟာ သေတာထက်ဆိုးတယ်၊ ဒါကြောင့် နင် ငါ့ကို တစ်ခါတည်း သတ်သွားရင် ကောင်းမယ်”

“ဟင့်အင်း မသတ်တော့ပါဘူး၊ နင့်ကို ဒီအတိုင်းထားခဲ့ရင် တမြေ့မြေ့ ခံစားပြီး သေရမှာပဲ၊ ဒီတော့ သေခဲ့ပေတော့”

ဟု ပြောကာ ပြတင်းပေါက်မှ အောက်သို့ ခုန်ဆင်းသွားလေသည်။





ထို့နောက် နှင်းတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှ အိမ်နှင့် မနီးမဝေးနေရာမှ အခြေအနေစောင့်ကြည့်နေသူ သုံးယောက်က နေရာမှ ထလိုက်ကြသည်။

နီမောင် ဦးဒိဗ္ဗနှင့် ကေသရီတို့ သုံးယောက်ပင် ဖြစ်ကြလေသည်။

“သူ့ကို မြင်လိုက်တယ်မဟုတ်လား ဆရာကြီး၊ အဲဒါ ကျွန်တော်တို့ရွာမှာ ထန်လုံအိမ်မှာရောက်နေတဲ့ မိစ္ဆာမပဲ”

နီမောင်က ပြောသဖြင့် ဦးဒိဗ္ဗက ခေါင်းညိတ်ပြသည်။

“ဒါပေမယ့် သူ့ကို ချက်ချင်းဖမ်းလို့ မဖြစ်သေးဘူး၊ သူ့နောက်မှာ အစွယ်အပွားတွေ ရှိသေးတယ်၊ တစ်ခါတည်း အမြစ်ပြတ် သုတ်သင်နိုင်မှ ကိစ္စအေးမယ်”

ဟု ပြောဆိုကာ သုံးယောက်သား ပန်နှမ်းဒင်ရွာဘက်သို့ ပြန်လာကြသည်။

အချိန်က ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။ ထို့ပြင် မြူနှင်းများက ကျနေသောကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါးသာ မြင်ရသည်။

သုံးယောက်သား နှင်းတောထဲမှပင် ခပ်သုတ်သုတ် လျှောက်လာကြသည်။

ဂူဘားရွာနှင့် ပန်နှမ်းဒင်ရွာမှာ မဝေးလှပေ၊ ရွာချင်းဆက်နေသကဲ့သို့ ရှိသော်လည်း တစ်ရွာနှင့်တစ်ရွာကြားမှာ သစ်



www.burmeseclassic.com

www.burmeseclassic.com



တောဝါးတောအချို့နှင့် တောင်ကုန်းအချို့တော့ ခြားနေသည်။

ထိုနေရာကို ဖြတ်ကာနီးတော့ ဦးဒိဗ္ဗက ကတိပေးလိုက်လေသည်။

"ရှေ့မှာ အန္တရာယ် ရှိနေနိုင်တယ်၊ သတိထားကြ"

ထိုစကားကြားတော့ နီမောင်နှင့် ကေသရီတို့က လက်နက်များကို အဆင်သင့်ပြင်ထားလိုက်ကြသည်။

တောင်ကုန်းနှစ်ခုကြားမှ ဖြတ်သွားသော လမ်းတစ်နေရာသို့ ရောက်သောအခါအမှာတော့ ရှေ့မှာရှိနေသော အန္တရာယ်ကို လှမ်းမြင်ကြရသည်။

"ဂီး. . ဂီး. . ဂီး. . "

ဝံပုလွေသုံးကောင်က သူတို့သွားမည့် လမ်းပေါ်မှ ပိတ်ရပ်ကာ အဆင်သင့်စောင့်နေကြသည်။

အမှောင်ထဲမှာပင် နီရဲနေသော မျက်လုံးများကို မြင်ရသည်။ တဂီးဂီးတဂဲဂဲနှင့် မာန်ဖီနေသော အသံများကို အတိုင်းသား ကြားနေရသည်။

ဝံပုလွေများမှာ သာမန်ဝံပုလွေ မဟုတ်ပဲ နှင်းတောင်ဝံပုလွေများ ဖြစ်သောကြောင့် ငါးကောင်ဖြစ်သွားသည်။

"ဒီလောက်အေးတဲ့အချိန်မှာ ငါတို့အတွက် သွေးပူအောင် လုပ်ပေးမယ့် တိရစ္ဆာန်းတွေကို တွေ့ရတယ်လို့ပဲ သဘောထားကြပေါ့၊ ဒါပေမယ့် သတိတော့ထား"

ဦးဒိဗ္ဗက ပြောသဖြင့် နီမောင်က အမဲလိုက်လှံကို ယူလိုက်သည်။ ထိုလှံက အသွားနှစ်ဖက်ပါပြီး ထိုး၍ခုတ်၍ ရသော





လှံမျိုးဖြစ်သည်။ ကေသရီကတော့ မိစ္ဆာနိုင်သောဓားကို အဆင်သင့် ကိုင်ထားလေသည်။

ဦးဒိဗ္ဗလက်ထဲမှာတော့ ရှားနှစ်သားဖြင့် ပြုလုပ်ထားသည့် တောင်ဝှေးတစ်ချောင်းသာ ကိုင်ထားလေသည်။

၎င်းတို့ လက်နက်များ ပြင်ဆင်နေစဉ်မှာပင် ဝံပုလွေငါးကောင်က ရှေ့နောက် တစ်ပြိုင်နက် ပြေးဝင်လာသည်။

ဦးစွာရောက်လာသော ခေါင်းဆောင်ဝံပုလွေကြီးမှာ ဦးဒိဗ္ဗ၏ ရှားသားတုတ်ချက်ထိပြီး လန်ထွက်သွားသည်။

နီမောင်နှင့် ကေသရီတို့ကလည်း ၎င်းတို့အနားရောက်လာသည့် ဝံပုလွေတို့ကို ဓားလှံတို့ဖြင့် အသီးသီး သုတ်သင်ရှင်းလင်းနိုင်ကြရာ ဝံပုလွေသုံးကောင်သေသွားပြီး နှစ်ကောင်သာ ကျန်တော့သည်။

နှစ်ကောင်တည်း ကျန်တော့သဖြင့် အနားမကပ်ဝံ့တော့ပဲ မနီးမဝေးမှ ပတ်ချောင်းနေကြလေသည်။

ထိုအခိုက်မှာပင် တောင်ကုန်းပေါ်မှ မည်းမည်းသဏ္ဍာန်ကြီး လွှားခနဲ ခုန်ဆင်းလာလေသည်။

၎င်းလက်ထဲမှာ ဓားတစ်လက်ပါလာရာ အဆင်သင့်ပင်ကိုင်ထားလေသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားကာ မျက်စိနှစ်ပေါက်သာ ဖော်ထားသောကြောင့် မည်သူမည်ဝါဖြစ်မှန်း မသိရသော်လည်း ယောကျ်ားတစ်ယောက် မဟုတ်မှန်းတော့ မြင်ရုံနှင့် သိနိုင်သည်။

၎င်းက ရောက်သည်နှင့် နီမောင်တို့ သုံးယောက်အား



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်တိုက်ခိုက်လေသည်။ ထိုအခါ စောစောက မဝင်ဝံ့သော ဝံပုလွေနှစ်ကောင်ကလည်း အားရှိလာဟန်ဖြင့် ဝင်ရောက်တိုက်ခိုက်ကြရာ လူတစ်ယောက် ဝံပုလွေနှစ်ကောင်ကတစ်ဖွဲ့၊ လူသုံးယောက်တို့ကတစ်ဖွဲ့ဖြစ်ရာ ထိုတိုက်ပွဲမှာ အတော်ပင်ပြင်းထန်လေသည်။ နီမောင်တို့ သုံးယောက်စလုံး တိုက်ခိုက်မှုကောင်းကြသဖြင့် အန္တရာယ် မဖြစ်သေးသော်လည်း အတော်ပင်သတိထားနေကြရသည်။

အတန်ကြာတော့ နီမောင်တို့ လက်ချက်ဖြင့် ကျန်နေသော ဝံပုလွေနှစ်ကောင် သေသွားကြသော်လည်း အဝတ်မည်းခြုံထားသည့် ရန်သူကတော့ ကျန်နေသေးသည်။

၎င်းမှာ သာမန် ဓား၊ လှံ၊ တုတ်တို့ဖြင့် ထိုခိုက်မိသော်လည်း ဘာမှမဖြစ်ပေ။

တစ်ကြိမ်မှာတော့ ၎င်းလက်ချက်ကြောင့် ကေသရီမှာ ဒဏ်ရာရပြီး ဓားတစ်ခြား လူတစ်ခြားဖြစ်ကာ လဲကျသွားလေတော့သည်။ သူကိုင်သောဓားက မိစ္ဆာနိုင်သောဓားပင်ဖြစ်သည်။ ထိုအခြေအနေကို မြင်တော့ နီမောင်က ဓားရှိရာသို့ ပြေးသည်။ ရန်သူကလည်း ပြေးလိုက်လာသည်။

အနားရောက်သည်နှင့် ဓားကိုရအောင်ယူပြီး ကိုယ်ကိုတစ်ပါတ်လှည့်ကာ ခုတ်သည်။ ရန်သူက အလောတကြီး ဝင်လာသဖြင့် ဓားချက်က ပုခုံးတစ်ဝိုက်ကို ထိသွားသည်။

မိစ္ဆာနိုင်သည့် ဓားဖြစ်သောကြောင့် ဒဏ်ရာရသွားကာ သွေးများ ထွက်လာလေသည်။





ဒဏ်ရာရသွားသည်နှင့် ရန်သူမှာ ဆက်မတိုက်ခိုက်တော့ပဲ တောင်ကုန်းပေါ်သို့ ပြန်တက်ပြေးသွားလေတော့သည်။

နီမောင်က နောက်မှလိုက်သွားရန် ပြင်လိုက်တော့ ဦးဒိဗ္ဗက လှမ်းတားသဖြင့် စိတ်လျှော့လိုက်ရလေသည်။

“ဒီလောက်ဆိုရင် သူ သဘောပေါက်သွားပြီ၊ နောက်ထပ်အန္တရာယ် ပေးဝံ့တော့မယ် မထင်ဘူး”

ဟု ပြောကာ ဒဏ်ရာဖြင့် လဲကျနေသော ကေသရီကို ဦးဒိဗ္ဗက ပွေ့ထူပြီး အခြေအနေ ကြည့်လိုက်သည်။

ဒဏ်ရာကတော့ မများပေ၊ လက်မောင်းတစ်ဝိုက်မှာ ထိထားခြင်း ဖြစ်သည်။

နီမောင်က သွေးထွက်နေသော ဒဏ်ရာကို အဝတ်ဖြင့် ပတ်စည်းပေးလိုက်သည်။ ပြီးမှ ဒဏ်ရာရနေသော ကေသရီကို သူကိုယ်တိုင်တွဲပြီး ရွာဘက်သို့ ပြန်လာကြလေသည်။

အချိန်က ညဉ့်နက်ပိုင်း အချိန်ရောက်နေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သို့သော် နှင်းများကတော့ ညဉ်းပိုင်းအချိန်ထက် ပိုကျနေလေသည်။

အပြန်လမ်းမှာတော့ နောက်ထပ် အနှောက်အယှက် အန္တရာယ်များ ထပ်မံမတွေ့ကြရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com







## (အခန်း - ၁၄)

# နှင်းမေနှင့် ကြူမှာဆိုး

ထို အဖြစ်အပျက်များ မဖြစ်ခင်ကတည်းက ဦးဒိဗ္ဗတို့ မြေးအဖိုးမှာ ပန်နန်းဒင်ရွာမှ နီမောင်တို့ အိမ်သို့ မေးမြန်းစုံစမ်းပြီး ရောက်လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ရောက်လာသဖြင့် နီမောင်ကလည်း ဝမ်းသာသွားလေသည်။ နီမောင်က အကျိုးအကြောင်း ပြောပြထားသော

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း မိသားစုများကလည်း ဝမ်းသာနေကြလေသည်။

"အဘတို့ရောက်လာတာ သိပ်ပြီးဝမ်းသာတာပဲ၊ ဒီရွာထဲမှာရော တခြားရွာတွေမှာပါ လူတွေကတော့ မကြာခဏ သေနေကြတုန်းပဲ"

"မိစ္ဆာမထွက်မချင်းကတော့ ဒီလိုပဲ သေနေဦးမှာပေါ့။ သူမရှိတော့လည်း ဒီလိုပဲ အေးသွားမှာပါ၊ တခြား ဘာတွေ ထူးသေးသလဲ"

"ဂူဘားရွာတွေဘက်က လူတွေတော့ ရွာလူကြီးဆီကို လာကြမယ်လို့ ပြောသံကြားတယ်"

"အဲဒီနေရာကိုသွားပြီး အခြေအနေ စုံစမ်းကြည့်မပေတော့"

"ဟုတ်ကဲ့ ဆရာကြီးတို့လည်း ခရီးပင်ပန်းလာလို့ နားကြပါဦး"

သို့ကြောင့် ဇမုန်းထန်တို့ ရောက်လာသောအခါ နီမောင်ကိုယ်တိုင် သွားရောက်နားထောင်နေလေသည်။

ထိုအခြေအနေကို ဦးဒိဗ္ဗတို့ကို ပြောပြလေရာ ဦးဒိဗ္ဗက. . .

"ဒီအတိုင်းဆိုရင် ထန်လုံမိန်းမက ဒီအကြောင်းတွေကို သိနေတဲ့ပုံပဲ၊ ငါတို့ သူနဲ့သွားတွေ့ပြီး အကျိုးအကြောင်း မေးကြည့်ရင် သိနိုင်တယ်"

ဟု ပြောလေသည်။

ထို့နောက်မှာတော့ သုံးယောက်သား လက်နက်များပါ





တစ်ပါတည်းယူဆောင်ပြီး ဂူဘားရွာသို့ သွားကြလေသည်။

ထိုရွာရောက်တော့ ချယ်ရီမှာ နီမောင်နှင့် ခင်မင်သိကျွမ်းနေသူဖြစ်သဖြင့် တွေ့ခွင့်ရပေရာ ဦးဒိဗ္ဗက အကျိုးအကြောင်း ပြောပြရလေသည်။

ချယ်ရီကလည်း ပထမတော့ သူ ကြုံတွေ့ခဲ့ရသည့် အကြောင်းများကို မပြောချင်သော်လည်း မိစ္ဆာနှိမ်နင်းရန် ရောက်လာကြသောအခါမှ အကြောင်းစုံ ပြောပြခဲ့လေသည်။

ထိုမှပြန်တော့ ဦးဒိဗ္ဗက ပြောသည်။

"ဒီအတိုင်းဆိုရင် ဒီမိန်းကလေးမှာ အန္တရာယ်ရှိနေနိုင်တယ်၊ အရေးအကြောင်းရှိရင် ကူညီပေးနိုင်အောင် ငါတို့မပြန်သေးပဲ စောင့်ကြည့်နေကြရင် မကောင်းဘူးလား"

"ကောင်းတယ်အဘ၊ မိစ္ဆာက သူကအကြောင်း သိနေတဲ့ လူတစ်ယောက်ကိုတော့ ဘယ်နည်းနဲ့မှ အရှင်ထားမှာ မဟုတ်ဘူး. . . သတ်မှာပဲ၊ ကျွန်တော်တို့ စောင့်ကြည့်နေတာ ကောင်းတယ်"

ဟု ပြောဆိုတိုင်ပင်ပြီး စောင့်ကြည့်နေခဲ့ကြခြင်း ဖြစ်လေသည်။

ညအချိန်ရောက်တော့ ချယ်ရီနေသောအိမ်သို့ မိစ္ဆာ ရောက်လာသည်ကို မြင်ရသည်။ ပြန်ထွက်သွားတာကို မြင်ရတော့မှ ပြန်ကြစဉ် လမ်းမှစောင့်ပြီး အတိုက်ခံကြရခြင်း ဖြစ်လေသည်။ ထိုသို့တိုက်ခိုက်ရင်းမှ ကေသရီမှာ ဒဏ်ရာရသောကြောင့် နီမောင်တို့အိမ်သို့ ပြန်ခေါ်လာကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ မိသားစုတွင် ကေသရီနှင့် အဖော်ရသော နှင်းမေရှိသဖြင့် ပိုပြီးအဆင်ပြေသည်။ နှင်းမေက အသက် ၁၈ နှစ်အရွယ်ခန့်သာ ရှိသေးပြီး သဘောမနောကောင်းသည့် မိန်းကလေးတစ်ဦး ဖြစ်ပေသည်။

ဒဏ်ရာရလာသောသူကို နှင်းမေကပင် လိုလေသေးမရှိအောင် ကူညီလုပ်ကိုင်ပေးလေသည်။

"ငါ့ညီမလည်း အစ်မတို့ ရောက်လာတော့မှပဲ အတော်ကလေး ပင်ပန်းနေပြီ"

"ဒီလို သဘောမထားပါဘူး မမရယ်၊ ကျွန်မက အခုလို ကူညီပြုစုခွင့်ရတာကိုပဲ ဝမ်းသာနေတာပါ၊ နောက်ပြီး အစ်ကိုကလည်း မှာထားသေးတယ်"

"သူက ဘယ်လိုမှာထားလို့လည်း"

ကိုယ့်အစ်မတစ်ယောက်လို သဘောထားပြီး ပြုစုပေးရမယ်လို့ မှာထားတယ်လေ"

နှင်းမေ၏ အနှောင့်မလွတ် အသွားမလွတ်သော စကားကြောင့် ကေသရီ မျက်နှာပေါ်တွင် ပန်းနုရောင် သမ်းသွားလေတော့သည်။ နှင်းမေကတော့ ဘယ်လိုရည်ရွယ်ချက်မှမရှိပဲ သဘောရိုးဖြင့် ပြောလိုက်သော်လည်း ကေသရီမှာတော့ ရင်ခုန်သွားလေသည်။

သူမ ဘဝတစ်လျှောက်လုံးတွင် အမိအဖ ညီအစ်ကိုမောင်နှမများနှင့် စည်းစည်းလုံးလုံး သိုက်သိုက်ဝန်းဝန်း မနေခဲ့ရပေ။





ငယ်စဉ်ကတည်းက အဘိုးဖြစ်သူ ဦးဒိဗ္ဗက ခေါ်ယူစောင့်ရှောက်ပေးခဲ့သောကြောင့် အထီးကျန်စွာဖြင့် ကြီးပြင်းခဲ့ရလေသည်။ ဘဝတစ်လျှောက်လုံး မိသားစုများနှင့် မနေခဲ့ရဘဲ တောထဲတောင်ထဲ၌သာ နေထိုင်ခဲ့ရလေသည်။

သို့ကြောင့် ယခုလို အဖေအမေ ညီအစ်ကို မောင်နှမများနှင့် သိုက်သိုက်ဝန်းဝန်းနေကြသည့် မိသားစုလေးနှင့် ထိတွေ့ခွင့်ရသောအခါ စိတ်ထဲမှာ ကြည်နူးပျော်ရွှင်မှုများ ဖြစ်ခဲ့ရလေသည်။

ထို့ပြင် နီမောင်ကလည်း အတော်ပင် ဂရုစိုက်ပေးလေသည်။

"ကေသရီ လက်ကဒဏ်ရာ သက်သာသွားပြီလား"

"အင်း. . အတော်ကလေး သက်သာသွားပါပြီ၊ မားချက်က ရှပ်ထိလို့သာ၊ မဟုတ်ရင် လက်တစ်ဖက်တောင် ပြတ်ထွက်သွားနိုင်တယ်"

"ဟုတ်တယ် မိစ္ဆာမက အတော်ကလေး တိုက်ခိုက်တာကောင်းတယ်၊ နောက်ပြီး သာမန် ဓားလှံတွေနဲ့ သူ့ကိုယ်ကို မထိုးပေါက်တော့ ရဲရဲဝံ့ဝံ့တိုက်ခိုက်တာလည်း ပါမယ်ထင်တယ်၊ အဲဒီနေ့က နင့်အတွက် အတော်ကလေး စိုးရိမ်သွားမိတယ်"

"နင်က ငါ့အတွက် စိုးရိမ်တယ် ဟုတ်လား"

"တခြားအကြောင်းတွေ မဟုတ်ပါဘူး၊ ကိုယ်နဲ့လက်တွဲပြီး တိုက်ခိုက်နေတဲ့သူ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်မိတာပါ"

ထိုသို့ ကပျာကယာ ပြန်ပြောသဖြင့် ကေသရီက သ



www.burmeseclassic.com

www.burmeseclassic.com



ဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"ငါကလည်း ဒီသဘောနဲ့ပဲ မေးတာပါ နီမောင်ရယ်"

"ဒါထက် နင်းတို့လိုချင်တဲ့ မိစ္ဆာအမြူတေရပြီးရင် ဘယ်ကိုခရီးဆက်ကြမှာလဲဟင်"

"ငါကတော့ ဘယ်သိပ့်မလဲ၊ အဘိုးခေါ်တဲ့နောက်ကို လိုက်ရမှာပေ့ါ"

"နင်တို့က ဘယ်မှာနေကြတာလဲဟင်"

"ငါတို့ မြေးအဖိုးက နေရာအတည်တကျ မရှိပါဘူး၊ ကြုံတဲ့နေရာမှာ ကြုံသလိုစားပြီး ကြုံတဲ့နေရာမှာ အိပ်ကြတာပါပဲ၊ ကျောချတဲ့နေရာတိုင်းက ငါတို့အိမ်ပဲပေ့ါ"

ထိုစကားကြောင့် နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီလိုသွားနေတော့ ပင်ပန်းမှာပေ့ါ၊ တစ်နေရာမှာပဲ နေကြပါလား"

"အဘိုးက သူလိုချင်တာ မရမချင်း လိုက်ရှာနေတာ၊ သူလိုချင်တာ ရပြီးရင်တော့ တစ်နေရာမှာ နေချင်နေလိမ့်မယ် ထင်ပါတယ်၊ နင်က ငါတို့ကို ဒီရွာမှာ နေစေချင်လို့လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာနေတော့ ခင်မင်စရာကောင်းတဲ့ မိတ်ဆွေတစ်ယောက် တိုးတာပေ့ါဟာ"





"ငါက ငါ့ဘဝကို မပိုင်ပါဘူး၊ အဘိုး ထားရာနေ စေရာသွားရမှာပါပဲ"

နီမောင်ကတော့ ဘာမှထပ်မပြောတော့ပဲ သက်ပြင်းတစ်ချက်သာ ချလိုက်လေသည်။

နောက် တစ်ရက်နှစ်ရက်ကြာတော့ ကေသရီ့လက်မှ ဒဏ်ရာမှာ သက်သာပျောက်ကင်းသွားလေသည်။

ထိုအခါ ဦးဒိဗ္ဗနှင့် တိုင်ပင်မှုများ ပြုလုပ်ရလေသည်။

"အခု မိစ္ဆာကို ခြေရာခံသွားပြီဆိုတော့ အဘဘယ်လိုလုပ်မလဲ၊ အခုနေ လူစုလူဝေးနဲ့ သွားဖမ်းရင် မကောင်းဘူးလား"

"ဒီကိစ္စက ငါတို့ချည်း လုပ်လို့မရဘူး၊ သူ့ကို အကာအကွယ်ပေးထားတဲ့သူရှိတယ်၊ ဟိုဘက်ရွာက ရွာလူကြီးနဲ့ တိုင်ပင်ပြီး လုပ်မှရမယ်"

ဟု ပြောသည်။

"ဟိုဘက်ရွာက ရွာလူကြီးက ကျွန်တော်နဲ့ သိပါတယ်၊ အဘသွားရင် ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ဟု ပြောဆိုကာ နောက်တစ်နေ့တွင် ဂူဘားရွာသို့ တစ်ခေါက်သွားကြလေသည်။ ထိုရွာရောက်တော့ ဗမူန်းထန်နှင့်တွေ့ကာ အကြောင်းစုံ ပြောပြလိုက်သည်။

"ခင်ဗျားတို့ရောက်လာတာ အတော်ပဲ၊ ကျုပ်ကလည်း ရွာထဲကလူတွေ တစ်ယောက်ပြီးတစ်ယောက် သေကြလို့ ခေါင်းဖြစ်နေတာ၊ ဒီကြားထဲ ကျုပ်သမီးပါ ယောက်ျားနဲ့ ခွဲနေရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုညကလည်း မိစ္ဆာမ ရောက်လာသေးတယ်လို့ ပြောတယ်"

"အဲဒီအချိန်မှာ ကျုပ်တို့ ဒီမှာ ရှိနေကြတယ်၊ အပြန်ရောက်မှ လမ်းမှာ ညထပ်တွေ့ပြီး တိုက်ခိုက်ကြရတာ"

"ဒါထက် မိစ္ဆာတွေက သာဓန်ဓားလုံ လက်နက်တွေနဲ့ ထိုးခုတ်လို့ မရဘူးဆို ဟုတ်လား"

"ဟုတ်တယ် ဒါပေမယ့် မိစ္ဆာအမြုတေရှိတဲ့ မိစ္ဆာကိုသာ ထိုးခုတ်လို့ မရတာပါ၊ သာမန်မိစ္ဆာတွေကတော့ ထိုးခုတ်သတ်ဖြတ်လို့ရပါတယ်"

"သူတို့က နှင်းတောင်ဝံပုလွေတွေက လူယောင်ဆောင်ပြီး လာကြတာလားဟင်"

"နှင်းတောင်ဝံပုလွေတိုင်းတော့ လူယောင်ဆောင်လို့ မရကြပါဘူး၊ သာမန်ဝံပုလွေတွေနဲ့ မိစ္ဆာအမြုတေရှိတဲ့ ဝံပုလွေတွေမှသာ လူယောင်ဆောင်ပြီး လူတွေနဲ့ နေနိုင်ကြတာပါ"

"ဘာပဲဖြစ်ဖြစ် ဆရာကြီးတို့ ရောက်လာတာ သိပ်ကောင်းတာပဲ၊ ကျုပ်တို့ကို ခိုင်းချင်ရာခိုင်းပါ လုပ်ပါ့မယ်၊ ကျုပ်တို့ဆီမှာ အတိုက်အခိုက် ကောင်းတဲ့သူတွေ အများကြီး ရှိပါတယ်၊ ဒုက္ခပေးနေတဲ့ မိစ္ဆာကို သတ်ရရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လုပ်ပါ့မယ်"

"ကောင်းပြီ ဒီလိုဆိုမှတော့ လုပ်ရမယ့် အစီအစဉ်တွေကို တိုင်ပင်ဆွေးနွေးကြတာပေါ့"

ဟု ပြောဆိုကာ တိုင်ပင်ဆွေးနွေးကြလေသည်။

အချိန်က ညအချိန်ဖြစ်လေသည်။





ထိုအချိန်အထိ နီမောင်နှင့် ဦးဒိဗ္ဗတို့က ပြန်မရောက်လာကြသေးပေ။

ညဦးပိုင်းအချိန် ရောက်နေသော်လည်း ရာသီဥတုက သာယာနေသောကြောင့် ကေသရီနှင့် နှင်းမေတို့နှစ်ယောက်မှာ အပြင်ဘက်၌ရှိသည့် တောင်ဇလပ်ပင်ကြီးအောက်မှ ခုံတန်းလျားပေါ်တွင်ထိုင်ကာ အေးအေးဆေးဆေး စကားပြောနေကြလေသည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်ထဲမှ လူသုံးယောက်ထွက်လာကြသည်။ တစ်ကိုယ်လုံး အဝတ်နက်ကြီးများ ခြုံထားကြသည်။ ၎င်းတို့ကို မြင်သည်နှင့် အန္တရာယ်ပေးမည့်သူမှန်း သိသဖြင့် ကေသရီက နေရာမှ ထလိုက်သည်။ သို့သော် သူမထံမှာ မိစ္ဆာနိုင်သော ဓားအပါအဝင် မည်သည့်လက်နက်မှ မရှိပေ။

မိစ္ဆာနိုင်သောဓားက ဂူဘားရှာသွားသော နီမောင်တို့ယူသွားကြသည်။

လူသုံးယောက်က ဝင်ရောက်တိုက်ခိုက်သောအခါ ထိထိရောက်ရောက် ပြန်မတိုက်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော် လက်၌ရထားသော ဒဏ်ရာက အကင်းမသေသေးသောကြောင့် ဖြစ်သည်။

သို့ကြောင့် မိမိကိုယ်ကို အန္တရာယ်မဖြစ်အောင်သာ ရှောင်တိမ်းရင်း တိုက်ခိုက်နေရသည်။

ထိုအခိုက်မှာပင် နှင်းမေရှိသော နေရာဘက်မှ စူးစူးဝါးဝါး အော်သံတစ်ချက် ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သော မိစ္ဆာနှစ်ယောက်က နှင်းမေကို အမှောင်တွင်းသို့ ဆွဲခေါ်သွားသည်ကို လှမ်းမြင်လိုက်ရသဖြင့် ထိုနေရာသို့သွားပြီး အကူအညီပေးလိုသော်လည်း အခွင့်အရေးက မရတော့ပေ။

တဖြည်းဖြည်းနှင့် နှင်းမေအော်သံများက ဝေးသွားလေတော့သည်။ ထိုကဲ့သို့ အော်သံကြားသဖြင့် ဦးဘရှိန်နှင့် ပတ်ဝန်းကျင်မှလူများ တုတ်၊ဓား၊ လက်နက်များဖြင့် ရောက်လာသော်လည်း မမီတော့ပေ။

လူများထွက်လာသောအခါ ကေသရီကို သဲကြီးမဲကြီး တိုက်ခိုက်နေသော မိစ္ဆာလည်း ထွက်ပြေးသွားလေတော့သည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

"မိစ္ဆာတွေ ရောက်လာပြီး နှင်းမေကို ဖမ်းခေါ်သွားကြပြီ"

"ဒုက္ခပါပဲ၊ ဒီလိုဆိုရင် အမြန်လိုက်ကြမှ ဖြစ်မှာပေါ့"

"ဒီလိုလိုက်သွားရင် အားလုံးဒုက္ခတွေ့သွားလိမ့်မယ်၊ အဘနဲ့ နီမောင်တို့ ပြန်ရောက်လာတော့မှ လူစုပြီး လိုက်ရှာကြရင် ပိုကောင်းမယ်"

ကေသရီက ထိုသို့ပြောသဖြင့် လိုက်မသွားကြသော်လည်း အချို့ကတော့ မကျေမနပ် ဖြစ်နေကြသည်။

ညဉ့်နက်ပိုင်းရောက်တော့ နီမောင်နှင့် ဦးဒိဗ္ဗတို့ ပြန်ရောက်လာကြရာ ထိုအကြောင်းသိသောအခါ များစွာစိတ်ပူသွားကြလေသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"





"ဒီအချိန်လိုက်သွားလည်း ဘာမှထူးတော့မယ် မထင်ဘူး၊ မနက်လင်းတော့မှပဲ ဇမုန်းထန်တို့ ရောက်လာတော့မှ အစီအစဉ်အတိုင်း လုပ်ကြရင် ပိုကောင်းမယ်ထင်တယ်"

"အဘ ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်တော် ညီမလေးတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့"

ဟု ရေရွတ်ပြောဆိုနေသည်။ ထို့နောက် စောထီး၊ ငမဲအောင် အပါအဝင် လူငယ်လူရွယ်အချို့ကိုခေါ်ပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေသော်လည်း အစအနမျှပင် မတွေ့ရတော့မှ လက်လျှော့ကာ ပြန်လှည့်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com







(အခန်း - ၁၅)

# ဟူလက်ဆန့်သော ချစ်ခြင်းမေတ္တာ

အချိန်က ညအချိန်ဖြစ်လေသည်။ မဟူရာနေသော အခန်းဘက်မှ ညည်းညူသံလိုလို ကြားရသဖြင့် ထန်လုံက ထိုအခန်းရှိရာသို့ သွားလေသည်။ ချယ်ရီမရှိတော့သည့်နောက်ပိုင်း ထန်လုံက မဟူရာနှင့်ပင် အတူနေရာ လက်မထပ်ရသေးသော်လည်း လင်မယားဘဝသို့ ရောက်နေကြပြီ ဖြစ်လေသည်။

ထိုအခန်းတွင်းရောက်တော့ မဟူရာမှ အိပ်ယာပေါ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တွင် စောင်တစ်ထည်ခြုံကာ တဟင်းဟင်းနှင့် ညည်းညူနေလေသည်။ ထို့ကြောင့် ထန်လုံက အနားသွားပြီး မေးသည်။

"နင် ဘာဖြစ်လို့လဲ မဟူရာ၊ နေမကောင်းဖြစ်နေတာလား"

ဟု မေးရင်း နဖူးကို လက်ဖြင့်စမ်းကြည့်တော့ ခြစ်ခြစ်တောက် ပူနေလေသည်။

"နင် ဖျားနေတာပဲ၊ ငါ ဆေးသွားယူလိုက်ဦးမယ်"

ဟု ပြောကာ ခန်းတောက်မြစ်များကို ရေနွေးပူပူဖြင့် ဖျော်လာပြီး ယူလာကာ တိုက်သည်။

ထိုကဲ့သို့ ဆေးရည်ဝင်သွားတော့မှ အနည်းငယ် ညည်းညူသံ ပျောက်သွားလေသည်။ ထန်လုံက အတန်ကြာအောင် ပြုစုပေးတော့မှ သတိရလာသည်။

"နင် နေမကောင်းဖြစ်နေတာ ငါ့ကို ဘာကြောင့် မပြောတာလဲ"

"အစ်ကိုလည်း အလုပ်များနေတော့ ကျွန်မအတွက်နဲ့ အလုပ်ရှုပ်မှာစိုးလို့ မပြောတာပါ"

"ဘယ်ဟုတ်ပါ့မလဲ၊ ဒီအိမ်မှာ မင်းကို ပြုစုပေးမယ့်သူက ငါ တစ်ယောက်တည်းရှိတာပဲ ပြောမှပေါ့၊ နောက်ပြီး မင်းနဲ့ငါနဲ့က သူစိမ်းလူတွေမှ မဟုတ်တော့တာ"

ထိုသို့ပြောရင်း ထန်လုံက မဟူရာကိုယ်လေးကို ထွေးပွေ့ထားလေသည်။

"ဒါထက် ချယ်ရီက ဘာကြောင့် ဒီအိမ်ကို ပြန်မလာ





တော့တာလဲဟင်၊ ကျွန်မရောက်နေလို့ ပြန်မလာတော့တာ မဟုတ်လား"

ထန်လုံကတော့ ဘာမှပြန်မပြောပေ။

"သူပြန်မလာတော့ရင် အစ်ကို ဘယ်လိုလုပ်မှာလဲဟင်"

"သွားခေါ် ရမှာပေါ့၊ တကယ်လို့ မလာတော့ဘူးဆိုရင်တော့လည်း သူ့သဘောပေါ့"

"အဲ့ဒီလိုဆိုရင် အစ်ကို ကျွန်မကို မယားတစ်ယောက်အဖြစ်နဲ့ လက်ခံပေးမှာလားဟင်"

"သူမလာတော့ရင် မင်းကိုပဲ မယားအဖြစ် ထားရမှာပေါ့"

ထိုစကားကြားတော့ မဟူရာက ကျေနပ်သွားသောအမူအယာဖြင့် ထန်လုံကိုယ်ကို သိုင်းဖက်လိုက်ရာ လက်မောင်းမှာ ရထားသော ဒဏ်ရာကြောင့် တွန့်ခနဲ ဖြစ်သွားလေသည်။

ထိုအခြေအနေကို ထန်လုံက ရိပ်မိလေသည်။

"ဘာဖြစ်လို့လဲ၊ မင်းလက်မှာ အနာရှိနေလို့လား"

မဟူရာက ခေါင်းညိတ်ပြသည်။

"ပြစမ်း. . ငါ ကြည့်ပေးမယ်"

"နေပါစေ အစ်ကိုရယ်၊ သိပ်မများပါဘူး"

မဟူရာက အဝတ်ဖြင့် ဖိထားသော်လည်း ထန်လုံက ဇွတ်ရိမ်စိတ်ဖြင့် အဝတ်ကိုဖယ်ကြည့်ရာ လက်မောင်းမှ ဒဏ်ရာကို တွေ့သွားလေသည်။

"ဟင်. . အနာမှ မဟုတ်ဘဲ ဓားဒဏ်ရာပဲ၊ ဒီဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးက တိုက်ခိုက်ရင်းနဲ့ရတဲ့ ဒဏ်ရာမျိုးပဲ၊ ဘယ်လိုဖြစ်တာလဲ”

ထိုသို့မေးသော်လည်း မဟူရာက မပြောသေးပဲ ခေါင်းငုံ့ထားလေသည်။

“ငါ့ကို အမှန်အတိုင်း ပြောပြပါ၊ ဒီဒဏ်ရာက ဘယ်လိုရခဲ့တာလဲ”

အတန်ကြာတော့မှ မဟူရာက ပြောပြသည်။

“အစ်ကိုတောင်ပေါ်တက်သွားတဲ့နေ့က ကျွန်မလည်း အိမ်ထဲမှာနေရတာ ကြာလာတာနဲ့ အပြင်ထွက်သွားခဲ့တယ်၊ ရွာအပြင်ဘက်ရောက်တော့ လူတစ်စုနဲ့တွေ့ပြီး သူတို့က ကျွန်မကို မိစ္ဆာလို့စွပ်စွဲပြီး ဓားနဲ့ခုတ်လို့ ထိမိသွားတဲ့ ဒဏ်ရာပါ”

ထန်လုံက သက်ပြင်းချလိုက်လေသည်။

“တစ်ရွာလုံးက မင်းကို မိစ္ဆာလို့ ထင်နေကြတယ်၊ ဘာပဲဖြစ်ဖြစ် မင်းအနေနဲ့ အပြင်မထွက်သင့်ဘူး”

ဟု ပြောဆိုကာ ဓားဒဏ်ရာကို မရှေ့ရွက်ဖြင့် ဖော်စပ်ထားသော ဆေးထည့်ကာ ပတ်တီးစည်းပေးလိုက်သည်။

ထိုသို့ပြုလုပ်ပေးတော့မှ မဟူရာလည်း အတော်ပင် သက်သာရာ ရသွားလေသည်။

“အစ်ကိုကရော ကျွန်မကို မိစ္ဆာလို့ မထင်ဘူးလား”

“မင်း မိစ္ဆာတစ်ကောင် ဖြစ်နေရင်တောင်မှ ငါကတော့ ချစ်နိုင်ပါတယ်”

“ဒါဖြင့် အစ်ကိုပြောသလို ကျွန်မကို လက်ထပ်ပြီး မယားအဖြစ် ထားတော့နော်”





“လောလောဆယ်တော့ လုပ်လို့မရသေးဘူး၊ ချယ်ရီက ငါ့ကို မပေါင်းချင်တော့ဘူးဆိုပြီး ကွာတော့မှ မင်းနဲ့ လက်ထပ်လို့ရမယ်၊ အခုတော့ သူရှိနေသေးတော့ မရသေးဘူး”

ဟု ပြောလိုက်ရာ မဟူရာမှာ စိတ်ပျက်လက်ပျက် အမူအယာမျိုး ဖြစ်သွားလေသည်။

နောက်တစ်နေ့မှာတော့ ရွာလူကြီး ဦးထန်ဖုန်းရှိန်နေအိမ်သို့ လူများရောက်လာကြလေသည်။

ပန်နန်းဒင် ရွာသူရွာသားများအပြင် ဂူဘားရွာမှ ရွာလူကြီး ဇမုန်းထန်တို့ အဖွဲ့သားများလည်း ပါဝင်လေသည်။ နှစ်ရွာပေါင်း လူနှစ်ဆယ်ခန့် ရှိလေသည်။

“ခင်ဗျားအိမ်မှာ ရောက်နေတဲ့ မိစ္ဆာမကို ကျုပ်တို့လက်ထဲအပ်ပါ၊ ကျုပ်တို့ ခေါ်သွားမယ်၊ ခင်ဗျားတို့က သူ့အတွက် အကာအကွယ် ပေးနေသမျှ သူကတော့ လူတွေတစ်ယောက်ပြီးတစ်ယောက် သတ်စားနေမှာပဲ၊ အကယ်၍ အေးအေးဆေးဆေး လက်မခံရင်တော့ ဖြစ်တဲ့နည်းနဲ့ ရအောင်ခေါ်သွားရမှာပဲ”

“သူ့ကို မိစ္ဆာလို့ ဘာကြောင့်ပြောနိုင်သလဲ”

“ကျုပ်သမီးကိုယ်တိုင် မျက်မြင်တွေ့နေရတာတောင် ခင်ဗျားတို့ မသိကြသေးဘူးလား၊ ဒီမှာ မနေဝံ့အောင် လုပ်နေလို့ ဟိုရွာမှာ လာနေရတာရော ခင်ဗျားတို့ သိကြရဲ့လား၊ သက်သေပြပါဆိုရင်တော့ ခင်ဗျားတို့ရွာက လူတွေပဲ ပြောပြပါလိမ့်မယ်”

ထိုအခါ လူအုပ်ထဲမှာပါလာသော ဦးဒိဗ္ဗကနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ထပြောပြသည်။

"ကျုပ်က မိစ္ဆာတွေကို လိုက်လံနှိမ်နင်းနေတဲ့ သူတစ်ဦးဖြစ်ပါတယ်၊ ခင်ဗျားတို့အိမ်မှာ ရောက်နေတဲ့ မိန်းကလေးက မိစ္ဆာတစ်ဦး ဖြစ်ပါတယ်၊ ဒါကြောင့် ကျုပ်တို့ သူ့ကို ခဏခေါ်သွားပြီး စစ်ဆေးခွင့်ပေးပါ၊ တကယ်လို့ သူဟာ မိစ္ဆာတစ်ယောက် မဟုတ်ဘူးဆိုရင် ပြန်ပို့ပေးပါ့မယ်"

ဦးဒိဗ္ဗ စကားဆုံးတော့ နီမောင်ကပါ ဝင်ပြောပြန်သည်။

"ညတုန်းက ကျွန်တော်တို့အိမ်ကို မိစ္ဆာတွေရောက်လာပြီး ကျွန်တော့်ညီမလေး နှင်းမေကို ဖမ်းခေါ်သွားတယ်၊ ဒီအိမ်မှာ ရောက်နေတဲ့ မိစ္ဆာမနဲ့ ကျွန်တော်တို့ ညဘက်မှာတွေ့လို့ တိုက်ခိုက်ကြရသေးတယ်၊ တိုက်ခိုက်ရင်းနဲ့ သူ့လက်မောင်းတစ်ဖက်မှာ ဓားဒဏ်ရာတစ်ချက် ရသွားပါတယ်၊ ရွာလူကြီး မယုံရင် ခေါ်ကြည့်ပါ"

နီမောင်က ထိုသို့ပြောသောအခါ ထန်လုံလည်း အကာအကွယ် မပေးနိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် မဟူရာ၏ လက်မောင်းတစ်ဖက်တွင် ဓားဒဏ်ရာတစ်ချက် ရထားရာ သူကိုယ်တိုင် ဆေးထည့်ပေးခဲ့ရသောကြောင့် ဖြစ်သည်။

နောက်ဆုံးတော့ မတတ်သာတော့ပဲ နောက်ခန်းထဲမှာ ပုန်းနေသည့် မဟူရာကို ခေါ်ပေးရတော့သည်။

မဟူရာကတော့ အဝတ်တစ်ထည်ကို ခြုံပြီး သူတို့ ခေါ်ရာသို့ လိုက်လာရသည်။ ကြောက်ရွံ့နေသော အမူအယာဖြင့်





ငိုကြွေးနေလေသည်။

"အစ်ကိုရယ် ကျွန်မကို ကယ်ပါဦး၊ ကျွန်မ မိစ္ဆာမဟုတ်ပါဘူး၊ သူတို့က ခေါ်သွားပြီးရင် ကျွန်မကို သတ်ပစ်ကြတော့မှာ ကျွန်မကို ကယ်ပါဦး"

ထိုသို့ သနားစဖွယ် ပြောဆိုနေသော်လည်း ထန်လုံကိုယ်တိုင်လည်း မတတ်နိုင်တော့ပေ။

အိမ်အောက်သို့ ရောက်သောအခါ လူအုပ်ကြီးက သူမကို ဝိုင်းကြည့်နေကြသည်။ အချို့ကလည်း မိစ္ဆာများလက်ချက်ဖြင့် ဆွေမျိုးသားချင်းများ သေဆုံးခဲ့ရသဖြင့် သူမကိုမြင်သည်နှင့် တုတ်တပြင်ပြင် ဓားတပြင်ပြင်နှင့် ဒေါသထွက်နေကြသည်။

"သူ့လက်မောင်းမှာ ဓားဒဏ်ရာ ရှိမရှိ ကြည့်ပါ"

ဟု ပြောသဖြင့် ဒေါ်ဒရဲမားကိုယ်တိုင် လက်မောင်းနှစ်ဖက်ကို လှန်ကြည့်လိုက်သည်။

မဟူရာ လက်မောင်းနှစ်ဖက်စလုံးမှာ မည်သည့်ဒဏ်ရာမှ မရှိသဖြင့် အံ့သြသွားကြလေသည်။

"သူ့လက်မောင်းမှာတော့ ဒဏ်ရာမရှိဘူး"

"သူက မိစ္ဆာအမြုတေရှိတဲ့ မိစ္ဆာမျိုးပဲ၊ ဒဏ်ရာရှိနေလည်း ကွယ်ပျောက်ထားလို့ရတယ်၊ ဒီတော့ ကျုပ်တို့ သူ့ကို ခနစ်ရက်လောက်ခေါ်ပြီး စစ်ဆေးကြည့်မယ်၊ မဟုတ်ရင် ကျုပ်ကိုယ်တိုင် ပြန်ပို့ပေးပါ့မယ်"

ဦးဒိဗ္ဗက ထိုသို့ပြောသောအခါ ထန်လုံလည်း ဘာမှ ဝင်မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ယခုမှ သူလည်း သဘော ပေါက်သွားသောကြောင့် ဖြစ်သည်။

ပြန်ကာနီးတော့ ထန်လုံက နီမောင်ရှိသောနေရာသို့ သွားကာပြောသည်။

"နီမောင် မင်းညီမလေးအတွက် ငါ စိတ်မကောင်းပါ ဘူး၊ အကြောင်းကိစ္စရှိရင် ငါ့ကိုလည်း ပြောပါ၊ ငါ အကူအညီ ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ လောလောဆယ်တော့ မင်း ချယ်ရီနဲ့ သွားတွေ့သင့်တယ်၊ သူသိပ်ကြောက်နေတယ်၊ မင်းကို လည်း တွေ့ချင်နေရှာတယ်"

"အေးပါကွာ၊ ငါ သူနေတဲ့ဆီ လိုက်သွားပါ့မယ်"

ဟု ပြောလေသည်။ ထို့နောက် နီမောင်တို့လည်း မဟူ ရာကို ချုပ်နှောင်ပြီး ခေါ်သွားကြလေသည်။

ရင်းတို့ ပြန်သွားပြီးနောက် ထန်လုံလည်း ချယ်ရီရှိသော ဂူဘားရွာသို့ လိုက်သွားလေသည်။

သူ့ကိုမြင်သောအခါ ချယ်ရီက ရှိုက်ကြီးတငင် ငိုကြွေး ကာ အကြောင်းစုံ ပြန်ပြောပြလေသည်။

"အစက အဲဒီအကြောင်းတွေကို သိပ်မယုံကြည်ခဲ့ဘူး၊ ငါ့ကို ခွင့်လွှတ်ပါ ချယ်ရီရယ်"

ဟု တောင်းပန်ပြောဆိုလေသည်။

"နင် သိပ်ရက်စက်တာပဲ၊ အခုမှ ငါနဲ့ လာတွေ့တော့ တယ်"





"ငါလည်း သတိရနေပါတယ်၊ တောင်ပေါ်သွားနေ တာနဲ့ မရောက်နိုင်တာပါ၊ နင်ကရော ဘာကြောင့် ပြန်မလာ တာလဲ"

"သူက ပြန်လာတာနဲ့ သတ်ပစ်မယ်လို့ ပြောထားမှတော့ ဘယ်လာဝံ့ပါတော့မလဲ၊ ပြန်မလာတာတောင် ဒီကို နှစ်ခေါက် ရောက်လာပြီး ပြောသွားသေးတယ်"

"အခုတော့ သူ့ကို ဖမ်းခေါ်သွားကြပြီ၊ တကယ်လို့ ပြန် လာရင်လည်း ငါ လက်မခံတော့ပါဘူး၊ နင် အိမ်ကို ပြန်လိုက်ခဲ့ တော့နော်"

ဟု ဖြောင်းဖျပြောဆိုတော့မှ ချယ်ရီလည်း ထန်လုံနှင့် အတူ ပန်နန်းဒင်ရွာသို့ ပြန်လိုက်လာလေသည်။

ဦးဒိဗ္ဗနှင့် ကေသရီတို့ ခေါင်းဆောင်သော ရွာသူရွာ သားများက မဟူရာကို ဖမ်းခေါ်သွားပြီးနောက် သစ်လုံးများဖြင့် ကာရံထားသည့် စပါးကြီးဟောင်းကြီး တစ်လုံးအတွင်း၌ ထည့် ထားကြလေသည်။

သူမ ရှိသောနေရာကိုတော့ ဦးဒိဗ္ဗနှင့် ကေသရီတို့ အပြင် အခြားသူများကလည်း အလှည့်ကျ လာရောက်စောင့် ပေးကြသည်။ နောက်ရက်ရောက်တော့ ထန်လုံတို့ပါ လာစောင့် ပေးလေသည်။

နီမောင်တို့နေသောနေရာနှင့် မဝေးစသောကြောင့် နီမောင်၊ စောထီး ငမဲအောင်တို့ သုံးယောက်ကတော့ နိုင်ခံ စောင့်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်များမှာတော့ သတိထားပြီး စောင့်ကြည့်ကြရလေသည်။ မဟူရာကိုတော့ ရောက်ကတည်းက သစ်သီးနှင့်ရေသာပေးပြီး အသားငါးများ လုံးဝမပေးပဲ ထားလေသည်။ သစ်သီးနှင့် ရေကိုတော့ မစားမသောက်ပေ။

"သူစားနေကျ အစားအသောက်တွေ မစားသောက်ရရင် ခုနစ်ရက်ပြည့်တာနဲ့ သူ့ဇာတိရုပ် ပြန်ပေါ်လာလိမ့်မယ်၊ သူ့အဖော်တွေက သူစားသောက်တဲ့ အစားအသောက်တွေ လာပေးဖို့ ကြိုးစားကြလိမ့်မယ်၊ ညဘက်တွေမှာ သတိထားပြီး စောင့်ကြပါ"

ဟု သတိပေးထားသည်။

နီမောင်တို့ ဖွဲ့ထားသော နဂါးနက်အဖွဲ့မှာ လူ ၁၅-ယောက်ခန့်ရှိသည်။ ထိုအဖွဲ့ကို ထန်လုံကပင် ခေါင်းဆောင်လေသည်။ အားလုံး လေးပစ်၊ မြားပစ်၊ ဓားခုတ်လှံထိုး ကျွမ်းကျင်သူများချည်း ဖြစ်ကြသည်။ ၎င်းတို့ အားလုံးကလည်း ရပ်ရွာနှင့် သက်ဆိုင်သော အရေးကြုံနေရသောကြောင့် လာရောက်အကူအညီ ပေးကြလေသည်။

ထို့ထက်ပိုပြီး အားရှိစရာကောင်းသော အချက်မှာ နီမောင်နှင့် ခင်မင်ရင်းနှီးသော ဆရာကြီး ဦးဗန်ကောင်း ကိုယ်တိုင်ရောက်လာပြီး အကူအညီပေးခြင်း ဖြစ်သည်။

ဦးဗန်ကောင်းက ဦးဒိဗ္ဗနှင့် တိုင်ပင်ပြီး မိစ္ဆာများကို နှိမ်နင်းနိုင်သော အင်းစမအစီအရင်များကို ပြုလုပ်ပေးလေသည်။





ဓားပြီး၊ လှံပြီး ကာယသိဒ္ဓိပြီးသောသူများကိုပင် သေစေနိုင်သည့် ကိုသချိုင်းသံဖြင့် စီရင်ပြုလုပ်ထားသော ဓား၊ လှံများအပြင် မြားသွားများကိုပါ ပေးသည်။

မြားသွားများက သံဖြင့် စီရင်ပြုလုပ်ထားခြင်းဖြစ်ပြီး မြားတံထိပ်တွင် တပ်၍ပစ်နိုင်သည့် လက်နက်မျိုးဖြစ်သည်။

ကိုးသချိုင်းသံဖြင့် ပြုလုပ်ထားသည့် လက်နက်များနှင့် ထိလျှင် ကမ္မဇိတ္တရှိသော မိစ္ဆာများပင် မခံနိုင်ပေ။

သို့ကြောင့်လည်း မိစ္ဆာများကို တိုက်ခိုက်ရန် စောင့်နေကြသည့် လူငယ်လူရွယ်များမှာ အတော်ပင် စိတ်အားထက်သန်လျက် ရှိကြပေသည်။

၎င်းတို့ စောင့်နေသည့် ရက်များတွင် အစပိုင်းတော့ ထူးခြားမှု မတွေ့ရသော်လည်း သုံးရက်မြောက်သောနေ့မှာတော့ မှဟူရာကို ဖမ်းဆီးချုပ်နှောင်ထားသော နေရာတစ်ဝိုက်သို့ မိစ္ဆာတစ်ကောင် ချဉ်းကပ်လာသည်ကို သတိပြုမိကြသည်။

သို့သော် စောင့်နေသူများက မလစ်လပ်သောကြောင့် မဟူရာရှိသောနေရာသို့ ဝင်ခွင့်မရခဲ့ပေ။

နောက်ရက်များမှာလည်း ထိုကဲ့သို့ပင် လာရောက်ချောင်းမြောင်းနေသော်လည်း မဝင်ဝံ့ပေ။

တစ်ညမှာတော့ ညဦးပိုင်း အချိန်တွင် နီမောင်နှင့် ကေသရီတို့နှစ်ယောက် စောင့်နေကြပြီး ကျန်လူများက အိပ်နေကြသည်။

အဆောက်အဦးနှင့် မနီးမဝေးနေရာတွင် ဟိတ်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး အတွင်းမှာတော့ မီးဖိုတစ်ဖို ဖိုထားလေသည်။ မီးဖိုပေါ်မှာတော့ ဖခါးရည်(လက်ဖက်ရည်)အိုးချိတ်ဆွဲထားသည်။

နှစ်ယောက်သား ဖခါးရည်သောက်ရင်းနှင့် စကားပြောနေကြလေသည်။

"နင့်ညီမလေး အခုလို ဒုက္ခရောက်ရတာ ငါ တာဝန်မကင်းပါဘူး၊ ငါရှိနေရက်သားနဲ့ သူ့ကို အကာအကွယ် မပေးနိုင်ခဲ့ဘူး၊ ဒီအတွက် ငါ တကယ်ပဲ စိတ်မကောင်းပါဘူး"

"ဒီလိုလည်း မတွေးပါနဲ့၊ ဖြစ်ချိန်တန်တော့လည်း ဖြစ်ရတာပဲပေါ့၊ သူကမှာ သေကံမပါဘူးဆိုရင်တော့ ငါတို့ သူ့အသက်ကို ကယ်ပေးခွင့်ရကြမှာပါ"

ကေသရီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါထက် နင့်လက်မောင်းကဒဏ်ရာ သက်သာသွားပြီလား"

"အတော်ကလေး သက်သာသွားပါပြီ"

"မိစ္ဆာအမြုတေ ရပြီးရင်ကော နင်တို့ ဒီရွာက သွားကြမှာလား"

"ဒါကတော့ အဘိုးသဘောပေါ့"

နီမောင်က ဖခါးရည်တစ်ခွက် ငှဲ့ထည့်ပြီး ကေသရီကို လှမ်းပေးလိုက်တော့ သူမက လှမ်းယူပြီး သောက်သည်။

"နင်တို့ တခြားမသွားပဲ ဒီရွာမှာပဲနေကြရင် ကောင်းမှာပဲနော်"

"ဘာကြောင့်လဲ"





"နင်တို့ မြေအဖိုးရှိတော့ အားကိုးရတာပေါ့၊ မိစ္ဆာတွေလာပြီး နှောက်ယှက်တော့လည်း ကာကွယ်ပေးလို့ ရတာပေါ့"

ကေသရီက တစ်ချက်ပြုံးလိုက်သည်။

"ဒါပဲလား"

"တခြားအကြောင်းတွေလည်း ရှိသေးတာပေါ့၊ ဒါပေမယ့် မပြောတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ပြောပြီးမှ ဒီရွာက ထွက်သွားကြရင် စကားအဖတ်တင်ရုံပဲ ဖြစ်နေမှာမို့ပါ"

"နေမယ်ဆိုရင်ကော ပြောမှာလား"

နီမောင်က ကေသရီမျက်နှာကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်လေသည်။

"နေဖို့စိတ်ကူး ရှိနေလို့လား"

"မနေသင့်နေရမှာပေါ့၊ ဘယ်လိုစကားမျိုး ပြောမယ်မှန်းမှ မသိသေးတာ"

"တခြားတော့ မဟုတ်ပါဘူး၊ ငါက နင့်ကို စတွေ့ကတည်းက သဘောကျနှစ်သက်နေလို့ မေတ္တာစကား ပြောချင်တာပါ"

ကေသရီက တစ်ချက်ပြုံးလိုက်သည်။

"နင်က စကားကို အတော်သိုင်းဝိုင်းပြီးမှ ပြောတာကိုး၊ နင်ပြောချင်တဲ့အကြောင်းက အတော်စောစောကတည်းက ငါ



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိနေပြီးသားပဲ”

“ဘယ်လိုကြောင့် သိတာလဲ”

“နင့်အမူအယာကြည့်ရင် သိနိုင်တာပဲ၊ နင်က ပါးစပ်က အခုမှ ပြောပေမယ့် မျက်လုံးတွေက ချစ်ကြောင်းကြိုက်ကြောင်း ပြောနေတာဖြင့် ကြာလှပေါ့”

သေသရီက တိဗက်သူပီပီ စကားကို ကွေ့ဝိုက်မနေပဲ တည့်တည့်သာ ပြောလေသည်။

တိဗက်မိန်းကလေးများအတွက် ယောကျ်ားတစ်ယောက်နှင့် ချစ်ကြိုက်သော ကိစ္စများအတွက် အရေးကြီးသော ကိစ္စမျိုး မဟုတ်ကြတော့ မိမိစိတ်ထဲမှ နှစ်သက်မှုရှိလျှင် ပွင့်ပွင့်လင်းလင်း ရွေးချယ်ဆုံးဖြတ်နိုင်ကြလေသည်။

ထို့ကြောင့် နီမောင်ကသာ စိုးရိမ်သောစိတ်ဖြင့် ပြောနေသော်လည်း သူမကတော့ အေးအေးဆေးဆေးသာ ရှိနေလေသည်။

“ငါ့သဘောကို နင်သိပြီဆိုတော့ နင့်သဘောကိုလည်း ပြောပါဦး”

“နင်က ငါ လက်ခံနိုင်တဲ့ အရည်အချင်းတွေ ရှိပါတယ်၊ စိတ်သဘောလည်း ကောင်းတယ်၊ ဒါကြောင့် အဘိုးက ခွင့်ပေးရင် ငါ နင့်ကို လက်ခံပေးနိုင်ပါတယ်”

ဟု ပွင့်ပွင့်လင်းလင်း ပြန်ပြောလေသည်။

“ဒီစကားကြားရတာ ငါ ဝမ်းသာပါတယ်၊ ကိစ္စတွေအေးသွားမှပဲ အဘိုးကိုခွင့်တောင်းပြီး နင့်ကိုလက်ထပ်ပါ့မယ်”





ထိုသို့ ပြောနေစဉ် ညဉ့်နက်ပိုင်း အချိန်ရောက်တော့ အဝတ်မည်းကြီးများ ခြုံထားသည့် လူတစ်စုရောက်လာပြီး တိုက်ခိုက်ကြပြန်လေသည်။

ထိုအဖွဲ့ကို ခေါင်းဆောင်လာသူမှာ ပေတလူအမည်ခံထားသည့် သီဟပင်ဖြစ်သည်။

ဒီတစ်ကြိမ်တော့ နီမောင်တို့လည်း သတိဖြင့် စောင့်နေသော အချိန်ဖြစ်သဖြင့် လက်နက်များဖြင့် ပြန်လည်တိုက် ခိုက်နိုင်ကြလေသည်။ ရွာသူရွာသားများဘက်မှ လူအင်အား တောင့်တင်းသောကြောင့် မိစ္ဆာများမှာ တပ်လန့်ပြေးရပြန်သည်။

ထိုအခြေအနေရောက်တော့ သီဟက ပြောသည်။

“မင်းတို့လူတစ်ယောက် ငါတို့လက်ထဲမှာ ရှိနေတယ်၊ အခုအချိန်အထိ အသက်ရှင်နေသေးတယ်”

“သူ ဘယ်မှာလဲ”

“ငါတို့နေတဲ့ ဂူထဲမှာရှိတယ်၊ ငါတို့လူကို ပြန်ပေးရင် မင်းတို့လူကို ပြန်လွှတ်ပေးမယ်”

“မင်းတို့နေတဲ့ဂူက ဘယ်မှာလဲ”

“မဇလိခူတောင်တန်းအဆုံးမှာရှိတဲ့ မိစ္ဆာဂူကို လာခဲ့ပါ၊ ငါတို့ အဲဒီမှာရှိတယ်၊ မင်းတို့လာရင် ငါတို့လူကို တစ်ပါတည်း ခေါ်လာခဲ့ပါ၊ ဒီလိုမှ မဟုတ်ရင်တော့ ဖမ်းထားတဲ့လူကို သတ်ပစ်မယ်”

ထိုသို့ပြောပြီး အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့ အတွက်ကတော့ သဲလွန်စတစ်ခု ရခဲ့ကြပေပြီ။

ထို့ထက် မိစ္ဆာများဖမ်းသွားသော နှင်းမေမှာ ယခုအထိ အသက်ရှင်လျက် ရှိနေသေးသောကြောင့် မျှော်လင့်ချက် ရှိနေသေးသည်။

ထို့ထက်ပိုပြီး အားရှိစရာကောင်းသော အချက်မှာ ဆရာကြီး ဦးဗန်ကောင်း စီရင်ပြုလုပ်ပေးသော လက်နက်များမှာ မိစ္ဆာများကို ကောင်းစွာတိုက်ခိုက်နိုင်ခြင်းပင် ဖြစ်ပေသည်။







# (အခန်း - ၁၆)

# အချစ်ကြောင့် အသက်ပေးခဲ့သူ

မဟူရာကို ဖမ်းဆီးထားသည်မှာ ငါးရက်ခန့် ရှိပေပြီ။ သူမအတွက် ရေနှင့်သစ်သီးများသာ ပေးသော်လည်း မစားမသောက်ပဲ နေလေသည်။ ထို့ကြောင့် ငါးရက်ခန့်ကြာသော အခါမှာတော့ မူလဇာတိရုပ် တဖြည်းဖြည်း ပြန်ပေါ်လာလေတော့သည်။ အသားအရေမှာ စိုပြေခြင်း မရှိတော့ပဲ ကြမ်းတမ်းသော အသားအရေမျိုး ဖြစ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်မှာလည်း ချောမောလှပခြင်း မရှိတော့ပေ။ လူတစ်ပိုင်း တိရိစ္ဆာန်တစ်ပိုင်း အသွင်မျိုး ဖြစ်လာလေသည်။

"ကျွေးတဲ့သစ်သီးတွေလည်း မစားဘူး၊ သူဘာကြောင့် ဒီလိုဖြစ်သွားတာလဲ ဆရာကြီး"

ထန်လုံကမေးသဖြင့် ဦးဒိဗ္ဗက ပြောပြသည်။

"သူက လူယောင်ဆောင်ထားတဲ့ မိစ္ဆာပဲ၊ သစ်သီးကျွေးလို့ ဘယ်စားပါ့မလဲ၊ အသားစားတဲ့ သတ္တဝါတွေက သစ်သီးစားလေ့မရှိဘူး၊ သူစားချင်တာက အသွေးအသားပဲ၊ လူနှလုံးသားနဲ့ သွေးကိုသာ စားရမယ်ဆိုရင် အရင်လိုပဲ ချောမောလှပတဲ့ ဘဝမျိုး ပြန်ဖြစ်လာမှာပေါ့"

ထိုစကားကြောင့် ထန်လုံအပါအဝင် အနားမှာ ရှိနေသူများမှာ အံ့သြသွားကြလေသည်။

"ဒီအတိုင်း ဆက်ထားရင် ဘယ်လိုဆက်ဖြစ်မလဲ ဆရာကြီး"

"သူက လူ့အသွေးအသား စားသောက်ပြီးမှ လူလိုဖန်ဆင်းပြီး နေနိုင်တာဆိုတော့ တကယ်လို့ ခုနစ်ရက်ပြည့်တဲ့အထိမှ လူ့အသွေးအသားကို မစားမသောက်ရဘူးဆိုရင် မူလဘဝဟောင်းက ရုပ်အတိုင်း ပြန်ဖြစ်သွားမှာပေါ့"

"သူကဘာလဲဆရာကြီး"

"နှင်းတောင်ဝံပုလွေက လူယောင်ဆောင်နေတာပါ"

"နှင်းတောင်ဝံပုလွေတွေက ဒီလိုပဲ လူယောင်ဆောင်နေနိုင်ကြသလား"





"အားလုံးကတော့ လူယောင်မဆောင်နိုင်ကြပါဘူး၊ မိစ္ဆာအမြုတေရှိမှသာ လူယောင်ဆောင်ပြီး နေလို့ရတယ်၊ မိစ္ဆာအမြုတေကလည်း ဝံပုလွေတိုင်းမှာ မရှိကြဘူး၊ သက်တမ်းရင့်တဲ့ ဝံပုလွေတွေမှသာ ရှိကြတယ်၊ သူ့မှာ မိစ္ဆာအမြုတေ ရှိတယ်"

"ဆရာကြီးကို မေးရဦးမယ်၊ သူ ကျွန်တော့်အိမ် ရောက်နေတာ အတော်ကလေးကြာပြီ၊ လူတွေရဲ့ အသည်းနှလုံးကို သတ်ဖြတ်စားသောက်တာလည်း မတွေ့ရပဲနဲ့ ဘာကြောင့် လူလိုပဲ နေနိုင်ခဲ့တာလဲဟင်"

"သူကိုယ်တိုင် မရှာပေမယ့် နောက်မှကျန်နေတဲ့ မိစ္ဆာတွေကရှာပြီး အမြဲလာပို့ပေးနေလို့ ဟန်မပျက် နေနိုင်တာပေါ့၊ ဒီမှာထားတာတောင် လာပို့ပေးဖို့ ကြိုးစားကြသေးတယ်၊ သူက အိမ်မှာပဲ နေပေမယ့် အပြင်မှာ ကျန်နေခဲ့တဲ့ မိစ္ဆာတွေက သတ်နေလို့သာ ရွာသူရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် သေကြရတာပေါ့ကွာ"

ဦးဒိဗ္ဗက စိတ်ရှည်လက်ရှည် ရှင်းပြတော့မှ အားလုံးမှာ သဘောပေါက်ကြရလေသည်။

ထန်လုံကတော့ လင်မယားဘဝနှင့် ရက်အတော်ကြာအောင် အတူနေလာခဲ့ရသည်မို့ မဟူရာအတွက် စိတ်မကောင်းဖြစ်မိသည်။ သို့သော် မဟူရာပုံသဏ္ဍာန်က ယခင်နှင့်မတူတော့ပဲ တဖြည်းဖြည်းနှင့် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်မျိုး ဖြစ်လာနေပြီ ဖြစ်သဖြင့် အနားမကပ်ဝံ့တော့ပေ။

မနီးမဝေးမှသာ စိတ်မကောင်းသော အကြည့်မျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရလေသည်။ မဟူရာကလည်း ထန်လုံကို လှမ်းကြည့်နေသည်။ သူ့မျက်လုံးထဲမှာတော့ သူ့ကိုခွင့်လွှတ်ပေးဖို့ တောင်းပန်နေဟန်များ ပေါ်နေသည်။

နောက်တော့ မဟူရာကို ကြိုးဖြင့်တုပ်၍ ခေါင်းဆောင်ကာ ခရီးထွက်ကြလေသည်။

ဦးဒိဗ္ဗ၊ ဦးဇန်ကောင်း၊ ကေသရီတို့အပြင် နီမောင် ထန်လုံတို့ အဖွဲ့သားများလည်း လိုက်လာကြသည်။

အခြားရွာသားအချို့လည်း ပါလာသောကြောင့် လူနှစ်ဆယ်ကျော်ခန့် ရှိလေသည်။ သာမန်၊ ဓားလှံ၊ လက်နက်လေးများ ပါလာသလို အစီအရင်ဖြင့် ပြုလုပ်ပေးထားသော လက်နက်များလည်း ယူဆောင်လာကြသည်။

၎င်းတို့ ဦးတည်တက်လာသောတောင်မှာ မလိခူး တောင်ကြောပင်ဖြစ်၏။ ထိုတောင်ကြောအဆုံးတွင် 'မိစ္ဆာဂူ'ရှိသည်ဟု ပြောသွားလေသည်။

သို့သော်လည်း လမ်းမှားစရာတော့ မရှိပေ။

တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးသေးသော်လည်း မဟူရာကပင် လမ်းပြခေါ် ဆောင်သွားသောကြောင့် ညနေပိုင်းအချိန်လောက်တွင် ဂူရှိသောနေရာတစ်ဝိုက်သို့ ရောက်သွားကြသည်။

ထိုနေရာတစ်ဝိုက်မှာ လူသူအရောက်အပေါက် နည်းသောနေရာဖြစ်သည်။ နှင်းဖုံးနေသော တောင်မြင့်ကြီးများ၊ သစ်တောဝါးတောကြီးများက နေရာမလပ် ရှိနေကြသည်။





အချိန်က ညနေပိုင်းရောက်လာပြီ ဖြစ်သောကြောင့် မြူနှင်းများက ကျစပြုလာပေပြီ။ ထို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် မှုံဝါးဝါး ဖြစ်လာလေသည်။

ထိုအခြေအနေကြောင့် သတိကြီးစွာထားပြီး သွားကြရလေသည်။ နောက်ဆုံးမှာတော့ တောင်ထိပ်တစ်နေရာ၌ရှိသော နှင်းများဖုံးနေသည့် ဂူပေါက်ဝတစ်ခုရှိရာသို့ ရောက်သွားကြလေသည်။ ထိုပတ်ဝန်းကျင်မှာ သစ်တောဝါးတောများကလည်း ညို့နေအောင် ဖောင်းလှသည်။

ထိုနေရာရောက်သည်နှင့် မဟူရာ၏သွင်ပြင်မှာ ခါတိုင်းနှင့်ပင် မတူတော့ပေ။ မျက်လုံးများ နီရဲလာပြီး ခက်ထန်ကြမ်းတမ်းသောအသွင် ပေါ်လာသည်။ လက်နှစ်ဖက်မှာလည်း ချွန်ထက်သည့် လက်သည်းရှည်ကြီးများ ထွက်လာသည်။ မျက်နှာက ကြမ်းတမ်းခက်ထန်သလို အသားအရေကလည်း တိရိစ္ဆာန်တစ်ကောင်၏ အသားအရေမျိုး ဖြစ်လာသည်။

ပါးစပ်မှလည်း တဟင်းဟင်းနှင့် ညီးညူသံလိုလို မာန်ဖီသံလိုလို အသံမျိုးထွက်လာသည်။

နောက်တော့ စူးစူးဝါးဝါး အော်ဟစ်လိုက်လေသည်။

သူအော်လိုက်သော အသံက တောတောင်ထဲမှာ ပဲ့တင်ထပ်သွားလေသည်။ လူအော်သံမျိုးတော့ မဟုတ်ပေ။

တိရိစ္ဆာန်တစ်ကောင်၏ အော်သံမျိုးပင် ဖြစ်သည်။

"အူး . . ဝူး . . ဝူ"

ထိုကဲ့သို့ အသံရှည်ဆွဲပြီး အူလိုက်သည်နှင့် ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာရှိကြသည့် ဝါးတော၊ သစ်တော၊ ကျောက်ဂူများ၊ ရှိရာမှ အူသံများ ဆက်ကာဆက်ကာ ပေါ်ထွက်လာလေတော့သည်။

"အူး . ဝူး . ဖူ"

"အူး . ဝူး . ဝူ"

ထိုအသံများကြားတော့ ဦးဒိဗ္ဗက သတိပေးလိုက်သည်။

"ဒီနေရာမှာ နှင်းတောင်ဝံပုလွေတွေရှိတယ်၊ သတိထားကြ၊ လက်နက်တွေကို အဆင်သင့်ပြင်ထား"

ဟု ပြောသဖြင့် လက်နက်များ ပြင်ထားကြသည်။

အူသံများ ပျောက်သွားသော အခါမှာတော့ တဂီးဂီး၊ တဂဲဂဲနှင့် မာန်ဖီသံများ ကြားရသဖြင့် ကြည့်လိုက်တော့ သူတို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ နှင်းတောင်ဝံပုလွေများ ရောက်နေသည်ကို တွေ့ကြရသည်။

အကောင်အရေအတွက်ကို မသိရသော်လည်း အတော်ကလေးတော့ များသည်။

မရှေးမနှောင်းမှာပင် ဝံပုလွေအုပ်က သူတို့ရှိရာသို့ ပြေးဝင်လာပြီး တိုက်ခိုက်ကြလေတော့သည်။ နီမောင်တို့က လည်း ပါလာသောလက်နက်များဖြင့် တိုက်ခိုက်ကြသည်။

တိတ်ဆိတ်နေသော နှင်းတောင်တစ်နေရာမှာတော့ လူတစ်စုနှင့် ဝံပုလွေတစ်သိုက်တို့၏ တိုက်ပွဲက ပြင်းထန်လှပေသည်။

ထိုအချိန်မှာပင် မဟူရာအနီးသို့ သီဟ ရောက်လာ





သည်။ သူ့လက်ချက်ကြောင့် သေဆုံးသွားသော ရွာသားတစ်ယောက်ရင်ထဲမှ ခွဲယူလာသော အသည်းနှလုံးကို ပေးလေသည်။ မဟူရာက အငမ်းမရပင် စားသောက်နေလေသည်။

ထို့နောက် ကြိုးဖြတ်ပေးလိုက်သောအခါ နေရာမှ ထ ရပ်လာသည်။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မဟူရာမှာ လော လော လတ်လတ်ရလာသည့် အသည်းနှလုံး စားသောက်ရသည်နှင့် တဖြည်းဖြည်းနှင့် ချောမောလှပသော ရုပ်သွင်မျိုး ပြန်ပေါ်လာသည်။ အားအင်ပြည့်လာသည်နှင့် သီဟနှင့်အတူ ရန်သူများကို ဝင်ရောက်တိုက်ခိုက်ကြသည်။ သီဟနှင့် မဟူရာတို့နှစ်ယောက်စလုံးမှာ မိစ္ဆာအမြုတေ ရှိကြသဖြင့် သာမန်လက်နက်ဖြင့် တိုက်ခိုက်၍ မရကြပေ။ သို့ကြောင့် ရွာသားအချို့မှာ သူတို့လက်ချက်ကြောင့် သေသွားကြသည်။

ဝံပုလွေ အတော်များများမှာလည်း သူတို့လက်ချက်ဖြင့် အတုံးအရုန်းပင် လဲကျသေဆုံးသွားကြသည်။

တစ်ကြိမ်မှာတော့ ထန်လုံမှာ သီဟလက်ချက်ကြောင့် မြေပေါ်သို့ လဲကျသွားလေတော့သည်။

ထိုမြင်ကွင်းကို မြင်သောအခါ နီမောင်က မိစ္ဆာနိုင်သော ဓားကိုယူပြီး ဝင်ရောက်တိုက်ခိုက်လေသည်။

သီဟမှာ မိစ္ဆာအမြုတေရှိသဖြင့် ထိခိုက်ဒဏ်ရာရခြင်း မရှိသေးသော်လည်း တိုက်ခိုက်မှု ကျွမ်းကျင်သူ တစ်ယောက်တော့ မဟုတ်ပေ။ ထို့ကြောင့် နောက်ဆုံးတွင် မိစ္ဆာနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဓားချက်ထိပြီး လဲကျသေဆုံးသွားလေသည်။

ထိုအချိန်တွင် အခြားဝံပုလွေများလည်း မရှိတော့သလောက် နည်းသွားပြီဖြစ်ရာ နေရာတွင် မဟူရာတစ်ယောက်သာ ကျန်တော့သည်။

နီမောင်တို့က သူမကို ပတ်ဝိုင်းထားပြီး အခြေအနေကြည့်နေစဉ် သူမက ဆက်လက်မတိုက်ခိုက်တော့ပဲ လဲနေသော ထန်လုံအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ထန်လုံမှာ သေဆုံးနေပြီ ဖြစ်သည်။ မဟူရာက ထန်လုံကို ပွေ့ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

ထိုအခြေအနေကိုမြင်တော့ စောစောက မြင်ခဲ့ရသော ကြောက်စရာ သွင်ပြင်မျိုး ပျောက်သွားပြီး သနားစရာကောင်းသော မိန်းကလေးတစ်ယောက်အဖြစ် မြင်နေကြပြန်လေသည်။

မဟူရာက အတော်ကြာအောင် ငိုကြွေးနေပြီးမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ပါးစပ်ထဲမှ တစ်စုံတစ်ခုကို အန်ထုတ်လိုက်သည်။

လက်ဝါးပေါ်သို့ ဝင်းလက်နေသော အလုံးတစ်လုံး ကျလာလေသည်။ မိစ္ဆာအမြုတေပင်ဖြစ်သည်။

မဟူရာက မိစ္ဆာအမြုတေကို လက်ဖြင့်ချေလိုက်ပြီး စိမ့်ထွက်လာသော အရည်ကို ထန်လုံရင်ဘတ်မှ ဒဏ်ရာပေါ်သို့ အစက်ချပေးလိုက်ရာ ခဏချင်းမှာပင် ပျောက်သွားပြီး သတိပြန်ရလာသည်။

ထိုအချိန်မှာတော့ မဟူရာက အရုပ်ကြိုးပြတ်ဖြစ်ကာ





မြေပေါ်သို့ လဲကျသွားလေတော့သည်။

ထန်လုံက သတိပြန်ရလာသည်နှင့် သူ့နံဘေးမှာ ခွေခွေကလေး လဲကျနေသည့် မဟူရာကို မြင်သောအခါ ပွေ့ယူလိုက်သည်။

“မဟူရာ. . မဟူရာ”

ထိုသို့ခေါ်လိုက်တော့ မျက်စိဖွင့်ကြည့်ကာ လေသံတိုးတိုးဖြင့် ပြောလေသည်။

“ကျွန်မက မိစ္ဆာဖြစ်ပေမယ့် အစ်ကို့အပေါ်မှာ ချစ်ခဲ့တဲ့ အချစ်ကတော့ မိစ္ဆာအချစ်မျိုး မဟုတ်ခဲ့ပါဘူး၊ ဖြူစင်တဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့တာပါ”

“ငါ သိပါတယ်”

“လူပဲဖြစ်ဖြစ် မိစ္ဆာပဲဖြစ်ဖြစ် ဘဝတွေ ခြားနေကြပေမယ့် ချစ်ခြင်းမေတ္တာကတော့ မထူးခြားပါဘူး အတူတူပါပဲ၊ ကျွန်မတစ်သက်လုံး သိမ်းထားခဲ့တဲ့ မိစ္ဆာအမြုတေနဲ့ အစ်ကို့အသက်ကို ကယ်ပေးခွင့်ရတဲ့အတွက်တော့ ကျေနပ်မိပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပေးပါ”

ဟုပြောကာ တစ်ဖက်သို့ ဇက်ကျိုးကျသွားလေတော့သည်။ သေဆုံးသွားလေပြီ။

“မဟူရာ. . မဟူရာ”

ငိုသံကြီးဖြင့် အော်လိုက်သော ထန်လုံ့အသံမှာ ပတ်ဝန်းကျင်သို့ ပြန့်နှံ့သွားလေတော့သည်။

အရာအားလုံး ပြီးဆုံးသွားခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဂူအတွင်းမှာ ဖမ်းဆီးချုပ်နှောင်ထားသော နှင်းမေကို ကယ်တင်ပေးခြင်း၊ သေဆုံးနေသော မဟူရာအလောင်းကို မြေမြှုပ်သင်္ဂြိုလ်ခြင်း၊ သီဟကိုယ်ထဲမှ မိစ္ဆာအမြုတေကို ထုတ်ယူခြင်း၊ စသောအလုပ်များကိုတော့ နီမောင်အပါအဝင် ကျန်လူများက လုပ်ကြရလေသည်။

ထို့ပြင် သေဆုံးသွားသော သူတို့အဖွဲ့သားအချို့ကိုလည်း နှင်းသားများအောက်မှာတင် မြှုပ်နှံထားခဲ့ကြလေသည်။

ကိစ္စများပြီးတော့ ညဦးပိုင်းအချိန် နီးနေချေပြီ။

ထိုနေရာမှ ပြန်ထွက်ကာနီးတော့ ထန်လုံက တိုးတိုးလေး ရေရွတ်ပြောဆိုနေသည်။

"အချစ်ကို လိုချင်ခဲ့ပေမယ့် အချစ်နဲ့ မထိုက်တန်ခဲ့တဲ့ မင်းရဲ့ဘဝလေး ဒီနှင်းတောင်တန်းကြီးမှာပဲ အေးအေးချမ်းချမ်းနေခဲ့ပေတော့ကွယ်၊ နောက်ဘဝတွေမှာ အချစ်နဲ့ဆုံဆည်းခွင့်ရတဲ့ဘဝမျိုး ရပါစေလို့ ငါ ဆုတောင်းပေးခဲ့ပါတယ်"

ထိုသို့ရေရွတ်ပြောဆိုနေစဉ် လရောင်ဆမ်းစပြုနေသည့် နှင်းများဖုံးလွှမ်းနေသော တောင်တန်းတစ်နေရာမှ ဆွဲဆွဲငင်ငင်အူလိုက်သည့် ဝံပုလွေတစ်ကောင်၏အူသံကို အားလုံးကြားကြရလေသည်။ နောက်တော့ အားလုံးထိုနေရာမှ ထွက်ခဲ့ကြလေတော့သည်။







(အခန်း - ၁၇)

# သာတူညီမျှ ချစ်သူ့ဘဝများ

**နှင်း**တောင်ဝံပုလွေများ လာရောက်နှောက်ယှက်မှုများကင်းသွားသောအခါ ပန်နန်းခင်ရွာ ဂူဘားရွာစသော ရွာများတွင် နေထိုင်ကြသူတို့မှာ ယခင်ကကဲ့သို့ပင် အေးအေးချမ်းချမ်း နေထိုင်ကြရသည်။ တောင်ဇေါ် တက်ပြီး ဆေးပင်ဆေးမြစ် ရှာဖွေသူများ၊ အရောင်းအဝယ် သွားကြသူတို့မှာလည်း စိတ်ချမ်းသာစွာဖြင့် ရောင်းဝယ်နိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်လုံနှင့် ချယ်ရီတို့မှာလည်း ပြန်လည်အဆင်ပြေသွားပြီ ဖြစ်သောကြောင့် ယခင်ကလိုပင် အေးချမ်းစွာ နေထိုင်ကြလေသည်။ မအေးချမ်းနိုင်သူကတော့ နီမောင် ဖြစ်သည်။

ယခုအချိန်ထိ ကေသရီတို့ မြေးအဖိုးအခြေအနေကို မသိရသေးသောကြောင့် စိတ်ပူနေရလေသည်။ သူ့အနေနှင့် ကေသရီထံမှ အဖြေကိုသိရပြီး ဖြစ်သော်လည်း ဦးဒိဗ္ဗ၏ဆုံးဖြတ်ချက်ကို မသိရသေးသဖြင့် စိတ်ပူနေရလေသည်။

ဦးဒိဗ္ဗမှာ သူ ရှာဖွေနေသည့် မိစ္ဆာအမြုတေကိုရခဲ့ပြီး ဖြစ်သောကြောင့် ဘယ်လိုဆုံးဖြတ်မည်ကို မသိရသေးပေ။ တစ်နေ့ကျတော့မှ မငံ့မရဲ အေးကြည့်ရလေသည်။

"အဘလိုချင်တဲ့ မိစ္ဆာအမြုတေလည်း ရပြီဆိုတော့ အဘတို့ ခရီးဆက်ကြတော့မလား"

"ငါလည်းအသက်ကြီးပြီ၊ ဆေးစီရင်ဖို့ လိုချင်တာလည်း ရပြီဆိုတော့ ခရီးမဆက်သေးပါဘူး၊ ဒီရွာမှာပဲ ဦးဇန်ကောင်းနဲ့ ဆေးဝါးကိစ္စလေးတွေစီရင်ပြီး အေးအေးဆေးဆေး နေကြဦးမှာပါ"

"ဝမ်းသာလိုက်တာ အဘရယ်"

နီမောင်စကားကြောင့် ဦးဒိဗ္ဗက သဘောပေါက်စွာဖြင့် တစ်ချက်ပြုံးလိုက်သည်။ သို့ကြောင့် ကေသရီနှင့် နှစ်ယောက်ချင်းတွေ့ပြီး ထိုအကြောင်းကို ပြောပြရလေသည်။

"အဘကတော့ ဘယ်မှခရီးမဆက်သေးပဲ ဒီရွာမှာပဲ အေးအေးဆေးဆေးနေတော့မယ်လို့ ပြောတယ်၊ ငါတော့ သိပ်





ဝမ်းသာတာပဲ၊ နင်ရော ဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့၊ နင်ဘယ်လိုလုပ်မှာလဲ"

"နင်ကလည်း ငါ့မေတ္တာကို ယုံကြည်လက်ခံပေးထားပြီဆိုတော့ အဘစိတ်မပြောင်းခင် ငါတို့နှစ်ယောက် မြန်မြန်လက်ထပ်လိုက်ကြရင် ပိုမကောင်းဘူးလား၊ နင် ဒီရွာမှာ အိမ်ထောင်ကျတော့မှ သူလည်း ဘယ်မှခရီးမဆက်ပဲ ဒီမှာအမြဲနေသွားမှာ"

"လက်ထပ်တာက်တော့ ဟုတ်ပါပြီ၊ နင်က ငါ့ကို တကယ်ရော ချစ်ရဲ့လား"

"ချစ်တာပေါ့ ကေသရီရယ်၊ အခုထိ ငါ့မေတ္တာကို မယုံကြည်သေးဘူးလား၊ ငါက နင့်ကို တွေ့စကတည်းက ချစ်နေတာ"

ကေသရီက ကျေနပ်စွာပြုံးရင်းနှင့် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"နင်ကရော ငါ့ကို မချစ်ဘူးလား"

"မချစ်ပဲနဲ့ လက်ထပ်ဖို့ ပြောနေပါ့မလား"

"ဒါပေမယ့် နင့်ပါးစပ်က ပြောတာတော့ ကြားချင်သေးတာပေါ့"

"ငါ့ဘဝ တစ်လျှောက်လုံးမှာ အချစ်နဲ့ ထိတွေ့မှု မရှိခဲ့ဘူး၊ ဒါကြောင့် ဒီအကြောင်းတွေကို သိပ်လည်းမသိဘူး၊ ပြောလည်း မပြောတတ်ပါဘူး၊ ဒါပေမယ့် စိတ်ထဲကတော့ နင့်အပေါ် တကယ်ချစ်နေတယ်ဆိုတာ ငါသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ကြားရရင် ငါ ကျေနပ်ပါပြီ"

ထိုသို့ပြောပြီး ကေသရီ ကိုယ်ကလေးကို ထွေးဖက်ထားလိုက်ရာ သူမကလည်း ရုန်းဖယ်ခြင်းမပြုပဲ သူ့ရင်ခွင်ထဲသို့ ဝင်လာလေတော့သည်။ ကမ္ဘာပေါ်တွင် လူမျိုး၊ ဘာသာ၊ အခြားအကြောင်းအရာများနှင့် ပတ်သက်ပြီး အမိပွါယ်အမျိုးမျိုး အယူအဆအမျိုးမျိုး ရှိကြလေသည်။

သို့သော် ချစ်ခြင်းမေတ္တာနှင့် ပတ်သက်လျင်တော့ မည်သည့်အရာမှ ကွဲပြားခြားနားခြင်းမျိုး ရှိတော့မည်မဟုတ်ပေ။

ယခု နီမောင်နှင့် ကေသရီတို့ နှစ်ယောက်အတွက်လည်း နေရာဒေသမတူကြသော်လည်း တူညီသော ချစ်ခြင်းမေတ္တာကိုတော့ နှစ်ဦးစလုံး ကိုယ်စီကိုယ်ငှ ပိုင်ဆိုင်ခွင့်ရကြလေပြီဖြစ်၏။ သူ့ကြောင့် သူတို့နှစ်ဦးအတွက် ပျော်ရွှင်စရာ အချိန်များကို စတင်ဖြတ်သန်းကြရတော့မည် ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မိစ္ဆာအမြုတေနှင့် သေသူ့ဝိညာဉ်) အမည်ရှိဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်၊ ကြာသပတေးနေ့၊ နေ့လည် (၂) နာရီ။

☺ အောင်မြင်စာပေ ☺

